http://www.thitsarparamisociety.com/

အာဒိကမ္မိက ဝံသကာ

ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက

အဘိဓဇ မဟာရဋ္ဌဂုရု မဟာဗုဒ္ဓဝင်ကျမ်းပြု

နိုင်ငံတော် သံဃမဟာနာယက ပထမအကျိုးတော်ဆောင်

မင်းကွန်းဓမ္မနာဒတိပိဋကဓရ ဆရာတော်၏ သင်ကြားပို့ချစဉ်

# ပရမတ္ထသံခိပ်
# အဖြေစကားပြေကျမ်း

လယ်တီပရမတ္ထသံခိပ်ကျမ်းလာ သံပေါက်လင်္ကာ ၆၆၀ တို့၏

ဆိုလိုရင်း အဓိပ္ပာယ်အပြည့်အစုံကို တိတိကျကျ

ဆိုရိုးထုတ်၍ သင်ကြားပို့ချနိုင်အောင်

မြန်မာစကားပြေဖြင့် ဖြေဆိုထားပါသည်။

http://www.thitsarparamisociety.com/

ပုံနှိပ်ထုတ်ဝေသူ


တိပိဋက-နိကာယ သာသနာပြု ဥပဋ္ဌာက

စာအုပ်စာပေ နှင့် မော်ကွန်းအဖွဲ့

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုံး ၀၁-၂၂၂၂၇၈ ၊ ၀၁-၂၂၂၂၇၉

http://www.thitsarparamisociety.com/



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

# မာတိကာ

အကြောင်းအရာ စာမျက်နှာ

**၁-စိတ်ပိုင်း**

ဘူမိဘေဒစိတ်လေးပါး ... ၂
ကာမာဝစရစိတ် ၅၄ ပါး ... ၂
အကုသိုလ်စိတ် ၁၂ ပါး ... ၃
အဟိတ်စိတ် ၁၈ ပါး ... ၄
ကာမသောဘဏစိတ် ၂၄ ပါး ... ၆
ရူပါဝစရစိတ် ၁၅ ပါး ... ၉
အရူပါဝစရစိတ် ၁၂ ပါး ... ၁၁
လောကုတ္တရာစိတ် အကျဉ်း ၈ ပါး ... ၁၄
လောကုတ္တရာစိတ် အကျယ် ၄၀ ... ၁၅

**၂-စေတသိက်ပိုင်း**

အညသမာန်းစေတသိက် သမ္ပယောဂနည်း ... ၂၃
အကုသိုလ်စေတသိက် သမ္ပယောဂနည်း ... ၂၅
အကုသိုလ်စိတ်၌ သင်္ဂဟနည်း ... ၂၇
ဒေါသမူစိတ်၌ သင်္ဂဟနည်း ... ၂၈
မောဟမူစိတ်၌ သင်္ဂဟနည်း ... ၂၈
အဟိတ်စိတ်၌ သင်္ဂဟနည်း ... ၃၀
ကာမသောဘဏစိတ်၌ သင်္ဂဟနည်း ... ၃၁
မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း ... ၃၄
လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ... ၃၅

**၃-ပကိဏ်းပိုင်း**

၁။ ဝေဒနာသင်္ဂဟ ... ၄၂
၂။ ဟေတုသင်္ဂဟ ... ၄၃
၃။ ကိစ္စသင်္ဂဟ ... ၄၄
၄။ ဒွါရသင်္ဂဟ ...

http://www.thitsarparamisociety.com/

http://www.thitsarparamisociety.com/



## မာတိကာ


... ၅၀
... ၅၄

၅။ အာရမ္မဏသင်္ဂဟ ... ၅၇
၆။ ဝတ္ထုသင်္ဂဟ ... ၅၈

၄–ဝီထိပိုင်း

(စိတ်သက် ရုပ်သက် ဝေဖန်ခန်း) ... ၆၂
ပဉ္စဒွါရဝီထိအပြားနှင့် (ပဉ္စဒွါရဝီထိဖြစ်ကြောင်း) ... ၆၄
ဝီထိဆိုရန် ... ၆၆
ဆ ဆတ္တ ယောဇနာ ... ၆၇
ပရိတ္တာရုံ ၆ ဝီထိ ... ၇၀
အတိပရိတ္တာရုံ ၆ ဝီထိ ... ၇၄
မနောဒွါရဝီထိအာရုံခွဲ ... ၇၆
ကာမဇောဝါရသုဒ္ဓိကဝီထိ ... ၈၁
(ဝိပါကနိယမ) စသည် ... ၈၃
အပ္ပနာဇောဝါရ မနောဒွါရဝီထိ ... ၈၆
ကာမဇော(နှင့်) အပ္ပနာဇော ရှေ့နောက်တွဲစပ်ပုံ ... ၈၆
ပထမဈာန သမာပတ္တိဝီထိ ၂ ပါး ... ၈၇
၃–အဘိညာဝီထိအပြား ... ၈၈
၄–မဂ္ဂဝီထိ ... ၈၈
၅–ဖလသမာပတ္တိဝီထိ ... ၉၂
၆–နိရောဓ သမာပတ္တိဝီထိ ... ၉၅
၃၁ ဘုံ တည်နေပုံ
ပုဂ္ဂိုလ်၌ စိတ်ရကို ပြခြင်း

၅– ဘုံပိုင်း

နတ်သက်ခန်း ... ၁၀၄
ဗြဟ္မာသက်ခန်း ... ၁၀၆
ဗြဟ္မာသက်များ ... ၁၀၈
ကံဝေဖန်ခန်း ... ၁၁၃
စရိုက် ၁၀ ပါး ကုသိုလ်ကံ ၁၀ ပါး ... ၁၁၃
ပါး အကုသိုလ် ၁၀ ပါး ... ၁၁၅

http://www.thitsarparamisociety.com/



ပုညကိရိယာဝတ္ထု ၁၀ ပါး ... ၁၁၆
မဟဂ္ဂုတ်ကံခန်း ... ၁၁၉
ကာမာဝစရကံအကျိုး ... ၁၁၉
ကာမကုသိုလ်၏ ဝိသေသအကျိုးပေးပုံ ... ၁၂၁
မဟဂ္ဂုတ် ကုသိုလ်ကံအကျိုး ... ၁၂၄
(၄) မရဏုပ္ပတ္တိ စတုက္က (သေခြင်း ၄ မျိုး) ... ၁၂၇
အာရုံဝေဖန်ခန်း ... ၁၂၇
ပဋိသန္ဓေခန်း ... ၁၂၉

၆–ရုပ်ပိုင်း

(၁) ရူပသမုဒ္ဒေသ (ရုပ်တို့ကို အကျဉ်းပြ) ခန်း ... ၁၃၆
(၂) ရူပဝိဘာဂ (ရုပ်တို့ကို စုပုံ၍ပြ) ခန်း ... ၁၃၈
(၃) ရူပသမုဋ္ဌာန (ရုပ်ဖြစ်ကြောင်းပြ) ခန်း ... ၁၄၀
(၄) ကမ္မဇရုပ် စသည် ခွဲဝေခန်း ... ၁၄၃
(၅) ရူပပဝတ္တိက္ကမ (ရုပ်ဖြစ်စဉ်ပြ) ခန်း ... ၁၄၉
သေခါနီးအခါအတွက် ... ၁၅၂
အသည္သတ် ဗြဟ္မာများအတွက် ... ၁၅၃
နိဗ္ဗာန်ပရမတ်ကို ပြဆိုခန်း ... ၁၅၅

၇–သမုစ္စည်းပိုင်း

(က) အကုသလ သင်္ဂဟ ... ၁၅၈
(ခ) မိဿက သင်္ဂဟ ... ၁၆၆
(ဂ) ဗောဓိပက္ခိယ သင်္ဂဟ ... ၁၇၂
(ဃ) သဗ္ဗသင်္ဂဟ ... ၁၇၇

၈–ပစ္စည်းပိုင်း

(က) ပဋိစ္စသမုပ္ပါဒ်နည်း ... ၁၈၃
(ခ) ပဋ္ဌာန်းနည်း ... ၁၉၄
ရှစ်ပစ္စည်း ကိုးမျိုး ဝေဖန်ခန်း ... ၂၀၃
၂၄ ပစ္စည်းတို့ကို ကာလအားဖြင့် ဝေဖန်ပုံ ... ၂၀၄
ပစ္စည်းမျိုးခွဲခန်း ... ၂၀၆

http://www.thitsarparamisociety.com/




၆–ရာသီဝေဖန်ခန်း ... ၂၁၁
၄–ပစ္စည်းဖြင့် ပစ္စည်းအားလုံးသိမ်းကျုံးယူပုံ ... ၂၁၂
နာမပညတ် (သဒ္ဒပညတ်) ... ၂၁၇
သစ္စာ ၂ ပါးခွဲနည်း ... ၂၁၉

## ၉–ကမ္မဋ္ဌာန်းပိုင်း

(၁) သီလဝိသုဒ္ဓိ ... ၁၈၃
(၂) စိတ္တဝိသုဒ္ဓိ ... ၁၉၄
(က) ကမ္မဋ္ဌာန်းလေးဆယ် စသည် ... ၂၂၃
ဘာဝနာ ၃ ပါးဖြစ်ပုံ ... ၂၃၀
အဘိညာဉ်ခန်း ... ၂၃၈
(၃) ဒိဋ္ဌိဝိသုဒ္ဓိ အခန်း ... ၂၄၀
(၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ... ၂၄၃
အတိတ်ကာလ၌ ယုံမှားခြင်း ၅ ပါး ... ၂၄၅
ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ၆ ပါး ... ၂၄၆
အနာဂတ်ကာလ၌ ယုံမှားခြင်း ၅ ပါး ... ၂၄၆
ဝိစိကိစ္ဆာ ၈ ပါး ... ၂၄၇
(၅) မဂ္ဂါ+မဂ္ဂညာဏဒဿနဝိသုဒ္ဓိခန်း ... ၂၄၈
ရူပက္ခန္ဓာ၌ ဥဒယဗ္ဗယညာဏ် ၁၀ ပါး ... ၂၄၉
ရူပက္ခန္ဓာ၌ ဝယညာဏ် ၅ ပါး ... ၂၅၀
ဘင်ညာဏ် စသည် ... ၂၅၂
မဂ္ဂါ+မဂ္ဂညာဏဒဿနဝိသုဒ္ဓိ ... ၂၅၆
(၆) ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ... ၂၅၉
(၇) ဉာဏဒဿနဝိသုဒ္ဓိ ... ၂၆၀
(ဝိမောက္ခ အပြား) ... ၂၆၃
(က) မဟာပစ္စဝေက္ခဏာ ... ၂၆၆
(ခ) ဓာတုပစ္စဝေက္ခဏာ ... ၂၆၇
(ဂ) ပဋိကူလမနသိကာရ ပစ္စဝေက္ခဏာ ... ၂၆၉
အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်းလက်ာ ... ၂၇၀

http://www.thitsarparamisociety.com/



# နိဒါန်း

## အမှာစာ

လူဝတ်ကြောင် အမျိုးသား အမျိုးသမီးများ အဘိဓမ္မာ ဉာဏ်မျက်စိ ရရှိဖို့ရန် တိုတိုကျဉ်းကျဉ်းနှင့် လိုရင်း ထိထိမိမိ သိနိုင်ဖို့ရန် အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်သည်။ **"အဘိဓမ္မတ္ထသင်္ဂဟ"** အမည်ရှိသော လက်သန်း အင္ဂုကထာ သင်္ဂြိုဟ်ကျမ်းကို ရေးသားစီရင်တော်မူခဲ့ပါသည်။ အဋ္ဌကထာ အသွားရေးသားသည့် ကျမ်းစာများအနက်မှ စာသားနည်းပါးသော အဋ္ဌကထာသွားကျမ်းစာများကို စာပေပရိယတ္တိ နယ်ပယ်၌ **"လက်သန်း အဋ္ဌကထာ"** ဟူ၍ ခေါ်ဝေါ်သုံးစွဲကြပါသည်။

ထို သင်္ဂြိုဟ်ကျမ်းမှာ ပါဠိဘာသာဖြင့် စီရင်ရေးသားခဲ့သော ကျမ်း ဖြစ်၍ ပါဠိဘာသာကို အလေ့အလာနည်းပါးသော လူပုဂ္ဂိုလ်များအတွက် ထိုသင်္ဂြိုဟ်ကျမ်းဖြင့် အဘိဓမ္မာ ဉာဏ်မျက်စိ ပွင့်လင်းဖို့ရန် ခဲယဉ်း သကဲ့သို့ ရှိကြရသည်။ တဖန် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အဘိဓမ္မာ ဉာဏ်မျက်စိ ပွင့်လင်းကြစေရန် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ကြီးသည် **"ပရမတ္ထသံခိပ်ကျမ်း"**ကို ရေးသားချီးမြှင့်တော်မူခဲ့ပါသည်။

http://www.thitsarparamisociety.com/



ထို ပရမတ္ထသံခိပ်ကျမ်းကို လယ်တီဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အန္ဓပုထုဇဉ်အဖြစ်မှ လွန်မြောက်၍ ကလျာဏပုထုဇဉ် အဖြစ်သို့ ရောက်ရှိကြရန် ရည်ရွယ်တော်မူပါသည်။

ထို ပရမတ္ထသံခိပ်ကျမ်းသည် လင်္ကာပုဒ်ပေါင်း ၆၆၀ ရှိပါသည်။ ပါဠိဘာသာဖြင့် ရေးသားထားသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အာဂုံမဆောင်နိုင်သော လူပုဂ္ဂိုလ်များအတွက် ဤပရမတ္ထသံခိပ်ကျမ်းသည် အာဂုံဆောင်ကျက်မှတ်ရန် လွယ်ကူသော ကျမ်းတစ်စောင်ဖြစ်ပါသည်။

ထို့ကြောင့် ထိုပရမတ္ထသံခိပ်ကျမ်းကို လူပုဂ္ဂိုလ်များ အလွယ်တကူသိရှိနိုင်ရန် အလို့ငှါ မင်းကွန်းဓမ္မနာဒ တိပိဋကဓရ ဆရာတော်ကြီးက သင်ကြားပို့ချစဉ် **"ပရမတ္ထသံခိပ်အဖြေစကားပြေကျမ်း"**ကို ရေးသားပြုစုတော်မူခဲ့ပါသည်။

ယခုခေတ် ပထမပြန် စာမေးပွဲ ဝင်ဖြေဆိုသူ ရဟန်းရှင်လူစာသင်သားများနှင့် အဘိဓမ္မာ စာမေးပွဲ ဖြေဆိုသူတို့သည်လည်း ဤပရမတ္ထသံခိပ် အဖြေစကားပြေကျမ်းက အထောက်အကူ ဖြစ်ပါလိမ့်မည်။

ယခုအခါ ထိုပရမတ္ထသံခိပ်အဖြေ စကားပြေကျမ်းသည် ရှားပါးသော စာအုပ်အဖြစ်သို့ ရောက်ရှိနေ၍ ပြည်သူ့အကျိုး မျှော်ကိုး၍ ထပ်မံရိုက်နှိပ်ရခြင်း ဖြစ်ပါသည်။

တိ=နိ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့

# ၁–စိတ်ပိုင်း

## နမော ဗုဒ္ဓါယ။
## (သိဒ္ဓမ်)

**၁။ စောထွတ်ဘုန်းလျှံ၊ တရားမွန်၊ သံဃံ နမာမိ။**

မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်မြတ်ကိုလည်းကောင်း၊ သံဃာတော်မြတ်ကိုလည်းကောင်း ရှိခိုးပါ၏။

**၂။ ပရမတ်သင်္ဂြိုဟ်၊ တတ်မြောက်လို၊ လူဗိုလ် တောင်းပန်ဘိ။**

**၃။ သင်္ဂြိုဟ်ဉာဏ်လောက်၊ အမြန်ရောက်၊ သံပေါက်ဆိုပိမ့်သိ။**

ပရမတ္ထသင်္ဂြိုဟ်ကျမ်းကို တတ်မြောက်လိုသော လူဗိုလ်အပေါင်းတို့ တောင်းပန်ကြသောကြောင့် သင်္ဂြိုဟ်ဉာဏ် လောက်ကော့လုံ ပြည့်စုံခြင်းသို့ အမြန်ရောက်ရန် ဤလင်္ကာသံပေါက်ကျမ်းကို ဆိုပေအံ့။ သိအောင်အားထုတ်ကြလေ။

ပဏာမ+ပဋိညာဉ် ပြီး၏။

**၄။ စိတ်+စေတသိက်၊ ရုပ်+နိဗ်–လေး–ရပ်၊ ပရမတ်။**

စိတ်တစ်ပါး၊ စေတသိက်တစ်ပါး၊ ရုပ်တစ်ပါး၊ နိဗ္ဗာန်တစ်ပါး၊ ပေါင်း ပရမတ္ထတရား ၄ ပါး။

**၅။ သိ+ပယ်+ဆိုက်+ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်။**

မဂ်ဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်မှု–ပရိညေယျကိစ္စ၊ မဂ်ဉာဏ်ဖြင့် ပယ်အပ်မှု–ပဟာတဗ္ဗကိစ္စ၊ မဂ်ဉာဏ်ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုအပ်မှု–သစ္ဆိကာတဗ္ဗကိစ္စ၊ ပွားများအပ်မှု–ဘာဝေတဗ္ဗကိစ္စ၊ ဤကိစ္စ ၄ ပါးတို့တွင် တစ်ပါးပါးသောကိစ္စ အပိုင်ရသောတရားသည် မုချ ပရမတ္ထ တရား မည်၏။

http://www.thitsarparamisociety.com/



## ဘူမိဘေဒစိတ် ၄ ပါး

**၆။ ကာမ+ရူပ+အရူပ၊ လောကဥတ္တရာ။**

**၇။ တဏှာတြိ၊ ပိုင်းခြားဘိ၊ ဘူမိစတုဖြာ။**

ထိုပရမတ္ထတရား ၄ ပါးတို့တွင် စိတ်ပရမတ်သည် (၁) ကာမာဝစရစိတ် (၂) ရူပါဝစရစိတ် (၃) အရူပါဝစရစိတ် (၄) လောကုတ္တရာစိတ်ဟူ၍ (ဘူမိဘေဒအားဖြင့်) ၄ ပါး အပြားရှိ၏။

(၁) ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော ဘုံသည် ကာမဘုံ မည်၏။ ထိုကာမဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောစိတ်သည် ကာမာဝစရစိတ်မည်၏။ (၂) ရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော ဘုံသည် ရူပဘုံမည်၏။ ထိုရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောစိတ်သည် ရူပါဝစရစိတ်မည်၏။ (၃) အရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သောဘုံသည် အရူပဘုံမည်၏။ ထိုအရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောစိတ်သည် အရူပါဝစရစိတ်မည်၏။ (၄) တဏှာ ၃ ပါး၏ နယ်ပယ်မှ အလွတ်ဖြစ်သော မဂ်+ဖိုလ်+နိဗ္ဗာန် တရားအစုသည် လောကုတ္တရာဘုံမည်၏။ ထိုလောကုတ္တရာဘုံ၌ အတွင်းဝင်သော စိတ်သည် လောကုတ္တရာစိတ် မည်၏။

## ကာမာဝစရစိတ် ၅၄ ပါး

**၈။ အကုသယ်နှစ်၊ ဆယ့်ရှစ်အဟိတ်၊ သုံးဆယ်စိတ်၊ ယုတ်+နိမ့် အသောဘဏာတည်း။**

ထိုစိတ် ၄ မျိုးတို့တွင် ကာမာဝစရစိတ်သည် အသောဘဏစိတ်၊ သောဘဏစိတ်ဟူ၍ ၂ မျိုး အပြားရှိပြန်၏။ ထို ၂ မျိုးတို့တွင် –


ပြဆိုလတ္တံ့သော အကုသိုလ်စိတ် ၁၂ ပါး၊ အဟိတ်စိတ် ၁၈ ပါး၊ ဤ ၃၀ သောစိတ်တို့သည် ယုတ်ညံ့သောကြောင့် နိမ့်ကျသောကြောင့် မတင့်တယ်သကဲ့သို့ ဖြစ်ရကား အသောဘဏစိတ်တို့ မည်ကုန်၏။

http://www.thitsarparamisociety.com/



## အကုသိုလ်စိတ် ၁၂ ပါး

**၉။ သော+ဥ နှစ်တန်၊ ဒိဋ္ဌိသံ+ဝိလေး၊ ပွားရေ အ+သ၊ စိတ်ရှစ်ဝ၊ အဋ္ဌ လောဘမူ။**




(ဤပုံကိုကြည့်ပါ)

၁။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ပါး၊
၂။ ။ ။ သသင်္ခါရိက ။
၃။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက ။
၄။ ။ ။ သသင်္ခါရိက ။
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ။
၆။ ။ ။ သသင်္ခါရိက ။
၇။ ။ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက စိတ်တစ်ပါး

http://www.thitsarparamisociety.com/


၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်တစ်ပါး၊
ပေါင်း လောဘမူစိတ် ၈ ပါး

**၁၀။ ဒေါမနဿ၊ ပဋိဃသံ၊ အ+သ ရှံ၊ နှစ်တန် ဒေါသမူ။**

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ပါး။
၂။ ။ ။ သသင်္ခါရိကစိတ် တစ်ပါး။
ပေါင်း ဒေါသမူစိတ် ၂ ပါး။

**၁၁။ ဥပေက္ခာမှီ၊ ဝိစိ+ဥဒ္ဓစ်၊ သံပွား‌လစ်၊ နှစ်ခု မောဟမူ။**

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် တစ်ပါး။
၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် တစ်ပါး။
ပေါင်း မောဟမူစိတ် ၂ ပါး။

**၁၂။ လောဂရှစ်+ဒေါနှစ်၊ မောလည်း နှစ်၊ ဆယ်နှစ် အကုဟူ။**

လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ မောဟမူစိတ် ၂ ပါး
ပေါင်း အကုသိုလ်စိတ် ၁၂ ပါး။

**၁၃။ သောလေး+ဥဆ၊ ဒေါနှစ်မျှ၊ ဒွါဒ အကုယူ။**

သောမနဿ သဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၆ ပါး၊ ဒေါမနဿ သဟဂုတ်စိတ် ၂ ပါး၊ ပေါင်း အကုသိုလ်စိတ် ၁၂ ပါး (ဝေဒနာဘေဒသရုပ်ခွဲနည်း။)

အကုသိုလ်စိတ် ၁၂ ပါး ပြီး၏။

**အဟိတ်စိတ် ၁၈ ပါး**

**၁၄။ စက်+သော+ဃာဇိ၊ ကာ–ကိုမှီ၊ ငါးလီဝိညာဏ်မှတ်။**

**၁၅။ သံ+သန်+နှစ်ခု၊ လောင်းပြန်မှု၊ အကုဝိပါက်သတ်။**

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် တစ်ပါး၊
၂။ ။ သောတဝိညာဏ်စိတ် ။

http://www.thitsarparamisociety.com/



၃။ ။ ဃာနဝိညာဏ် ။

၄။ ။ ဇိဝှါဝိညာဏ် ။

၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်တစ်ပါး

၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်း ။

၇။ ဥပေက္ခာသဟဂုတ် သန္တီရဏ ။

ပေါင်း အကုသလဝိပါက်စိတ် ၇ ပါး။

စက်+သော+ဃာ+ဇိ လက်ာ (စိတ်ထဲက) လိုက်စေပါ။

၁၆။ သံ+သန်+သန် ဟု၊ လောင်းပြန်မှု၊ ကုသလဝိပါက်အဌ်။

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် တစ်ပါး၊

၂။ ။ သောတဝိညာဏ်စိတ် တစ်ပါး၊

၃။ ။ ဃာနဝိညာဏ်စိတ် တစ်ပါး၊

၄။ ။ ဇိဝှါဝိညာဏ်စိတ် တစ်ပါး၊

၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ် တစ်ပါး၊

၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် တစ်ပါး၊

၇။ သောမနဿသဟဂုတ် သန္တီရဏစိတ် တစ်ပါး၊

၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် တစ်ပါး၊

ပေါင်း အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး

၁၇။ အာဝဇ္ဇန်းဒွိ၊ ဟသိတုပ္ပါဒ်၊ ဤသုံးရပ်၊ မှတ်လေကိရိယာ။

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် တစ်ပါး၊

၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် တစ်ပါး၊

၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် တစ်ပါး၊

ပေါင်း အဟိတ်ကိရိယာစိတ် ၃ ပါး

**၃–ရပ်ပေါင်းလျှင် အဟိတ်စိတ် ၁၈ ပါး ဖြစ်၏။**

**၁၈။ ကာယနှစ်လီ၊ ဒု+သု+မှီ၊ ကု တီ+ဟသိ သော။**

**၁၉။ အကြွင်းစုဒ္ဒသ်၊ ဥ နှင့်ကပ်၊ ဌာရည် စိတ်မနော။**

http://www.thitsarparamisociety.com/


ထိုအဟိတ်စိတ် ၁၈ ပါးတို့တွင် အကုသလဝိပါက် ကာယဝိညာဏ် စိတ်သည် ဒုက္ခဝေဒနာနှင့်တကွ ဖြစ်၏။ (ဒုက္ခသဟဂုတ်စိတ်ဖြစ်၏။) ကုသလဝိပါက် ကာယဝိညာဏ်စိတ်သည် သုခဝေဒနာနှင့်တကွ ဖြစ်၏။ (သုခသဟဂုတ်စိတ်ဖြစ်၏။) ကုသလဝိပါက်မှ သန္တီရဏစိတ်တစ်ပါး၊ အဟိတ်ကိရိယာမှ ဟသိတုပ္ပါဒ်စိတ်တစ်ပါး၊ ဤစိတ် ၂ ပါးတို့သည် သောမနဿဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ (သောမနဿသဟဂုတ်စိတ် ဖြစ်ကုန်၏။) ကြွင်းသော အဟိတ် ၁၄ ပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏။ (ဥပေက္ခာသဟဂုတ်စိတ်တို့ ဖြစ်ကုန်၏။) (ပြန်၍ စစ်ကြည့်လေ။)

အဟိတ်စိတ် ၁၈ ပါး ပြီး၏။

အသောဘဏစိတ် ၃၀ ပြီး၏။

## သောဘဏစိတ် အကျဉ်း ၅၉၊ အကျယ် ၉၁ ပါး

**၂၀။ ကျဉ်းဖျည်းနဝစ်၊ ကျယ်နော+ကော်၊ လှစ်ပိမ့်သောဘဏာ။**


အကျဉ်းအားဖြင့် ၅၉ ပါး၊ အကျယ်အားဖြင့် ၉၁ ပါးသော သောဘဏ စိတ်တို့ကို ပြဆိုပေအံ့။ (ပြဆိုလတ္တံ့သော ကာမ သောဘဏစိတ် ၂၄ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ လောကုတ္တရာစိတ် အကျဉ်း ၈ ပါး၊ ဤ ၅၉ ပါးသော စိတ်တို့ကို သောဘဏစိတ်အကျဉ်း ၅၉ ပါးဟု ခေါ်၏။ ပြဆိုလတ္တံ့သော ကာမ သောဘဏစိတ် ၂၄ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ လောကုတ္တရာစိတ် အကျယ် ၄၀၊ ဤ ၉၁ ပါးသောစိတ်တို့ကို သောဘဏစိတ် အကျယ် ၉၁ ပါး ဟူ၍ ခေါ်၏။

## ကာမသောဘဏစိတ် ၂၄ ပါး

**၂၁။ သော+ဥ နှစ်တန်၊ ဉာဏ်သံ+ဝိ လေး၊ ပွားရေး အ+သ၊ အဋ္ဌ သုံးလီ၊ ကု+ဝိ+ကီ၊ စ+ဝီ ကာမ သောဘဏ။**

http://www.thitsarparamisociety.com/






၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၂။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၃။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၄။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၅။ ဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၆။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၇။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၈။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊

ပေါင်း ကာမာဝစရကုသိုလ်စိတ် ၈ ပါး၊ မဟာကုသိုလ် စိတ် ၈ ပါးဟု လည်းခေါ်၏။

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၂။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊

http://www.thitsarparamisociety.com/



၃။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၄။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၆။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၇။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၈။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊

ပေါင်း သဟိတ်ကာမာဝစရဝိပါက်စိတ် ၈ ပါး၊
မဟာဝိပါက်စိတ် ၈ ပါး ဟူ၍လည်းခေါ်၏။

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၂။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၃။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၄။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၆။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊
၇။ ။ ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ပါး၊
၈။ ။ ။ သသင်္ခါရိကစိတ်တစ်ပါး၊

ပေါင်း သဟိတ်ကာမာဝစရကြိယာစိတ် ၈ ပါး၊
မဟာကြိယာ စိတ် ၈ ပါးဟူ၍လည်း ခေါ်၏။

မဟာကုသိုလ်စိတ် ၈ ပါး၊
မဟာဝိပါက်စိတ် ၈ ပါး၊
မဟာကြိယာစိတ် ၈ ပါး၊

ပေါင်း ကာမသောဘဏစိတ် ၂၄ ပါး။

**ကာမစိတ် ၅၄ ပါး ရေတွက်ရန်**

အသောဘဏစိတ် ၃၀၊ ကာမသောဘဏစိတ် ၂၄ ပါး၊ ပေါင်း ကာမာဝစရစိတ် ၅၄ ပါး ဖြစ်၏။

http://www.thitsarparamisociety.com/


**၂၂။ အကုဒွါဒီ၊ ကုရှစ်လီ၊ တောဝီ ဝိပါက်ရေး။**

**၂၃။ ဆယ့်တစ်ကြိယ၊ ပေါင်းတုံက၊ ကာမငါးဆယ့်လေး။**

အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ ကာမဝိပါက်စိတ် ၂၃ ပါး၊ ကာမကြိယာစိတ် ၁၁ ပါး၊ ပေါင်း ကာမစိတ် ၅၄ ပါး။ (ဇာတိဘေဒ သရုပ်ခွဲနည်း။)

**၂၄။ ဥသုံးဆယ့်နှစ်၊ သောဆယ့်ရှစ်၊ ဒေါနှစ်+ဒု+သု+ဧ။**

ဥပေက္ခာသဟဂုတ်စိတ် ၃၂ ပါး၊ သောမနဿသဟဂုတ်စိတ် ၁၈ ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂ ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁ ပါး၊ သုခသဟဂုတ်စိတ် ၁ ပါး၊ ပေါင်း ကာမစိတ် ၅၄ ပါး (ဝေဒနာဘေဒ သရုပ်ခွဲနည်း။)

ကာမစိတ် ၅၄ ပါး ပြီး၏။

**ရူပါဝစရစိတ် ၁၅ ပါး**

ဝိ+စာ+ပီ+ဝေ၊ နှစ်ပါးထွေ၊ ဧ+လျှင် ငါးခုမှတ်။

စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်။

ဝိတက်စေတသိက်၊ ဝိစာရစေတသိက်၊ ပီတိစေတသိက်၊ သုခ၊ ဥပေက္ခာ ၂ ပါးသော ဝေဒနာစေတသိက်၊ ဧကဂ္ဂတာစေတသိက်၊ ဤစေတသိက် ၅ ပါးတို့ကို ကသိဏ်းစသော အာရုံတို့ကို စိုက်စိုက်စူးစူး အထူးမြဲမြံစွာ ရှုတတ်သောကြောင့် ဈာန်ဟု ခေါ်၏။

ငါး+လေး+သုံး+နှစ်၊ တဖန်နှစ်၊ တွဲလစ်၊ ဈာန်ငါးရပ်။

ပ+ဒု+တ+စ၊ ပဉ္စမ၊ ပွားထ ဈာန်ငါးရပ်။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၅ ပါးတို့သည် ပထမဈာန်မည်၏။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၄ ပါးသည် ဒုတိယဈာန်မည်၏။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၃

http://www.thitsarparamisociety.com/



ပါးသည် တတိယဈာန်မည်၏။ သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၂ ပါး သည် စတုတ္ထဈာန်မည်၏။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၂ ပါးသည် ပဉ္စမဈာန်မည်၏။

ငါးဈာန်ယှဉ်မှု၊ ငါးခုသုံးလီ၊ ကု+ဝိ+ကြိ၊ ပွားပြီ စိတ်ဆယ့်ငါး။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော ပထမဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊

ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊

ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊

သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊

ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမ ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး ပေါင်း ရူပါဝစရကုသိုလ်စိတ် ၅ ပါး။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၅ ပါးနှင့် တကွဖြစ်သော ပထမဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊

ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊

ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊

သုခ၊ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊

http://www.thitsarparamisociety.com/


ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး ပေါင်း ရူပါဝစရဝိပါက်စိတ် ၅ ပါး။

ရူပါဝစရကြိယာစိတ် ၅ ပါးတို့ကိုလည်း ဤနည်းအတူ ဆိုလေ။ ကုသိုလ်စိတ် ၅ ပါး၊ ဝိပါက်စိတ် ၅ ပါး၊ ကြိယာစိတ် ၅ ပါး၊ ပေါင်း ရူပါဝစရစိတ် ၁၅ ပါး၊ (ဇာတိဘေဒ သရုပ်ခွဲနည်း)။ ။ (ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာ ဟူသော အမည်ဖြင့်မှတ်၍ သရုပ်ခွဲသည်ကို ဇာတိဘေဒ သရုပ်ခွဲနည်း ခေါ်၏။) (မပြီးသေး) ဆက်ပါဦး။

(ထို ရူပါဝစရစိတ် ၁၅ ပါးတို့တွင် ပဌမဈာန်စိတ် ၃ ပါး၊ ဒုတိယဈာန်စိတ် ၃ ပါး၊ တတိယဈာန်စိတ် ၃ ပါး၊ စတုတ္ထဈာန်စိတ် ၃ ပါး၊ ဤ ၁၂ ပါးတို့သည် သောမနဿဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

ပဉ္စမဈာန်စိတ် ၃ ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

သော–ဆယ့်နှစ်ဝ၊ ဥသုံးမျှ၊ ရူပစိတ် ဆယ့်ငါး။

သောမနဿသဟဂုတ်စိတ် ၁၂ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၃ ပါး၊ ပေါင်း ရူပါဝစရစိတ် ၁၅ ပါး။ (ဝေဒနာဘေဒ သရုပ်ခွဲနည်း။)

ရူပါဝစရစိတ် ၁၅ ပါး ပြီး၏။

## အရူပါဝစရစိတ် ၁၂ ပါး

အာ+ဝိဉ်+အာ+နေ၊ ဈာန်လေးတွေ၊ ဥ+ဧ အင်္ဂါနှစ်။

၁။ အဆုံးမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသော ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၂ ပါးသည် အာကာသာနဉ္စာယတနဈာန်မည်၏။

၂။ ပဌမ အရူပဝိညာဏ်ကို အာရုံပြုသော ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဤ ဈာန်အင်္ဂါ ၂ ပါးသည် ဝိညာဏဉ္စာယတနဈာန်မည်၏။

http://www.thitsarparamisociety.com/



၃။ ပထမ အရူပဝိညာဏ်၏ တစိုးတစိမျှ မရှိခြင်း တည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြုသော ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဤရှာန်အင်္ဂါ ၂ ပါးသည် အာကိဉ္စညာယတနဈာန် မည်၏။

၄။ တတိယအရူပဝိညာဏ်ကို အာရုံပြုသော ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၂ ပါးသည် နေဝသညာနာသညာယတနဈာန် မည်၏။ ပေါင်း အရူပဈာန် ၄ ပါး။

လေးဈာန်ယှဉ်မှု၊ လေးခုသုံးလီ၊ ကု+ဝိ+ကြိ၊ ပွားပြီ စိတ်ဆယ့်နှစ်။

အာကာသာနဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊ ဝိညာဏဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊ အာကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊ နေဝသညာ နာသညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊ ပေါင်း အရူပါဝစရ ကုသိုလ်စိတ် ၄ ပါး။

အာကာသာနဉ္စာယတန ဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊ ဝိညာဏဉ္စာယတန ဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊ အာကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊ နေဝသညာ နာသညာယတန ဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်တစ်ပါး၊ ပေါင်း အရူပါဝစရ ဝိပါက်စိတ် ၄ ပါး။

အာကာသာနဉ္စာယတန ဈာန်နှင့်ယှဉ်သော ကြိယာစိတ်တစ်ပါး၊ ဝိညာဏဉ္စာယတန ဈာန်နှင့်ယှဉ်သော ကြိယာစိတ်တစ်ပါး၊ အာကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ကြိယာစိတ်တစ်ပါး၊ နေဝသညာ နာသညာယတန ဈာန်နှင့်ယှဉ်သော ကြိယာစိတ်တစ်ပါး၊ ပေါင်း အရူပါဝစရ ကြိယာစိတ် ၄ ပါး။

ကုသိုလ်စိတ် ၄ ပါး၊ ဝိပါက်စိတ် ၄ ပါး၊ ကြိယာစိတ် ၄ ပါး၊ ပေါင်း အရူပါဝစရစိတ် ၁၂ ပါး (ဇာတိဘေဒ သရုပ်ခွဲနည်း။)

http://www.thitsarparamisociety.com/


စိတ် အရူပ၊ ဒွါဒသ ပဉ္စမ ဥပေက္ခာဖြစ်။

အရူပါဝစရစိတ် ၁၂ ပါးတို့သည် ဈာန်အားဖြင့်ပြောလျှင် ပဉ္စမဈာန်စိတ်တို့ ဖြစ်ကုန်၏။ ဝေဒနာအားဖြင့်ပြောလျှင် ဥပေက္ခာဝေဒနာနှင့် တကွဖြစ် (ဥပေက္ခာသဟဂုတ်ဖြစ်) ကုန်၏။

အရူပစိတ် ၁၂ ပါး ပြီး၏။

## မဟဂ္ဂုတ်စိတ် ၂၇ ပါး ရေတွက်ပုံ

### ၃၄။ မဟဂ္ဂုတ်ဟူ၊ ရူ+အရူ၊ ပေါင်းမူသတ်+ဝီသ။

ဆိုခဲ့ပြီးသော ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ ဤ ၂၇ ပါးသော စိတ်တို့ကို မဟဂ္ဂုတ်စိတ် ၂၇ ပါး ဟူ၍ခေါ်၏။ (မဟာ=မြတ်သော ဈာန်ရပုဂ္ဂိုလ်တို့သာ+ဂတ=ရအပ်ရောက်အပ်သောစိတ် ဟူလို၏။)

### ၃၅။ ကု+ဝိ+ကြိ+နှော၊ သော ဆယ့်နှစ်ပါး၊ ဥဆယ့်ငါး၊ ပေါင်းငြား သတ်+ဝီသ။

မဟဂ္ဂုတ် ကုသိုလ်စိတ် ၉ ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉ ပါး၊ မဟဂ္ဂုတ် ကြိယာစိတ် ၉ ပါး၊ ပေါင်း မဟဂ္ဂုတ်စိတ် ၂၇ ပါး။ (ဇာတိဘေဒ သရုပ်ခွဲနည်း။)

သောမနဿသဟဂုတ်စိတ် ၁၂ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁၅ ပါး၊ ပေါင်း မဟဂ္ဂုတ်စိတ် ၂၇ ပါး။ (ဝေဒနာဘေဒ သရုပ်ခွဲနည်း။)

## လောကီစိတ် ၈၁ ပါး ရေတွက်ပုံ

### ၃၆။ ကာ+ရူ+အရူ၊ လောကီဟူ၊ ပေါင်းမူ ရှစ်ဆယ့်တစ်။

ကာမစိတ် ၅၄ ပါး၊ ရူပစိတ် ၁၅ ပါး၊ အရူပစိတ် ၁၂ ပါး၊ လောကီစိတ် ၈၁ ပါး၊ (ဘူမိဘေဒနည်း။)

http://www.thitsarparamisociety.com/



**၃၇။ ဆယ့်နှစ်အကု၊ ကုဆယ်ခွန်နှုန်း၊ သုံးဆယ်နှစ်ဝိ၊ နှစ်ဆယ်ကြိ၊ ပေါင်းဘိ ရှစ်ဆယ့်တစ်။**

အကုသိုလ်စိတ် ၁၂ ပါး၊ လောကီကုသိုလ်စိတ် ၁၇ ပါး၊ လောကီဝိပါက်စိတ် ၃၂ ပါး၊ ကြိယာစိတ် ၂၀၊ ပေါင်း လောကီစိတ် ၈၁ ပါး၊ (ဇာတိဘေဒနည်း။)

**၃၈။ ဥဇ္ဈောသတ္တ၊ သော တိ‌ံ သ၊ ဒေါဒွ+ဒု+သု ဧက်။**

ဥပေက္ခာသဟဂုတ်စိတ် ၄၇ ပါး၊ သောမနဿသဟဂုတ်စိတ် ၃၀၊ ဒေါမနဿသဟဂုတ်စိတ် ၂ ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁ ပါး၊ သုခသဟဂုတ်စိတ် ၁ ပါး၊ ပေါင်း လောကီစိတ် ၈၁ ပါး၊ (ဝေဒနာဘေဒနည်း။)

လောကီစိတ် ၈၁ ပါး ပြီး၏။

**လောကုတ္တရာစိတ် အကျဉ်း ၈ ပါး**

**၃၉။ လေးမဂ်ယှဉ်ရိုး၊ ကုလေးမျိုး၊ အကျိုးဖိုလ်လည်း လေး။**

(၁) သောတာပတ္တိမဂ်စိတ် ၁ ပါး၊ (၂) သကဒါဂါမိမဂ်စိတ် ၁ ပါး၊ (၃) အနာဂါမိမဂ်စိတ် ၁ ပါး၊ (၄) အရဟတ္တမဂ်စိတ် ၁ ပါး၊ ပေါင်း လောကုတ္တရာကုသိုလ်စိတ် ၄ ပါး (မဂ်စိတ် ၄ ပါး ဟူ၍လည်းခေါ်၏)။

(၁) သောတာပတ္တိဖိုလ်စိတ် ၁ ပါး၊ (၂) သကဒါဂါမိဖိုလ်စိတ် ၁ ပါး၊ (၃) အနာဂါမိဖိုလ်စိတ် ၁ ပါး၊ (၄) အရဟတ္တဖိုလ်စိတ် ၁ ပါး၊ ပေါင်း လောကုတ္တရာဝိပါက်ဖိုလ်စိတ် ၄ ပါး၊ (ဖိုလ်စိတ် ၄ ပါး ဟူ၍လည်း ခေါ်၏။) မဂ်စိတ် ၄ ပါး၊ ဖိုလ်စိတ် ၄ ပါး ပေါင်း လောကုတ္တရာစိတ် အကျဉ်း ၈ ပါး။

**စိတ်အကျဉ်း ၈၉ ပါး ရေတွက်နည်း**

**၄၀။ ကီရှစ်ဆယ့်တစ်၊ ကုတ်မူ ရှစ်၊ ပေါင်းလစ် ရှစ်ဆယ့်ကိုး။**

http://www.thitsarparamisociety.com/



လောကီစိတ် ၈၁ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ပေါင်း စိတ်အကျဉ်း ၈၉ ပါး။

**၄၁။ ဆယ့်နှစ်အကု၊ ဟုကေဝိ၊ ဆယ္တိ သ ဝိ၊ နှစ်ဆယ်ကြိ၊ ပေါင်းဘိ ရှစ်ဆယ့်ကိုး။**

အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ် ၂၁ ပါး၊ ဝိပါက်စိတ် ၃၆ ပါး၊ ကြိယာစိတ် ၂၀၊ ပေါင်း စိတ်အကျဉ်း ၈၉ ပါး။ (ဇာတိဘေဒရေတွက်နည်း။)

ကာမာဝစရစိတ် ၅၄ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ပေါင်း စိတ်အကျဉ်း ၈၉ ပါး။ (ဘူမိဘေဒရေတွက်နည်း။)

## လောကုတ္တရာစိတ် အကျယ် ၄၀

**၄၂။ ရှစ်လောကုတ်စု၊ တစ်ခုခုဝယ်၊ ငါးဈာန်ခြယ်၊ အကျယ်လေးဆယ်ပွား။**

**၄၃။ မဂ်စိတ်နှစ်ဆယ်၊ ဖိုလ်နှစ်ဆယ်၊ အကျယ်လောကုတ်ပွား။**

## သောတာပတ္တိမဂ်စိတ် အကျယ် ၅ ပါး

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန် ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်တစ်ပါး၊ (၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် တစ်ပါး၊ (၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်တစ်ပါး၊ (၄) သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန်နှင့်ယှဉ်သော သောတာပတ္တိ

http://www.thitsarparamisociety.com/



မဂ်စိတ်တစ်ပါး၊ (၅) ဥပေက္ခာ၊ ကေဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်တစ်ပါး၊ ပေါင်း သောတာပတ္တိမဂ်စိတ် ၅ ပါး။

ထို့အတူ သကဒါဂါမိမဂ်စိတ် ၅ ပါး၊ အနာဂါမိမဂ်စိတ် ၅ ပါး၊ အရဟတ္တမဂ်စိတ် ၅ ပါး၊ ပေါင်း မဂ်စိတ်အကျယ် ၂၀။ ထို့အတူ ဖိုလ်စိတ် အကျယ် ၂၀၊ ၂ ရပ်ပေါင်း လောကုတ္တရာစိတ် အကျယ် ၄၀ ဖြစ်၏။

**၄၄။ သောသုံးဆယ့်နှစ်၊ ဥမူရှစ်၊ ပေါင်းလစ်လေးဆယ်သား။**

သောမနဿသဟဂုတ်စိတ် ၃၂ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၈ ပါး၊ ပေါင်း လောကုတ္တရာစိတ်အကျယ် ၄၀။ (ဝေဒနာဘေဒနည်း။) (ပ–ဈာန် စိတ် ၈ ပါး၊ ဒု–ဈာန်စိတ် ၈ ပါး၊ တ–ဈာန်စိတ် ၈–ပါး၊ စ–ဈာန်စိတ် ၈ ပါး၊ ဤ ၃၂ ပါးတို့သည် သောမနဿသဟဂုတ်တို့တည်း။ မ–ဈာန် စိတ် ၈ ပါးသည် ဥပေက္ခာသဟဂုတ်တည်း။)

## ဈာန်စိတ် ၆၇ ပါး

**၄၅။ ဈာန်မဟဂ္ဂုတ်၊ ဈာန်လောကုတ်၊ သရုပ် ခြောက်ဆယ့် ခွန်။**

မဟဂ္ဂုတ်ဈာန်စိတ် ၂၇ ပါး၊ လောကုတ္တရာဈာန်စိတ်အကျယ် ၄၀၊ ပေါင်းဈာန်စိတ် (ဈာန်ဖြင့် အထူးပြု၍ ခေါ်ရသောစိတ်) ၆၇ ပါး။

**၄၆။ ပ+ဒု+တ+စ လေးဝအညီ၊ ဆယ့်တစ်စီ၊ တေးဝီ ပဉ္စမ ဈာန်။**

လောကီ လောကုတ္တရာပေါင်းလျက် ပထမဈာန်စိတ် ၁၁ ပါး၊ ဒုတိယ ဈာန်စိတ် ၁၁ ပါး၊ တတိယဈာန်စိတ် ၁၁ ပါး၊ စတုတ္ထဈာန်စိတ် ၁၁ ပါး၊ ပဉ္စမဈာန်စိတ် ၂၃ ပါး၊ ပေါင်းဈာန်စိတ် ၆၇ ပါး၊ (ဈာနဘေဒ သရုပ်ခွဲနည်း။)

http://www.thitsarparamisociety.com/



**၄၇။ သောမနဿ်စု၊ ဧော ဧော ရှု၊ ဥမှု တေးဝိမှန်။**

ထိုရှာန်စိတ် ၆၇ ပါးတို့တွင် သောမနဿသဟဂုတ်စိတ် ပေါင်းကား ၄၄ ပါးတို့တည်း။ (ပ–၁၁၊ ဒု–၁၁၊ တ–၁၁၊ စ–၁၁ တို့ကို ဆိုလို၏။) ဥပေက္ခာသဟဂုတ်စိတ်ကား ၂၃ ပါးတို့တည်း။ (မ–ရှာန်စိတ် ၂၃ ပါးကို ဆိုလို၏။)

**စိတ်အကျယ် ၁၂၁ ပါး**

**၄၈။ ရှစ်ဆယ့်တစ် ကီ၊ ကုတ် တာလီ၊ ဧက်+ဝီ+သတာ ဖြစ်။**

လောကီစိတ် ၈၁ ပါး၊ လောကုတ္တရာစိတ်အကျယ် ၄၀၊ ပေါင်း စိတ်အကျယ် ၁၂၁ ပါး။

**၄၉။ သုံးဆယ့်ခွန်ကု၊ အပွားရှု၊ ဝိစု ငါးဆယ့်နှစ်။**

(စိတ်အကျဉ်း+အကျယ် ဖြစ်ရသည်မှာ ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်တို့ကသာ ဖြစ်ရသည်။ အကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့ကား ကျဉ်းသော ကျယ်သောဟူ၍ မရှိ) အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ်အကျယ် ၃၇ ပါး၊ ဝိပါက်စိတ်အကျယ် ၅၂ ပါး၊ ကြိယာစိတ် ၂၀၊ ပေါင်း စိတ်အကျယ် ၁၂၁ ပါး၊ (ဇာတိဘေဒနည်း။)

**၅၀။ ဥပဋ္ဌေး စေး၊ သော ဆဒွေး၊ ဒေါဒွေး+ဒု သု ဧက်။**

ဥပေက္ခာ သဟဂုတ်စိတ် ၅၅ ပါး၊ သောမနဿသဟဂုတ်စိတ် ၆၂ ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂ ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁ ပါး၊ သုခသဟဂုတ်စိတ် ၁ ပါး၊ ပေါင်း စိတ်အကျယ် ၁၂၁ ပါး။ (ဝေဒနာဘေဒ ရေတွက်နည်း။)

ပိုဒ် ပေါင်း ငါးဆယ်၊ လက်ာခြယ်၊ ဤဝယ်စိတ်ပိုင်းပြီး။
စိတ်ပိုင်းပြီး၏။

http://www.thitsarparamisociety.com/


# ၂–စေတသိက်ပိုင်း

**၁။ ဖြစ်+ပျက်+မှီ+အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ် နိမိတ်။**

စိတ်နှင့်အတူဖြစ်ခြင်း–ဧကုပ္ပါဒ၊ စိတ်နှင့်အချုပ်အပျက်တူခြင်း။ ဧကနိရောဓ၊ စိတ်နှင့်အာရုံတူခြင်း ဧကာရမ္မဏ၊ စိတ်နှင့်မှီရာဝတ္ထုတူခြင်း ဧကဝတ္ထုက၊ ပေါင်း စေတောယုတ္တလက္ခဏာလေးပါး၊ (စေတသိက်လက္ခဏာလေးပါးလည်း ခေါ်၏။)

**၂။ စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်ဒွိက်၊ စေတသိက်။**

ဆိုအပ်ပြီးသော စေတောယုတ္တ လက္ခဏာလေးပါးရှိ၍ စိတ်၌ယှဉ်တွဲမှီတွယ်လျက် စိတ်ကို (အဆိုး+အကောင်းဖြစ်အောင်) ခြယ်လှယ်တတ်သည့် ငါးဆယ့်နှစ်ပါးသော ပရမတ္ထတရားတို့သည် စေတသိက်မည်ကုန်၏။

စေတသိက် ၅၂ ပါး ဟူသော်ကား –

**၃။ ဖသ်+ဝေ+သဉ်+စေ၊ ဧ+ဇီ+မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်။**

၁။ အာရုံကို တွေ့ခြင်းသဘော ဖဿစေတသိက်၊ ၂။ အာရုံ၏အရသာကို ခံစားခြင်းသဘော ဝေဒနာစေတသိက်၊ ၃။ အာရုံကို မှတ်သားခြင်းသဘော သညာစေတသိက်၊ ၄။ အာရုံ၌ ယှဉ်ဘက်တရားတို့ကို စေ့ဆော်ခြင်းသဘော စေတနာစေတသိက်၊ ၅။ အာရုံ၌ တည်ခြင်းသဘော ဧကဂ္ဂတာစေတသိက်၊ ၆။ နာမ်တရားတို့ကို စောင့်ရှောက်ခြင်းသဘော ဇီဝိတိန္ဒြေစေတသိက်၊ ၇။ အာရုံကို နှလုံး၌ ထည့်သွင်းခြင်းသဘော မနသိကာရ စေတသိက်။ ပေါင်း သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး။ ။(အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော ယှဉ်တတ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခေါ်၏။)

**၄။ တက်+စာ+ဝီ+ပီ၊ ဆန်+အဓိ၊ ပွမ်းဘိ ပကိဏ်း ခြောက်။**

http://www.thitsarparamisociety.com/



၁။ ထွေထွေလာလာ ကြံစည်ခြင်းသဘော ဝိတက် စေတသိက်၊ ၂။ အာရုံ၌ တရစ်ဝဲဝဲ ရှိခြင်းသဘော ဝိစာရစေတသိက်။ ၃။ အာရုံ၌ ဆုံးဖြတ်ခြင်းသဘော အဓိမောက္ခ စေတသိက်၊ ၄။ အာရုံ၌အားထုတ်ခြင်းသဘော ဝီရိယစေတသိက်၊ ၅။ အာရုံကို နှစ်သက်ခြင်းသဘော ပီတိ စေတသိက်၊ ၆။ အာရုံကို အလိုရှိခြင်းသဘော ဆန္ဒစေတသိက်၊ ပေါင်း ပကိဏ်းစေတသိက် ၆ ပါး။ ။(ပြိုပြွမ်းသော စိတ်တို့နှင့် ယှဉ်တတ်သော ကြောင့် ပကိဏ်းစေတသိက်ခေါ်၏။)

**၅။ ကောင်း+ဆိုး နှစ်တန်၊ ခပ်တိုင်းငန်၊ သမာန်အညတေရသ။**

ဆိုအပ်ပြီးသော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး၊ ပကိဏ်း စေတသိက် ၆ ပါး ဤ ၁၃ ပါးသော စေတသိက်တို့သည် အညသမာန်း စေတသိက် မည်ကုန်၏။ သောဘဏစိတ်နှင့်ယှဉ်ခိုက် (အသောဘဏ စိတ်မှ တစ်ပါး) သောဘဏစိတ်နှင့် သဘောတူသောကြောင့်လည်း ကောင်း၊ အသောဘဏစိတ်နှင့်ယှဉ်ခိုက် (သောဘဏစိတ်မှတစ်ပါး) အသောဘဏစိတ်နှင့် သဘောတူသောကြောင့်လည်းကောင်း အညသ မာန်း စေတသိက်ဟု ခေါ်၏။

(က) အညသမာန်း ရာသီစေတသိက် ၁၃ ပါး ပြီး၏။

**၆။ မော+ဟိ+နော တ်+ဥဒ်၊ မောစတုက်။**

၁။ အာရုံ၌ တွေဝေခြင်းသဘော မောဟစေတသိက်၊ ၂။ မကောင်းမှုမှ မရှက်ခြင်း (မရွံ့ခြင်း) သဘော-အဟိရိကစေတသိက်၊ ၃။ မကောင်းမှုမှ မလန့်ခြင်းသဘော-အနောတ္တပ္ပ စေတသိက်၊ ၄။ စိတ်ပျံ့လွင့်ခြင်းသဘော-ဥဒ္ဓစ္စစေတသိက်၊ ပေါင်း မောစတုတ် စေတသိက် ၄ ပါး။

**၇။ လော+မာန်+ဒိဋ္ဌိ၊ လောတြိ။**

၁။ အာရုံ၌ မက်မောခြင်းသဘော လောဘစေတသိက်၊ ၂။ ထောင်လွှားခြင်းသဘော မာနစေတသိက်၊ ၃။ အမြင်မှောက်မှားခြင်းသဘော ဒိဋ္ဌိစေတသိက်၊ ပေါင်း လောတြိစေတသိက် ၃ ပါး။

http://www.thitsarparamisociety.com/



**၈။ ဒေါ+ဣဿ+မစ်+ကုက်၊ ဒေါစတုက်။**

၁။ အမျက်ထွက်ခြင်း၊ ကြမ်းတမ်းခြင်းသဘော ဒေါသစေတသိက်၊ ၂။ မနာလိုခြင်း၊ ငြူစူခြင်းသဘော ဣဿာစေတသိက်၊ ၃။ ဝန်တိုခြင်း နှမြောစေးနဲခြင်းသဘော မစ္ဆရိယစေတသိက်၊ ၄။ နောင်တတတဖန် ပူပန်ခြင်းသဘော ကုက္ကုစ္စ စေတသိက်၊ ပေါင်း ဒေါစတုက် စေတသိက် ၄ ပါး။

**၉။ ထိ+မိဒ်+ဝိစိ၊ ဆုံးတြိ။**

၁။ စိတ်၏ထိုင်းမှိုင်းခြင်းသဘော ထိနစေတသိက်၊ ၂။ စေတသိက်၏ ထိုင်းမှိုင်းခြင်း သဘော–မိဒ္ဓစေတသိက်၊ ၃။ သို့လောသို့လော တွေးတောယုံမှားခြင်း သဘော–ဝိစိကိစ္ဆာ စေတသိက်၊ ပေါင်း နောက်ဆုံး စေတသိက် သုံးပါး။

**၁၀။ ယုတ်မာညစ်ကြေး၊ မိုက်မဲမှေး၊ ဆယ့်လေးအကုသိုလ်။**

မောစတုက် လေးပါး၊ လောတြိ သုံးပါး၊ ဒေါစတုက်လေးပါး၊ ဆုံးတြိ သုံးပါး၊ ပေါင်း အကုသိုလ်စေတသိက် ၁၄ ပါး။

အကုသိုလ်ရာသီ စေတသိက် ၁၄ ပါး ပြီး၏။

**၁၁။ သဒ္ဓါ+သတိ၊ ဟီရိ+ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တ တာ။**

**၁၂။ ပဿဒ္ဓိ+လဟု၊ မုဒု+ကမ္မည်၊ ပါဂုညဉ်နှင့်၊ ထို့ပြင် ဥဇုက၊ ခြောက်မမ္ဘ၊ ကာယ+စိတ်နှင့်နှော။**

၁။ ကောင်းမြတ်သောအာရုံ၌ ကြည်လင်ခြင်း သဘော–သဒ္ဓါ စေတသိက်၊ ၂။ ကောင်းမြတ်သောအာရုံ၌ မမေ့လျော့ခြင်းသဘော–သတိစေတသိက်၊ ၃။ မကောင်းမှုမှရှက်ခြင်း (ရွံ့ခြင်းစက်ဆုတ်ခြင်း) သဘောဟိရီစေတသိက်၊ ၄။ မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်ခြင်းသဘော–ဩတ္တပ္ပ စေတသိက်၊ ၅။ အာရုံ၌မငြိတွယ်ခြင်းသဘော အလောဘစေတသိက်၊ ၆။ အာရုံ၌မကြမ်းတမ်းခြင်း (အမျက်မထွက်ခြင်း) သဘော–အာဒေါသ စေတ

http://www.thitsarparamisociety.com/


သိက်၊ ၇။ အာရုံ၌လျစ်လျူရှုခြင်းသဘော-တတြမဇ္ဈတ္တတာစေတသိက်။

၈။ ကုသိုလ်မှု၌ ကိုယ်၏ငြိမ်းခြင်းသဘော-ကာယပဿဒ္ဓိစေတသိက်၊ ၉။ စိတ်၏တည်ငြိမ်ခြင်းသဘော-စိတ္တပဿဒ္ဓိ စေတသိက်၊ ၁၀။ ကုသိုလ် မှု၌ ကိုယ်၏ ပေါ့ပါးသွက်လက်ခြင်း သဘော-ကာယလဟုတာစေတသိက်၊ ၁၁။ ကုသိုလ်မှု၌ စိတ်၏ပေါ့ပါးသွက်လက်ခြင်းသဘော-စိတ္တလဟုတာစေတသိက်။ ၁၂။ ကုသိုလ်မှု၌ ကိုယ်၏နူးညံ့ခြင်းသဘော-ကာယမုဒုတာစေတသိက်။ ၁၃။ ကုသိုလ်မှု၌ စိတ်၏နူးညံ့ခြင်းသဘော-စိတ္တမုဒုတာစေတသိက်။ ၁၄။ ကုသိုလ်မှု၌ ကိုယ်၏ခံ့ကျန်းခြင်းသဘော-ကာယကမ္မညတာ စေတသိက်၊ ၁၅။ ကုသိုလ်မှု၌ စိတ်၏ ခံ့ကျန်းခြင်းသဘော၊ စိတ္တကမ္မညတာ စေတသိက်၊ ၁၆။ ကုသိုလ်မှု၌ ကျင်လည်နပ်နေ့ခြင်းသဘော-ကာယပါဂုညတာ စေတသိက်၊ ၁၇။ ကုသိုလ်မှု၌ စိတ်၏ကျင်လည်နပ်နေ့ခြင်းသဘော-စိတ္တပါဂုညတာစေတသိက်၊ ၁၈။ ကုသိုလ်မှု၌ ကိုယ်၏ ဖြောင့်စင်းခြင်းသဘော-ကာယုဇုကတာ စေတသိက်၊ ၁၉။ ကုသိုလ်မှု၌ စိတ်၏ ဖြောင့်စင်းခြင်းသဘော-စိတ္တုဇုတကာစေတသိက်၊ ပေါင်း သောဘဏသာဓာရဏစေတသိက် ၁၉ ပါး။ ။ (သောဘဏစိတ်အကျဉ်း တစ်ခုယုတ် ခြောက်ဆယ်၊ အကျယ် ကိုးဆယ့်တစ်ပါးတို့၌ ဆက်ဆံယှဉ်တတ်သောကြောင့် သောဘဏသာဓာရဏစေတသိက်ခေါ်၏။)

## ၁၃။ ဝါစာ+ကမ္မန်၊ အာဇီဝန်၊ သုံးတန် ဝိရတီ။

၁။ (အပျော်တမ်း) ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသဘောသမ္မာဝါစာ စေတသိက်၊ ၂။ (အပျော်တမ်း) ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းသဘော-သမ္မာကမ္မန္တစေတသိက်၊ ၃။ ယုတ်မာသောအသက်မွေးမှု (ဒုစရိုက်ဖြင့် အသက်မွေးမှု) မှ ရှောင်ကြဉ်ခြင်းသဘောသမ္မာအာဇီဝ စေတသိက်။ ပေါင်း ဝိရတီစေတသိက် ၃ ပါး။ ။(ဒုစရိုက်မှုမှ ရှောင်ကြဉ်တတ်သောကြောင့် ဝိရတီစေတသိက် ခေါ်၏။)

http://www.thitsarparamisociety.com/


## ၁၄။ သမာဒါန၊ သမ္ပတ္တ၊ ဆေဒ–သုံး သုံးလီ။

ထို ဝိရတီသုံးပါးတို့တွင် တစ်ပါးတစ်ပါးလျှင် –

(က) သမာဒါနဝိရတီ၊

(ခ) သမ္ပတ္တဝိရတီ၊

(ဂ) သမုစ္ဆေဒ ဝိရတီ–ဟူ၍ သုံးပါး သုံးပါးစီပြားပြန်၏။ ထိုတွင်–

(က) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ အစရှိသည်ဖြင့် သိက္ခာပုဒ်ရှစ်ပါးတို့ကို ဆောက်တည်ပြီး ဒုစရိုက်မှု ခုနစ်ပါးမှ ရှောင်ကြဉ်ခြင်း သမာဒါန ဝိရတီ ခေါ်၏။

(ခ) သိက္ခာပုဒ်ကို မဆောက်တည်ဘဲ ရောက်ဆိုက်တွေ့ကြုံလာသော ဒုစရိုက်မှု ခုနစ်ပါးမှ ရှောင်ကြဉ်ခြင်းကို သမ္ပတ္တဝိရတီ ခေါ်၏။

(ဂ) အရိယာပုဂ္ဂိုလ်မြတ်တို့ အရိယမဂ်ဖြင့် အမြစ်ပြတ် (နောက်ထပ်ဘယ်သောအခါမျှ မဖြစ်ရအောင်) ဒုစရိုက်မှု ခုနစ်ပါးမှ ရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒ ဝိရတီ မည်၏။ (ဝိရတီ စေတသိက်သုံးပါး ပြီး၏။)

## ၁၅။ ကရု+မုဒု၊ ဤနှစ်ခု၊ ခေါ်မှု ပမညာ။

၁။ ဒုက္ခိတသတ္တဝါတို့၌ သနားခြင်းသဘော ကရုဏာစေတသိက်၊ ၂။ သုခိတသတ္တဝါတို့၌ ဝမ်းမြောက်ခြင်းသဘော မုဒိတာစေတသိက်၊ ပေါင်း အပ္ပမညာ စေတသိက် ၂ ပါး။ (အတိုင်းမသိသော သတ္တဝါ ပညတ်ကို အာရုံပြု၍ ဖြစ်တတ်သောကြောင့် အပ္ပမညာ စေတသိက်ခေါ်၏)။ (အပ္ပမညာ စေတသိက် ၂ ပါး ပြီး၏။)

အထူး။ ။အထက်ကမ္မဋ္ဌာန်းပိုင်း၌ မေတ္တာ+ကရုဏာ+မုဒိတာ+ဥပေက္ခာဟူ၍ အပ္ပမညာ ကမ္မဋ္ဌာန်း (ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း) လေးပါးကို ဆိုလတ္တံ့ ဖြစ်သော်လည်း ဤစေတသိက်ပိုင်း၌ အဒေါသစေတသိက်ဖြင့် မေတ္တာကို ယူပြီး ဆိုပြီးဖြစ်သောကြောင့်လည်းကောင်း၊ တတြမဇ္ဈတ္တတာ စေတသိက်ဖြင့် ဥပေက္ခာကို ယူပြီး ဆိုပြီး ဖြစ်သောကြောင့်လည်းကောင်း

ထို (မေတ္တာနှင့် ဥပေက္ခာ) နှစ်ပါးတို့ကို ဤစေတသိက်ပိုင်း၌ သီးခြား မဆိုဘဲ အပ္ပမညာ ၂ ပါးကိုသာ ပြဆိုသည်ဟု အထူးမှတ်ယူရာ၏။)

**၁၆။ အသိ+အလိမ္မာ၊ ဉာဏ်+ပညာ၊ ဝိဇ္ဇာ+အမောဟ။**

အသိဟူ၍လည်းကောင်း၊ အလိမ္မာဟူ၍လည်းကောင်း၊ ဉာဏ်ဟူ၍ လည်းကောင်း၊ ဝိဇ္ဇာဟူ၍လည်းကောင်း၊ အမောဟဟူ၍လည်းကောင်း ခေါ်ဆိုအပ်သော တတ်သိလိမ္မာ ကောင်းစွာမြော်မြင်ခြင်း သဘောသည် ပညာစေတသိက်မည်၏။

သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး၊ ဝိရတီစေတသိက် ၃ ပါး၊ အပ္ပမညာ စေတသိက် ၂ ပါး၊ ပညာစေတသိက် ၁ ပါး၊ ပေါင်း သောဘဏ စေတသိက် ၂၅ ပါး၊ (သောဘဏရာသီ စေတသိက် ၂၅ ပါး ပြီး၏။)

အညသမာန်းရာသီ စေတသိက် ၁၃ ပါး၊ အကုသလရာသီ စေတ သိက် ၁၄ ပါး၊ သောဘဏရာသီ စေတသိက် ၂၅ ပါး၊ ပေါင်း စေတသိက် ပရမတ္ထတရား ၅၂ ပါး ဖြစ်၏။

စေတသိက် ၅၂ ပါး ရေတွက်ပုံ ပြီး၏။

## အညသမာန်းစေတသိက် သမ္ပယောဂနည်း

**၁၇။ သဗ္ဗစိတ္တေ၊ ခုနစ်ထွေ၊ ယှဉ်လေစိတ်အားလုံး။**

သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါးတို့သည် အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်၊ အကျယ် တစ်ရာနှစ်ဆယ့်တစ်ပါးတို့၌ ယှဉ် ကုန်၏။

**၁၈။ ပဉ္စဝိညာဏ်၊ ကြဉ်တုံပြန်က၊ ကာ-ကျန်လေးဆယ့်လေး။**

**၁၉။ လေးဆယ့်လေးတန်၊ ကာမကျန်ဝယ်၊ ပ-ရှာန်ဆယ့်တစ်၊ လောင်းတုံလစ်၊ တက်ဖြစ် ပဉ္စေးစေး။**

http://www.thitsarparamisociety.com/


ဝိတက်စေတသိက်သည် (ဒွေပဉ္စဝိညာဏ်တစ်ဆယ်ကြဉ်သော) ကာမစိတ် ၄၄ ပါး၊ ပထမဈာန်စိတ် ၁၁ ပါး၊ ဤ ၅၅ ပါးသော စိတ်တို့၌ ယှဉ်၏။

**၂၀။ ငါးဆယ့်ငါးတန်၊ တက်ဖြစ်ရန်ဝယ်၊ ဒုဈာန် ၁၁၊ လောင်းတုံ လစ်၊ စာ–ဖြစ် ဆဆတွေး။**

ဝိစာရစေတသိက်သည် (ဒွေပဉ္စဝိညာဏ်တစ်ဆယ်ကြဉ်သော) ကာမစိတ် ၄၄ ပါး၊ ပထမဈာန်စိတ် ၁၁ ပါး၊ ဒုတိယဈာန်စိတ် ၁၁ ပါး၊ ဤ ၆၆ ပါးသော စိတ်တို့၌ ယှဉ်၏။

**၂၁။ ပဉ္စဝိညာဉ်၊ သံ+သန်+ပဉ်၊ ကြဉ် ဝိဗျည်းသုဉ်စေး။**

ဝီရိယစေတသိက်သည် (ဒွေပဉ္စဝိညာဏ်တစ်ဆယ်+သမ္ပဋိစ္ဆိုင်းဒွေ+သန္တီရဏသုံး+ပဉ္စဒွါရာဝဇ္ဇန်းစိတ်တစ်ပါး၊ ဤတစ်ဆယ့်ခြောက်ပါး စိတ်ကြဉ်သော) စိတ် ၁၀၅ ပါးတို့၌ ယှဉ်၏။ ။(ကွင်းအတွင်း ၁၆ ပါးကို အဝီရိယစိတ် ၁၆ ပါး ခေါ်၏။)

**၂၂။ စဈာန်ကြဉ်ပစ်၊ သောကျန်စစ်၊ ပီ–ဖြစ် ပဉ္စေး။**

ပီတိစေတသိက်သည် (စတုတ္ထဈာန်စိတ် ၁၁ ပါးကြဉ်၍ ကျန်သော) သောမနဿသဟဂုတ်စိတ် ၅၁ ပါးတို့၌ ယှဉ်၏။

**၂၃။ ပဉ္စဝိညာဉ်၊ ဝိစိကြဉ်၊ မိ–ယှဉ် သုဉ်+ဇက်+ဒေး။**

အဓိမောက္ခစေတသိက်သည် (ဒွေပဉ္စဝိညာဏ်တစ်ဆယ်၊ ဝိစိကိစ္ဆာသဟဂုတ်တို့ကိုကြဉ်၍ကျန်သော) စိတ် ၁၁၀ တို့၌ ယှဉ်၏။

**၂၄။ မောမူ+အဟိတ်၊ စိတ်နှစ်ဆယ်ပစ်၊ အကျန်စစ်၊ ဆန်ဖြစ် ဇက်+သုဉ် ဒေး။**

ဆန္ဒစေတသိက်သည် (မောဟမူစိတ်နှစ်ပါး၊ အဟိတ်စိတ် တစ်ဆယ့်ရှစ်ပါးတို့ကို ကြဉ်၍ကျန်သော) တစ်ရာ့တစ်ပါးသောစိတ်တို့၌ ယှဉ်၏။

အညသမာန်း စေတသိက် သမ္ပယောဂနည်း ပြီး၏။

http://www.thitsarparamisociety.com/


## အကုသိုလ်စေတသိက် သမ္ပယောဂနည်း

**၂၅။ မောစတုက်စု၊ ယှဉ်တုံမှု၊ အကု တစ်ဆယ့်နှစ်။**

မောစတုက်စေတသိက် ၄ ပါးတို့သည် အကုသိုလ်စိတ် ၁၂ ပါးတို့၌ ယှဉ်ကုန်၏။

**၂၆။ လော+လောဘမူ၊ ဒိဋ္ဌိ+သံယု၊ မာ–မူ၊ ဝိပ်လေးဖြစ်။**

လောဘစေတသိက်သည် လောဘမူစိတ် ၈ ပါးတို့၌ ယှဉ်၏။
ဒိဋ္ဌိ စေသတိက်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးတို့၌ ယှဉ်၏။

မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါးတို့၌ ယှဉ်၏။

**၂၇။ ဒေါစတုက်မူ၊ ယှဉ်ရာယူ၊ ဒေါမူ စိတ်စုံနှစ်။**

ဒေါစတုက်စေတသိက် ၄ ပါးတို့သည် ဒေါသမူစိတ် ၂ ပါးတို့၌ ယှဉ်ကုန်၏။

**၂၈။ ထိ+မိဒ် သ သင်၊ ငါးမှာယှဉ်၊ ဝိစဉ်+ဝိစိဖြစ်။**

ထိန+မိဒ္ဓစေတသိက် ၂ ပါးတို့သည် သသင်္ခါရိကစိတ် ၅ ပါးတို့၌ ယှဉ်ကုန်၏။

ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၌ ယှဉ်၏။
အကုသိုလ် စေတသိက် သမ္ပယောဂနည်း ပြီး၏။

## သောဘဏစေတသိက် သမ္ပယောဂနည်း

**၂၉။ တစ်ဆယ့်ကိုးဖြာ သောဘဏာ၊ ယှဉ်ရာကိုးဆယ့်တစ်။**

သောဘဏသာဓာရဏ စေတသိက် တစ်ဆယ့်ကိုးပါးတို့သည် သောဘဏစိတ် (အကျဉ်း ၅၉ ပါး) အကျယ်ကိုးဆယ့်တစ်ပါးတို့၌ ယှဉ်ကုန်၏။

http://www.thitsarparamisociety.com/


**၃၀။ ကာမကုရှစ်၊ လောကုတ်ရှစ်၊ ဖြစ်ရာဝိရတီ။**

**၃၁။ ကာမကုမှာ၊ ယှဉ်တုံပါ၊ ရံခါ အသီးသီး။**

**၃၂။ လောကုတ်ရှစ်မှာ၊ ယှဉ်တုံပါ၊ မြဲစွာတပေါင်းတည်း။**

ဝိရတီ စေတသိက်သုံးပါးတို့သည် မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ဤ ၁၆ ပါးသော စိတ်တို့၌ ယှဉ်ကုန်၏။

ထိုတွင် –

မဟာကုသိုလ်စိတ် ၈ ပါးတို့၌ ရံခါအသီးသီးသာ ယှဉ်ကုန်၏။

လောကုတ္တရာစိတ် ၈ ပါးတို့၌ အမြဲတပေါင်းတည်း ယှဉ်ကုန်၏။

**၃၃။ မဟာကြိ+ကု၊ ပ+ဒု+တ+စ၊ ရူပဆယ့်နှစ်၊ နှစ်ဆယ့်ရှစ်၊ ဖြစ်လေပမညာ။**

**၃၄။ ကိစ္စ+အာရုံ၊ အခွင့်ကြုံ၊ ဖြစ်တုံသီးသီးသာ။**

အပ္ပမညာ စေတသိက် ၂ ပါးတို့သည် မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ ရူပ ပထမဈာန်စိတ် ၃ ပါး၊ ဒုတိယဈာန်စိတ် ၃ ပါး၊ တတိယဈာန်စိတ် ၃ ပါး၊ စတုတ္ထဈာန်စိတ် ၃ ပါး၊ ဤ ၂၈ ပါးသော စိတ်တို့၌ ယှဉ်ကုန်၏။ ထိုသို့ ယှဉ်ရာ၌ သူ့ကိစ္စ သူ့အာရုံ သူ့အခွင့်ကြုံမှ အသီးသီး ယှဉ်ကုန်၏။ မကြုံလျှင် မယှဉ်ကုန်။

**၃၅။ ကု+ဝိ+ကြိ+ဉာဏ်၊ ဈာန်မဟဂ္ဂုတ်၊ လောကုတ်တခွင်၊ အကုန်ယှဉ်၊ ပညာစေတသိက်။**

ပညာစေတသိက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ဤ ၄၇ ပါးသော စိတ်တို့၌ ယှဉ်၏။

သောဘဏ စေတသိက်သမ္ပယောဂနည်း ပြီး၏။

http://www.thitsarparamisociety.com/


## သင်္ဂဟနည်း
## အကုသိုလ်စိတ်၌ သင်္ဂဟနည်း

**၃၆။ အညသမာန်၊ ဆယ့်သုံးခံ၊ လေးတန်မောစတု။**

**၃၇။ ပ–အဒွိမူ၊ လော+ဒိဋ္ဌိကူ၊ ပေါင်းမူ ဆယ့်ကိုးရှု။**

လောဘမူ ပဌမ အသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ ဒိဋ္ဌိစေတသိက်၊ ဤစေတသိက်ပေါင်း ၁၉ ပါးတို့ ယှဉ်ကုန်၏။

၃၈။ ဒု–အဒွိမူ၊ လော+မာန်ကူ၊ ပေါင်းမူ ဒသ်နော၉ူ။

လောဘမူ ဒုတိယ အသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး၊ မောစတုက်စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ မာနစေတသိက်၊ ဤစေတသိက်ပေါင်း ၁၉ ပါးတို့ ယှဉ်ကုန်၏။

**၃၉။ ယင်းဆယ့်ကိုးနှစ်၊ ပီတိပစ်၊ ဆယ့်ရှစ် တ+စ+အ။**

လောဘမူ တတိယအသင်္ခါရိကစိတ်၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ ဒိဋ္ဌိစေတသိက်၊ ဤစေတသိက်ပေါင်း ၁၈ ပါးတို့ ယှဉ်ကုန်၏။

လောဘမူ စတုတ္ထအသင်္ခါရိကစိတ်၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ မာနစေတသိက်၊ ဤစေတသိက်ပေါင်း ၁၈ ပါးတို့ ယှဉ်ကုန်၏။

**၄၀။ ယင်းလေးရပ်တွင်၊ ထိ+မိဒ်စင်၊ သဘင်လေးခုရ။**

လောဘမူ ပဌမ သသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃ ပါး၊ မောစတုက်စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ ဒိဋ္ဌိစေတသိက်၊ ထိနစေတသိက်၊ မိဒ္ဓစေတသိက်၊ ဤစေတသိက်ပေါင်း ၂၁ ပါးတို့ ယှဉ်ကုန်၏။

http://www.thitsarparamisociety.com/


လောဘမူ ဒုတိယ သသင်္ခါရိကစိတ်၌ အညသမာန်း စေတသိက် ၁၃ ပါး၊ မောစတုက်စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ မာနစေတသိက်၊ ထိနစေတသိက်၊ မိဒ္ဓစေတသိက်၊ ဤစေတသိက်ပေါင်း ၂၁ ပါးတို့ ယှဉ်ကုန်၏။

လောဘမူ တတိယ သသင်္ခါရိကစိတ်၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ မောစတုက်စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ ဒိဋ္ဌိစေတသိက်၊ ထိနစေတသိက်၊ မိဒ္ဓစေတသိက်၊ ဤစေတသိက်ပေါင်း ၂၀ တို့ ယှဉ်ကုန်၏။

လောဘမူ စတုတ္ထ သသင်္ခါရိကစိတ်၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ လောဘစေတသိက်၊ မာနစေတသိက်၊ ထိနစေတသိက်၊ မိဒ္ဓစေတသိက် ပေါင်း ၂၀ တို့ ယှဉ်ကုန်၏။

### ၄၁။ ဆယ့်ကိုး+ဆယ့်ရှစ်၊ ဝိဇက်+ဝိသေ၊ နှစ်+စိဝေ၊ လေးထွေ သင်္ဂဟ။

လောဘမူ ပထမ အသင်္ခါရိကစိတ်၊ ဒုတိယ အသင်္ခါရိကစိတ်တို့၌ စေတသိက်ပေါင်း တစ်ဆယ့်ကိုးပါးစီ သင်္ဂဟနည်းတစ်နည်း၊ လောဘမူ တတိယ အသင်္ခါရိကစိတ်၊ စတုတ္ထ အသင်္ခါရိကစိတ်တို့၌ စေတသိက်ပေါင်း တစ်ဆယ့်ရှစ်ပါးစီ သင်္ဂဟနည်းတစ်နည်း၊ လောဘမူ ပထမ သသင်္ခါရိကစိတ်၊ ဒုတိယ သသင်္ခါရိကစိတ်တို့၌ စေတသိက်ပေါင်း ၂၁ ပါးစီ သင်္ဂဟနည်းတစ်နည်း၊ လောဘမူ တတိယ သသင်္ခါရိကစိတ်၊ စတုတ္ထ သသင်္ခါရိက စိတ်တို့၌ စေတသိက်ပေါင်း ၂၀ စီ သင်္ဂဟနည်း တစ်နည်း ပေါင်း လောဘမူစိတ် ၈ ပါးတို့၌ သင်္ဂဟနည်း ၄ ပါးတည်း။

လောဘမူစိတ် သင်္ဂဟနည်း ပြီး၏။

http://www.thitsarparamisociety.com/



## ဒေါသမူစိတ် သင်္ဂဟနည်း

**၄၂။ ပီ ပစ် အညံ၊ ဆယ့်နှစ်ခံ၊ လေးတန် မောစတု။**

**၄၃။ ဒေါစတုက်ကူ၊ ဒေါသမူ၊ ပေါင်းယူ နှစ်ဆယ်ရှု။**

ဒေါသမူ ပဌမစိတ်၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ ဒေါစတုက် စေတသိက် ၄ ပါး၊ ဤစေတသိက်ပေါင်း ၂၀ တို့ ယှဉ်ကုန်၏။

**၄၄။ ယင်း နှစ်ဆယ်တွင်၊ ထိ–မိဒ်ဝင်၊ သဘင် ဒွေး ဒွေးပြု။**

ဒေါသမူ ဒုတိယစိတ်၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ ဒေါစတုက် စေတသိက် ၄ ပါး၊ ထိန စေတသိက်၊ မိဒ္ဓ စေတသိက်၊ ဤ စေတသိက်ပေါင်း ၂၂ ပါးတို့ ယှဉ်ကြကုန်၏။

ဒေါသမူ ပဌမစိတ်၌ စေတသိက်ပေါင်း ၂၀ သင်္ဂဟနည်း တစ်နည်း၊ ဒေါသမူ ဒုတိယစိတ်၌ စေတသိက်ပေါင်း ၂၂ ပါး သင်္ဂဟနည်း တစ်နည်း၊ ပေါင်း ဒေါသမူစိတ်၌ သင်္ဂဟနည်း ၂ နည်းတည်း။

ဒေါသမူစိတ် သင်္ဂဟနည်း ပြီး၏။

## မောဟမူစိတ်၌ သင်္ဂဟနည်း

**၄၅။ ပီ+အဓိ+ဆန်၊ ကြဉ်တုံပြန်၊ အညံ တစ်ဆယ်ထား။**

**၄၆။ မောစတုက်ပါ၊ ဝိစိကိစ္ဆာ၊ စိမှာ တစ်ဆယ့်ငါး။**

ဉပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် (ပီတိ+အဓိမောက္ခ+ဆန္ဒကြဉ်သော) အညသမာန်း စေတသိက် ၁၀ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ ဝိစိကိစ္ဆာ စေတသိက် တစ်ပါး၊ ဤစေတသိက်ပေါင်း ၁၅ ပါးတို့ ယှဉ်ကုန်၏။

http://www.thitsarparamisociety.com/



**၄၇။ ပီ+ဆန်ပယ်ပစ်၊ အဉ်ဆယ့်တစ်၊ ထည့်လစ် မောစတု။**

**၄၈။ ဥဒ္ဓစ္စမှာ၊ ရတုံပါ၊ သင်္ချာဆယ့်ငါးခု။**

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ (ပီတိ+ဆန္ဒကြဉ်သော) အညသမာန်းစေတသိက် ၁၁ ပါး၊ မောစတုက် စေတသိက် ၄ ပါး၊ ဤ စေတသိက်ပေါင်း ၁၅ ပါးတို့ ယှဉ်ကုန်၏။

ဤသို့လျှင် မောဟမူစိတ် ၂ ပါးတို့၌ စေတသိက်ပေါင်း ၁၅ ပါးစီ သင်္ဂဟနည်း တစ်နည်းတည်း။

မောဟမူစိတ် သင်္ဂဟနည်း ပြီး၏။

ဤသို့လျှင် လောဘမူစိတ် ၈ ပါးတို့၌ သင်္ဂဟနည်း ၄ နည်း၊ ဒေါသ မူစိတ် ၂ ပါးတို့၌ သင်္ဂဟနည်း ၂ နည်း၊ မောဟမူစိတ် ၂ ပါးတို့၌ သင်္ဂဟနည်း ၁ နည်း၊ ပေါင်း အကုသိုလ်စိတ် ၁၂ ပါးတို့၌ သင်္ဂဟနည်း ခုနစ်နည်း ဖြစ်ကုန်၏။

အကုသိုလ်စိတ်၌ သင်္ဂဟနည်း ပြီး၏။

## အဟိတ်စိတ်၌ သင်္ဂဟနည်း

**၄၉။ သဗ္ဗစိတ္တ၊ ခုနစ်ရ၊ ပဉ္စဝိညာဏ်မှာ။**

ဒွေပဉ္စဝိညာဏ်စိတ် ၁၀ ပါးတို့၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ပေါင်း ၇ ပါးတို့ ယှဉ်ကုန်၏။

**၅၀။ ဝီ+ဆန်ပယ်ပစ်၊ တစ်ဆယ့်တစ်၊ ဖြစ်တုံ 'သော+တီ'မှာ။**

သောမနဿ သဟဂုတ် သန္တီရဏစိတ်၌ (ဝီရိယ+ဆန္ဒကြဉ်သော) အညသမာန်း စေတသိက်ပေါင်း ၁၁ ပါးတို့ ယှဉ်ကုန်၏။

**၅၁။ ပီ ဆန်ပယ်ပစ်၊ တစ်ဆယ့်တစ်၊ ဖြစ်တုံ မနောဒွါ။**

မနောဒွါရာဝဇ္ဇန်းစိတ်၌ (ပီတိ+ဆန္ဒကြဉ်သော) အညသမာန်း စေတ သိက်ပေါင်း ၁၁ ပါးတို့ ယှဉ်ကုန်၏။

http://www.thitsarparamisociety.com/


**၅၂။ ဆန္ဒပယ်ပစ်၊ တစ်ဆယ့်နှစ်၊ ဖြစ်တုံ ဟသိမှာ။**

ဟသိတုပ္ပါဒ်စိတ်၌ (ဆန္ဒကြဉ်သော) အညသမာန်းစေတသိက်ပေါင်း ၁၂ ပါးတို့ ယှဉ်ကုန်၏။

**၅၃။ ဝီ+ပီ ဆန်ပယ်၊ ကျန်တစ်ဆယ်၊ ငါးသွယ်ကြွင်းဟိတ်မှာ။**

ကြွင်းသော အဟိတ်စိတ်ငါးပါးတို့၌ (ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ သမ္ပဋိစ္ဆိုင်းစိတ် ၂ ပါး၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂ ပါးဟု ဆိုလိုသည်။ ထိုတွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုင်းစိတ် ၂ ပါး၊ ဤစိတ် ၃ ပါးတို့ကို မနောဓာတ် ၃ ပါးဟုလည်း ခေါ်၏။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂ ပါးကို အဟိတ်ပဋိသန္ဓေ စိတ်အစုံဟုလည်း ခေါ်၏။) ထိုမှ ကြွင်းသော အဟိတ်စိတ်ငါးပါးတို့၌ (ဝီရိယ+ပီတိ+ဆန္ဒကြဉ်သော) အညသမာန်း စေတသိက်ပေါင်း ၁၀ တို့ ယှဉ်ကုန်၏။

**၅၄။ ခုနစ်ဆယ့်တစ်၊ တစ်ဆယ့်နှစ်၊ နောက်ဖြစ် တစ်ဆယ်သာ။**

ဒွေပဉ္စဝိညာဏ်တစ်ဆယ်တို့၌ စေတသိက်ပေါင်း ခုနစ်ပါး သင်္ဂဟနည်းတစ်နည်း၊ သောမနဿ သဟဂုတ် သန္တီရဏစိတ်နှင့် မနောဒွါရဝဇ္ဇန်းစိတ်တို့၌ စေတသိက်ပေါင်း ၁၁ ပါးစီ သင်္ဂဟနည်းတစ်နည်း၊ ဟသိတုပ္ပါဒ်စိတ်၌ စေတသိက်ပေါင်း ၁၂ ပါး သင်္ဂဟနည်းတစ်နည်း၊ ကြွင်းသော အဟိတ်စိတ် ၅ ပါးတို့၌ စေတသိက်ပေါင်း တစ်ဆယ်စီ သင်္ဂဟနည်းတစ်နည်း၊ အဟိတ်စိတ်၌ သင်္ဂဟနည်း လေးနည်းတည်း။

အဟိတ်စိတ်၌ သင်္ဂဟနည်း ပြီး၏။

## ကာမသောဘဏစိတ်၌ သင်္ဂဟနည်း

**၅၅။ ဆယ့်သုံးအည၊ သောဘဏ၊ ပေါင်းက သုံးဆယ့်ရှစ်။**

**၅၆။ ပ–ကုဒွေးမှာ၊ ယှဉ်တုံပါ၊ ဒု–မှာ ဉာဏ်ကိုပစ်။**

http://www.thitsarparamisociety.com/



မဟာကုသိုလ် ပထမဒွေးတို့၌ အညသမာန်းစေတသိက် ၁၃ ပါး၊ သောဘဏစေတသိက် ၂၅ ပါး၊ ဤစေတသိက်ပေါင်း ၃၈ ပါးတို့ ယှဉ်ကုန်၏။

မဟာကုသိုလ် ဒုတိယဒွေးတို့၌ အညသမာန်း စေတသိက် ၁၃ ပါး၊ (ပညာကြဉ်သော) သောဘဏစေတသိက် ၂၄ ပါး၊ ဤစေတသိက်ပေါင်း ၃၇ ပါးတို့ ယှဉ်ကုန်၏။

**၅၇။ ပီပစ်+ဉာဏ်ယှဉ်၊ တ–ဒွေးတွင်၊ စ–တွင် ဉာဏ်+ပီပစ်။**

မဟာကုသိုလ် တတိယ ဒွေးတို့၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ သောဘဏစေတသိက် ၂၅ ပါး၊ ဤစေတသိက် ပေါင်း ၃၇ ပါးတို့ ယှဉ်ကုန်၏။

မဟာကုသိုလ် စတုတ္ထဒွေးတို့၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ (ပညာကြဉ်သော) သောဘဏစေတသိက် ၂၄ ပါး၊ ဤစေတသိက်ပေါင်း ၃၆ ပါးတို့ ယှဉ်ကုန်၏။ ။(မဟာကုသိုလ်စိတ်၌ သင်္ဂဟနည်းလေးပါး ပြီး၏။)

**၅၈။ သုံးဆယ့်ရှစ်တွင်၊ ဝိရတီကြဉ်၊ ကြိတွင် ကု–နည်းသွား။**

မဟာကြိယာပထမဒွေးတို့၌ အညသမာန်း စေတသိက် ၁၃ ပါး၊ (ဝိရတီကြဉ်သော) သောဘဏစေတသိက် ၂၂ ပါး၊ ဤစေတသိက်ပေါင်း ၃၅ ပါးတို့ ယှဉ်ကုန်၏။

မဟာကြိယာ ဒုတိယဒွေးတို့၌ အညသမာန်းစေတသိက် ၁၃ ပါး၊ (ဝိရတီ+ပညာကြဉ်သော) သောဘဏစေတသိက် ၂၁ ပါး၊ ဤစေတသိက် ပေါင်း ၃၄ ပါးတို့ ယှဉ်ကုန်၏။

မဟာကြိယာ တတိယဒွေးတို့၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး (ဝိရတီကြဉ်သော) သောဘဏ စေတသိက် ၂၂ ပါး၊ ဤ စေတသိက်ပေါင်း ၃၄ ပါးတို့ ယှဉ်ကုန်၏။

http://www.thitsarparamisociety.com/


မဟာကြိယာ စတုတ္ထဒွေးတို့၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ (ဝိရတီ+ပညာကြဉ်သော) သောဘဏစေတသိက် ၂၁ ပါး၊ ဤစေတသိက်ပေါင်း ၃၃ ပါးတို့ ယှဉ်ကုန်၏။ (မဟာကြိယာ စိတ်သင်္ဂဟနည်း ၄ ပါး ပြီး၏။)

**၅၉။ သုံးဆယ့်ငါးတွင်၊ မညာကြဉ်၊ ဝိ-တွင် ကြိနည်းသွား။**

မဟာဝိပါက် ပထမဒွေးတို့၌ အညသမာန်း စေတသိက် ၁၃ ပါး၊ (ဝိရတီ+အပ္ပမညာကြဉ်သော) သောဘဏ စေတသိက် ၂၀၊ ဤ စေတသိက်ပေါင်း ၃၃ ပါးတို့ ယှဉ်ကုန်၏။

မဟာဝိပါက် ဒုတိယဒွေးတို့၌ အညသမာန်း စေတသိက် ၁၃ ပါး၊ သောဘဏ သာဓာရဏ စေတသိက် ၁၉ ပါး၊ ဤစေတသိက်ပေါင်း ၃၂ ပါးတို့ ယှဉ်ကုန်၏။

မဟာဝိပါက် တတိယဒွေးတို့၌ (ပီတိကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ (ဝိရတီ+အပ္ပမညာကြဉ်သော) သောဘဏစေတ သိက် ၂၀၊ ဤစေတသိက်ပေါင်း ၃၂ ပါးတို့ ယှဉ်ကုန်၏။

မဟာဝိပါက် စတုတ္ထဒွေးတို့၌ (ပီတိကြဉ်သော) အညသမာန်းစေတ သိက် ၁၂ ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး၊ ဤ စေတ သိက်ပေါင်း ၃၁ ပါးတို့ ယှဉ်ကုန်၏။ (မဟာဝိပါက်စိတ်တို့၌ သင်္ဂဟ နည်း လေးပါး ပြီး၏။)

**၆၀။ လေးစုံသုံးထပ်၊ ဆယ့်နှစ်ရပ်၊ မှတ်လေနည်းအပြား။**

မဟာကုသိုလ်စိတ်၌ သင်္ဂဟနည်းလေးပါး၊ မဟာဝိပါက် စိတ်၌ သင်္ဂဟနည်းလေးပါး၊ မဟာကြိယာစိတ်၌ သင်္ဂဟနည်းလေးပါး ပေါင်း ကာမသောဘဏစိတ်၌ သင်္ဂဟနည်း ၁၂ ပါးတို့တည်း။

ကာမသောဘဏစိတ်၌ သင်္ဂဟနည်း ပြီး၏။

http://www.thitsarparamisociety.com/



## မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း

၆၁။ မဟဂ္ဂုတ်တွင်၊ ဝိရတီကြဉ်၊ ပဉ်မှာ မညာပစ်။

၆၂။ သုံးဆယ့်ငါးတန်၊ ငါးဆင့်ဖန်၊ ဈာန်အင်္ဂါနည်းသွား။

၆၃။ သုံးဆယ့်ငါး+လေး၊ သုံးနှင့်ခွေး၊ တိ သေးနည်းအပြား။

မဟဂ္ဂုတ် ပထမဈာန်စိတ် သုံးပါးတို့၌ အညသမာန်း စေတသိက် ၁၃ ပါး၊ (ဝိရတီကြဉ်သော) သောဘဏ စေတသိက် ၂၂ ပါး၊ ဤ စေတသိက်ပေါင်း ၃၅ ပါးတို့ ယှဉ်ကုန်၏။

မဟဂ္ဂုတ် ဒုတိယဈာန်စိတ် သုံးပါးတို့၌ (ဝိတက်ကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ (ဝိရတီကြဉ်သော) သောဘဏစေတသိက် ၂၂ ပါး၊ ဤစေတသိက်ပေါင်း ၃၄ ပါးတို့ ယှဉ်ကုန်၏။

မဟဂ္ဂုတ် တတိယဈာန်စိတ် သုံးပါးတို့၌ (ဝိတက်+ဝိစာရကြဉ်သော) အညသမာန်း စေတသိက် ၁၁ ပါး၊ (ဝိရတီကြဉ်သော) သောဘဏ စေတသိက် ၂၂ ပါး၊ ဤစေတသိက်ပေါင်း ၃၃ ပါးတို့ ယှဉ်ကုန်၏။

မဟဂ္ဂုတ် စတုတ္ထဈာန်စိတ် ၃ ပါးတို့၌ (ဝိတက်+ဝိစာရ+ပီတိ ကြဉ်သော) အညသမာန်း စေတသိက် ၁၀ ပါး၊ (ဝိရတီကြဉ်သော) သောဘဏ စေတသိက် ၂၂ ပါး၊ ဤစေတသိက်ပေါင်း ၃၂ ပါးတို့ ယှဉ်ကုန်၏။

မဟဂ္ဂုတ် ပဉ္စမဈာန်စိတ် တစ်ဆယ့်ငါးပါးတို့၌ (ဝိတက်+ဝိစာရ+ပီတိကြဉ်၍ ဥပေက္ခာ၊ ဝေဒနာနှင့်တကွဖြစ်သော) အညသမာန်း စေတသိက် ၁၀ ပါး၊ (ဝိရတီ+အပ္ပမညာကြဉ်သော) သောဘဏစေတသိက် ၂၀၊ ဤစေတသိက်ပေါင်း ၃၀ တို့ ယှဉ်ကုန်၏။

မဟဂ္ဂုတ် ပထမဈာန်စိတ် ၃ ပါးတို့၌ စေတသိက်ပေါင်း ၃၅ ပါး သင်္ဂဟနည်းတစ်နည်း၊ ဒုတိယဈာန်စိတ် ၃ ပါးတို့၌ စေတသိက်ပေါင်း ၃၄ ပါး၊ သင်္ဂဟနည်း တစ်နည်း၊ တတိယဈာန်စိတ် ၃ ပါးတို့၌ စေတသိက်ပေါင်း ၃၃ ပါး၊ သင်္ဂဟနည်း တစ်နည်း၊ စတုတ္ထဈာန်စိတ် ၃ ပါး

http://www.thitsarparamisociety.com/


တို့၌ စေတသိက်ပေါင်း ၃၂ ပါး၊ သင်္ဂဟနည်း တစ်နည်း၊ ပဉ္စမဈာန်စိတ် တစ်ဆယ့်ငါးပါးတို့၌ စေတသိက်ပေါင်း ၃၀၊ သင်္ဂဟနည်းတစ်နည်း၊ ပေါင်း မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း ၅ နည်း ဖြစ်၏။

မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ပြီး၏။

## လောကုတ္တရာစိတ် သင်္ဂဟနည်း

**၆၄။ ဒွေပမညာ၊ ကြဉ်တုံပါ၊ သချာ သုံးဆယ့်ခြောက်။**

**၆၅။ လောကုတ်ဈာနင်၊ ပွားနည်းယှဉ်၊ အစဉ်ငါးဆင့်မြှောက်။**

လောကုတ္တရာ ပဌမဈာန်စိတ် ရှစ်ပါးတို့၌ အညသမာန်းစေတသိက် ၁၃ ပါး၊ (အပ္ပမညာကြဉ်သော) သောဘဏစေတသိက် ၂၃ ပါး၊ ဤ စေတသိက်ပေါင်း ၃၆ ပါးတို့ ယှဉ်ကုန်၏။

လောကုတ္တရာ ဒုတိယဈာန် ရှစ်ပါးတို့၌ (ဝိတက်ကြဉ်သော) အညသမာန်း စေတသိက် ၁၂ ပါး၊ (အပ္ပမညာကြဉ်သော) သောဘဏစေတသိက် ၂၃ ပါး၊ ဤစေတသိက်ပေါင်း ၃၅ ပါးတို့ ယှဉ်ကုန်၏။

လောကုတ္တရာ တတိယဈာန်စိတ် ရှစ်ပါးတို့၌ (ဝိတက်+ဝိစာရ ကြဉ်သော) အညသမာန်း စေတသိက် ၁၁ ပါး၊ (အပ္ပမညာကြဉ်သော) သောဘဏစေတသိက် ၂၃ ပါး၊ ဤစေတသိက်ပေါင်း ၃၄ ပါးတို့ ယှဉ်ကုန်၏။

လောကုတ္တရာ စတုတ္ထဈာန်စိတ် ရှစ်ပါးတို့၌ (ဝိတက်+ဝိစာရ+ပီတိ ကြဉ်၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော) အညသမာန်း စေတသိက် ၁၀ ပါး၊ (အပ္ပမညာကြဉ်သော) သောဘဏ စေတသိက် ၂၃ ပါး၊ ဤ စေတသိက်ပေါင်း ၃၃ ပါးတို့ ယှဉ်ကုန်၏။

**၆၆။ သုံးဆယ့်ခြောက်+ငါး+လေး+သုံး+ဒွါး၊ ငါးပါးသင်္ဂဟ။**

http://www.thitsarparamisociety.com/


လောကုတ္တရာ ပထမဈာန်စိတ်ရှစ်ပါးတို့၌ စေတသိက်ပေါင်း ၃၆ ပါး သင်္ဂဟနည်း တစ်နည်း၊ ဒုတိယဈာန်စိတ် ရှစ်ပါးတို့၌ စေတသိက်ပေါင်း ၃၅ ပါး သင်္ဂဟနည်း တစ်နည်း၊ တတိယဈာန်စိတ် ရှစ်ပါးတို့၌ စေတသိက်ပေါင်း ၃၄ ပါး၊ သင်္ဂဟနည်း တစ်နည်း၊ စတုတ္ထဈာန်စိတ် ရှစ်ပါးတို့၌ စေတသိက်ပေါင်း ၃၃ ပါး သင်္ဂဟနည်း တစ်နည်း၊ ပဥ္စမဈာန်စိတ် ရှစ်ပါးတို့၌ စေတသိက်ပေါင်း ၃၃ ပါးပင် သင်္ဂဟနည်း တစ်နည်း။ ဤသို့လျှင် လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅ နည်း ဖြစ်သတည်း။ ။ (လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ငါးပါးပြီး၏။)

အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇ ပါး၊ အဟိတ်စိတ်၌ သင်္ဂဟနည်း ၄ ပါး၊ ကာမသောဘဏစိတ်၌ သင်္ဂဟနည်း ၁၂ ါး၊ မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း ၅ ပါး၊ လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅ ပါး၊ ပေါင်း သင်္ဂဟနည်း ၃၃ ပါး ဖြစ်သတည်း။ ။

သင်္ဂဟနည်း ၃၃ ပါး ပြီး၏။

**အထူးမှတ်ရန်**

**၆၇။ မာ+က္လသ်+မစ်+ကု၊ ထိ+မိဒ်စု၊ သုံးခု ဝိရတီ။**

**၆၈။ နှစ်ပမညာ၊ ဆယ့်တစ်ဖြာ၊ ရံခါယှဉ်ကြဘိ။**

**၆၉။ အာရုံမတူ၊ ကွဲကြမူ၊ အတူမဖြစ်သိ။**

ဆိုခဲ့ပြီးသော စေတသိက်တို့၏ စိတ်တို့၌ ယှဉ်ပုံကို ပြဆိုသော သမ္ပယောဂနည်းဝယ် မာနစေတသိက်+က္လဿာ စေတသိက်+မစ္ဆရိယစေတသိက်+ကုက္ကုစ္စ စေတသိက်+ထိန စေတသိက်+ မိဒ္ဓစေတသိက်+ ဝိရတီ စေတသိက် ၃ ပါး၊ အပ္ပမညာ စေတသိက် ၂ ပါး၊ ဤစေတသိက်ပေါင်း ၁၁ ပါးတို့ကို မိမိတို့ယှဉ်ရာ စိတ်တို့၌ ရံခါသာ ယှဉ်တတ်သောကြောင့် အနိယတယောဂီ (အမြဲမယှဉ်သော) စေတသိက်တို့ဟူ၍ ခေါ်၏။

ချဲ့ဦးအံ့။

http://www.thitsarparamisociety.com/



မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါးတို့၌ ယှဉ်၏ဟု ဆိုသော်လည်း ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါးတို့ ဖြစ်တိုင်းဖြစ်တိုင်း မာန စေတသိက်ယှဉ်သည်မဟုတ်။ ငါ ဟူ၍ ထောင်လွှားသော အခြင်းအရာ ဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါးတို့ ဖြစ်သောအခါ၌သာ ထိုစိတ်တို့၌ မာန စေတသိက် ယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် (ဝါ) ဒိဋ္ဌိမပါဘဲ တပ်မက်ရုံသာ တပ်မက်သောအခြင်းအရာဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်လေး ပါးတို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ မာနစေတသိက်မယှဉ်။ (၎င်းမာန စေတသိက်ကို ကဒါစိ မတ္တယောဂီ စေတသိက်ဟူ၍လည်း ခေါ်၏။)

"ဣဿာ စေတသိက်+မစ္ဆရိယ စေတသိက်+ကုက္ကုစ္စ စေတသိက်တို့ သည် ဒေါသမူစိတ် ၂ ပါးတို့ ယှဉ်ကုန်၏"ဟု ဆိုသော်လည်း ဒေါသမူ စိတ် ၂ ပါးတို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုစေတသိက်သုံးပါးတို့ ယှဉ်ကြသည် မဟုတ်ကုန်။

သူတစ်ပါးစည်းစိမ်ကို မနာလိုသော အခြင်းအရာဖြင့် ဒေါသမူစိတ် တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ဣဿယှဉ်၍ တစ်ပါးသော အခြင်းအရာ ဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ဣဿာမယှဉ်။ မိမိ စည်းစိမ်ကို ဝန်တိုသောအခြင်းအရာဖြင့် ဒေါသမူစိတ်တို့ဖြစ်သောအခါ မစ္ဆရိယယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ဖြစ်သော အခါ ထိုစိတ်တို့၌ မစ္ဆရိယမယှဉ်။ နှောင်တ တဖန် ပူပန်သောအခြင်းအရာ ဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ကုက္ကုစ္စယှဉ်၍ တစ်ပါး သော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ဖြစ်သောအခါ ထိုစိတ်တို့၌ ကုက္ကုစ္စ မယှဉ်။ ။ ဤကား ဣဿ+မစ္ဆရိယ+ကုက္ကုစ္စတို့ ရံခါယှဉ်ပုံ (ကဒါစိယှဉ်ပုံ) တည်း။

သူတစ်ပါးစည်းစိမ်ကို မနာလိုသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ဣဿာယှဉ်၍ မစ္ဆရိယနှင့် ကုက္ကုစ္စတို့မယှဉ် ကုန်။ မိမိစည်းစိမ်ကို ဝန်တိုသော အခြင်းအရာဖြင့် ဒေါသမူစိတ်တို့

http://www.thitsarparamisociety.com/


ဖြစ်သောအခါ ထိုစိတ်တို့၌ မစ္ဆရိယသာယှဉ်၍ ဣဿာနှင့် ကုက္ကုစ္စတို့ မယှဉ်ကုန်။ နောင်တ တဖန် ပူပန်သောအခြင်းအရာဖြင့် ဒေါသမူစိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ကုက္ကုစ္စသာယှဉ်၍ ဣဿာနှင့် မစ္ဆရိယတို့ မယှဉ်ကုန်။ ။ (ဤကား ဣဿ+မစ္ဆရိယ+ကုက္ကုစ္စ အသီးသီးယှဉ်ပုံ) (နာနာယှဉ်ပုံတည်း)။ ။ (ဤဣဿာ+မစ္ဆရိယ+ကုက္ကုစ္စ စေတသိက်တို့ကို နာနာ+ကဒါစိယောဂီ စေတသိက်တို့ ဟူ၍လည်းခေါ်၏။)

"ထိန+မိဒ္ဓ စေတသိက် ၂ ပါးတို့သည် သ သင်္ခါရိက အကုသိုလ်စိတ် ၅ ပါးတို့၌ ယှဉ်ကုန်၏"ဟု ဆိုခဲ့သော်လည်း သ သင်္ခါရိက အကုသိုလ်စိတ် ၅ ပါးတို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုစိတ်တို့၌ ထိန+မိဒ္ဓ စေတသိက် ၂ ပါးတို့ ယှဉ်ကြသည်မဟုတ်၊ စင်စစ်သော်ကား ကုသိုလ်မှုတို့၌ စိတ်+စေတသိက်တို့၏ ထိုင်းမှိုင်းလေးဖင့် မလုပ်ချင်သော အခြင်းအရာဖြင့် သသင်္ခါရိက အကုသိုလ်စိတ် ၅ ပါးတို့ ဖြစ်သောအခါ ထိုစိတ်တို့၌ ထိန + မိဒ္ဓ စေတသိက် ၂ ပါးတို့ ယှဉ်ကြကုန်၏။ တစ်ပါးသော အခြင်းအရာဖြင့် သသင်္ခါရ အကုသိုလ်စိတ် ၅ ပါးတို့ ဖြစ်သောအခါ ထိုစိတ်တို့ ထိန+မိဒ္ဓ စေတသိက် ၂ ပါးတို့ မယှဉ်ကြကုန်။ ။ ထို ထိန+မိဒ္ဓ စေတသိက် ၂ ပါးတို့သည် သသင်္ခါရိက အကုသိုလ်စိတ် ၅ ပါးတို့၌ ယှဉ်လျှင်လည်း အတူတကွပင် ယှဉ်ကြကုန်၏။ မယှဉ်လျှင်လည်း အတူတကွပင် မယှဉ်ကြကုန်။ ထို့ကြောင့် ထို ထိန+မိဒ္ဓစေတသိက် ၂ ပါးတို့ကို သဟကဒါစိယောဂီ (အတူတကွ ရံခါယှဉ်သော) စေတသိက် ၂ ပါးဟု ခေါ်ဆို၏။

"ဝိရတီ စေတသိက်သုံးပါးတို့သည် မဟာကုသိုလ်စိတ်ရှစ်ပါးတို့၌ ယှဉ်ကုန်၏"ဟု အောက်က ဆိုခဲ့သော်လည်း မဟာကုသိုလ်စိတ်တို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုစိတ်တို့၌ ဝိရတီစေတသိက်တို့ အမြဲယှဉ်ကြသည် မဟုတ်ကုန်။ စင်စစ်သော်ကား -

အပျော်တမ်းဝစီဒုစရိုက်မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာ

http://www.thitsarparamisociety.com/


ကုသိုလ်စိတ် ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာဝါစာ ယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာဝါစာ မယှဉ်၊ အပျော်တမ်း ကာယဒုစရိုက်မှုမှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ သမ္မာကမ္မန္တ ယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာကမ္မန္တ မယှဉ်။ ။ ဝမ်းကိုထိန်းကျောင်းရေး အသက်မွေးမှုအတွက် ပြုလုပ်ပြောဆိုအပ်သည့် ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာအာဇီဝယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာအာဇီဝ မယှဉ်။ ။(ဤကား ဝိရတီစေတသိက်တို့ ရံခါယှဉ်ပုံ (ကဒါစိယှဉ်ပုံ) တည်း။)

အပျော်တမ်း ဝစီဒုစရိုက်မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာဝါစာသာယှဉ်၍ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ မယှဉ်ကုန်။ အပျော်တမ်း ကာယဒုစရိုက်မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာကမ္မန္တသာယှဉ်၍ သမ္မာဝါစာနှင့် သမ္မာအာဇီဝတို့ မယှဉ်ကုန်။ ဝမ်းကို ထိန်းကျောင်းရေး အသက်မွေးမှုအတွက် ပြောဆိုပြုလုပ်အပ်သော ဝစီဒုစရိုက် ၄ ပါး၊ ကာယဒုစရိုက် ၃ ပါးတို့မှ ရှောင်ကြဉ်သော အခြင်းအရာဖြင့် မဟာကုသိုလ်စိတ်တို့ ဖြစ်သောအခါ ထိုစိတ်တို့၌ သမ္မာအာဇီဝသာယှဉ်၍ သမ္မာဝါစာနှင့် သမ္မာကမ္မန္တတို့ မယှဉ်ကုန်။ (ဤကား ဝိရတီစေတသိက်တို့ အသီးသီးယှဉ်ပုံ (နာနာယှဉ်ပုံ)တည်း။) (ဤဝိရတီစေတသိက်သုံးပါးတို့ကိုလည်း ဆိုခဲ့ပြီးသောအတိုင်း အသီးသီးလည်း ယှဉ်တတ်+ရံခါသာလျှင် ယှဉ်တတ်သောကြောင့် နာနာ+ကဒါစိယောဂီ (အသီးသီးရံခါယှဉ်သော) စေတသိက်တို့ ဟူ၍လည်း ခေါ်၏)။

http://www.thitsarparamisociety.com/



"အပ္ပမညာ စေတသိက် ၂ ပါးတို့သည် ၂၈ ပါးသော စိတ်တို့၌ ယှဉ်ကုန်၏"ဟု အောက်က ဆိုခဲ့သော်လည်း ထို ၂၈ ပါးသောစိတ်တို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုစိတ်တို့၌ အပ္ပမညာ စေတသိက် ၂ ပါးတို့ အမြဲ ယှဉ်နိုင်ကြသည်မဟုတ်။ စင်စစ်သော်ကား -

ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသော အခြင်းအရာဖြင့် ၂၈ ပါးသော စိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ ကရုဏာယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် ၂၈ ပါးသော စိတ်တို့ဖြစ်ကြသောအခါ ထိုစိတ်တို့၌ ကရုဏာမယှဉ်။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ အခြင်းအရာဖြင့် ၂၈ ပါးသော စိတ်တို့ဖြစ်ကြသောအခါ ထိုစိတ်တို့၌ မုဒိတာယှဉ်၍ တစ်ပါးသော အခြင်းအရာဖြင့် ၂၈ ပါးသော စိတ်တို့ဖြစ်ကြသောအခါ ထိုစိတ်တို့၌ မုဒိတာမယှဉ်။ ။ (ဤကား အပ္ပမညာ စေတသိက် ၂ ပါးတို့ ရံခါယှဉ်ပုံ (ကဒါစိယှဉ်ပုံ) တည်း။

ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခြင်းအရာ ၂၈ ပါးသော စိတ်တို့ဖြစ်ကြသောအခါ ထိုစိတ်တို့၌ ကရုဏာသာယှဉ်၍ မုဒိတာမယှဉ်။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သော အခြင်းအရာဖြင့် ၂၈ ပါးသောစိတ်တို့ ဖြစ်ကြသောအခါ ထိုစိတ်တို့၌ မုဒိတာသာယှဉ်၍ ကရုဏာမယှဉ်။ ။ (ဤကား အပ္ပမညာစေတသိက်တို့ အသီးသီးယှဉ်ပုံ (နာနာယှဉ်ပုံ)တည်း)။ ။ ဤအပ္ပမညာစေတသိက် ၂ ပါးတို့ကိုလည်း ဆိုခဲ့ပြီးသောအတိုင်း ရံခါ၊ အသီးသီး ယှဉ်တတ်သော ကြောင့် နာနာ+ကဒါစိ ယောဂီ စေတသိက်တို့ဟူ၍ ခေါ်ဆိုအပ်၏။) ဤသို့လျှင် -

(က) မာနစေတသိက် (ကဒါစိမတ္တစေတသိက်) ၁ ပါး၊

(ခ) ထိန+မိဒ္ဓ စေတသိက် (သဟ+ကဒါစိယောဂီ စေတသိက်) ၂ ပါး၊

http://www.thitsarparamisociety.com/



(ဂ) ကြွဿာ+မစ္ဆရိယ+ကုက္ကုစ္စ၊ ဝိရတီစေတသိက် ၃ ပါး၊ အပ္ပမညာ စေတသိက် ၂ ပါး တည်းဟူသော (နာနာ+ကဒါစိယောဂီ) စေတသိက် ၈ ပါး။

ဤသို့အားဖြင့် ၁၁ ပါးသော အနိယတယောဂီ စေတသိက်တို့ကို အထူးမှတ်ရာ၏။

## ၇၀။ သမ်+သင်ကိုသိ၊ အကျယ်ချဲ၊ များဘိစေသီးသီး။

ဤသို့လျှင် သမ္ပယောဂနည်း၊ သင်္ဂဟနည်းတို့ကို သိရှိပြီးနောက် သမ္ပယောဂနည်းကို အထူးအာရုံစိုက် နှလုံးသွင်းပြီးလျှင် -

ဖဿ စေတသိက်သည် စိတ်တစ်ခုယုတ် ကိုးဆယ်အကျယ် ၁၂၁ ပါး တို့၌ ယှဉ်သောကြောင့် (စိတ်တစ်ခုလျှင် ဖဿစေတသိက်တစ်ခုစီ မှတ်၍) ဖဿစေတသိက်ပေါင်းအကျဉ်း တစ်ခုယုတ် ကိုးဆယ် အကျယ် ၁၂၁ ပါး ရှိ၏။

ဝေဒနာစေတသိက်သည် စိတ်တစ်ခုယုတ် ကိုးဆယ်အကျယ် ၁၂၁ ပါးတို့၌ ယှဉ်သောကြောင့် (စိတ်တစ်ခုလျှင် ဝေဒနာစေတသိက် တစ်ခုစီ မှတ်၍) ဝေဒနာ စေတသိက်ပေါင်း အကျဉ်းတစ်ခုယုတ် ကိုးဆယ် အကျယ် ၁၂၁ ပါး ရှိ၏။ ဤသို့စသည်ဖြင့် -

ပေယျာလ။ ပညာစေတသိက်သည် စိတ်အပေါင်း ၄၇ ပါးတို့၌ ယှဉ်သောကြောင့် (စိတ်တစ်ခုလျှင် ပညာစေတသိက် တစ်ခုစီ မှတ်၍) ပညာ စေတသိက်ပေါင်း ၄၇ ပါး ရှိ၏ဟု ယှဉ်ရာစိတ်နှင့် ညီမျှသော စေတသိက် အပြားကိုလည်း အထူးမှတ်ရာ၏။

ပိုဒ်ခုနစ်ဆယ်၊ လင်္ကာခြယ်၊ ဤဝယ် စေပိုင်းပြီး။
ဤတွင် စေတသိက်ပိုင်း ပြီး၏တည်း။

http://www.thitsarparamisociety.com/



# ၃-ပကိဏ်းပိုင်း

## ၁။ ဝေဒနာသင်္ဂဟ

(က) သု+ဒု+ဥတု၊ သုံးပါးစု၊ အနုဘဝနာ။

ဝေဒနာသင်္ဂဟ၌ ဝေဒနာသည် သုခဝေဒနာ + ဒုက္ခဝေဒနာ + ဥပေက္ခာဝေဒနာဟူ၍ အနုဘဝန ဘေဒအားဖြင့် သုံးပါးအပြား ရှိ၏။ (သက်သက်သာသာ ခံစားမှုသဘောသည် သုခဝေဒနာမည်၏။ မသက်မသာ ခံစားမှုသဘောသည် ဒုက္ခဝေနာမည်၏။ သက်သာသည်လည်း မဟုတ်၊ မသက်သာသည်လည်းမဟုတ်၊ အလယ်အလတ် မထင်မရှား ခံစားမှုသ ဘောသည် ဥပေက္ခာဝေဒနာမည်၏။)

(ခ) သု+ဒု+သော+ဒေါ၊ ဥနှင့်နှော၊ မှတ်လော ဣန္ဒြိယာ။

တစ်နည်း ဝေဒနာသည် သုခဝေဒနာ+ဒုက္ခဝေဒနာ+သောမနဿ ဝေဒနာ ဒေါမနဿဝေဒနာ + ဥပေက္ခာဝေဒနာ ဟူ၍ ဣန္ဒြိယဘေဒအား ဖြင့် ၅ ပါး အပြား ရှိ၏။ ။ (ကိုယ်၌မှီ၍ သက်သက်သာသာ ခံစားမှု သဘောသည် သုခဝေဒနာမည်၏။ ကာယိက သုခဟူ၍လည်း ခေါ်၏။ ကိုယ်၌မှီ၍ မသက်မသာ ခံစားမှုသဘောသည် ဒုက္ခဝေဒနာ မည်၏။ ကာယိက ဒုက္ခဟူ၍လည်း ခေါ်၏။ စိတ်၌မှီ၍ သက်သက်သာသာ ခံစားမှု သဘောသည် သောမနဿ ဝေဒနာမည်၏။ စေတသိကသုခ ဟူ၍လည်း ခေါ်၏။ စိတ်၌သာမှီ၍ သက်သာသည်လည်းမဟုတ်၊ မသက်သာသည် လည်းမဟုတ်၊ အလယ်အလတ် မထင်မရှား ခံစားမှုသဘောသည် ဥပေက္ခာဝေဒနာမည်၏။)

(ဂ) ဥပဋ္ဌေးစေး။ သော ဆဋ္ဌေး၊ ဒေါဋ္ဌေး + ဒု - သု ဧက်။

စိတ်အကျယ် ၁၂၁ ပါးတို့တွင် ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်သော စိတ်တို့ကား ၅၅ ပါးတို့တည်း။ (တွက်တတ်ပြီ)၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော စိတ်တို့ကား ၆၂ ပါးတို့တည်း။ (တွက်တတ်ပြီ)၊

http://www.thitsarparamisociety.com/


ဒေါမနဿ ဝေဒနာနှင့်တကွ ဖြစ်သော စိတ်တို့ကား ဒေါသမူစိတ် ၂ ပါးတို့တည်း။ ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သော စိတ်ကား အကုသလ ဝိပါက် ကာယဝိညာဏ် စိတ်တစ်ပါးတည်း။ သုခဝေဒနာနှင့်တကွ ဖြစ် သော စိတ်ကား ကုသလဝိပါက် ကာယဝိညာဏ်စိတ်တစ်ပါးတည်း။

၁–ဝေဒနာသင်္ဂဟ ပြီး၏။

## ၂–ဟေတုသင်္ဂဟ

**၁။ လော+ဒေါ+မော သုံး၊ အ နှင့်သုံး၊ ခေါ်ထုံးဟိတ်ခြောက်ပါး။**

**၂။ ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်း ရင်းများ။**

ဟေတုသင်္ဂဟ၌ ဟိတ်တရားတို့သည် လောဘဟိတ်+ဒေါသဟိတ်+ မောဟဟိတ်+အလောဘဟိတ်+အဒေါသဟိတ်+အမောဟဟိတ် ဟူ၍ ၆ ပါး အပြားရှိကုန်၏။ (လောဘစေတသိက်သည် လောဘဟိတ်မည်၏။ ဒေါသစေတသိက်သည် ဒေါသဟိတ်မည်၏။ ။မောဟစေတသိက်သည် မောဟဟိတ်မည်၏။ ။အလောဘစေတသိက်သည် အလောဘဟိတ် မည်၏။ ။အဒေါသစေတသိက်သည် အဒေါသဟိတ်မည်၏။ ။ ပညာစေတသိက်သည် အမောဟဟိတ်မည်၏)။

ရေသောက်မြစ်သည် သစ်ပင်အား ကြံ့ကြံ့တည်ရန် ကျေးဇူးပြုသကဲ့ သို့ ထို့အတူ ယှဉ်ဘက်ဖြစ်သော စိတ်+စေတသိက်တို့အား အာရုံ၌ ကြံ့ကြံ့တည်ရန် ကျေးဇူးပြုတတ်သောကြောင့် ဤဟိတ်ခြောက်ပါးတို့ကို မူလ ၆ ပါးတို့ ဟူ၍လည်းခေါ်၏။

**၃။ အဟိတ်ဆယ့်ရှစ်၊ ဧဟိတ်နှစ်၊ ဒွိဖြစ် ဝိသ+ဒွေး။**

**၄။ ဟိတ်သုံးပါးယှဉ်၊ တိဟိတ်တွင်၊ သင်္ချာဓောသတွေး။**

**၅။ စိတ်နှင့်စေယှဉ်၊ ကျေလည်လျှင်၊ ဟိတ်မြင် မခက်သေး။**

http://www.thitsarparamisociety.com/


စိတ်တစ်ခုယုတ် ကိုးဆယ်တို့တွင် –

ပဉ္စဒွါရာဝဇ္ဇန်း+ဒွေးပဉ္စဝိညာဏ်တစ်ဆယ်+သမ္ပဋိစ္ဆိုင်းဒွေး+သန္တီရဏစိတ် ၃ ပါး၊ ဝုဋ္ဌောခေါ်သော မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ ဤ ၁၈ ပါးသော စိတ်တို့သည် ယှဉ်ဘက်ဟိတ်မရှိသောကြောင့် အဟိတ်စိတ်တို့ မည်ကုန်၏။

မောဟမူစိတ် ၂ ပါးတို့သည် (မောဟတည်းဟူသော ယှဉ်ဘက်ဟိတ်တစ်ပါးသာရှိသောကြောင့်) ဧကဟိတ် စိတ်တို့မည်ကုန်၏။

လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ ဉာဏဝိပ္ပယုတ် ကာမသောဘဏစိတ် ၁၂ ပါး၊ ဤ ၂၂ ပါးသော စိတ်တို့သည် (အစဉ်အတိုင်း လောဘ+မောဟ၊ ဒေါသ+မောဟ၊ အလောဘ+အဒေါသ ဟူ၍ ယှဉ်ဘက်ဟိတ် ၂ ပါးစီ ရှိသောကြောင့်) ဒွိဟိတ်စိတ်တို့ မည်ကုန်၏။

ဉာဏသမ္ပယုတ် ကာမသောဘဏစိတ် ၁၂ ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅ ပါး၊ ဤ ၄၇ ပါးသော စိတ်တို့သည် (အလောဘ+အဒေါသ+အမောဟ တည်းဟူသော ယှဉ်ဘက်ဟိတ် သုံးပါးစီရှိသောကြောင့်) တိဟိတ်စိတ်တို့ မည်ကုန်၏။

စိတ်ယှဉ် စေတသိက်ယှဉ် ကျင်လည်လျှင် ဟေတုသင်္ဂဟ မြင်ရန်မခက်ပြီ။

၂–ဟေတုသင်္ဂဟ ပြီး၏။

## ၃–ကိစ္စသင်္ဂဟ

၆။ စပ်ဆက်+စိစဉ်၊ ဆင်ခြင်+ကြည့်ရှု၊ ကြားနာမှုနှင့်၊ နံမှု+လျက်မှု၊ တွေ့ထိမှုမှန်၊ လက်ခံ+စစ်ဆေး၊ ပိုင်းခြားရေးတည့်၊ သိရေးတွင်ကျယ်၊ တာတွယ်လိုက်စား၊ ရွေ့ရှားပြောင်းခွာ၊ ဆယ့်လေးဖြာ ပြုရာကိစ္စစဉ်။

ကိစ္စသင်္ဂဟ၌ ကိစ္စတို့သည် –

http://www.thitsarparamisociety.com/


၁။ ဘဝ ၂ ရပ်ကို တစပ်တည်း ပေါင်မှတ်ရအောင် စပ်ဆက်၍ ပေးခြင်း ပဋိသန္ဓိကိစ္စ။
၂။ ဘဝအမျှင် မပြတ်အောင် စီစဉ်ပေးသကဲ့သို့ဖြစ်ခြင်း ဘဝင်ကိစ္စ။
၃။ အာရုံကို ထင်မြင်ခြင်း အာဝဇ္ဇန်းကိစ္စ။
၄။ ရူပါရုံကို ကြည့်ရှုခြင်း မြင်ခြင်း ဒဿနကိစ္စ။
၅။ သဒ္ဒါရုံကို ကြားနာခြင်း သဝနကိစ္စ။
၆။ ဂန္ဓာရုံကို နမ်းရှုခြင်း ဃာယနကိစ္စ။
၇။ ရသာရုံကိုလျက်ခြင်း၊ စားခြင်း၊ သာယာခြင်း သာယနကိစ္စ။
၈။ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်း ဖုသနကိစ္စ။
၉။ အာရုံကို လက်ခံသိမ်းပိုက်သကဲ့သို့ ဖြစ်ခြင်း သမ္ပဋိစ္ဆိုင်းကိစ္စ။
၁၀။ အာရုံကို စုံစမ်းစစ်ဆေးသကဲ့သို့ဖြစ်ခြင်း သန္တီရဏကိစ္စ။
၁၁။ အာရုံကို ပိုင်းခြားခြင်း ဝေါဋ္ဌဗ္ဗနကိစ္စ။
၁၂။ အာရုံကို တွင်ကျယ်စွာသိခြင်း ဇောကိစ္စ။
၁၃။ အာရုံကို တွယ်တာလိုက်စား သကဲ့သို့ ထိုဇော၏ အာရုံကိုပင် ထပ်၍ အာရုံပြုခြင်း တဒါရုံကိစ္စ။
၁၄။ ပစ္စုပ္ပန်ဘဝမှ ရွေ့ရှားပြောင်းခွာခြင်း စုတိကိစ္စ ဟူ၍ ကိစ္စအပြား ဆယ့်လေးပါးရှိ၏။

(ထည့်)။ ဥ–သန္တိဋ္ဌိ၊ မဟာဝိစွက်၊ မဟာဂ်ဝိတိုး၊ တစ်ဆယ့်ကိုး၊ တပ်ရိုးသန်+စု+တွင်။

ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး၊ ဤ ၁၉ ပါးသောစိတ်တို့သည် ပဋိသန္ဓေကိစ္စ+ဘဝင်ကိစ္စ+စုတိကိစ္စ တပ်သော စိတ်တို့ မည်ကုန်၏။

**၇။ အာဝဇ္ဇန်း၊ ကိစ္စဝန်၊ ဝဇ္ဇန်နှစ်စိတ်ပင်။**

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ဤစိတ်နှစ်ပါးတို့သည် အာဝဇ္ဇန်းကိစ္စတပ်သော စိတ်တို့ မည်ကုန်၏။

**၈။ ဒဿနာဒိ၊ စက္ခာဒိ၊ သိလေစိတ်အစဉ်။**

http://www.thitsarparamisociety.com/


စက္ခုဝိညာဏ်ဒွေးတို့သည် ဒဿနကိစ္စတပ်သော စိတ်တို့မည်ကုန်၏။
သောတဝိညာဏ်ဒွေးတို့သည် သဝနကိစ္စတပ်သော စိတ်တို့မည်ကုန်၏။
ဃာနဝိညာဏ်ဒွေးတို့သည် ဃာယနကိစ္စတပ်သော စိတ်တို့မည်ကုန်၏။
ဇိဝှါဝိညာဏ်ဒွေးတို့သည် သာယနကိစ္စတပ်သော စိတ်တို့မည်ကုန်၏။
ကာယဝိညာဏ်ဒွေးတို့သည် ဖုသနကိစ္စတပ်သော စိတ်တို့မည်ကုန်၏။
သမ္ပဋိစ္ဆိုင်း ဒွေးတို့သည် သမ္ပဋိစ္ဆနကိစ္စတပ်သော စိတ်တို့မည်ကုန်၏။
သန္တီရဏစိတ် သုံးပါးတို့သည် သန္တီရဏကိစ္စတပ်သော စိတ်တို့ မည်ကုန်၏။

**၉။ ဝုဋ္ဌောကိစ္စာ၊ မနောဒွါ၊ တစ်သာအမြဲပင်။**

မနောဒွါရာဝဇ္ဇန်းစိတ်သည် (ပဉ္စဒွါရဝီထိ၌) ဝုဋ္ဌောကိစ္စတပ်သော စိတ်မည်၏။

**၁၀။ ဇွန်ကြဉ်ဘိ၊ ကု+ကု+ကြိ၊ ဖိုလ်ထည့် ဇောပဉ်+ပဉ်။**

အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ် ၂၁ ပါး (အာဝဇ္ဇန်း ဒွေး ကြဉ်သော) ကြိယာစိတ် ၁၈ ပါး၊ ဖိုလ်စိတ် ၄ ပါး၊ ဤ ၅၅ ပါးသော စိတ်တို့သည် ဇောကိစ္စတပ်သော စိတ်တို့မည်ကုန်၏။

**၁၁။ သန္တီတြိ၊ မဟာဝိ၊ မှတ်သိ တဒါရင်။**

သန္တီရဏစိတ် ၃ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ဤ ၁၁ ပါးသော စိတ်တို့သည် တဒါရုံကိစ္စတပ်သော စိတ်တို့မည်ကုန်၏။

**၁၂။ သော–သန္တီရိ၊ ကိစ္စဒွိ၊ သန္တီ+တဒါရင်။**

**၁၃။ မနောဒွါရာ၊ ဒွိကိစ္စာ၊ ဝုဋ္ဌာ+ဝဇ္ဇန်ပင်။**

ဆိုခဲ့ပြီးသောစိတ်တို့တွင် သောမနဿသဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ+တဒါရုံကိစ္စအားဖြင့် ၂ ကိစ္စတပ်၏။ မနောဒွါရာဝဇ္ဇန်း စိတ်သည် ဝုဋ္ဌောကိစ္စ+အာဝဇ္ဇန်းကိစ္စအားဖြင့် ၂ ကိစ္စတပ်၏။ ပေါင်း ၂ ကိစ္စတပ်သော စိတ် ၂ ပါး။

http://www.thitsarparamisociety.com/


**၁၄။ ရှစ်မဟာဝိ၊ တွင်+သန္ဓိ၊ စုတိ+တဒါရင်။**

မဟာဝိပါက်စိတ် ၈ ပါးတို့သည် ပဋိသန္ဓေကိစ္စ+ဘဝင်ကိစ္စ+စုတိကိစ္စ၊ တဒါရုံကိစ္စအားဖြင့် ၄ ကိစ္စ တပ်ကုန်၏။

**၁၅။ ကိုးမဟဂ်ဝိ၊ ကိစ္စတြိ၊ သန္ဓိ+ဘဝင်+စု–ယှဉ်။**

မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးတို့သည် ပဋိသန္ဓေကိစ္စ+ဘဝင်ကိစ္စ+စုတိကိစ္စအားဖြင့် ၃ ကိစ္စ တပ်ကုန်၏။

**၁၆။ ဥ–သန္တီရိ၊ စိတ်နှင့်ဒွိမှု၊ သန္ဓိ+ဘဝင်၊ သန္တီရင်နှင့် အစဉ်လိုက်မှု၊ အဆုံးစု၊ ငါးခုကိစ္စယှဉ်။**

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂ ပါးတို့သည် ပဋိသန္ဓေကိစ္စ+ဘဝင်ကိစ္စ+သန္တီရဏကိစ္စ+တဒါရုံကိစ္စ+စုတိကိစ္စအားဖြင့် ၅ ကိစ္စ တပ်ကုန်၏။

**၁၇။ တစ် ခြောက်ဆယ့်ရှစ်နှစ် နှစ်မှုနှစ်၊ လေး ရှစ်သုံးကိုးပင်။**

**၁၈။ ငါးမှုကား ဒွိ၊ အပေါင်းဘိ၊ ပြီး၏ကိစ္စသင်။**

ဤသို့လျှင် –

တစ်ကိစ္စတပ်သော စိတ်အပေါင်းကား ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်းဒွေး၊ ဇော ၅၅၊ ဤသို့ ၆၈ ပါးတည်း။

နှစ်ကိစ္စတပ်သော စိတ်ပေါင်းကား သောမနဿ သဟဂုတ်သန္တီရဏစိတ် ၁ ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ဤ ၂ ပါးတို့တည်း။

လေးကိစ္စတပ်သော စိတ်အပေါင်းကား မဟာဝိပါက်စိတ် ၈ ပါးတို့တည်း။

သုံးကိစ္စတပ်သော စိတ်အပေါင်းကား မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးတို့တည်း။

ငါးကိစ္စတပ်သော စိတ်အပေါင်းကား ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂ ပါးတို့တည်း။

၃–ကိစ္စသင်္ဂဟ ပြီး၏။

http://www.thitsarparamisociety.com/


## ၄–ဒွါရသင်္ဂဟ

**၁၉။ စက်+သော+ဃာ+ဇိ၊ ကာ+မနိ၊ ခြောက်လီဒွါရမှတ်။**

**၂၀။ အကြည်အလင်၊ ဖိတ်ဖိတ်လွင်၊ ထွက်ဝင်တံခါးဓာတ်။**

ဒွါရသင်္ဂဟ၌ –

၁။ စက္ခုဒွါရ (မျက်စိအကြည်)၊ ၂။ သောတဒွါရ (နားအကြည်ရုပ်)၊ ၃။ ဃာနဒွါရ (နှာခေါင်းအကြည်ရုပ်)၊ ၄။ ဇိဝှါဒွါရ (လျှာအကြည်ရုပ်)၊ ၅။ ကာယဒွါရ (ကိုယ်အကြည်ရုပ်)၊ ၆။ မနောဒွါရ (စိတ်အကြည်ရုပ်)၊ ပေါင်း ဒွါရ ၆ ပါး ရှိ၏။

**၂၁။ ဘဝင်ဆယ့်ကိုး၊ စိတ်အမျိုး၊ ခေါ်ရိုးမနောဒွါ။**

ဘဝင်စိတ် တစ်ဆယ့်ကိုးပါးကို့ကို မနောဒွါရဟု ခေါ်၏။

**၂၂။ စက္ခု–စသည်၊ ဖိတ်ဖိတ်လည်၊ အကြည်ရုပ်တို့သာ။**

**၂၃။ မနော–ဟူသည်၊ ဖိတ်ဖိတ်လည်၊ အကြည်နာမ်တို့သာ။**

စက္ခုပသာဒ–မျက်စိအကြည်ရုပ်သည် စက္ခုဒွါရမည်၏။ သောတပသာဒ နားအကြည်ရုပ်သည် သောတဒွါရမည်၏။ ဃာနပသာဒ နှာခေါင်းအကြည်ရုပ်သည် ဃာနဒွါရမည်၏။ ဇိဝှါပသာဒ–လျှာအကြည်ရုပ်သည် ဇိဝှါဒွါရမည်၏။ ကာယပသာဒ ကိုယ်အကြည်ရုပ်သည် ကာယဒွါရမည်၏။ (ပေါင်းရုပ်အကြည်ဒွါရ ၅ ပါး) ဘဝင်စိတ် တစ်ဆယ့်ကိုးပါးသည် မနောဒွါရမည်၏။ (နာမ်အကြည်တည်း)။

**၂၄။ ပဥ္စဝိညာဉ်၊ ကိုယ်စီယှဉ်၊ ငါးအင်ဒွါရမှာ။**

စက္ခုဝိညာဏ် ဒွေးတို့သည် စက္ခုဒွါရ၌သာ ဖြစ်ကုန်၏။
သောတဝိညာဏ် ဒွေးတို့သည် သောတဒွါရ၌သာ ဖြစ်ကုန်၏။
ဃာနဝိညာဏ် ဒွေးတို့သည် ဃာနဒွါရ၌သာ ဖြစ်ကုန်၏။
ဇိဝှါဝိညာဏ် ဒွေးတို့သည် ဇိဝှါဒွါရ၌သာ ဖြစ်ကုန်၏။
ကာယဝိညာဏ်ဒွေးတို့သည် ကာယဒွါရ၌သာ ဖြစ်ကုန်၏။

http://www.thitsarparamisociety.com/


**၂၅။ မနောဓာတ်ခေါ်၊ စိတ်မနော်၊ ငါးဖော်ဒွါရမှာ။**

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုင်း ဒွေး၊ ဤ စိတ် ၃ ပါးတို့ကို မနောဓာတ် ၃ ပါးဟု ခေါ်၏။ ထိုမနောဓာတ်ခေါ်သော စိတ် ၃ ပါးတို့သည် ဆိုခဲ့ပြီးသော ၅ ဒွါရတို့၌ ဖြစ်ကုန်၏။

**၂၆။ မနောဒွါရာ၊ န္တီသုံးဖြာ၊ မဟာဝိပါက်ရှစ်။**

**၂၇။ နှစ်ဆယ့်ကိုးမျှ၊ ဇောကာမ၊ ဒွါရခြောက်ပါးဖြစ်။**

မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ သန္တီရဏစိတ် ၃ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ကာမဇော ၂၉ ပါး၊ ဤ ၄၁ ပါးသော စိတ်တို့သည် ၆ ဒွါရ၌ ဖြစ်ကုန်၏။

**၂၈။ ဇောအပ္ပနာ၊ ဆဗ္ဗီသာ၊ မုန်စွာမနောဖြစ်။**

အပ္ပနာဇော ဆဗ္ဗီသ ၂၆ ပါးတို့သည် မနောဒွါရ၌သာ ဖြစ်ကုန်၏။

**၂၉။ ဆယ့်ကိုး၊ ပဋိသန်၊ စိတ်အမှန်၊ ခြောက်တန်ဒွါရလွတ်။**

တစ်ဆယ့်ကိုးပါးသော စိတ်တို့သည် ပဋိသန္ဓေကိစ္စ+ဘဝင်ကိစ္စ+စုတိကိစ္စ တပ်ကြသောအခါ ၆ ဒွါရမှ လွတ်ကုန်၏။

**၃၀။ စက္ခုဒွါရရောက်၊ လေးဆယ့်ခြောက်၊ ယူကောက်စိတ်အရ။**

စက္ခုဒွါရ၌ဖြစ်သော စိတ်ပေါင်းကား ပဉ္စဒွါရာဝဇ္ဇန်း စိတ် ၁ ပါး၊ စက္ခုဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏစိတ် ၃ ပါး၊ ဝုဋ္ဌော စိတ် ၁ ပါး၊ ကာမဇော ၂၉ ပါး၊ တဒါရုံစိတ် ၁၁ ပါးပေါင်း (အဂဟိတဂဟန နည်းအားဖြင့်) ၄၆ ပါးတို့တည်း။

**၃၁။ သောတစသည်၊ ဒွါလေးလီ၊ ထုံးမှီ ရှေးနည်းပြ။**

သောတဒွါရ၌ဖြစ်သော စိတ်တို့ကား ပဉ္စဒွါရာဝဇ္ဇန်း၊ သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၁၁၊ ပေါင်း (အဂဟိတ ဂဟန နည်းအားဖြင့်) ၄၆ ပါးတို့တည်း။ (ကျန် ၃ ပါးတို့ကိုလည်း မမှားအောင် ကောက်လေ)။

http://www.thitsarparamisociety.com/


**၃၂။ ခြောက်ဆယ်ခွန်သာ၊ မနောဒွါ၊ သချ်ာစိတ်ရေရ။**

မနောဒွါရ၌ဖြစ်သော စိတ်တို့ကား မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ဇော ၅၅ ပါး၊ တဒါရုံစိတ် ၁၁ ပါး ဤ ၆၇ ပါးတို့တည်း။

**၃၃။ တဒွါရရောက်၊ သုံးဆယ့်ခြောက်၊ ငါးရောက်မနောသုံး။**

တဒွါရ၌သာဖြစ်သော စိတ်တို့ကား ဒွေးပဉ္စ ဝိညာဏ် ၁၀၊ အပ္ပနာဇော ၂၆ ပါး၊ ဤ ၃၆ ပါးတို့တည်း။ ။ ၅ ဒွါရ၌ဖြစ်သော စိတ်တို့ကား မနောဓာတ် ၃ ပါးတည်း။

**၃၄။ ခြောက်ဒွါရဖြစ်၊ သုံးဆယ့်တစ်၊ လွတ်+ဖြစ် တဆယ်နှုန်း။**

ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့ကား မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ကာမဇော ၂၉ ပါး၊ သောမနဿသဟဂုတ် သန္တီရဏစိတ် ၁ ပါး၊ ဤ ၃၁ ပါးတို့တည်း။

ရံခါ ခြောက်ဒွါရမှ လွတ်၍ ရံခါ ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့ကား ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ဤ ၁၀ ပါးတို့တည်း။ ထို ၁၀ ပါးသော စိတ်တို့သည် ပဋိသန္ဓေကိစ္စ+ဘဝင်ကိစ္စ+စုတိကိစ္စတပ်ခိုက် ခြောက်ဒွါရမှ လွတ်၍ တဒါရုံကိစ္စတပ်ခိုက် ခြောက်ဒွါရ၌ ဖြစ်ကုန်၏။

**၃၅။ မဟာဂ်ဝိပါ၊ ကိုးခုမှာ၊ ခြောက်ဒွါ လွတ်မြဲထုံး။**

မဟဂ္ဂုတ် ဝိပါက်စိတ် ၉ ပါးတို့သည် ပဋိသန္ဓေကိစ္စ+ဘဝင်ကိစ္စ+စုတိကိစ္စသာ တပ်ကြသောကြောင့် ၆ ဒွါရမှ အမြဲလွတ်ကုန်၏။

ဒွါရသင်္ဂဟ ပြီး၏။

## (၅) အာရမ္မဏ သင်္ဂဟ

**၃၆။ ရူပ+သဒ္ဒ၊ ဂန္ဓ+ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ ခြောက်အာရုံ။**

အာရမ္မဏသင်္ဂဟ၌ ရူပါရုံ+သဒ္ဒါရုံ+ဂန္ဓာရုံ+ရသာရုံ+ဖောဋ္ဌဗ္ဗာရုံ+

http://www.thitsarparamisociety.com/


ဓမ္မာရုံ ဟူ၍ အာရုံ ၆ ပါး ရှိ၏။

**၃၇။ စိတ်+စေတသိက်၊ ရုပ်+နိဗ်အကြွင်း၊ ပညတ်အပြား၊ ဤငါးပါး၊ မှတ်သား ဓမ္မာရုံ။**

ရူပါယတနသည် ရူပါရုံမည်၏။ သဒ္ဒါယတနသည် သဒ္ဒါရုံမည်၏။ ဂန္ဓာယတနသည် ဂန္ဓာရုံမည်၏။ ရသာယတနသည် ရသာရုံမည်၏။ (ပထဝီ+တေဇော+ဝါယော–ဟု ဆိုအပ်သော) ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ကြွင်းသော (ပသာဒရုပ်နှင့် သုခုမရုပ်) ၂၁ ပါး၊ နိဗ္ဗာန်ပညတ်အမျိုးမျိုး၊ ဤတရား ၅ ပါး အစုသည် ဓမ္မာရုံမည်၏။

**၃၈။ ဆွဲကိုင် မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ။**

တောင်ဝှေးကြိုးတန်းသည် လူမစွမ်းအား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ဤ ရူပ+သဒ္ဒ+ဂန္ဓ+ရသ+ဖောဋ္ဌဗ္ဗ+ဓမ္မအားဖြင့် ၆ ပါးသော တရားအစုတို့သည်လည်း စိတ်စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာရုံမည်၏။

**၃၉။ နိဗ္ဗာန်+ပညတ်၊ နှစ်–ရပ်ဓမ္မ၊ ဖြစ်ကင်းပ၊ ကာလဝိမုတ်ကြုံ။**

နိဗ္ဗာန်နှင့် ပညတ်တရား ဤ ၂ ပါးတို့သည် ဖြစ်ခြင်း ဥပါဒ်သဘော မရှိသောကြောင့် ကာလဝိမုတ်တရားတို့ မည်ကုန်၏။

အာရုံခွဲ ပြီး၏။

## အာရုံပြပုံ

**၄၀။ ပဉ္စဝိညာဏ်၊ ကိုယ်စီရုံ၊ ငါးတန်ရူပါဒိ။**

စက္ခုဝိညာဏ် ဒွေးတို့သည် ပစ္စုပ္ပန် ရူပါရုံကိုသာ အာရုံပြုကုန်၏။

သောတဝိညာဏ် ဒွေးတို့သည် ပစ္စုပ္ပန် သဒ္ဒါရုံကိုသာ အာရုံပြုကုန်၏။

http://www.thitsarparamisociety.com/



ឃာနဝိညာဏ် ဒွေးတို့သည် ပစ္စုပ္ပန် ဂန္ဓာရုံကိုသာ အာရုံပြုကုန်၏။
ဇိဝှါဝိညာဏ် ဒွေးတို့သည် ပစ္စုပ္ပန် ရသာရုံကိုသာ အာရုံပြုကုန်၏။
ကာယဝိညာဏ်ဒွေးတို့သည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုကုန်၏။

**၄၁။ မနောဓာတုံ၊ ငါးအာရုံ၊ နှစ်ဖုံ ဆယ်သုံးရှိ။**

**၄၂။ ပစ္စုပ်ကေန်၊ ရုပ်ကေန်၊ အမှန်တွေးယူညှိ။**

မနောဓာတ် ၃ ပါးတို့သည် ပစ္စုပ္ပန် ပဉ္စာရုံကိုသာ အာရုံပြုကုန်၏။

(လင်္ကာ ၂ ပိုဒ်ဖြင့် ပြဆိုခဲ့ပြီးသော) ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ပါး၊ ဤ ၁၃ ပါးသော စိတ်တို့သည် ပစ္စုပ္ပန်ကိုသာ ကေန်အာရုံပြုကုန်၏။ ရုပ်တရားကိုသာ ကေန် အာရုံပြုကုန်၏။

**၄၃။ တဒါ+ဟသ၊ ဆယ့်နှစ်ဝ၊ ကာမကိုသာသိ။**

တဒါရုံစိတ်ကောဒသ+ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ ဤ ၁၂ ပါးသော စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ကာမစိတ်စေတုပညာသ၊ စေတသိက်ဒွေးပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ် သော ဤကာမအာရုံ ၆ ပါးကိုသာ အာရုံပြုကုန်၏။

**၄၄။ အကုဆယ့်နှစ်၊ ရှစ်ဝိပ္ပယုတ်၊ ကု–ကြိထုတ်၊ လောကုတ် ကြဉ်၍သိ။**

အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ ဤ ၂၀ သော စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော ပညတ်၊ ဤ အာရုံ ၆ ပါးကို အာရုံပြုကုန်၏။

**၄၅။ ကာမကုဉာဏ်၊ ကုသိဉာဏ်၊ ငါးတန်စိတ်မနီ။**

**၄၆။ အရဟတ်မဂ်ဖိုလ်၊ ကြဉ်စေလို၊ ကြွင်းကို အကုန်သိ။**

http://www.thitsarparamisociety.com/


(ရူပါဝစရကုသိုလ် ပဥ္စမဈာန်စိတ်နှင့် ကြိယာ ပဥ္စမဈာန်ကို အဘိဉာဏ်ခွေးဟု ခေါ်၏။)

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄ ပါး၊ ကုသိုလ်အဘိညာဏ်စိတ်၊ ဤ ၅ ပါးသော စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော (အရဟတ္တမဂ်+အရဟတ္တဖိုလ်ကြဉ်သော) စိတ် ၈၇ ပါး၊ စေတသိက်ခွေးပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်၊ ဤအာရုံ ၆ ပါးကို အာရုံပြုကုန်၏။

**၄၇။ ကာမကြိဉာဏ်၊ ကြိဘိဉာဏ်၊ ဝုဋ္ဌန်မနောဆိ။**

**၄၈။ ခပ်သိမ်းအာရုံ၊ အလုံးစုံ၊ အကုန်ပြုလေဘိ။**

မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ ကြိယာအသိညာဏ်စိတ် ၁ ပါး၊ မနောဒ္ဒါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ဤ ၆ ပါးသော စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက်၊ ခွေးပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်၊ ဤအလုံးစုံသော အာရုံ ၆ ပါးကို အာရုံပြုကုန်၏။

**၄၉။ ဘိညာကြဉ်မှု၊ ဆယ့်ငါးရူ၊ အရူ ပ+တ–ဆို၊**

**၅၀။ ပညတ်ကေစ်၊ နှစ်ဆယ့်တစ်၊ စင်စစ်အမှန်သိ။**

(အသိညာဏ်ခွေးကြဉ်သော) ရူပစိတ် ၁၅ ပါး၊ အာကာသာနဉ္စာယတနစိတ် ၃ ပါး၊ အာကိဉ္စညာယတနစိတ် ၃ ပါး၊ ဤ ၂၁ ပါးသော စိတ်တို့သည် ကာလဝိမုတ်ဖြစ်သော ကသိဏ်းစသော ပညတ်မွှာရုံကိုသာ အာရုံပြုကုန်၏။

**၅၁။ အရူဒုမှာ၊ ပ–ကိုသာ၊ စ–မှာ တ–ကိုသိ။**

ဝိညာဏဉ္စာယတနစိတ် ၃ ပါးတို့သည် မိမိသန္တာန်၌ ဖြစ်ဖူးသော ပထမာရုပ္ပဝိညာဏ်တည်းဟူသော အတိတ် မဟဂ္ဂုတ် မွှာရုံကိုသာ အာရုံပြုကုန်၏။ နေဝသညာ နာသညာယတနစိတ် ၃ ပါးတို့သည် မိမိသန္တာန်၌

http://www.thitsarparamisociety.com/



ဖြစ်ဖူးသော တတိယာရုပ္ပဝိညာဏ်တည်းဟူသော အတိတ် မဟဂ္ဂုတ် မ္မောရုံကိုသာ အာရုံပြုကုန်၏။

**၅၂။ လောကုတ္တရုံ၊ စိတ်ရှစ်တန်၊ နိဗ္ဗာန်ကိုသာသိ။**

လောကုတ္တရာစိတ် ၈ ပါးတို့သည် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ ဓမ္မာရုံကိုသာ အာရုံပြုကုန်၏။

အာရမ္မဏသင်္ဂဟ ပြီး၏။

## (၆) ဝတ္ထုသင်္ဂဟ

**၅၃။ စက်+သော+ဃာ+ဇိ၊ ကာ+ဟဒိ၊ ခြောက်လီ ဝတ္ထုရုပ်။**

ဝတ္ထုသင်္ဂဟ၌ စက္ခု ဝတ္ထု၊ သောတ ဝတ္ထု၊ ဃာန ဝတ္ထု၊ ဇိဝှါ ဝတ္ထု၊ ကာယ ဝတ္ထု၊ ဟဒယ ဝတ္ထု ဟူ၍ ဝတ္ထု ၆ ပါး ရှိ၏။ ။ စက္ခုပသာဒရုပ်သည် စက္ခုဝတ္ထု မည်၏။ သောတပသာဒ ရုပ်သည် သောတဝတ္ထုမည်၏။ ဃာနပသာဒရုပ်သည် ဃာနဝတ္ထုမည်၏။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဝတ္ထုမည်၏။ ကာယပသာဒရုပ်သည် ကာယဝတ္ထုမည်၏။ ဟဒယရုပ်သည် ဟဒယဝတ္ထုမည်၏။

**၅၄။ တည်ရာမှီရာ၊ မြေပမာ၊ လွန်စွာကျေးဇူးထုတ်။**

မြေကြီးသည် သက်ရှိ+သက်မဲ့ ဝတ္ထုတို့အား တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (ပသာဒရုပ် ၅ ပါး၊ ဟဒယရုပ်) ဤရုပ် ၆ ပါးတို့သည် စိတ်စေတသိက်တို့အား တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဝတ္ထုမည်ကြကုန်၏။

**၅၅။ ဝတ္ထုခြောက်စုံ၊ ကာမဘုံ၊ အကုန်ရသည်သာ။**

ဤဝတ္ထု ၆ ပါးတို့ကို ကာမဘုံ၌ အကုန်ရကောင်း၏။

**၅၆။ စက်+သော–နှစ်တန်၊ ဟဒယံ၊ သုံးတန် ရူပမှာ။**

http://www.thitsarparamisociety.com/



အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတို့၌ စက္ခု ဝတ္ထု၊ သောတဝတ္ထု၊ ဟဒယ ဝတ္ထု၊ ဤဝတ္ထု ၃ ပါးတို့ကိုသာ ရကောင်း၏။

**၅၇။ အရူပမူ၊ ဝတ္ထုဟူ၊ မြူမျှ မရှိပါ။**

အရူပ ၄ ဘုံတို့၌ ဝတ္ထုရုပ်ဟူ၍ မြူမျှ မရှိပေ။

ဝတ္ထုအခွဲ ပြီး၏။

**၅၈။ ဝိညာဏ်ဆယ်လီ၊ အမြဲမှီ၊ ငါးလီ သီးသီးသာ။**

စက္ခုဝိညာဏ်ဒွေးတို့သည် စက္ခုဝတ္ထုကို အမြဲမှီကုန်၏။ ။သောတဝိညာဏ်ဒွေးတို့သည် သောတဝတ္ထုကို အမြဲမှီကုန်၏။ ။ဃာနဝိညာဏ်ဒွေးတို့သည် ဃာနဝတ္ထုကို အမြဲမှီကုန်၏။ ။ဇိဝှါဝိညာဏ်ဒွေးတို့သည် ဇိဝှါဝတ္ထုကို မြဲမှီကုန်၏။ ။ကာယဝိညာဏ်ဒွေးတို့သည် ကာယဝတ္ထုကို အမြဲမှီကုန်၏။

**၅၉။ မနောဓာတ်သုံး၊ မှီမြဲထုံး၊ အဆုံးဝတ္ထုမှာ။**

မနောဓာတ်သုံးပါးတို့သည် ဟဒယဝတ္ထုကို အမြဲမှီကုန်၏။

**၆၀။ သန္တီ+မဟာဝိ၊ ဒွေးပဋိ၊ ဟသိ+ဆယ့်ငါးရူ။**

**၆၁။ သောတာမဂ္ဂ၊ သုံးဆယ်ရ၊ ဟ–၌ အမြဲယူ။**

သန္တီရဏစိတ် ၃ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ ရူပစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ်စိတ် ၁ ပါး၊ ဤ ၃၀ သောစိတ်တို့သည် (ကာမဘုံ+ရူပဘုံ၌သာ ဖြစ်ကောင်းသောကြောင့်) ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်ကုန်၏။

**၆၂။ အရူပဝိ၊ စတုညီ၊ အမှီမရှိဟူ။**

အရူပဝိပါက်စိတ် ၄ ပါးတို့သည် (အရူပဘုံ၌သာ ဖြစ်ကောင်းသောကြောင့်) ဝတ္ထုရုပ်ကို အမြဲမမှီမူ၍ ဖြစ်ကုန်၏။

http://www.thitsarparamisociety.com/



**၆၃။ လော+မော–ဆယ်ဖြာ၊ မနောဒွါ၊ မ ဟာကု+ကြိ ရှစ်။**

**၆၄။ ကု+ကြိ ရှစ်ဖြာ၊ အရူပါ၊ ကုတ်မှာ ထက်ခုနစ်။**

**၆၅။ ဝတ္ထုရုပ်စီ၊ မှီ+မမှီ၊ ပေါင်းညီလေးဆယ့်နှစ်။**

လောဘမူစိတ် ၈ ပါး၊ မောဟမူစိတ် ၂ ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အရူပကုသိုလ်စိတ် ၄ ပါး၊ အရူပကြိယာစိတ် ၄ ပါး၊ (သောတာပတ္တိမဂ်ကြဉ်သော) အထက် လောကုတ္တရာစိတ် ၇ ပါး၊ ဤ ၄၂ ပါးသောစိတ်တို့သည် –

ကာမဘုံ+ရူပဘုံ၌ ဖြစ်သောအခါ ဟဒယ ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကုန်၏။

အရူပဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကို လုံးဝမမှီမူ၍ ဖြစ်ကုန်၏။

**၆၆။ မှီ–စတုတေး၊ မမှီ–လေး၊ စ+ဒွေး–မှီ+မမှီ။**

ဝတ္ထုရုပ်ကို အမြဲမှီ၍ဖြစ်သော စိတ်တို့ကား–ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ပါး၊ တဒါရုံစိတ် ၁၁ ပါး၊ ဒေါသမူဒွေး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ ရူပစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ်စိတ် ၁ ပါး၊ ဤ ၄၃ ပါးတို့တည်း။

ဝတ္ထုရုပ်ကို အမြဲမမှီသော စိတ်တို့ကား အရူပဝိပါက်စိတ် ၄ ပါးတို့တည်း။

ဝတ္ထုရုပ်ကို ရံခါ မှီ၍ ရံခါ မမှီသော စိတ်တို့ကား လောဘမူစိတ် ၈ ပါး၊ မောဟမူစိတ် ၂ ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အရူပ ကုသိုလ်စိတ် ၄ ပါး၊ အရူပကြိယာစိတ် ၄ ပါး၊ (သောတာပတ္တိမဂ်ကြဉ်သော) အထက် လောကုတ္တရာစိတ် ၇ ပါး၊ ဤ ၄၂ ပါးတို့တည်း။

**၆၇။ ပိုဒ်ပေါင်းခြောက်ဆယ်၊ လက်ာခြယ်၊**
**ဤဝယ်ပကိဏ်းပြီး။**

၃–ပကိဏ်းပိုင်း ပြီး၏။

http://www.thitsarparamisociety.com/



# ၄-ဝီထိပိုင်း

## နမော ဝတ္ထုဗုဒ္ဓါယသာ။

## (စိတ်သက် ရုပ်သက် ဝေဖန်ခန်း)

**၁။ ဖြစ်+တည်+ချုပ်လတ်၊ ဤသုံးရပ်၊ ဥပါဒ်+ဌီ+ဘင် ယူ။**

**၂။ ခဏငယ်သုံးချက်၊ အပေါင်းနက်၊ စိတ္တက္ခဏယူ။**

စိတ်၏ဖြစ်ဆဲခဏသည် ဥပါဒ်ခဏမည်၏။ စိတ်၏တည်ဆဲခဏသည် ဌီခဏမည်၏။ ။ စိတ်၏ ချုပ်ဆဲခဏသည် ဘင်ခဏမည်၏။ ထိုခဏငယ် သုံးချက်အပေါင်းသည် စိတ္တက္ခဏကြီး တစ်ချက်မည်၏။ (စိတ်သက် ၁ ခု မည်၏။)

**၃။ လျှပ်တပြက်တွင်၊ စိတ္တက္ခဏေ၊ အပေါင်းရေ၊ ကုဋေ တစ်သိန်းယူ။**

လျှပ်တပြက် မျက်စိတမှိတ် လက်ဖျစ်တတွတ် အချိန်အတွင်း၌ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းခန့်ဖြစ်၍ ချုပ်ကုန်၏။

**၄။ ဆယ့်ခုနစ်ချက်၊ ထိုစိတ်သက်၊ ရုပ်သက် တစ်ခုယူ။**

**၅။ လက္ခဏလေး၊ ဝိညတ်ခွေး၊ ကြည်ရေး ရုပ်ဒွိဒူ။**

(လက္ခဏရုပ် ၄ ခု၊ ဝိညတ်ရုပ် ၂ ခုကြဉ်သော) ရုပ် ၂၂ ပါးတို့သည် စိတ္တက္ခဏကြီး ၁၇ ချက်ခန့်၊ ခဏငယ် ၅၁ ချက်ခန့်စီ အသက်ရှည်ကုန်၏။

ဥပစယရုပ်၊ သန္တတိရုပ်၊ အနိစ္စတာရုပ်၊ ဤ ၃ ပါးတို့သည် ခဏငယ် ၁ ချက်ခန့်စီ အသက်ရှိကုန်၏။ ဇရတာရုပ်သည် ခဏငယ် ၄၉ ချက်ခန့် အသက်ရှိ၏။ ဝိညတ်ရုပ် ၂ ပါးတို့သည် စိတ္တက္ခဏကြီး ၁ ချက်ခန့်စီ အသက်ရှိကုန်၏။

စိတ်သက်+ရုပ်သက် ခွဲခန်း ပြီး၏။

http://www.thitsarparamisociety.com/


## ပဥ္စဒွါရဝီထိအပြား

### ၆။ ဒွါရမုတ်မျိုး၊ တစ်ဆယ့်ကိုး၊ ခေါ်ရိုးဝီထိမုတ်။

(အောက်ပကိဏ်း၌ ပြဆိုခဲ့ပြီးသော) ပဋိသန္ဓေစိတ် ၁၉ ပါး၊ ဘဝင်စိတ် ၁၉ ပါး၊ စုတိစိတ် ၁၉ ပါး ဟူသော ဒွါရဝိမုတ်စိတ် ၁၉ ပါး တို့သည် ဝီထိမှအလွတ် ဝီထိမုတ်စိတ်တို့ မည်ကုန်၏။

### ၇။ ခြောက်ဒွါရဝယ်၊ စိတ်စဉ်ခြယ်၊ ခြောက်သွယ်ဝီထိယုတ်။

ခြောက်ဒွါရ၌ဖြစ်သော စိတ်အစဉ်သည် ဝီထိမည်၏။ ထိုဝီထိသည် စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိဟူ၍ ၆ ပါး အပြားရှိ၏။

ထိုခြောက်ပါးတို့တွင် စက္ခုဒွါရ၌ဖြစ်သော စိတ်အစဉ်သည် စက္ခုဒွါရဝီထိမည်၏။ သောတဒွါရ၌ဖြစ်သော စိတ်အစဉ်သည် သောတဒွါရဝီထိမည်၏။ ဃာနဒွါရ၌ဖြစ်သော စိတ်အစဉ်သည် ဃာနဒွါရဝီထိမည်၏။ ဇိဝှါဒွါရ၌ဖြစ်သော စိတ်အစဉ်သည် ဇိဝှါဒွါရဝီထိမည်၏။ ကာယဒွါရ၌ဖြစ်သော စိတ်အစဉ်သည် ကာယဒွါရဝီထိ မည်၏။ မနောဒွါရ၌ဖြစ်သော စိတ်အစဉ်သည် မနောဒွါရဝီထိ မည်၏။

(စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ ဤငါးပါးတို့ကို ပေါင်း၍ ပဥ္စဒွါရဝီထိဟု ခေါ်၏)။

### ၈။ တိမဟန်နှင့်၊ မဟန်+ပရိတ်၊ တိပရိတ်၊ ဖြာစိတ် ပဥ္စဒွါ။

ပဥ္စဒွါရဝီထိတို့၏ အာရုံသည် အတိမဟန္တာရုံ +မဟန္တာရုံ+ပရိတ္တာရုံ +အတိပရိတ္တာရုံ ဟူ၍ လေးမျိုး အပြားရှိ၏။

### ၉။ အတိမဟန်၊ တစ်ချက်လွန်၊ မဟန်နှစ်+သုံးသာ။

### ၁၀။ လေးကအစ၊ ကိုး တိုင်ကျ၊ လွန်က ပရိတ္တာ။

### ၁၁။ တစ်ဆယ်အာဒိ၊ ဆယ့်ငါးထိ၊ လွန် တိပရိတ္တာ။

http://www.thitsarparamisociety.com/


ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏတစ်ချက်လွန်မှ ဆိုင်ရာဒွါရ၌ ထင်သော ပဉ္စာရုံသည် အတိမဟန္တာရုံ မည်၏။ ထို အတိမဟန္တာရုံကို အာရုံပြု၍ဖြစ်သော ဝိထိစိတ်အစဉ်သည် အတိမဟန္တာရုံဝီထိ မည်၏။

ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၂ ချက်လွန်မှ ဆိုင်ရာဒွါရ၌ ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၃ ချက်လွန်မှ ဆိုင်ရာဒွါရ၌ ထင်သော ပဉ္စာရုံ၊ ဤအာရုံ ၂ မျိုးသည် မဟန္တာရုံမည်၏။ ထိုမဟန္တာရုံ ၂ မျိုးကို အာရုံပြု၍ဖြစ်သော စိတ်အစဉ်သည် မဟန္တာရုံဝီထိ ၂ မျိုး မည်၏။

ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၄ ချက်လွန်မှ ဆိုင်ရာဒွါရ၌ ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၅ ချက်လွန်မှ ဆိုင်ရာဒွါရ၌ ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၆ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၇ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၈ ချက်လွန်မှ ဒွါရ၌ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၉ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဤအာရုံ ၆ မျိုးသည် ပရိတ္တာရုံ ၆ မျိုးမည်၏။ ထို ပရိတ္တာရုံ ၆ မျိုးကို အာရုံပြု၍ဖြစ်သော စိတ်အစဉ် ၆ မျိုးသည် ပရိတ္တာရုံဝီထိ ၆ မျိုးမည်၏။

ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၁၀ ချက်လွန်မှ ဆိုင်ရာဒွါရ၌ ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၁၁ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၁၂ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၁၃ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၁၄ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဖြစ်ပြီးသည့်နောက် စိတ္တက္ခဏ ၁၅ ချက်လွန်မှ ဆိုင်ရာဒွါရ၌ထင်သော ပဉ္စာရုံ၊ ဤအာရုံ ၆ မျိုးသည် အတိပရိတ္တာရုံ ၆ မျိုးမည်၏။ ထိုအတိပရိတ္တာရုံ ၆ မျိုးကို အကြောင်းပြု၍ဖြစ်သော စိတ်အစဉ် ၆ မျိုးသည် အတိပရိတ္တာရုံဝီထိ ၆ မျိုး မည်၏။

http://www.thitsarparamisociety.com/


**၁၂။ တဒါ နှင့် ဇော၊ ဝုဋ္ဌော + မောဃ၊ လေးဝါရ၊ ယှဉ်ကြစဉ်တိုင်းသာ။**

အတိမဟန္တာရုံဝီထိသည် တဒါရုံလျှင် ဝိထိစိတ် ဆုံးသောကြောင့် တဒါရမ္မဏဝါရမည်၏။ ။မဟန္တာရုံ ၂ ဝီထိသည် ဇောလျှင် ဝီထိစိတ်ဆုံးသောကြောင့် ဇဝနဝါရမည်၏။ ။ပရိတ္တာရုံ ၆ ဝီထိသည် ဝုဋ္ဌောလျှင် ဝီထိစိတ်ဆုံးသောကြောင့် ဝေါဋ္ဌဗ္ဗနဝါရမည်၏။ ။အတိပရိတ္တာရုံ ၆ ဝီထိသည် ဝီထိစိတ် လုံးဝမဖြစ်သောကြောင့် မောဃဝါရမည်၏။

**၁၃။ ပရိတ္တာထုံး၊ ဝုဋ္ဌောဆုံး၊ နှစ်+သုံး အကြိမ်သာ။**

ပရိပ္တအာရုံ၌ ဝုဋ္ဌော ၂ ကြိမ် (ဖြစ်လောက်လျှင်) ၃ ကြိမ်သာဖြစ်၍ ဝီထိစိတ်ဆုံးလေတော့၏။ ။(ရှေးဦးမှတ်ဖွယ်ပြီး၏။)

## ပဉ္စဒွါရဝီထိဖြစ်ကြောင်း

**၁၄။ စက္ခု+လောက၊ ရူပ–ထင်ပြီ၊ မနသီ၊ လေးလီ စက္ခုဖို့။**

(က) စက္ခုပသာဒ မျက်စိအကြည်ရုပ် ကောင်းမွန်ခြင်း၊
(ခ) အလင်းရောင် အထောက်အပံ့ရှိခြင်း၊
(ဂ) ရူပါရုံထင်ခြင်း
(ဃ) မနသိကာရ နှလုံးသွင်းခြင်း၊ ဤအကြောင်းလေးပါးတို့ ပြည့်စုံညီညွတ်မှ စက္ခုဒွါရဝီထိတို့ ဖြစ်နိုင်၏။

**၁၅။ သောတာ+ကာသ၊ သဒ္ဒထင်ပြီ၊ မနသီ၊ လေးလီသောတဖို့။**

(က) သောတပသာဒ နားအကြည်ရုပ် ကောင်းမွန်ခြင်း၊
(ခ) အာကာသ–ဟင်းလင်းအာကာသ အထောက်အပံ့ရှိခြင်း၊
(ဂ) သဒ္ဒါရုံ ထင်ခြင်း၊
(ဃ) မနသိကာရ–နှလုံးသွင်းခြင်း၊ ဤအကြောင်းလေးပါးတို့ ပြည့်စုံညီညွတ်မှ သောတဒွါရဝီထိ ဖြစ်နိုင်ကုန်၏။

http://www.thitsarparamisociety.com/


**၁၆။ ဃာန+ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ လေးလီ ဃာနဖို့။**

(က) ဃာနပသာဒ–နှာခေါင်းအကြည်ရုပ် ကောင်းမွန်ခြင်း၊

(ခ) ဝါတ–လေဓာတ် အထောက်အပံ့ရခြင်း၊

(ဂ) အနံ့ဂန္ဓာရုံ ထင်ခြင်း၊

(ဃ) မနသိကာရ–နှလုံးသွင်းခြင်း၊ ဤအကြောင်းလေးပါးတို့ ပြည့်စုံညီညွတ်မှ ဃာနဒွါရဝီထိတို့ ဖြစ်နိုင်ကုန်၏။

**၁၇။ ဇိဝှါ+အာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီဇိဝှါဖို့။**

(က) ဇိဝှါပသာဒ–လျှာအကြည်ရုပ် ကောင်းမွန်ခြင်း၊

(ခ) အာပေါ–ရေဓာတ် အထောက်အပံ့ရခြင်း၊

(ဂ) ရသာရုံ ထင်ခြင်း၊

(ဃ) မနသိကာရ–နှလုံးသွင်းခြင်း၊ ဤအကြောင်းလေးပါးတို့ ပြည့်စုံညီညွတ်မှ ဇိဝှါဒွါရဝီထိတို့ ဖြစ်နိုင်ကုန်၏။

**၁၈။ ကာယ+ထဒ္ဓ၊ ဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီကာယဖို့။**

(က) ကာယပသာဒ–ကိုယ်အကြည်ရုပ်ကောင်းမွန်ခြင်း၊

(ခ) ထဒ္ဓ – ပထဝီဓာတ် အထောက်အပံ့ရခြင်း၊ (အာရုံ၏ပထဝီဓာတ်အား ကောင်းခြင်း)

(ဂ) ဖောဋ္ဌဗ္ဗာရုံ ထင်ခြင်း၊

(ဃ) မနသိကာရ–နှလုံးသွင်းခြင်း၊ ဤအကြောင်းလေးပါးတို့ ပြည့်စုံညီညွတ်မှ ကာယဒွါရဝီထိတို့ ဖြစ်နိုင်ကုန်၏။

ပဥ္စဒွါရဝီထိဖြစ်ကြောင်းပြီး၏။

ဝီထိမချခင် ကြိုတင်သိရှိထားရန် အချက်များပြီး၏။

**၁၉။ အတိ+စလေ၊ ဥပစ္ဆေ၊ သုံးထွေဘဝင်။**

**၂၀။ ဘဝင်သုံးတန်၊ အာဝဇ္ဇန်၊ ဝိညာဏ်ခွေးပဥ္စ။**

http://www.thitsarparamisociety.com/



**၂၁။ သံ+သန်+ဝုဋ္ဌာ၊ ဇောသတ္တာ၊ တဒါနှစ်ကြိမ်ချ။**

**၂၂။ ထို့နောက်ဘဝင်၊ အများပင်၊ လေးစဉ်နဗန္ဓ။**

(ဤလင်္ကာတို့၏ အဓိပ္ပာယ်ကား ဆိုရိုး၌ ထင်ရှားလတ္တံ့။)

## ဝီထိဆိုရန်

ခြောက်ဒွါရ၌ဖြစ်သော စိတ်အစဉ်သည် ဝီထိမည်၏။

ထိုဝီထိသည်လည်း ပဉ္စဒွါရဝီထိ၊ မနောဒွါရဝီထိဟူ၍ ၂ ပါးအပြား ရှိ၏။

ထို ၂ ပါးတို့တွင် ပဉ္စဒွါရဝီထိသည်လည်း စက္ခုဒွါရဝီထိ၊ သောတ ဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ ဟူ၍ ၅ ပါး အပြားရှိ၏။

ထို ၅ ပါးတို့တွင် စက္ခုဒွါရဝီထိသည်လည်း အတိမဟန္တာရုံဝီထိ၊ မဟန္တာရုံဝီထိ၊ ပရိတ္တာရုံဝီထိ၊ အတိပရိတ္တာရုံဝီထိဟူ၍ ၄ မျိုးအပြား ရှိ၏။

ထို ၄ မျိုးတို့တွင် အတိမဟန္တာရုံဝီထိသည်လည်း တဒါရုံကျသော အတိမဟန္တာရုံဝီထိ၊ တဒါရုံမကျသော အတိမဟန္တာရုံဝီထိဟူ၍ ၂ ပါး အပြားရှိ၏။

ထို ၂ ပါးတို့တွင် တဒါရုံကျသော (စက္ခုဒွါရ အတိမဟန္တာရုံဝီထိ) **ဖြစ်ဟန်ကား** –

ဘဝင် + ဘဝင် + ဘဝင် + အတီတဘဝင် + ဘဝင်္ဂစလန + ဘဝင်္ဂုပစ္ဆေဒ + ပဉ္စဒွါရာဝဇ္ဇန်း + စက္ခုဝိညာဏ် + သမ္ပဋိစ္ဆိုင်း + သန္တီရဏ + ဝုဋ္ဌော + ဇောခုနစ်ကြိမ် + တဒါရုံနှစ်ကြိမ် + ထို့နောင် ဘဝင်များစွာ။ ဝီထိပုံကား –

င် င် င် တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် င် င်

ဆိုရိုးကား မိမိပဋိသန္ဓေစိတ်နှင့် ဘုမ္မိ + ဇာတိ + သမ္ပယုတ္တဓမ္မ + သင်္ခါရ + အာရုံအားဖြင့်တူသော ကာမဘဝင် ၁၀ ပါးတို့တွင် တစ်ပါးပါး

http://www.thitsarparamisociety.com/


သည် မိမိသန္တာန်၌ ထင်ရှားဖြစ်သော ဂတိ+ကမ္မနိမိတ်+ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ (ဘဝင်+ဘဝင်+ဘဝင်+အတီတဘဝင်=ဘဝင်္ဂစလန+ဘဝင်္ဂုပစ္ဆေဒဟု) ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အာရုံကို ဆင်ခြင်ခြင်း အာဝဇ္ဇန်းကိစ္စ တစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ စက္ခုဝိညာဏ်ဒွေးတို့တွင်လည်း တစ်ပါးပါးသည် ရူပါရုံကို မြင်ခြင်း၊ ဒဿနကိစ္စတစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ သမ္ပဋိစ္ဆန်းဒွေးတို့တွင် တစ်ပါးပါးသည် ရူပါရုံကို လက်ခံ သိမ်းပိုက်သကဲ့သို့ဖြစ်ခြင်း သမ္ပဋိစ္ဆန်းကိစ္စ တစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ သန္တီရဏစိတ် ၃ ပါးတို့တွင် တစ်ပါးပါးသည် ရူပါရုံကို စုံစမ်းစစ်ဆေးသကဲ့သို့ဖြစ်ခြင်း သန္တီရဏကိစ္စ တစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် ရူပါရုံကို ပိုင်းခြားမှတ်သားခြင်း ဝုဋ္ဌောကိစ္စ တစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ကာမဇော တစ်ခုယုတ် ၃၀ တို့တွင် တစ်ပါးပါးသည် ရူပါရုံကို တွင်ကျယ်စွာသိခြင်း၊ တွင်ကျယ်စွာ ခံစားခြင်း၊ အဟုန်နှင့်တကွ ကျရောက်ခံစားခြင်း၊ ဇောကိစ္စ ၇ ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ တဒါရုံစိတ် ဧကာဒသတို့တွင် တစ်ပါးပါးသည် ရူပါရုံကို တွယ်တာလိုက်စားသကဲ့သို့ ဇော၏အာရုံကို ထပ်၍ အာရုံပြုခြင်း တဒါရုံကိစ္စ ၂ ကြိမ်ဖြစ်၍ ချုပ်၏။

http://www.thitsarparamisociety.com/



ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် ဘုမ္မိ+ဇာတိ+သမ္ပယုတ္တဓမ္မ–သင်္ခါရ+ အာရုံအားဖြင့်တူသော ကာမဘဝင် ၁၀ တို့တွင် တစ်ပါးပါးသည် မိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ+ကမ္မနိမိတ်+ဂတိနိမိတ် ၃ ပါးတို့ တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

## ၁၀ ဆက္က ယောဇနာ

(ဝတ္ထုဆက္က) ဤဝီထိ၌ စက္ခုဝိညာဏ်စိတ်သည် မန္ဒာယုက+အမန္ဒာ ယုက+မဇ္ဈိမာယုကအားဖြင့် သုံးပါးသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုက ဖြစ်သော ရှေးဦးအစ အတီတ ဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို မှီ၏။ ကြွင်းသောစိတ်တို့သည် မိမိ မိမိတို့၏ ရှေးအခြားမဲ့စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကုန်၏။

(ဒွါရဆက္က) ဤဝီထိ၌ ရှေ့ဘဝင် နောက်ဘဝင်စိတ်တို့သည် ဒွါရ ဝိမုတ်စိတ်တို့ မည်ကုန်၏။ ပဉ္စဒွါရာဝဇ္ဇန်းအစ–ဒုတိယ တဒါရုံတိုင် အောင်သော ဝီထိစိတ်တို့သည် စက္ခုဒွါရ၌ (ဝါ–စက္ခုဒွါရကြောင့်) ဖြစ်ကြ သောကြောင့် စက္ခုဒွါရိကစိတ်တို့ မည်ကုန်၏။

(အာရမ္မဏဆက္က) ဤဝီထိ၌ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ+ ကမ္မနိမိတ်+ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ဝီထိစိတ်တို့သည် (အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော) ပဉ္စပွန် ရူပါရုံကို အာရုံပြုကုန်၏။

(ဝိညာဏဆက္က) ဤဝီထိ၌ ဒဿနကိစ္စတပ်သော စိတ်သည် စက္ခု ဝိညာဏ်မည်၏။ ကြွင်းသော စိတ်တို့သည် မနောဝိညာဏ် မည်ကုန်၏။

(ဝီထိဆက္က) ဤဝီထိသည် ဝီထိ ၆ မျိုးတို့တွင် စက္ခုဒွါရဝီထိဖြစ်၏။

(ဝိသယဆက္က) ဤဝီထိသည် အာရုံဖြစ်သော ပစ္စုပ္ပန် ရူပါရုံသည် မိမိဖြစ်ပြီးနောက် စိတ္တက္ခဏတစ်ချက်လွန်လျှင်ပင် စက္ခုဒွါရ၌ ထင်သော ကြောင့် အတိမဟန္တဝိသယမည်၏။

http://www.thitsarparamisociety.com/



(ဤဝီထိ၏ဆိုရိုးကို ကျေလည်စွာ ကျက်ထားက နောက်ဝီထိတို့၌ မခက်တော့ပြီ။)

## ၂။ တဒါရုံမကျသော စက္ခုဒွါရအတိမဟန္တာရုံဝီထိ ဖြစ်ဟန်ကား

ဘဝင်+ဘဝင်+ဘဝင်+အတီတဘဝင်+ဘဝင်္ဂစလန+ဘဝင်္ဂုပစ္ဆေဒ +ပဉ္စဒွါရာဝဇ္ဇန်း+စက္ခုဝိညာဏ်+သမ္ပဋိစ္ဆိုင်း+သန္တီရဏ+ဝုဋ္ဌော+ကာမ ဇော ခုနစ်ကြိမ်၊ ထို့နောင်ဘဝင်များစွာ။ (ဝီထိပုံကား)

ဘွင် င် င် တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ င် င် င် ဆိုရိုးကား –

မိမိပဋိသန္ဓေစိတ်နှင့် ဘုမ္မိ+ဇာတိ+သမ္ပယုတ္တဓမ္မ+သင်္ခါရ+အာရုံ အားဖြင့်တူသော ပဉ္စဝေါကာရ ဘဝင် ၁၅ ပါးတို့တွင် တစ်ပါးပါးသည် မိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ+ကမ္မနိမိတ်+ဂတိနိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်+ဘဝင်+အတီတဘဝင် ဘဝင်္ဂ စလန+ဘဝင်္ဂုပစ္ဆေဒ–ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ (အကြွင်းဆိုရိုး ရှေးနှင့် တူပြီ။)

စက္ခုဒွါရ အတိမဟန္တာရုံ ဝီထိပြီး၏။

## မဟန္တာရုံ ၂ ဝီထိ

မဟန္တာရုံဝီထိသည် ပထမ မဟန္တာရုံဝီထိ၊ ဒုတိယ မဟန္တာရုံဝီထိ ဟူ၍ ၂ ပါး အပြားရှိ၏။ ထို ၂ ပါးတို့တွင် –

**စက္ခုဒွါရ ပထမ မဟန္တာရုံဝီထိ ဖြစ်ဟန်ကား**

ဘဝင်+ဘဝင်+ဘဝင်+အတီတဘဝင်+ အတီတဘဝင်+ ဘဝင်္ဂစလန +ဘဝင်္ဂုပစ္ဆေဒ+ပဉ္စဒွါရာဝဇ္ဇန်း+စက္ခုဝိညာဏ်+သမ္ပဋိစ္ဆိုင်း+သန္တီရဏ+ ဝုဋ္ဌော+ကာမဇောခုနစ်ကြိမ်၊ ထို့နောင် ဘဝင်များစွာ။
ဝီထိပုံကား

http://www.thitsarparamisociety.com/


င် င် င် တိ တိ န ဒ ပ စ သံ သန် ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ င် င် င်
(ဆိုရိုးကို ဒုတိယ အတိမဟန္တာရုံဝီထိအတိုင်း ဆိုလေ)။

**စက္ခုဒွါရ ဒုတိယ မဟန္တာရုံဝီထိ ဖြစ်ဟန်ကား**

ဘဝင်+ဘဝင်+ဘဝင်+အတီတဘဝင်+အတီတဘဝင်+အတီတဘဝင်+ဘဝင်္ဂစလန+ဘဝင်္ဂုပစ္ဆေဒ+ပဉ္စဒွါရာဝဇ္ဇန်း+စက္ခုဝိညာဏ်+သမ္ပဋိစ္ဆိုင်း+သန္တီရဏ +ဝုဋ္ဌော+ကာမဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင်များစွာ။

ဝီတိပုံကား

င် င် င် တိ တိ တိ န ဒ ပ စ သံ သန် ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ င် င်
(ဆိုရိုးကို ဒုတိယ အတိမဟန္တာရုံဝီထိအတိုင်း ဆိုလေ)။

စက္ခုဒွါရ မဟန္တာရုံ ၂–ဝီထိပြီး၏။

## ပရိတ္တာရုံ ၆–ဝီထိ

ပရိတ္တာရုံဝီထိသည် ပထမ ပရိတ္တာရုံဝီထိ၊ ဒုတိယ ပရိတ္တာရုံဝီထိ၊ တတိယ ပရိတ္တာရုံဝီထိ၊ စတုတ္ထ ပရိတ္တာရုံဝီထိ၊ ပဉ္စမ ပရိတ္တာရုံဝီထိ၊ ဆဋ္ဌမ ပရိတ္တာရုံဝီထိ ဟူ၍ ၆ ပါး အပြားရှိ၏။ (ချုံးတော့မည်၊ ဆိုရိုးစသည်ကို စဉ်းစား၍ ထုတ်လေ။)

(က) စက္ခုဒွါရ ပထမ ပရိတ္တာရုံ ဝီထိပုံ –

င် င် တိ တိ တိ တိ န ဒ ပ စ သံ သန် ဝု ဝု ဝု င် င် င် င် င် င် င်

(ခ) စက္ခုဒွါရ ဒုတိယ ပရိတ္တာရုံ ဝီထိပုံ –

င် င် တိ တိ တိ တိ တိ န ဒ ပ စ သံ သန် ဝု ဝု ဝု င် င် င် င် င် င်

(ဂ) စက္ခုဒွါရ တတိယ ပရိတ္တာရုံ ဝီထိပုံ –

(ဂ) စက္ခုဒွါရ တတိယ ပရိတ္တာရုံ ဝီထိပုံ (ဝေါဋ္ဌဗ္ဗနဝါရ)

င် င် တိ တိ တိ တိ တိ တိ န ဒ ပ စ သံ သန် ဝု ဝု ဝု င် င် င် င် င်

(ဃ) စက္ခုဒွါရ စတုတ္ထ ပရိတ္တာရုံ ဝီထိပုံ (ဝေါဋ္ဌဗ္ဗနဝါရ)

http://www.thitsarparamisociety.com/


င်ငံ ငံ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ သန် ဝ ဝ ဝ ငံ ငံ
ငံ ငံ

(င) စက္ခုဒွါရ ပဉ္စမ ပရိတ္တာရုံ ဝီထိပုံ (ဝေါဋ္ဌဗ္ဗနဝါရ)

ငံ ငံ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ သန် ဝ ဝ ဝ ငံ
ငံ ငံ ငံ

(စ) စက္ခုဒွါရ ဆဋ္ဌမ ပရိတ္တာရုံ ဝီထိပုံ (ဝေါဋ္ဌဗ္ဗနဝါရ)

ငံ ငံ တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ သန် ဝ ဝ ငံ
ငံ ငံ ငံ

အထူးမှတ်ရန်။ ။ ဤဆဋ္ဌမပရိတ္တာရုံဝီထိ၌ ပထမအတိတဘဝင်နှင့် ဥပါဒ်ပြိုင်၍ ဖြစ်သော ပဉ္စပ္ပသန်ရုပါရုံသည် ဒုတိယဝုဋ္ဌောဇ၏ ဘင်ခဏနှင့် ပြိုင်၍ ချုပ်သောကြောင့် တတိယဝုဋ္ဌော ဖြစ်ခွင့်မရှိ၊ ထို့ကြောင့် ဝုဋ္ဌော ၂ ကြိမ်သာ ကျတော့၏။

ဤပရိတ္တာရုံ ၆ ဝီထိတို့၌ ဘဝင်ကို ကာမဘဝင်သာ ချသင့်တော့၏။ မှန်၏။ ရူပဘုံ၌ ပရိတ္တာရုံဟူ၍ မရှိသင့်။

စက္ခုဒွါရပရိတ္တာရုံ ၆ ဝီထိ ပြီး၏။

## အတိပရိတ္တာရုံ ၆ ဝီထိ

(ရေးနည်းအတူ စစ်လေ။)

(က) ပထမ အတိပရိတ္တာရုံဝီထိပုံ (မောဃဝါရ)

ငံ ငံ ငံ ငံ ငံ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န ငံ ငံ ငံ ငံ
ငံ ငံ

ဆိုရိုးကား မိမိပဋိသန္ဓေစိတ်နှင့် (ပ) ကာမဘဝင် ၁၀ တို့တွင် (ပ) ပြု၍ ဘဝင်+ဘဝင်+အတီတဘဝင် ၁၀ ကြိမ်၊ ဘဝင်္ဂစလန–ဘဝင်္ဂစလန ဟ ဘဝင် ၂ ကြိမ် လှုပ်ပြီးလျှင် (ပဉ္စပ္ပသန်ရုပါရုံ၏ အသက်ကြွင်း နည်းလှပြီ ဖြစ်သောကြောင့်) ဝီထိစိတ်တို့ မဖြစ်တော့ဘဲ ဘဝင်စိတ်သာ လျှင် ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

http://www.thitsarparamisociety.com/


(ခ) ဒုတိယ အတိပရိတ္တာရုံ ဝီထိပုံ (မောဃဝါရ)

င် င် င် င် တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န င် င် င် င် င် င်

(ဆိုရိုး ရှေးနည်းအတူဆိုလေ။)

(ဂ) စက္ခုဒွါရ တတိယ အတိပရိတ္တာရုံ ဝီထိပုံ (မောဃဝါရ)

င် င် င် တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န င် င် င် င် င် င်

(ဃ) စက္ခုဒွါရ စတုတ္ထ အတိပရိတ္တာရုံ ဝီထိပုံ (မောဃဝါရ)

င် င် င် တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န င် င် င် င် င်

(င) စက္ခုဒွါရ ပဉ္စမ အတိပရိတ္တာရုံ ဝီထိပုံ (မောဃဝါရ)

င် င် တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န င် င် င် င် င် င်

(စ) စက္ခုဒွါရ ဆဋ္ဌမ အတိပရိတ္တာရုံ ဝီထိပုံ (မောဃဝါရ)

င် င် တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ န န င် င် င် င် င် င်

အထူးမှတ်ရန်။ ။ဤအတိပရိတ္တာရုံ ဝီထိတို့၌လည်း ရှေ့နောက် ဘဝင်တို့ကို ကာမဘဝင်တို့ကိုသာလျှင် ချသင့်၏။ မှန်၏။ ကာမဘုံမှာသာ အလင်းရောင်စသည်တို့၏ အားနည်းမှု၊ အားကြီးမှုသို့ လိုက်၍ အတိမဟန္တအာရုံ မဟန္တအာရုံ ပရိတ္တအာရုံ အတိပရိတ္တအာရုံဟူ၍ အာရုံ ၄ မျိုး ကွဲပြားသင့်သည်။ ရူပဘုံ၌ကား ထိုအလင်းရောင် စသည်တို့ အနည်းအများ မရှိသင့်ရကား အာရုံလည်း အတိမဟန္တအာရုံနှင့် မဟန္တအာရုံ ၂ မျိုးသာ ရှိသင့်တော့၏။

အတိပရိတ္တာရုံ ၆ ဝီထိ ပြီး၏။

စက္ခုဒွါရဝီထိ ၁၆ မျိုး ပြီး၏။

http://www.thitsarparamisociety.com/



## ဘုံ၌ ပုဂ္ဂိုလ်ရကို ပြခြင်း

**၅၉။ ဒု+သု+ဒွိ+တိ၊ အရိယာရှစ်၊ တစ်ကျိပ်နှစ်၊ ပြားလစ် ဝါကရာ။**

ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍ ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ဟူ၍ အရိယာပုဂ္ဂိုလ် ရှစ်ယောက်၊ ၂ ရပ်ပေါင်း ပုဂ္ဂိုလ်အရင်းတည်၊ တစ်ကျိပ်နှစ်ယောက်ဖြစ်၏။

ထိုတစ်ကျိပ်နှစ်ယောက်တို့ကို ဘုံအလိုက်ပွားး၍ယူလျှင် ၂၁၄ ယောက် ပြား၏။

(ဝါကရားဆိုသည်မှာ ပိဋကတ်သင်္ချာနည်း ဖြစ်သည်။)

ကာဒီဋ္ဌာဒီယကာရာဒိ၊ နဝသင်္ချာ ပကာသိတာ။

ပကာရာဒိ ပဉ္စသင်္ချာ၊ သုညာနာမ သရ+ည+နာ။

(ဤဂါထာကို အရကျက်ထားပါ။ အဓိပ္ပာယ်တခြား ပြောပြပါမည်)။

**၆၀။ အပါယ် ဒုဇ၊ လူ+စ ဒုပစ်၊ နှစ်ဆယ့်နှစ်၊ ပေါင်းလစ် နှစ်ဆယ့်ခြောက်။**

အပါယ်လေးဘုံတို့၌ တစ်ဘုံတစ်ဘုံလျှင် ဒုဂ္ဂတိအဟိတ် ပုထုဇဉ် တစ်ယောက်စီသာရသောကြောင့် ပုဂ္ဂိုလ်လေးယောက်ရ၏။

လူ့ဘုံ၊ စတုမဟာရာဇ်နတ်ဘုံ – ဤနှစ်ဘုံတို့၌ (ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ကိုကြဉ်၍) ကျန် ပုဂ္ဂိုလ် တစ်ကျိပ်တစ်ယောက်စီ ရသောကြောင့် ၂ ဘုံသော် ၂၂ ယောက်ရ၏။

အပါယ်လေးဘုံက လေးယောက်နှင့်ပေါင်းသော် ... ၂၆ ယောက် တစ်စုမှတ်ထား။

http://www.thitsarparamisociety.com/


(ခ) သောတဒွါရဝီထိ

ဤသောတဒွါရဝီထိကိုလည်း စက္ခုဒွါရဝီထိကဲ့သို့ပင် ၁၆ မျိုးချရာ၏။ အထူးအားဖြင့် အာရုံမှာသာ ပစ္စုပ္ပန်ရူပါရုံအစား ပစ္စုပ္ပန်သဒ္ဒါရုံဟု ပြောင်း၍မှတ်ရာ၏။ ။စက္ခုဝိညာဏ်နေရာ၌ သောတဝိညာဏ် ချရာ၏။ (ဤမျှသာ ထူး၏။ ကျန်အားလုံး စက္ခုဒွါရဝီထိနှင့် တူ၏။)

သောတဒွါရဝီထိ ၁၆ မျိုးပြီး၏။

(ဂ+ဃ+င) ဃာနဒွါရဝီထိ စသည် –

ဤဃာနဒွါရဝီထိ စသည်တို့ကိုလည်း စက္ခုဒွါရဝီထိနည်းတူ ၁၆ မျိုးစီ ချရာ၏။

အထူးအားဖြင့် ဤဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိတို့သည် ကာမဘုံ၌သာ ဖြစ်ကြကုန်၏။ ရူပဘုံ၌ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရတို့ မရှိသောကြောင့် ထိုဒွါရတို့ဖြစ်သော ဝီထိတို့ လုံးဝမဖြစ်ကုန်။ သို့ရကား ဤဃာနဒွါရဝီထိ စသည်တို့၌ အတိမဟန္တာရုံဝီထိ၊ မဟန္တာရုံဝီထိတို့ကပင်စ၍ ဘဝင်ကို ကာမဘဝင်သာလျှင် ချရာ၏။ စက္ခုဝိညာဏ်နေရာ၌ ဃာနဝိညာဏ် စသည် လွှဲပြောင်းဆို၍ ပစ္စုပ္ပန်ရူပါရုံနေရာ၌ ပစ္စုပ္ပန်ဂန္ဓာရုံ စသည်ကို ပြောင်း၍ ဆိုရာ၏။ ။ဤမျှသာ ထူးတော့၏။

ဤသို့လျှင် စက္ခုဒွါရဝီထိ ၁၆ မျိုး၊ သောတဒွါရဝီထိ စသည် ၁၆ မျိုးစီ ဖြစ်သောကြောင့် ပဉ္စဒွါရ ဝီထိပေါင်း (၁၆ ငါးလီ ၈၀) ရှစ်ဆယ်ဖြစ်၏။

ပဉ္စဒွါရဝီထိ ၈၀ ပြီး၏။

ပဉ္စဒွါရဝီထိဆိုင်ရာ ကျန်သော လက်ာတို့၏ အဓိပ္ပာယ်ကို သိပြီးပြီ။ မနောဒွါရဝီထိသို့ သွားကြစို့။

http://www.thitsarparamisociety.com/


## မနောဒွါရဝီထိ အခန်း

### ၂၈။ ဝိဘူလေးဖြာ၊ မနောဒွါ၊ လွန်စွာ အပြားများ။

မနောဒွါရဝီထိတို့၏ အာရုံသည် –

က။ အလွန်ထင်လင်းသော အတိဝိဘူတအာရုံ။

ခ။ ထင်လင်းသော ဝိဘူတအာရုံ။

ဂ။ မထင်လင်းသော အဝိဘူတအာရုံ။

ဃ။ အလွန် မထင်လွန်းသော အတိ အဝိဘူတာအာရုံ ဟူ၍ မူလ အားဖြင့် ၄ မျိုး ရှိ၏။ (ထိုသို့ ၄ မျိုး ပြားခြင်းမှာ ကာမဇောဝါရ မနော ဒွါရဝီထိ အတွက်သာဖြစ်၏။ အပ္ပနာဇောဝါရ မနောဒွါရဝီထိတို့၌ကား အာရုံက အလွန်ထင်လင်းမှသာ အပ္ပနာဇော ကျနိုင်သောကြောင့် ၄ မျိုး မပြားတော့။ အတိဝိဘူတအာရုံ တစ်မျိုးသာလျှင် ဖြစ်၏။ ဝီထိမှာလည်း အတိဝိဘူတာရုံ ဝီထိတစ်မျိုးသာ ဖြစ်လေတော့၏။)

### ၂၉။ တဒါ+ဇောနှင့်၊ ဝုဋ္ဌော+မောဃ၊ လေး–ဝါရ၊ ယှဉ်ကြ အစဉ်အား။

ဤ မနောဒွါရဝီထိတို့၌လည်း ပဉ္စဒွါရဝီထိတို့နည်းတူ (၁) တဒါ ရမ္မဏဝါရ၊ (၂) ဇဝနဝါရ၊ (၃) အာဝဇ္ဇနဝါရ၊ (၄) မောဃဝါရ ဟူ၍ ဝါရ ၄ ပါး ပြားသင့်၏။

ဤလက်ာ ၂ ပိုဒ်တို့အရ မူလအခြေခံ မနောဒွါရဝီထိ ၄ မျိုးကို အကြမ်းဖျင်း ချကြည့်လျှင် –

(က) အတိဝိဘူတာရုံဝီထိ (တဒါရမ္မဏဝါရ)

င် င် င် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် င် င် င် င် င် င်

(ခ) ဝိဘူတာရုံဝီထိပုံ (ဇဝနဝါရ)

င် င် င် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ င် င် င် င် င် င် င် င် င်

(ဂ) အဝိဘူတာရုံဝီထိပုံ (အာဝဇ္ဇနဝါရ)

င် င် င် န ဒ မ မ မ င် င် င် င် င် င် င် င် င် င် င် င် င် င်

http://www.thitsarparamisociety.com/


(ဃ) အတိ အဝိဘူတာရုံ ဝီထိပုံ (မောဃဝါရ)
င် င် င် င် င် န် န် င် င် င် င် င် င် င် င် င် င် င် င် င် င် င်
ဤကဲ့သို့ မနောဒွါရဝီထိပုံ ၄ မျိုး ထွက်လာ၏။

**၃၀။ ကာမဝါရာ၊ အပ္ပနာ၊ နှစ်ဖြာ အရင်းထား။**

မနောဒွါရဝီထိသည် (၁) ကာမဇော သက်သက်သာကျသော ကာမဇောဝါရ မနောဒွါရဝီထိ၊ (၂) ကာမဇောနောင် အပ္ပနာဇောဆက်၍ ကျသော အပ္ပနာဇောဝါရ မနောဒွါရဟူ၍ မူလအခြေခံအားဖြင့် ၂ ပါး အပြားရှိ၏။

**၃၁။ အနုဗန္ဓက၊ သုဒ္ဓိက၊ ကာမနှစ်ထွေပြား။**

ထို ၂ ပါးတို့တွင် ကာမဇောဝါရ မနောဒွါရဝီထိသည်လည်း (၁) အနုဗန္ဓက (နောက်လိုက်) မနောဒွါရဝီထိ၊ (၂) သုဒ္ဓိက (သက်သက်သော) မနောဒွါရဝီထိ ဟူ၍ ၂ ပါး အပြားရှိ၏။

**၃၂။အတိတ်+သမူဟ၊ အတ္ထဒြပ်၊ နာမ်ပညတ်၊ လေးရပ်နုဗန်ပွား။**

ထိုနှစ်ပါးတို့တွင် (ပဉ္စဒွါရဝီထိနောက်လိုက်ဖြစ်သော) အနုဗန္ဓက မနောဒွါရဝီထိသည်လည်း –

(က) အတိတ်အာရုံကို အာရုံယူသော အတီတဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ၊

(ခ) အပေါင်းသမူဟ ပညတ်အာရုံကို အာရုံယူသော သမူဟဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ၊

(ဂ) အနက်ဒြပ် သဏ္ဌာနပညတ်အာရုံကို အာရုံယူသော အတ္ထဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ၊

(ဃ) နာမပညတ်ကို အာရုံယူသော နာမဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ ဟူ၍ ၄ ပါး အပြားရှိပြန်၏။

ဤအနုဗန္ဓက မနောဒွါရဝီထိတို့သည် စက္ခုဒွါရဝီထိ၏ နောက်လိုက်

http://www.thitsarparamisociety.com/


အနုဗန္ဓက မနောဒွါရဝီထိ၊ သောတဒွါရဝီထိ၏ နောက်လိုက် အနုဗန္ဓက မနောဒွါရဝီထိ၊ ဃာနဒွါရဝီထိ၏ နောက်လိုက် အနုဗန္ဓက မနောဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၏နောက်လိုက် အနုဗန္ဓက မနောဒွါရဝီထိ၊ ကာယဒွါရဝီထိ၏ နောက်လိုက် အနုဗန္ဓက မနောဒွါရဝီထိ ဟူ၍ ၅ ပါး ပြားပြန်၏။

(ထို ၅ ပါးတို့တွင် စက္ခုဒွါရဝီထိ၏နောက်လိုက် အနုဗန္ဓကဝီထိကို သေချာစွာ လေ့လာပါက ကျန်အနုဗန္ဓကဝီထိတို့လည်း အလွယ်နှင့် သိသာလာလိမ့်မည်။ ထို့ကြောင့် စက္ခုဒွါရဝီထိ၏နောက်လိုက် အနုဗန္ဓက မနောဒွါရဝီထိတို့ကိုသာ အပြည့်အစုံ ဖော်ပြတော့မည်။) သတိရှိရှိဖြင့် မှတ်ပါလေ။

စက္ခုဒွါရဝီထိ၏ နောက်လိုက် အနုဗန္ဓက မနောဒွါရဝီထိသည် (၁) အတီတဂ္ဂဟဏဝီထိ၊ (၂) သမူဟဂ္ဂဟဏဝီထိ၊ (၃) အတ္ထဂ္ဂဟဏဝီထိ၊ (၄) နာမဂ္ဂဟဏဝီထိ ဟူ၍ ၄ ပါး အပြားရှိ၏။

အလွန်ထင်ရှားသိသာသော နွား၏ ပစ္စုပ္ပန် ရူပါရုံကို မြင်သည်မှ နွားဟူသော နာမပညတ်ကို သိသည်တိုင်အောင် ပဉ္စဒွါရဝီထိ၊ မနောဒွါရဝီထိတို့ ဖြစ်ဟန်အစဉ်ကား –

(၁) ရှေးဦးစွာ နွား၏ အလွန်ထင်ရှားသော ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၍ –

င် င် င် တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် င်

ဟု စက္ခုဒွါရ အတိမဟန္တာရုံ ဝီထိဖြစ်လေ၏။ (ဤဝီထိဖြင့် နွား၏ ပစ္စုပ္ပန် အဆင်းရူပါရုံကိုသာ မြင်လိုက်ရ၏။ နွားဟူသော အမည်ပညတ်ကို မသိသေး။)

(၁) အတီတဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

(၂) ထို့နောင် ချုပ်လေပြီးသော နွား၏အဆင်း (အတိတ် ရူပါရုံကို အာရုံပြု၍)

င် င် င် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် င် င် င် င် င်

ဟု အတီတဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ ဖြစ်၏။ (ဤဝီထိဖြင့်

http://www.thitsarparamisociety.com/



လည်း အတိတ်ဖြစ်သော နွား၏အဆင်းရူပါရုံကိုသာ သိသေး၏။ နွားဟူသော အမည်ပညတ်ကို မသိသေး။)

(၂) သမူဟဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

(၃) ထို့နောင် နွား၏အဆင်း ရူပါရုံ အပေါင်းတည်းဟူသော သမူဟ ပညတ်ကို အာရုံပြု၍ –

င် င် င် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ င် င် င် င် င် င် င် င်

ဟု သမူဟဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ ဖြစ်၏။ (ဤဝီထိဖြင့်လည်း နွား၏အဆင်းရူပါရုံ အပေါင်းတည်းဟူသော သမူဟ ပညတ်ကိုသာ သိသေး၏။ နွားဟူသော အမည်ပညတ်ကို မသိသေးချေ။)

(၃) အတ္ထဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

(၄) ထို့နောင် နွားပုံပန်းသဏ္ဌာန် ပညတ်ကို အာရုံပြု၍–

င် င် င် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ င် င် င် င် င် င် င် င်

ဟု အတ္ထဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ ဖြစ်၏။ (ဤဝီထိဖြင့်လည်း နွားပုံပန်းသဏ္ဌာန် ပညတ်ကိုသာ သိသေး၏။ နွားဟူသော အမည်ပညတ် ကို မသိသေးချေ။)

(၄) နာမဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

(၅) ထို့နောင် နွားဟူသော အမည် (နာမ) ပညတ်ကို အာရုံပြု၍–

င် င် င် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ င် င် င် င် င် င် င် င်

ဟု နာမဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ ဖြစ်လာ၏။ (ဤဝီထိသို့ ရောက်မှ နွားဟူသော အမည် (နာမ) ပညတ်ကို သိလေ၏။)

ဤသို့လျှင် နွား၏ ပစ္စုပ္ပန်ရူပါရုံကို မြင်သည်မှစ၍ နွားဟူသော အမည် (နာမ) ပညတ်ကို သိသည်တိုင်အောင် –

က။ စက္ခုဒွါရဝီထိ၊

ခ။ အတီတဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

ဂ။ သမူဟဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

ဃ။ အတ္ထဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ

http://www.thitsarparamisociety.com/



င။ နာမဂ္ဂဟဏ အနုဗန္ဓက မနောဒွါရဝီထိ –

ဟူ၍ ဝီထိ ၅ မျိုးတို့ ဖြစ်ကုန်၏။ (ဝါ–ဝီထိ ၅ မျိုးစုံမှ နွားဟူသော အမည် နာမပညတ်ကို သိရ၏။ သို့သော် ပရမတ္ထသဘောကို မသိသူတို့ကမူ နွားကို မြင်လျှင်မြင်ချင်း နွားဟူ၍သိ၏ဟု အောက်မေ့မှတ်ထင်ကြကုန်၏။

ဤစက္ခုဒွါရဝီထိနှင့် နောက်လိုက် အနုဗန္ဓကဝီထိတို့ကဲ့သို့ သောတ၊ သောတဒွါရဝီထိနှင့် နောက်လိုက် အနုဗန္ဓကဝီထိ စသည်တို့ကိုလည်း နည်းမှီး၍ ဆင်ခြင် သိရှိရာ၏။

အထူးအားဖြင့် –

(က) စာကလေး၏ ပစ္စုပ္ပန်အသံကို ကြားသည်မှ (စာကလေးသံ) ဟု သိသည်တိုင်အောင်၊

(ခ) စံပယ်နံ့ ပစ္စုပ္ပန်ကို နမ်းရသည်မှ စံပယ်နံ့ဟု သိသည်တိုင် အောင်၊

(ဂ) ရေတ်သီး အရသာ ပစ္စုပ္ပန်ကို လျက်ရသည်မှ (ရေတ်သီး အရ သာ ဟူသော နာမပညတ်ကို သိသည်တိုင်အောင်၊)

(ဃ) ကတ္တီပါ၏ ပစ္စုပ္ပန်အတွေ့မှ ကတ္တီပါ၏ အတွေ့ဟု သိသည် တိုင်အောင်

ဟူ၍ (မှတ်နိုင်ရုံ) ဥဒါဟရဏ်ထုတ်၍ ရေးနည်းအတိုင်း ဆို၍ကြည့် ပါလေ။

အနုဗန္ဓကဝီထိပေါင်း အမျိုး ၂၀ ရှိသည်ကိုလည်း သိရာ၏။

အနုဗန္ဓကဝီထိ အပြား ပြီး၏။

## ကာမဇောဝါရသုဒ္ဓိကဝီထိ

၃၃။ ဒိဋ္ဌ+သုတံ၊ ဝိညာတံ၊ သမ္မုန်ကိုယ်စီပွား။

၃၄။ ကာမနာမ်ရုပ်၊ မဟဂ္ဂုတ်၊ လောကုတ်ပညတ်ထား။

၃၅။ ပစ္စုပ်+တီတ၊ နာဂတ၊ ကာလဝိမုတ်ပွား။

http://www.thitsarparamisociety.com/



ပဉ္စဒွါရဝီထိ၏ နောက်လိုက်မဟုတ်ဘဲ သက်သက် သီးသန့်ဖြစ်သော ကာမာဇောဝါရ မနောဒွါရ ပိတိကို သုဒ္ဓိကမနောဒွါရဝီထိ ခေါ်၏။

ထိုသုဒ္ဓိကမနောဒွါရဝီထိ၏ အာရုံသည် ပစ္စုပ္ပန်+အတိတ်+အနာဂတ် ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေးပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်၊ ဤအာရုံ ၆ ပါးလုံးတို့ ပင် အာရုံဖြစ်နိုင်ကုန်၏။

ထိုအာရုံတို့ကို သဘောအားဖြင့် ခွဲဝေလျှင် –

၁။ ကိုယ်တိုင်တွေ့ဖူး မြင်ဖူးသော ဒိဋ္ဌအာရုံ၊

၂။ ကိုယ်တိုင်ကြားဖူးသော အသံ သဒ္ဒါရုံ–သုတအာရုံ။

၃။ ကိုယ်တိုင် (နမ်းဖူး+စားဖူး+တွေ့သိဖူး+သိဖူးသော) ဝိညာတ အာရုံ။

၄။ ဒိဋ္ဌအာရုံမှ ဆက်စပ်၍ သိရသော ဒိဋ္ဌသမ္ဗန္ဓအာရုံ၊

၅။ သုတအာရုံမှ ဆက်စပ်၍ သိရသော သုတသမ္ဗန္ဓအာရုံ၊

၆။ ဝိညာတအာရုံမှ ဆက်စပ်၍ သိရသော ဝိညာတသမ္ဗန္ဓအာရုံ ဟူ၍ ၆ ပါး အပြားရှိပြန်၏။

### ကာမဇောဝါရသုဒ္ဓိက မနောဒွါရဝီထိအပြား

**၃၆။ ဘဝင်နှစ်တန်၊ အာဝဇ္ဇန်၊ ကာမဇောသတ္တ။**

**၃၇။ တဒါဒွယ၊ ဘဝင်ကျ၊ များလှ နောက်လိုက်မှာ။**

**၃၈။ ဝါရလေးသွယ်၊ ဝေဖန်ခြယ်၊ ဝုဋ္ဌ်ဝယ်နှစ်သုံးသာ။**

ကာမသုဒ္ဓိက မနောဒွါရဝီထိသည် အတိဘူတာရုံဝီထိ+ဝိဘူတာရုံ ဝီထိ+အဝိဘူတာရုံဝီထိ+အတိအဝိဘူတာရုံဝီထိဟူ၍ ၄ မျိုးရှိ၏။ (ဝီထိပုံ ရေးက ချခဲ့ပြီ။)

**အထူးမှတ်ရန်မှာ** –

အတိဝိဘူတာရုံဝီထိမှာ တဒါရုံကျ မကျ ၂ မျိုးရှိ၏။ တဒါရုံကျလျှင်

http://www.thitsarparamisociety.com/



ကာမဘာဝင် ၁၀ ပါးချ၊ တဒါရုံမကျလျှင် ပဉ္စဝေါကာရဘာဝင် ၁၅ ပါးချ။ အာရုံမှာ ဆိုခဲ့ပြီးသော အာရုံ ၆ ပါးတို့ကို ထိုက်သည်အားလျော်စွာ ဆိုလေ။ ။ဝိဘူတာရုံမှာ ပဉ္စဒွါရတုန်းက မဟန္တာရုံနှင့် အလားတူ၏။ အဝိဘူတာရုံမှာ ပရိတ္တာရုံနှင့် အလားတူ၏။ အိပ်မက်မက်သောအခါ များသောအားဖြင့် အဝိဘူတာရုံ ဝီထိအဖြစ်များ၏။ ထိုအဝိဘူတာရုံ ဝီထိဖြင့် အိပ်မက်မက်လျှင် နိုးလာသောအခါ မြင်လိုက်ရသလို ကြားလိုက်ရသလို မသဲမကွဲသာ ပြောတတ်၏။ အတိဝိဘူတာရုံဝီထိ+ဝိဘူတာရုံ ဝီထိတို့ဖြင့် အိပ်မက်မက်လျှင်ကား နိုးသောအခါ အပြည့်အစုံ ပြန်၍ ပြောနိုင်၏။ ။(သင်္ဂြိုဟ်ကျမ်း၌ကား ဤ ကာမဇောဝါရ မနောဒွါရဝီထိကို တဒါရုံကျသည့် ဝိဘူတာရုံဝီထိ+တဒါရုံမကျ၊ ဇောတွင်သာ ဝီထိစိတ် ·သည့် အဝိဘူတာရုံဝီထိ ပေါင်း ၂ မျိုးကိုသာ မှတ်လွယ်ရုံ ပြဆို ၏။)။ ။ဤမနောဒွါရဝီထိတို့၏ အာရုံသည် ပစ္စုပ္ပန်သာ မဟုတ်၊ ဂ်တ်+အနာဂတ်+ကာလဝိမုတ် အာရုံတို့လည်း အာရုံဖြစ်ကြသော ကြောင့် ဝီထိ၌ အတီတဘာဝင်ကို သင်္ဂြိုဟ်ကျမ်း၌ ချ၍မပြ၊ လယ်တီ ဆရာတော်ဘုရားကလည်း ထို့အတူတည်း။

## ဝိပါကနိယာမ

နိယာမ ဆိုသည်ကား မှတ်ချက်စည်းမျဉ်းကို ခေါ်ဆို၏။ ဝိပါက်စိတ် ဖြစ်ပုံ၊ ချပုံကို မှတ်၍ပြသော စည်းကမ်း ဥပဒေသ စကားရပ်ကို ဝိပါက နိယာမ ခေါ်၏။ ဇောဖြစ်ပုံ၊ ချပုံကို မှတ်၍ပြသော စည်းကမ်းဥပဒေသ စကားရပ်ကို ဇဝန နိယာမ ဟု ခေါ်၏။

**၃၉။ ဣဋ္ဌာရုံတွင်၊ ကုဝိ ယှဉ်၊ တိတွင် သောမနဿ။**

**၄၀။ အနိဋ္ဌာပြီ၊ အကုဝိ၊ ကြိလည်း ဝိနှယ်တပ်။**

**၄၁။ ဒေါနောက်မှာမူ၊ တဒါ+ဘာဝင်၊ သော+မယှဉ်၊ ဥလျှင် အမြဲမှတ်။**

http://www.thitsarparamisociety.com/


ဆိုခဲ့ပြီးသော ပဉ္စဒွါရဝီထိ၊ မနောဒွါရ ဝီထိတို့၌ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း+သန္တီရဏ+တဒါရုံဟူ၍ ဝိပါက်စိတ် ၄ မျိုးတို့ပါရှိရာ –

(က) အာရုံက အနိဋ္ဌအာရုံဖြစ်လျှင် အကုသလဝိပါက်ပဉ္စဝိညာဏ်+အကုသလဝိပါက် သမ္ပဋိစ္ဆိုင်းတို့ကို ချရာ၏။

(ခ) အာရုံက ဣဋ္ဌအာရုံဖြစ်လျှင် ကုသလဝိပါက် ပဉ္စဝိညာဏ်+ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းတို့ကို ချရာ၏။ ။ (ဤ၌ ဣဋ္ဌအာရုံ ဆိုသည်မှာ ဣဋ္ဌမဇ္ဈတ္တအာရုံ+အတိဣဋ္ဌအာရုံ ၂ ပါးလုံးကိုပင် ဆိုလို၏။)

၊ အာရုံက အနိဋ္ဌအာရုံဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ+အကုသလဝိပါက် ဥပေက္ခာ တဒါရုံတို့ကို ချရာ၏။

။ အာရုံက ဣဋ္ဌမဇ္ဈတ္တအာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ+ကုသလဝိပါက် ဥပေက္ခာ တဒါရုံ ၅ ပါးတို့ကို ချရာ၏။

၊။ အာရုံက အတိဣဋ္ဌအာရုံဖြစ်လျှင် ကုသလဝိပါက် သောမနဿ သန္တီရဏနှင့် ကုသလဝိပါက် သောမနဿ တဒါရုံ ၅ ပါးတို့ကို ချရာ၏။

သာမညအားဖြင့် အာရုံက အနိဋ္ဌအာရုံဖြစ်လျှင် ရဟန္တာသန္တာန်၌ ကြိယာ ဥပေက္ခာသဟဂုတ်ဇော ဇောတတ်၏။ အာရုံက ဣဋ္ဌအာရုံဖြစ်လျှင် ရဟန္တာသန္တာန်၌ ကြိယာသောမနဿ သဟဂုတ်ဇော ဇောတတ်၏။ (ဤကား သာမညကို ရည်၍ ဆိုခြင်းဖြစ်သည်။) ဝိသေသအားဖြင့်ကား ဘုရား+ရဟန္တာတို့သည် အနိဋ္ဌအာရုံကို အာရုံပြု၍လည်း ပြုံးနိုင်ရွှင်နိုင်ရကား သောမနဿကြိယာဇော အနိဋ္ဌအာရုံ၌လည်း ဇောတတ်၏ဟု အထူးမှတ်ရာ၏။

ဒေါသမူဇော၏နောက်၌ တဒါရုံကျလျှင် သောမနဿတဒါရုံ မကျနိုင်။ အာရုံက အခြေအနေပေးလျှင် ဥပေက္ခာတဒါရုံသာ ကျရ၏။ ၎င်း ဒေါသဇောနောက်၌ ဘဝင်ကျလျှင်လည်း သောမနဿသဟဂုတ် ဘဝင်

http://www.thitsarparamisociety.com/


မကျနိုင်၊ ဥပေက္ခာသဟဂုတ် ဘဝင်သာလျှင် ကျနိုင်၏။ (နောက်၌ ထို သဘောထင်ရှားလတ္တံ့)။ ။ ဒေါသမူဇော၌ ဝေဒနာကား ဒေါမနဿ ဝေဒနာဖြစ်သည်။ သောမနဿ တဒါရုံ+ဘဝင်တို့၏ ဝေဒနာကား သောမနဿ ဝေဒနာဖြစ်သည်။ ထိုဝေဒနာ ၂ ပါးတို့သည် ဆန့်ကျင်ဘက် ဖြစ်ကြသောကြောင့် ဒေါသဇော၏ အခြားမဲ့၌ သောမနဿတဒါရုံ+ သောမနဿဘဝင်တို့ မကျနိုင်၊ အခြေအနေအရ ဥပေက္ခာတဒါရုံ+ ဥပေက္ခာဘဝင်တို့သာ ကျနိုင်သည်ဟု ဆိုလို၏။

## ၄၂။ သော–ပုဂ္ဂလ၊ ဇော ဝါရ၊ ဒေါမှ နောက် ဥ–အာ။

သောမနဿ သဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေသော ကာမပုဂ္ဂိုလ်အား ဒေါသဇော ဝီထိဝါရ၏ နောက်၌ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုက ဘဝင်ကိစ္စတပ်၍ ဖြစ်တတ်၏။ (နောက်၌ ထင်ရှားလတ္တံ့။)

## ၄၃။ တိက္ကန္ဒတစ်ရပ်၊ မဟဂ္ဂတ်နှင့်၊ ပညတ်တဝ၊ ဒေါဇောကျ၊ ဒေါမှ နောက် ဥ–အာ။

သောမနဿ သဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေသော ကာမပုဂ္ဂိုလ်သည်

က။ အတိက္ကန္ဒ ကာမအာရုံကို အာရုံပြု၍ ဒေါသဇော ဇောလျှင် လည်းကောင်း။

ခ။ မဟဂ္ဂုတ်အာရုံကို အာရုံပြု၍ ဒေါသဇော ဇောလျှင်လည်း ကောင်း။

ဂ။ ပညတ်အာရုံကို အာရုံပြု၍ ဒေါသဇောဇောလျှင်လည်းကောင်း။

ထိုဒေါသဇော၏နောက်၌ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုကဘဝင် ကိစ္စတပ်၍ ဖြစ်ရ၏။

ထိုပုဂ္ဂိုလ်အား –

(က) အတိက္ကန္ဒကာမအာရုံကို အာရုံပြု၍ ဒေါသဇော ဇောရာ၌ ထို ဒေါသဇောနောင် (၁) ဇောကိုင့်၍ ဥပေက္ခာတဒါရုံ ချရန်မှာလည်း အတိ က္ကန္ဒအာရုံနှင့် ဆန့်ကျင်သောကြောင့် မချင်သင့်၊ မချနိုင်၊ မကျသင့်၊ မကျ

http://www.thitsarparamisociety.com/


နိုင်။ (၂) အတိက္ကန္တအာရုံသို့လိုက်၍ **သောမနဿ** တဒါရုံချရန် ကျရန်မှာလည်း ဒေါသဇောနှင့် ဝေဒနာချင်း ဆန့်ကျင်သောကြောင့် မချနိုင်၊ မကျနိုင်။ (၃) **မူလသော မနဿ** ဘဝင်ကျရန်မှာလည်း ဒေါသဇောနှင့် ဝေဒနာချင်း ဆန့်ကျင်သောကြောင့် မချနိုင်၊ မကျနိုင်။ ထိုအခါ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် (ရှေးကလေ့ကျက်ခဲ့ဖူးသော ထိုအချိန်၌ မနောဒွါရဝယ် ထင်လာသော ကာမအာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍) အာဂန္တုက ဘဝင်ကိစ္စ တစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်မှ မူလ သောမနဿဘဝင် ဆက်၍ကျလေ၏။

(ခ) မဟဂ္ဂုတ်အာရုံကို အာရုံပြု၍ ဒေါသဇောစောရာ၌ ထိုဒေါသဇောနောင် –

(၁) ကာမအာရုံ မဟုတ်သောကြောင့် တဒါရုံလည်း မကျသင့်။

(၂) ဒေါသဇောနှင့် ဝေဒနာချင်း ဆန့်ကျင်သောကြောင့် မူလသောမနဿဘဝင်လည်း မကျသင့်။ ထိုအခါ ရှေးနည်းအတိုင်း ဥပေက္ခာ သဟဂုတ် သန္တီရဏ အာဂန္တုက ဘဝင်စိတ်ဖြစ်ရ၏။

(ဂ) ပညတ်အာရုံကို အာရုံပြု၍ ဒေါသဇော စောရာ၌လည်း ထို့အတူပင်တည်း။

ဝီထိချလျှင်ကား –

အတိက္ကန္တ ပဉ္စဒွါရ ရူပါရုံကို အာရုံပြု၍ သော–ပုဂ္ဂလအား ဒေါသဇော စောရာ ထိုဇောနောင် အာဂန္တုက ဘဝင်ကျသော စက္ခုဒွါရ အတိမဟန္တာရုံဝီထိ ...

င် င် င် တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ (အာ) င် င် င်

(က) အတိက္ကန္တ ကာမအာရုံကို အာရုံပြု၍ သော–ပုဂ္ဂလအား ဒေါဇော စောရာ ထိုဇောနောင် အာဂန္တုက ဘဝင်ကျသော မနောဒွါရ ဝီထိပုံ –

င် င် င် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ (အာ) င် င် င် င် င် င်

(ခ) မဟဂ္ဂုတ်အာရုံ (ဂ) ပညတ်အာရုံကို အာရုံပြု၍သော ပုဂ္ဂလအား ဒေါသဇော ဇောရာ ထိုဇောနှောင် အာဂန္တုကဘဝင်ကျသော မနောဒွါရဝီထိတို့လည်း ထိုနည်းအတူပင် ဖြစ်ကုန်၏။

အာဂန္တုက ဘဝင်အကြောင်း ပြီး၏။

**၄၄။ ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်စုံ၊ တဒါ ရုံ၏ အခွင့်တည်း။**

ပုဂ္ဂိုလ်ကလည်း ကာမပုဂ္ဂိုလ်ဖြစ်ခြင်း ဇောကလည်း ကာမဇော နှောင်ဖြစ်ခြင်း၊ အာရုံကလည်း ကာမအာရုံဖြစ်ခြင်း၊ ဤအင်္ဂါ ၃ ပါးပြည့်စုံမှ တဒါရုံဖြစ်နိုင်၏။ တစ်ပါးတစ်ပါး ချို့တဲ့နေလျှင် တဒါရုံ မဖြစ်နိုင်။

ဝိပါက နိယာမ ပြီး၏။

## ကာမဇောဝါရ နိယာမ

**၄၅။ အရိုးသတ်+ဆ၊ အားနည်းလှ၊ ပဉ္စအကြိမ်သာ။**

ကာမဇောတို့သည် ပကတိအခါ ၇ ကြိမ်သော်လည်းကောင်း၊ ၆ ကြိမ်သော်လည်းကောင်း ဇောကုန် ဖြစ်ကုန်၏။ သေခါနီးအခါ မေ့မောမျောသွားသောအခါ စသည်တို့၌ မှီရာ ဟဒယဝတ္ထုရုပ် အားနည်းလှသော ကြောင့် ၅ ကြိမ်သာ ဇောကုန်၏။

**၄၆။ ဝသီခေါင်ဖျား၊ ဈာန်နှင့်ပြား၊ လေး+ငါးနှစ် ထွေလာ။**

မြတ်စွာဘုရား ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူသောအခါ စသည်တို့၌ ဝသီဘော်အတွက် အထွတ်အထိပ်သို့ ရောက်သော ဈာန်ရှင် ဖြစ်တော်မူသောကြောင့် ပစ္စဝေက္ခဏာ ကာမဇော၊ အဘိဉာာန်ကာမဇောတို့သည် ၄ ကြိမ်+၅ ကြိမ် ဇောကုန်၏။ (ဤ၌ မြတ်စွာဘုရားမှာ ၄ ကြိမ်၊ အရှင်မောဂ္ဂလာန် စသည်တို့မှာ ၅ ကြိမ် ဇောကုန်၏ဟု အထူးမှတ်ယူရာ၏။)

ကာမဇောဝါရ နိယာမ ပြီး၏။

http://www.thitsarparamisociety.com/


## အပ္ပနာဇောဝါရ မနောဒွါရဝီထိ

**၄၇။ ကာမရှစ်တန်၊ ကု+ကြိ–ဉာဏ်၊ သုံးတန်+လေးကြိမ်သာ။**

အပ္ပနာဇောဝါရ မနောဒွါရ ဝီထိ၌ ဘဝင်+ဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း စိတ်တို့ ဖြစ်ပြီးနောက် (တိဟိတ်ပုထုဇဉ်+သေက္ခပုဂ္ဂိုလ်တို့အား မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါးတို့တွင် တစ်ပါးပါး၊ ရဟန္တာပုဂ္ဂိုလ်တို့အား မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးပါးတို့တွင် တစ်ပါးပါးသည်) တိက္ခပညပုဂ္ဂိုလ်ဖြစ်လျှင် (ဥ)ဥပစာ+(နု) အနုလုံ+(ဂေါ)ဂေါတြဘူ ဟူ၍ ၃ ကြိမ်၊ မန္ဒပညပုဂ္ဂိုလ်ဖြစ်လျှင် (ပ) ပရိကံ+(ဥ)ဥပစာ+ (နု)အနုလုံ+(ဂေါ) ဂေါတြဘူ ဟူ၍ ၄ ကြိမ် ဥပစာရသမာဓိဇောတို့ ဖြစ်ကုန်၏။

**၄၈။ လေး+ငါးကြိမ်မြောက်၊ ပနာရောက်၊ ထို့နောက်တီတွင်သာ။**

ထို့နောင် တိက္ခပညပုဂ္ဂိုလ်အား ၄ ကြိမ်မြောက်၌ အပ္ပနာဇောတို့ ထိုက်သည်အားလျော်စွာ စောကုန်၏။ မန္ဒပညပုဂ္ဂိုလ်အား ၅ ကြိမ်မြောက်၌ အပ္ပနာဇောတို့ ထိုက်သည်အားလျော်စွာ စောကုန်၏။ ။ အပ္ပနာဇော ဆုံးသောအခါ တိဟိတ်ဘဝင်တို့ ထိုက်သည်အားလျော်စွာ ကျကုန်၏။ ဤလက္ခဏာ ၂ ပုဒ်အရ အကြမ်းဖျင်း အပ္ပနာဝီထိပုံ –

(တိက္ခပညာ) င် င် န ဒ မ ဥ နု ဂေါ (အပ္ပနာဇော) င် င် င်

(မန္ဒပညာ) င် င် န ဒ မ ပ ဥ နု ဂေါ (အပ္ပနာဇော) င် င်

(ဤ ၂ ဝီထိကို အခြေခံ အကြမ်းဖျင်း မြင်ထားပါစေ အပ္ပနာဇောနေရာမှ ထိုက်သည်အားလျော်စွာ အပ္ပနာဝီထိတို့ကို ပွား၍ယူရပါမည်)

**၄၉။ သော–မှာ သောချင်၊ ဥ–ဥချင်း၊ ယှဉ်လျှင်းကာ+ပနာ။**

**၅၀။ ကု+ကု၊ ဖိုလ်သုံး၊ ကြိ–ကြိရုံး၊ ထက်ဆုံး ဖိုလ်အပါ။**

(ဥပစာရသမာဓိကာမဇောနှင့် အပ္ပနာဇောမှတ်တမ်း)

http://www.thitsarparamisociety.com/


(က) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်+မဟာကြိယာ ဥပစာရသမာဓိဇော ၄ ခုတို့နောင် မဟဂ္ဂုတ်သောမနဿသဟဂုတ်ဇော ၈ ပါး၊ လောကုတ္တရာ သောမနဿသဟဂုတ်ဇော ၃၂ ပါး၊ ဤ ၄၀ သော အပ္ပနာဇောတို့ စောကုန်၏။

(ခ) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် မဟာကြိယာ ဥပစာရသမာဓိ ဇော ၄ ခုတို့နောင် မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ်ဇော ၁၀ ပါး၊ လောကုတ္တရာ ဥပေက္ခာသဟဂုတ်ဇော ၈ ပါး၊ ဤ ၁၈ ပါးသော အပ္ပနာဇောတို့ စောကုန်၏။ ။(သောမှာ သောချင်း ဥ+ဥချင်း၊ ယှဉ်လျှင်းကာ+ပနာ။)

(ဂ) မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပစာရ သမာဓိဇော ၄ ပါးတို့နောင် မဟဂ္ဂုတ် ကုသိုလ်ဇော ၉ ပါး၊ မဂ်ဇော ၂၀၊ အောက်ဖိုလ် ၃ ခု၊ ဇော ၁၅ ပါး၊ ဤ ၄၄ ပါးသော အပ္ပနာဇောတို့ စောကုန်၏။

(ဃ) မဟာကြိယာဉာဏသမ္ပယုတ်ဥပစာရသမာဓိဇော ၄ ပါးတို့နောင် မဟဂ္ဂုတ်ကြိယာဇော ၉ ပါး၊ အရဟတ္တဖိုလ်ဇော ၅ ပါး၊ ဤ ၁၄ ပါးသော အပ္ပနာဇောတို့ စောကုန်၏။ (ကု–ကု+ဖိုလ်သုံး၊ ကြိ–ကြိရုံး၊ ထက်ဆုံး ဖိုလ်အပါ။)

(ဤစကားကြီး ၄ ခွန်းတို့ကား အလွန် အဖိုးတန်လှပါဘိ၏။ အထပ်ထပ်ဆိုပါ။ ထိုသို့ဆို၍ ကျေလည်သောအခါ ဤဆိုလတ္တံ့သော လေးနက်သည့် နိယမ မှတ်တမ်းကို အလွယ်နှင့်သိ၍ လာပါလိမ့်မည်။)

**၅၁။ သော–ကု နောင်ဖြစ်၊ သုံးဆယ့်နှစ်၊ ဆယ့်နှစ်–ဥ–ကုမှာ။**

(၁) မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿသဟဂုတ် ဥပစာရ သမာဓိဇော ၂ ပါးတို့နောင် မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄ ပါး၊ မဂ် သောမနဿသဟဂုတ်ဇော ၁၆ ပါး၊ အောက်ဖိုလ် သောမနဿသဟဂုတ်ဇော ၁၂ ပါး၊ ဤ ၃၂ ပါးသော အပ္ပနာဇောတို့ စောကုန်၏။

http://www.thitsarparamisociety.com/


(၂) မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ် ဥပစာရ သမာဓိဇော ၂ ပါးတို့နောင် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော ၅ ပါး၊ မဂ် ဥပေက္ခာသဟဂုတ်ဇော ၄ ပါး၊ အောက်ဖိုလ်ဥပေက္ခာသဟ ဂုတ်ဇော ၃ ပါး၊ ဤ ၁၂ ပါးသော အပ္ပနာဇောတို့ ဇောကုန်၏။

**၅၂။ သောကြိနောင်ရှစ်၊ ဥကြိနှစ်၊ နောက်ဖြစ် ခြောက်ပနာ။**

(၃) မဟာကြိယာဉာဏသမ္ပယုတ် သောမနဿသဟဂုတ် ဥပစာရ သမာဓိဇော ၂ ပါးတို့နောင် မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ဇော ၄ ပါး၊ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော ၄ ပါး၊ ဤ ၈ ပါးသော အပ္ပနာဇောတို့ ဇောကုန်၏။

(၄) မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ် ဥပစာရ သမာဓိဇော ၂ ပါးတို့နောင် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော ၅ ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၁ ပါး၊ ဤ ၆ ပါးသော အပ္ပနာဇောတို့ ဇောကုန်၏။

## ကာမဇော (နှင့်) အပ္ပနာဇော ရှေ့နောက်တွဲစပ်ပုံ

**၅၃။ အာဒိကမ္မ၊ မဂ်+ဘိညာ၊ ရောဓ ဆုံးဇော။**

အာဒိကမ္မိက ဈာနဝီထိ၌ ဆိုင်ရာဈာန်ဇောတို့သည် တစ်ကြိမ်သာ ဇောကုန်၏။

မဂ္ဂဝီထိ၌ ဆိုင်ရာမဂ်ဇောတို့သည် တစ်ကြိမ်သာ ဇောကုန်၏။

အဘိညာဝီထိ၌ဆိုင်ရာ အဘိညာဏ်ဇောတို့သည် တစ်ကြိမ်သာဇောကုန်၏။

နိရောဓသမာပတ္တိဝီထိ၌ နိရောဓ၏ အဆုံးငယ် အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော တစ်ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇော တစ်ကြိမ်သာ ဇောကုန်၏။

**၅၄။ မဂ်နောင်ဖိုလ်လေး၊ နှစ်သုံး ရေး၊ နိရှေးနေ နှစ်သာ။**

မဂ္ဂဝီထိ၌ မဂ်ဇော တစ်ကြိမ်ဇောပြီးနောက် ဆိုင်ရာဖိုလ်ဇောတို့သည်

http://www.thitsarparamisociety.com/


မနုဿပညာပုဂ္ဂိုလ်အား ၂ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ၃ ကြိမ်စောကုန်၏။

နိရောဓသမာပတ္တိဝီထိ၌ နိရောဓ၏ရှေ့ဝယ် နေဝသညာ နာသညာ ယတနဈာန်ဇောတို့ နှစ်ကြိမ်သာ စောကုန်၏။

## ၅၅။ ဆိုပြီးသည့်မှ ကြွင်းသမျှ၊ များလှကြိမ်ပနာ။

ဆိုခဲ့ပြီးသော (အာဒိကမ္မိက ဈာနဝီထိ၊ မဂ္ဂဝီထိ၊ အဘိညာဝီထိ၊ နိရောဓသမာပတ္တိဝီထိ) တို့မှ ကြွင်းသော ဈာနသမာပတ္တိဝီထိ၊ ဖလသမာပတ်ဝီထိတို့၌ ဆိုင်ရာ ဈာန်ဇော၊ ဆိုင်ရာ ဖိုလ်ဇောတို့သည် အကြိမ်များစွာ စောကုန်၏။

အပ္ပနာဇောဝါရ နိယမ ပြီး၏။

## အပ္ပနာဇောဝါရ ဝီထိများ

အပ္ပနာဇောဝါရ မနောဒွါရဝီထိသည် –

၁။ အာဒိကမ္မိက ဈာနဝီထိ၊

၂။ ဈာနသမာပတ္တိဝီထိ၊

၃။ အဘိညာဝီထိ၊

၄။ မဂ္ဂဝီထိ၊

၅။ ဖလသမာပတ္တိဝီထိ၊

၆။ နိရောဓသမာပတ္တိဝီထိ

ဟူ၍ ၆ မျိုး အပြား ရှိ၏။

၁။ အာဒိကမ္မိက ဈာနဝီထိနှင့် ၂။ ဈာနသမာပတ္တိဝီထိ၊

ထို ၆ မျိုးတို့တွင် အာဒိကမ္မိက ဈာနဝီထိသည်လည်း ပထမ ဈာန အာဒိကမ္မိကဝီထိ၊ ဒုတိယဈာန အာဒိကမ္မိကဝီထိ၊ တတိယဈာန အာဒိကမ္မိကဝီထိ၊ စတုတ္ထဈာန အာဒိကမ္မိကဝီထိ၊ ပဥ္စမဈာန အာဒိကမ္မိက ဝီထိ၊ အာကာသာနဉ္စာယတန အာဒိကမ္မိက ဈာနဝီထိ၊ ဝိညာဏဉ္စာယတန အာဒိကမ္မိကဈာနဝီထိ၊ အာကိဉ္စညာယတန အာဒိကမ္မိက ဈာနဝီထိ၊

http://www.thitsarparamisociety.com/



နေဝသညာ နာသညာယတန အာဒိကမ္မိက ဈာနဝီထိဟူ၍ ၉ ပါး အပြား ရှိ၏။

ဈာန သမာပတ္တိ ဝီထိသည်လည်း ပထမ ဈာနသမာပတ္တိဝီထိ၊ ဒုတိယ ဈာနသမာပတ္တိဝီထိ၊ တတိယ ဈာနသမာပတ္တိဝီထိ၊ စတုတ္ထ ဈာနသမာပတ္တိဝီထိ၊ ပဉ္စမ ဈာနသမာပတ္တိဝီထိ၊ အာကာသာနဉ္စာယတန ဈာနသမာပတ္တိဝီထိ၊ ဝိညာဏဉ္စာယတန ဈာန သမာပတ္တိဝီထိ၊ အာကိဉ္စညာယတန ဈာန သမာပတ္တိဝီထိ၊ နေဝသညာ နာသညာယတနဈာန သမာပတ္တိဝီထိဟူ၍ ၉ ပါး အပြား ရှိ၏။

ထို ၉ ပါးတို့တွင် ပထမဈာနအာဒိကမ္မိက ဝီထိသည်လည်း (၁) မန္ဒပညပုဂ္ဂိုလ်၏ ပထမဈာန အာဒိကမ္မိကဝီထိ၊ (၂) တိက္ခပညပုဂ္ဂိုလ်၏ ပထမ ဈာန အာဒိကမ္မိကဝီထိ ဟူ၍ ၂ ပါး အပြားရှိ၏။

(၁) ထိုနှစ်ပါးတို့တွင် မန္ဒပညပုဂ္ဂိုလ်၏ ပထမ ဈာနအာဒိကမ္မိက ဝီထိဖြစ်ဟန်ကား ဘဝင်၊ ဘဝင်+ဘဝင်+ဘဝင်္ဂစလန+ဘဝင်္ဂုပစ္ဆေဒ+မနောဒွါရာဝဇ္ဇန်း+ပရိကံ+ဥပစာ+အနုလုံ+ဂေါတြဘူ+အာဒိကမ္မိက ပထမ ဈာန်ဇောတစ်ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ။ ဝီထိပုံကား -

င် င် င် န ဒ မ ပ ဥ နု ဂေါ ဈာန် င် င် င်

(၂) တိက္ခပညပုဂ္ဂိုလ်၏ ပထမဈာန အာဒိကမ္မိကဝီထိ ဖြစ်ဟန်ကား ... ဘဝင်+ဘဝင်+ဘဝင်+ဘဝင်္ဂစလန+ဘဝင်္ဂုပစ္ဆေဒ+မနောဒွါရာဝဇ္ဇန်း+ဥပစာ+အနုလုံ+ဂေါတြဘူ+အာဒိကမ္မိက ပထမဈာန်ဇော တစ်ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ။ ဝီထိပုံကား -

င် င် င် န ဒ မ ဥ နု ဂေါ ဈာန် င် င် င် င် င် င် င်

(ဤဝီထိတို့၌ ရှေ့နောက်ဘဝင်တို့သည် ကာမတိဟိတ်ဘဝင် ၄ ပါး တို့တည်း။ အာရုံမှာ ကံ+ကမ္မနိမိတ်+ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါး၊ ပ+ဥ+နု+ဂေါတို့မှာ မဟာကုသိုလ် မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဇော ၄ ခုတို့တွင် တစ်ပါးပါးချ၊ အာရုံမှာ ပထဝီကသိုဏ်း စသော ပညတ် ပဋိဘာဂ နိမိတ် မျှောရုံကို အာရုံပြု။ ဈာန်

http://www.thitsarparamisociety.com/



ဇောမှာ–တိဟိတ်ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၌ ပထမဈာန် ကုသိုလ်ဇော၊ ရဟန္တာ ပုဂ္ဂိုလ်၌ ပထမဈာန်ကြိယာဇော ချ၊ အာရုံမှာ ပ+ဥ+နု+ဂေါတို့နှင့် တူ၏။ ဆိုရိုးကြည့်လေ။)

## ပထမဈာန သမာပတ္တိဝီထိ ၂ ပါး

(မန္ဒ) င် င် င် န ဒ မ ပ ဥ နု ဂေါ ဈာန် (အကြိမ်များစွာ) င် င် င်

(တိက္ခ) င် င် င် န ဒ မ ဥ နု ဂေါ ဈာန် (အကြိမ်များစွာ) င် င် င် င်

(ဤဝီထိတို့၌ ရှေ့နောက်ဘဝင်တို့မှာ ပဥ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခုကို ချ၊ အာရုံစသည် အကြွင်း ရှေးနည်းတူပြီ။)

(ကြွင်းသော အာဒိကမ္မိကဈာနဝီထိ၊ ဈာနသမာပတ္တိ ဝီထိတို့မှာလည်း ၂ မျိုးစီ ၂ မျိုးစီ မိမိတို့ ဈာန်ကို ထည့်၍ မှတ်ယူရာ၏။ ပုံမှာတူပြီ)

ဤသို့လျှင် အာဒိကမ္မိက ဈာနဝီထိတို့မှာ ဈာန် ၉ ပါးကိုလည်း ကုသိုလ်+ကြိယာ ၂ ပါးဖြင့်မြှောက်၊ ၁၈ ဖြစ်၏။ ၎င်းကို တည်၊ မန္ဒ+ တိက္ခ ၂ ပါးဖြင့် မြှောက်၊ ၆ ဝီထိဖြစ်၏။ ဈာနသမာပတ္တိဝီထိတို့လည်း ထို့အတူပင် ၃၆ ဝီထိဖြစ်၏။ ။ ဆိုရိုးစသည်ကို ဝီထိလက်ရိုးကျမ်း စသည်ကို ကြည့်၍ မှတ်ရာ၏။

အာဒိကမ္မိကဈာန ဝီထိ၊ ဈာနသမာပတ္တိဝီထိတို့ ပြီး၏။

## ၃။ အဘိညာဝီထိအပြား

အဘိညာဝီထိသည် ဣဒ္ဓိဝိဓ အဘိညာဝီထိ၊ ဒိဗ္ဗစက္ခုအဘိညာဝီထိ၊ ဒိဗ္ဗသောတအဘိညာဝီထိ၊ စေတောပရိယအဘိညာဝီထိ၊ ပုဗ္ဗေနိဝါသ နုဿတိ အဘိညာဝီထိ၊ ယထာကမ္မုပဂအဘိညာဝီထိ၊ အနာဂတံသ အဘိညာဝီထိဟူ၍ ၇ မျိုး အပြားရှိ၏။ ထို ၇ မျိုးတို့တွင် တစ်ပါးတစ်ပါး လျှင် မန္ဒပည+တိက္ခပည ပုဂ္ဂိုလ် ၂ ပါးဖြင့် မြှောက်ပွားက ၁၄ ပါးဖြစ်၏။ ဝီထိပုံအချုပ်မှာ –

http://www.thitsarparamisociety.com/



(မန္ဒ) င် င် န ဒ မ ပ ဥ နု ဂေါ အဘိညာ င် င် င် င် င် င် င်

(တိက္ခ) င် င် င် န ဒ မ ဥ နု ဂေါ အဘိညာ င် င် င် င် င် င် င်

(မိမိရပြီးသော မဟဂ္ဂုတ်ဈာန်တို့ကို ၁၄ ပါးသော အခြင်းအရာဖြင့် ပွားများလေ့လာဖန်များလတ်သော် မိမိရထားသော ရူပပဉ္စမဈာန်သည် အဘိညာဏ်ကိစ္စတပ်၍ ဖြစ်လာ၏။ ထိုအခါ ဣဒ္ဓိဝိဓ စသည် ပွားများလာ၏။)

အဘိညာဝီထိအကျဉ်းပြီး၏။

## ၄။ မဂ္ဂဝီထိ

မဂ္ဂဝီထိသည် သောတာပတ္တိမဂ္ဂဝီထိ၊ သကဒါဂါမိ မဂ္ဂဝီထိ၊ အနာဂါမိ မဂ္ဂဝီထိ၊ အရဟတ္တမဂ္ဂဝီထိဟူ၍ ၄ ပါး အပြားရှိ၏။ ထိုတွင် သောတာပတ္တိမဂ္ဂဝီထိသည်လည်း မန္ဒပညပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ၊ တိက္ခပည ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ဟူ၍ ၂ ပါးအပြားရှိ၏။ ထိုတွင်–

မန္ဒပညပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ဖြစ်ဟန်ကား ဘဝင်+ဘဝင် +ဘဝင်္ဂစလန+ဘဝင်္ဂုပစ္ဆေဒ+မနောဒွါရာဝဇ္ဇန်း+ပရိကံ+ဥပစာ+အနုလုံ+ ဂေါတြဘူ+သောတာပတ္တိမဂ်ဇောတစ်ကြိမ်၊ သောတာပတ္တိဖိုလ်ဇော ၂ ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ။ ဝီထိပုံကား –

(မန္ဒ) င် င် န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် င် င် င် င် င်

တိက္ခပည ပုဂ္ဂိုလ်၏ သောတာပတ္တိ မဂ္ဂဝီထိ ဖြစ်ဟန်ကား ... ဘဝင်+ဘဝင်+ဘဝင်+ဘဝင်္ဂစလန+ဘဝင်္ဂုပစ္ဆေဒ+မနောဒွါရာဝဇ္ဇန်း+ဥပစာ +အနုလုံ+ဂေါတြဘူ+သောတာပတ္တိမဂ်ဇောတစ်ကြိမ်၊ သောတာပတ္တိဖိုလ် ဇော ၃ ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ။ ဝီထိပုံကား –

(တိက္ခ) င် င် င် န ဒ မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ် င် င် င် င်

(ဤဝီထိတို့၌ ရှေ့နောက် ဘဝင်တို့ကား ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခုတို့တွင် တစ်ပါးပါး။ မ+ပ+ဥ+နု တို့သည် တေဘူမက သင်္ခါရကို

http://www.thitsarparamisociety.com/



အာရုံပြုကုန်၏။ ဂေါ+မဂ်+ဖိုလ် တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ဤသောတာပတ္တိ မဂ္ဂဝီထိနည်း၊ ကျန်သော မဂ္ဂဝီထိတို့ကိုလည်း ၂ မျိုးစီ ၂ မျိုးစီ မိမိမဂ်+ဖိုလ်တို့ဖြင့် ဆို၍ချရာ၏။ အထူးမှာ အထက်မဂ္ဂဝီထိတို့၌ ဂေါတြဘူနေရာတွင် (ဝေါ) ဝေါဒါန်ဟုဆို၍ ချရာ၏။ ဤသို့လျှင် မဂ္ဂဝီထိပေါင်း ၈ မျိုးဖြစ်၏။)

မဂ္ဂဝီထိ အကျဉ်းပြချက် ပြီး၏။

## ၅။ ဖလသမာပတ္တိဝီထိ

ဖလသမာပတ္တိဝီထိသည်လည်း သောတာပတ္တိ ဖလသမာပတ္တိဝီထိ စသည်ဖြင့် ၄ ပါး၊ တစ်ပါးတစ်ပါးလျှင် မန္ဒပည+တိက္ခပညပုဂ္ဂိုလ် ၂ ပါးစီ ပြားပြန်၏။ ဝီထိပုံအချုပ်ကား –

(မန္ဒ) င် င် န ဒ မ နု နု နု နု ဖိုလ်ဇောအကြိမ်များစွာ င် င် င် င်

(တိက္ခ) င် င် န ဒ မ နု နု နု ဖိုလ်ဇောအကြိမ်များစွာ င် င် င် င် င်

(အထူး ဖိုလ်ဇောနေရာ၌ မိမိဖိုလ်ကိုချ။ ။အောက်အရိယာသည် အထက်ဖိုလ်ကို မဝင်စားနိုင်၊ မရသေးသောကြောင့်တည်း။ ။အထက်အရိယာတို့သည် အောက်ဖိုလ်ကို မဝင်စားကြ၊ မိမိတို့ဖိုလ်ကိုသာ ဝင်စားကြတော့၏။ အနုလုံ ၄ ကြိမ်၊ ၃ ကြိမ်တို့၌ သေက္ခအရိယာအတွက် မဟာကုသိုလ်ကိုချ။ ရဟန္တာအတွက် မဟာကြိယာကို ချ။ ဤဝီထိတို့၌ အနုလုံတို့သည် တေဘူမက သင်္ခါရကို အာရုံပြုကုန်၏။ ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ။ရှေ့နောက်ဘဝင်တို့မှာ တိဟိတ် ဘဝင် တေရသ တို့ကို ချလေ။)

ဖလသမာပတ္တိဝီထိ အကျဉ်းပြချက် ပြီး၏။

## ၆။ နိရောဓသမာပတ္တိဝီထိ

ဤနိရောဓသမာပတ်ကို ကာမ+ရူပဘုံသား လောကီသမာပတ် ၈ ပါး ရကြသည့် အနာဂါမ်အရိယာ+ရဟန္တာတို့သာ ဝင်စားနိုင်၏။

http://www.thitsarparamisociety.com/


ဤ နိရောဓသမာပတ်ကို ဝင်စားလိုသော ကာမ+ရူပ+အနာဂါမ်+ရဟန္တာ သမာပတ္တိလာဘီ ပုဂ္ဂိုလ်တို့သည် –

ရှေးဦးစွာ ရူပါဝစရ ပဌမဈာန်ကို ဝင်စားရ၏။ (ပထမဈာနသမာပတ္တိ ဝီထိချကြည့်လေ။)။ ။ ထိုဈာန်မှ ထပြီးသောအခါ ထိုဈာန်အတွင်း ဖြစ်ပွားသော ရုပ်နာမ်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ အကြိမ်ကြိမ် ရှုရ၏။ (ကာမဇောဝါရ မနောဒွါရ ဝိပဿနာ ဝီထိ ချရမည်။ ငံ င် န ဒ မ (ဝိပဿနာ ကာမဇော ၇ ကြိမ်) ဘဝင်+ဘဝင် ဟု ချကြည့်)။ ဤ၌ ဈာန်ဝင်စားသည်ကား သမထဖြစ်၏။ လက္ခဏာရေး ၃ ပါးကို ရှုသည်ကား ဝိပဿနာ၊ ဤသို့ ပထမဈာန်၌ သမထနှင့် ဝိပဿနာအစုံ အလုပ်လုပ်သကဲ့သို့ ဒုတိယဈာန်ကိုဝင်စား၊ ထိုဈာန်မှထပြီး ဝိပဿနာရှု၊ တတိယဈာန်ကိုဝင်စား၊ ထိုမှထ ဝိပဿနာ ရှု။ စတုတ္ထဈာန်ကိုဝင်စား ထိုမှထပြီး ဝိပဿနာရှု။ ။ ပဥ္စမဈာန်ကိုဝင်စား၊ ထိုမှထပြီး ဝိပဿနာရှု။ ။ အာကာသဈာန်ကိုဝင်စား၊ ထိုမှထပြီး ဝိပဿနာရှု။ ။ ဝိညာဈာန်ကိုဝင်စား၊ ထိုမှထပြီး ဝိပဿနာရှု။ ။အာကိဉ္စညာယတနဈာန်ကို ဝင်စား၊ ထိုဈာန်မှ ထပြီးသော် –

(၁) နာနာဗဒ္ဓ အဝိကောပန အဓိဋ္ဌာန်။ ။မိမိကိုယ်နှင့် ကင်းကွာနေသော ပရိက္ခရာတို့ကို မိမိသမာပတ်ဝင်စားနေခိုက် ရန်သူမျိုး ၅ ပါးတို့ မဖျက်ဆီးနိုင်ပါစေသားဟု (ကာမဇော မနောဒွါရဝီထိဖြင့်) အဓိဋ္ဌာန် ပြုရ၏။

(၂) သတ္ထုပက္ကောသန အဓိဋ္ဌာန်။ ။ မိမိသမာပတ် ဝင်စားနေခိုက် မြတ်စွာဘုရားက မိမိကို အလိုရှိ၍ တမန်ရဟန်းလွှတ်ပြီး အခေါ်ခိုင်းခဲ့သော် ထိုတမန်ရဟန်း မိမိထံမရောက်ခင် ကြိုတင်၍ ငါသည် သမာပတ်မှ ထရပါလို၏ဟု အဓိဋ္ဌာန်ပြုရ၏။ (ဘုရားကို ရှိသေလှသောကြောင့် ပြုသည်။)

http://www.thitsarparamisociety.com/


(၃) သံဃပဋိမာနန အဓိဋ္ဌာန်။ ။ မိမိသမာပတ် ဝင်စားနေခိုက် သံဃာက ကိစ္စရှိ၍ မိမိထံ တမန်ရဟန်းလွှတ်၍ အခေါ်ခိုင်းလျှင် ထို တမန်ရဟန်း မိမိထံ မရောက်ခင် ကြိုတင်၍ ငါသည် သမာပတ်မှ ထရ ပါလို၏ဟု အဓိဋ္ဌာန်ပြုရ၏။ (သံဃာကို ရိုသေလုသောကြောင့် ပြုသည်)

(၄) အဒ္ဓါန ပရိစ္ဆေဒ+အာယုသင်္ခါရဩလောကန။ ။ မိမိက ခုနစ်ရက် သမာပတ်ဝင်စားလိုလျှင် ထိုခုနစ်ရက်တိုင်အောင် မိမိ၏ အာယု သင်္ခါရကျန်ရှိမရှိကို ဆင်ခြင်ကြည့်ရှုရ၏။ ခုနစ်ရက်ထက် အာယုသင်္ခါရ ပို၍ရှိမှ 'ငါသည် ခုနစ်ရက်ပတ်လုံး စိတ်မရှိဘဲနေအံ့၊ နိရောဓသမာပတ်ကို ဝင်စားအံ့'ဟု ဆောက်တည်ရ၏။

ဤကိစ္စ ၄ ပါးကို ပြုပြီးမှ နေဝသညာ နာသညာယတနစျာန်ကို ဆက်၍ ဝင်စားရ၏။ ထိုအခါ နေဝသညာ နာသညာယတန စျာန်ဇော ကြိမ်စောပြီးလျှင် (စိတ်+စေတသိက်+စိတ္တဇရုပ်တို့ အဖြစ်ရပ်သွားခြင်း၊ ဖြစ်ဘဲ ချုပ်နေခြင်း) တည်းဟူသော နိရောဓသို့ ရောက်သွားလေ၏။ (ထိုသို့ နိရောဓသို့ ရောက်သွားသည်ကိုပင် နိရောဓသမာပတ် ဝင်စား နေသည်ဟု ခေါ်ဆိုရ၏။ ။ မိမိဓိဋ္ဌာန် ဆောက်တည်ချက်အတိုင်း ခုနစ်ရက် စသည် နိရောဓသို့ ရောက်ပြီး၍ ထိုနိရောဓမှ ထလိုလတ်သော် အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇောတစ်ကြိမ်၊ (ရဟန္တာပုဂ္ဂိုလ်ဖြစ်က အရဟတ္တဖိုလ်ဇော တစ်ကြိမ်) စောပြီးနောက် ဘဝင်ကျလေတော့၏။ ထိုသို့ ဖိုလ် စိတ်ဖြစ်လာသောအခါ နိရောဓသမာပတ်မှ ထသည်ဟု ဆို၏။ နိရောဓ သို့ ရောက်သော ဝီထိပုံအကျဉ်းကား –

(မန္ဒ) င် င် န ဒ မ ဉ နု ဂေါ နေ နေ (နိရောဓ) ဖိုလ် င် င် င်

(တိက္ခ) င် င် န ဒ မ ဉ နု ဂေါ နေ နေ (နိရောဓ) ဖိုလ် င် င် င်

နိရောဓသမာပတ္တိဝီထိ အကျဉ်းပြချက် ပြီး၏။

အပ္ပနာဇောဝါရ နိယမ ပြီး၏။

http://www.thitsarparamisociety.com/


## ၃၁–ဘုံ တည်နေပုံ

နေဝသညာ နာသညာယတနဘုံ၊
အာကိဉ္စညာယတနဘုံ၊
ဝိညာဏဉ္စာယတနဘုံ၊
အာကာသာနဉ္စာယတနဘုံ၊
အကနိဋ္ဌဘုံ၊
သုဒဿီဘုံ၊
သုဒဿာဘုံ၊
အတပ္ပါဘုံ၊
အဝိဟာဘုံ၊
ဝေဟပ္ဖိုလ်ဘုံ(နှင့်) အသညသတ်ဘုံ။

ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘာကိဏှာဘုံ (တတိယဈာန် ၃ ဘုံ၊ တပြင်တည်း)

ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ (ဒုတိယဈာန် ၃ ဘုံ၊ တပြင်တည်း)

ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံ (ပထမဈာန် ၃ ဘုံ၊ တပြင်တည်း)

ပရနိမ္မိတဝသဝတ္တီဘုံ၊
နိမ္မာနရတိဘုံ၊
တုသိတာဘုံ၊
ယာမာဘုံ၊
တာဝတိံသာဘုံ၊
စတုမဟာရာဇ်ဘုံ၊
လူ့ဘုံ၊
တိရစ္ဆာန်ဘုံ၊

http://www.thitsarparamisociety.com/


ပြိတ္တာဘုံ၊

အသူရကာယ်ဘုံ၊

ငရဲဘုံ။

၃၁–ဘုံ တည်နေပုံကို အထက်ပါအတိုင်း ကြည့်ပါလေ။ ငရဲ+ တိရစ္ဆာန် + ပြိတ္တာ + အသူရကာယ်ဘုံတို့ကို အပါယ်လေးဘုံ ခေါ်၏။ (ဘုံပိုင်း၌ ထင်ရှားလတ္တံ့။)

## ဘုံ၌ စိတ်ရကို ပြခြင်း

**၅၆။ မဟဂ်ဝိကြဉ်၊ ကာမတွင်၊ စိတ်လျှင်ရှစ်ဆယ်ရ။**

ကာမဘုံ၌ (မဟဂ္ဂုတ်ဝိပါက် ၉ ခု ကြဉ်သော) စိတ်ပေါင်း ၈၀ တို့ကို ရအပ်၏။

**၅၇။ ဆဃာနာဒိ၊ မဟာဝိရှစ်၊ ဒေါနှစ်တမူ၊ အရူဝိလေး၊**
**ကြဉ်ရေးနှစ်ဆယ်၊ ဆနောကြွယ်၊ ခြောက်ဆယ်ကိုးရူပ။**

(အသညသတ်ကြဉ်သော) ရူပတစ်ဆယ့်ငါးဘုံတို့၌ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ဒေါသမူဒွေး၊ အရူပဝိပါက်စိတ် ၄ ပါး) ဤ ၂၀ သောစိတ်တို့ကို ကြဉ်၍ ကျန်သော စိတ် ၆၉ ပါးတို့ကို ရအပ်ကုန်၏။

**၅၈။ ဝတ္ထုရုပ်စီ၊ +မီမမီလစ်၊ လေးဆယ့်နှစ်ဟူ၊ အရူဝိလေး၊**
**ပေါင်း ထွေးတုံနှောက်၊ လေးဆယ့်ခြောက်၊ ၇ မြောက်**
**အရူပ။**

အရူပ ၄ ဘုံတို့၌ လောဘမူစိတ် ၈ ပါး၊ မောဟမူစိတ် ၂ ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အရူပစိတ် ၁၂ ပါး၊ အထက်လောကုတ္တရာစိတ် ၇ ပါး၊ ဤ ၄၆ ပါးသောစိတ်တို့ကို ရအပ်ကုန်၏။

ဘုံ၌ စိတ်ရ ပြီး၏။

http://www.thitsarparamisociety.com/



### ၆၁။ ဒု+သု – မယှဉ်၊ ထက်နတ်ခွင်၊ ပေါင်းလျှင် ငါးကျိပ်မြောက်။

တာဝတိံသာ စသော အထက်နတ်ပြည် ၅ ထပ်၌ တစ်ဘုံ တစ်ဘုံလျှင် (ဒုဂ္ဂတိအဟိတ် ပုထုဇဉ်၊ သုဂတိအဟိတ် ပုထုဇဉ် တို့ကိုကြည့်၍ တစ်ကျိပ်စီရသောကြောင့် ၅ ဘုံ ပေါင်းသော် ... ၅၀ တစ်စုမှတ်၍ထား။

### ၆၂။ တိဟိတ်+ရိယာ၊ ကိုးသချာ၊ ဗြဟ္မာဝေဟပ်ရောက်။

ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရဆယ်ဘုံ၌ တစ်ဘုံတစ်ဘုံ လျှင် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁၊ အရိယာပုဂ္ဂိုလ် ၈ အားဖြင့် ၉ ယောက်စီ ရသောကြောင့် ဆယ်ဘုံအတွက်ပေါင်းသော် ... ၉၀ တစ်စုမှတ်ထား။

### ၆၃။ သညသတ်မှာ၊ သု–တစ်သာ၊ သုဒ္ဓါထက်သုံး ယောက်။

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တစ် ယောက်သာရ၏။

သုဒ္ဓါဝါသ ၅ ဘုံတို့၌ တစ်ဘုံတစ်ဘုံလျှင် (အနာဂါမိ ဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်ဟူ၍ အထက် အရိယာ ပုဂ္ဂိုလ် ၃ ယောက်စီ ရသောကြောင့် ငါးဘုံအတွက် ပေါင်းသော် ... ၁၅ ယောက် တစ်စုမှတ်၍ထား။

### ၆၄။ သောတာမဂ်ပစ်၊ ခုနစ်အရိယာ၊ တိဟိတ်ပါ၊ လေး ဖြာဘုံနှင့်မြောက်။

အရူပ ၄ ဘုံတို့၌ တစ်ဘုံတစ်ဘုံလျှင် (သောတာပတ္တိမဂ္ဂ ဋ္ဌာန်ကြဉ်သော) အရိယာ ၇ ယောက်၊ တိဟိတ်ပုထုဇဉ် ၁ အားဖြင့်

http://www.thitsarparamisociety.com/


(၇) ဥပေက္ခာသမ္ဗောဇ္ဈင်ဟူ၍ သမ္ဗောဇ္ဈင် တရား ၇ ပါးတို့ကိုလည်း သိအပ်ကုန်၏။

တရားကိုယ်အားဖြင့်ကား –

(၁) လောကုတ္တရာစိတ် ၈ ပါး၌ရှိသော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင်မည်၏။ (၂) ၎င်းပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။ (၃) ၎င်းဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။ (၄) ၎င်းပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင်မည်၏။ (၅) ၎င်းကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စေတသိက် ၂ ပါးသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏။ (၆) ၎င်းဧကဂ္ဂတာ စေတသိက်သည် သမာဓိ သမ္ဗောဇ္ဈင်မည်၏။ (၇) ၎င်းတတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏။

မဂ်ဉာဏ် ၄ ပါးတို့ကို ဗောဓိဟူ၍ ခေါ်၏။ ထို ဗောဓိမည်သော မဂ်ဉာဏ် ၄ ပါးတို့အား လျင်လျင်မြန်မြန် ပေါက်ဖို့ရန် အကြောင်းအင်္ဂါဖြစ်သောကြောင့် ဗောဇ္ဈင်မည်၏။

## ၅၃။ မဂ္ဂင်အဋ္ဌ၊ ထင်ရှားလှ၊ ဝင်္ဂမှ ထွက်ကြောင်းသိ။

(၁) သမ္မာဒိဋ္ဌိမဂ္ဂင်၊ (၂) သမ္မာသင်္ကပ္ပမဂ္ဂင်၊ (၃) သမ္မာဝါစာမဂ္ဂင်၊ (၄) သမ္မာကမ္မန္တမဂ္ဂင်၊ (၅) သမ္မာအာဇီဝမဂ္ဂင်၊ (၆) သမ္မာဝါယာမ မဂ္ဂင်၊ (၇) သမ္မာသတိမဂ္ဂင် (၈) သမ္မာသမာဓိမဂ္ဂင် ဟူ၍ မဂ္ဂင်တရား ၈ ပါးတို့ကိုလည်း သိအပ်ကုန်၏။

တရားကိုယ်အားဖြင့်ကား –

(၁) လောကုတ္တရာစိတ် ၈ ပါး၌ရှိသော ပညာ စေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။ (၂) ၎င်းဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်၏။ (၃) ၎င်းသမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင်မည်၏။ (၄) ၎င်းသမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တ မဂ္ဂင်မည်၏။ (၅) ၎င်းသမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝမဂ္ဂင်မည်၏။ (၆) ၎င်းဝီရိယစေတသိက်သည် သမ္မာဝါယာမမည်၏။ (၇)

http://www.thitsarparamisociety.com/



ပုဂ္ဂိုလ် ၈ ယောက်စီ ရသောကြောင့် ၄ ဘုံပေါင်းသော် ပုဂ္ဂိုလ်ပေါင်း ... ၃၂

၂၁၄

**၆၅။ နှစ်ရာ့တစ်ဆယ်၊ လေးယောက်ကယ်၊ အကျယ်ဘုံတလျှောက်။**

ဆိုပြီးအတိုင်း ဘုံနှင့် အကျယ်မြှောက်ပွားသော် ပုဂ္ဂိုလ်ပေါင်း ၂၁၄ ယောက် ဖြစ်၏။

ဘုံ၌ပုဂ္ဂိုလ်ရ ပြီး၏။

## ပုဂ္ဂိုလ်၌ စိတ်ရကို ပြခြင်း

**၆၆။ ဇောကိုးကြိ၊ မဟာဝိရှစ်၊ ဆယ့်ခွန်ပစ်၊ ဒု–ဖြစ်တြိန်သတ်။**

ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၌ (ကာမကြိယာ ဇော ၉ ခု၊ မဟာဝိပါက် ၈ ခု၊ ဤ ၁၇ ပါးသော စိတ်တို့ကိုကြဉ်၍) ကျန်သော ကာမစိတ် ၃၇ ပါးတို့ကို ရအပ်ကုန်၏။ တစ်နည်း အကုသိုလ်စိတ် ၁၂ ပါး၊ (ဟသိကြဉ်သော) အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ ဤ ၃၇ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

**၆၇။ ဝိပ္ပယုတ်ဝိပါက်၊ လောင်းစွက်ပြန်လစ်၊ လေးဆယ့်တစ်၊ ဖြစ်လေ သု+ဒွိမှတ်။**

သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ အကုသိုလ်စိတ် ၁၂ ပါး၊ (ဟသိကြဉ်) အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ ဤ ၄၁ ပါးစီသော စိတ်တို့ကို ရအပ်ကုန်၏။

http://www.thitsarparamisociety.com/



**၆၈။ သမ္ပယုတ်ဝိပါက်၊ လောင်းစွက်ပြန်ငြား၊ လေးဆယ့်ငါး၊ မှတ်သား တိဟိတ်မှာ။**

(ဈာန်မရသော) တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၌ အကုသိုလ်စိတ် ၁၂၊ (ဟသိတုပ္ပါဒ်) အဟိတ်စိတ် ၁၇၊ မဟာကု ၈၊ မဟာဝိပါက်စိတ် ၈ ပါး၊ ဤ ၄၅ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။(ဈာန်ရသော တိဟိတ် ပုထုဇဉ် ထို ၄၅ ပါး၌ မဟဂ္ဂုတ်ကုသိုလ် ၉ ခု ထည့်၍ ၅၄ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။)

**၆၉။ မဟဂ်ကု+ကြိ၊ လောင်းတုံဘိ၊ တိဟိတ်အကုန်ပါ။**

ဈာန်ရသော တိဟိတ်ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့ဖြစ်လျှင် မဟဂ္ဂုတ်ကုသိုလ် ၉ ခုကိုထည့်၊ ဈာန်ရသော ရဟန္တာပုဂ္ဂိုလ်ဖြစ်လျှင် မဟဂ္ဂုတ်ကြိယာစိတ် ၉ ခုကိုထည့်လေ။

**၇၀။ မဂ္ဂဋ္ဌာန်စု၊ မဂ်လေးခု၊ ရမှု ကေသာ။**

သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ သောတာပတ္တိ မဂ်စိတ်တစ်ပါးကိုသာ ရအပ်၏။

သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ သကဒါဂါမိ မဂ်စိတ်တစ်ပါးကိုသာ ရအပ်၏။

အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ အနာဂါမိမဂ်စိတ်တစ်ပါးကိုသာ ရအပ်၏။

အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ အရဟတ္တမဂ်စိတ်တစ်ပါးကိုသာ ရအပ်၏။

**၇၁။ ဒိဋ္ဌိသံ+ဝိစိ၊ ကြဉ်တုံဘိ၊ အာဒိ ခွေး ဖလာ။**

သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ဤ ပုဂ္ဂိုလ် ၂ ယောက်တို့၌ (ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄၊ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်တို့ကြဉ်သော) အကုသိုလ်စိတ် ၇ ပါး၊ (ဟသိတုပ္ပါဒ်) အဟိတ်စိတ် ၁၇ ပါး၊ မဟာကု ၈ ပါး၊ မဟာဝိ ၈ ပါး၊ မိမိ၏ဖိုလ်စိတ် ၁ ပါး၊ ပေါင်း

http://www.thitsarparamisociety.com/



၄၁ ပါး‌စီသော စိတ်တို့ကို ရအပ်ကုန်၏။ (ဈာန်ရဖြစ်လျှင် မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး လောင်းထည့်၍ ၅၀ စီ ရအပ်ကုန်၏။)

## ၇၂။ ဒေါကိုပယ်ပြန်၊ အနာဂါမ်၊ အကျန်သူတို့မှာ။

ဈာန်မရသော အနာဂါမ်ပုဂ္ဂိုလ်၌ ဒိဋ္ဌိဂတဝိပ် ၄၊ ဥဒ္ဓစ္စသမ္ပယုတ် ၁၊ (ဟသိကြဉ်) အဟိတ် ၁၇၊ မဟာကု ၈၊ မဟာဝိ ၈၊ အနာဂါမိဖိုလ်၊ ပေါင်း ၃၉ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ (ဈာန်ရဖြစ်လျှင် မဟဂ္ဂုတ် ၉ ပါး လောင်းထည့်၍ ၄၈ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။)

## ၇၃။ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်သွယ်၊ အောက်ဖိုလ်ပယ်ဘိ၊ ဗျည်းကြီး၊ သိလေ ရဟန္တာ၊

ဈာန်မရသော ရဟန္တာပုဂ္ဂိုလ်၌ အဟိတ်စိတ် ၁၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊အရဟတ္တဖိုလ်စိတ် ၁ ပါး၊ ဤ ၃၅ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

ဈာန်ရသော ရဟန္တာပုဂ္ဂိုလ်၌ အဟိတ်စိတ် ၁၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉ ပါး၊ အရဟတ္တဖိုလ်စိတ် ၁ ပါး၊ ဤ ၄၄ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

ပုဂ္ဂိုလ်၌ စိတ်ရ ပြီး၏။

ပိုဒ်ခုနစ်ဆယ်၊ လက်ခြယ်၊ ဤဝယ် ဝီထိပြီး၏။

၄–ဝီထိပိုင်း ပြီး၏။

http://www.thitsarparamisociety.com/



# ၅–ဘုံပိုင်း

## နဝမာဝတ္ထုဂ္ဂဏ္ဍာယသဿ။

**(၁) ကိုးသိန်းခြောက်သောင်း၊ အထုပေါင်း၊ တည်ရှောင်းအောက်ခံလေ။**

ဤစကြဝဠာ ကမ္ဘာကြီးအောက်၌ လေအထု ယူဇနာပေါင်း ၉ သိန်း ၆ သောင်းခံလင့်၏။

**(၂) လေးသိန်းရှစ်သောင်း၊ အထုပေါင်း၊ တည်ရှောင်းလေတက်ရေ။**

ထိုလေထု၏ အထက်၌ ရေအထု ယူဇနာပေါင်း ၄ သိန်း ၈ သောင်း တည်ရှိ၏။

**(၃) နှစ်သိန်းလေးသောင်း၊ အထုပေါင်း၊ တည်ရှောင်းရေထက်မြေ။**

ထိုရေထု၏အထက်၌ မြေအထု ယူဇနာပေါင်း ၂ သိန်း ၄ သောင်း တည်ရှိ၏။

**(၄) သိလာ+ပံသု၊ မြေနှစ်ခု၊ အထု ထက်ဝက်လေ။**

ထို မြေအထု ယူဇနာပေါင်း ၂ သိန်း ၄ သောင်းတွင် အောက်ပိုင်း သိလာမြေကား ယူဇနာပေါင်း ၁ သိန်း ၂ သောင်း အထုရှိ၏။ အထက်ပိုင်း ပံသုမြေကား ယူဇနာပေါင်း ၁ သိန်း ၂ သောင်း အထုရှိ၏။

**(၅) သိဉ္ဇိုင်း+ကာဠ၊ သင်္ဃာတ၊ ဒွယ ရောရုဝ။**

**(၆) တာပန ဒွိ၊ အဝီစိ၊ တည်ရှိ ငရဲရွာ။**

ထို ပံသုမြေအတွင်း၌ (၁) သိဉ္ဇိုင်းငရဲ၊ (၂) ကာဠသုတ်ငရဲ၊ (၃) သင်္ဃာတငရဲ၊ (၄) ရောရုဝငရဲ၊ (၅) မဟာရောရုဝငရဲ၊ (၆) တာပနငရဲ၊ (၇) မဟာတာပနငရဲ၊ (၈) အဝီစိ ငရဲဟူ၍ ငရဲကြီးရှစ်ထပ်တို့ အထက်

http://www.thitsarparamisociety.com/



အောက် အဆင့်ဆင့် တည်ကြကုန်၏။

**(၇) သောင်းငါးထောင်စီ၊ သချာညီ၊ ရှစ်လီခြားအကွာ။**

ထိုငရဲကြီး ရှစ်ထပ်တို့သည် တစ်ထပ်နှင့်တစ်ထပ် ယူဇနာပေါင်း တစ်သောင်းငါးထောင်စီ ကွာခြားကြကုန်၏။

**(၈) ဘင်+ပြာ+လက်+သန်၊ အစဉ်ရံ၊ လေးတန် ဥဿဒါ။**

ထိုငရဲကြီး ရှစ်ထပ်တို့တွင် တစ်ထပ် တစ်ထပ်၌ (၁) ဘင်ပုပ်ငရဲ၊ (၂) ပြာပူငရဲ၊ (၃) အဆူးရှိသော လက်ပံတောငရဲ၊ (၄) သန်လျက်သွားငရဲဟူ၍ ဥဿဒ ငရဲငယ် ၄ ထပ်စီ ၄ ထပ်စီ ရံလျက်တည်ကုန်၏။

**(၉) ဘင်+ပြာ+လက်+သန်၊ မြစ်အရံ၊ ငါးတန်တစ်နည်းမှာ။**

တနည်း ထိုငရဲကြီး ရှစ်ထပ်တို့တွင် တစ်ထပ်တစ်ထပ်၌ (၁) ဘင်ပုပ်ငရဲ၊ (၂) ပြာပူငရဲ၊ (၃) အဆူးရှိသော လက်ပံတောငရဲ၊ (၄) သန်လျက်သွားငရဲ၊ (၅) အဆူးရှိသော ကြိမ်ပိုက်ချောင်းငရဲဟူ၍ ဥဿဒငရဲငယ် ၅ ထပ်စီ ၅ ထပ်စီ ရံလျက် တည်ကုန်၏။

**(၁၀) ငရဲ+တိရစ်၊ ပြိတ်+အသူရာ၊ ဤလေးဖြာ၊ အောက်ရွာ ပါယ်ဘူမိ။**

(၁) ငရဲဘုံ၊ (၂) တိရစ္ဆာန်ဘုံ၊ (၃) ပြိတ္တာဘုံ၊ (၄) အသူရကာယ်ဘုံ ပေါင်း အပါယ် ၄ ဘုံ၊ (အပါယ ပါဠိ၊ အပါယ် မြန်မာအခေါ်၊ အပ+အာယ =ချမ်းသာခြင်းကင်းသောဘုံဟု ဆိုလိုသည်။ ငရဲဘုံကား လူ့ပြည်မှ အောက် ပံသုမြေ၌တည်၍ ကျန်သောအပါယ်ဘုံ ၃ ဘုံတို့ကား လူ့ပြည်နှင့် တစပ်တည်း တည်နေကြကုန်၏။)

အပါယ် ၄ ဘုံ ပြီး၏။

**(၁၁) လူ+စ+တာ+ယာ၊ တုသ်+နိမ္မာ၊ ဝသာ+ပြည်ဝတ္တီ။**

(၁) လူ့ဘုံ၊ (၂) စတုမဟာရာဇ်နတ်ဘုံ၊ (၃) တာဝတိံသာနတ်ဘုံ၊ (၄) ယာမာနတ်ဘုံ၊ (၅) တုသိတာနတ်ဘုံ၊ (၆) နိမ္မာနရတိနတ်ဘုံ၊ (၇)

http://www.thitsarparamisociety.com/



ပရနိမ္မိတသဝတ္တီနတ်ဘုံ၊ ပေါင်း ကာမသုဂတိ ၇ ဘုံ ရှေးအပါယ် ၄ ဘုံနှင့် ပေါင်း၍ ကာမ ၁၁ ဘုံဟုခေါ်၏။

**(၁၂) လေးသောင်းနှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင်ဆင့်ဆင့်သိ။**

ထို ကာမသုဂတိ ၇ ဘုံတို့သည် တစ်ဘုံနှင့်တစ်ဘုံ ယူဇနာပေါင်း ၄ သောင်း ၂ ထောင်စီ ကွာခြားကြလျက် လူ့ဘုံမှ အထက် အဆင့်ဆင့် တည်ရှိကြကုန်၏။

**(၁၃) သုဂတိသတ်၊ ပါယ်လေးရပ်၊ ဧကာဒသ် ကာ–ဘူမိ။**

ကာမသုဂတိ ၇ ဘုံ၊ အပါယ် ၄ ဘုံတို့ကို ပေါင်း၍ ကာမ ၁၁ ဘုံဟုခေါ်၏။

ကာမ ၁၁ ဘုံပြီး၏။

**(၁၄) ပါရိသဇ္ဇာ၊ ရောဟိတာ၊ မဟာဗြဟ္မာတြိ။**

(၁) ဗြဟ္မပါရိသဇ္ဇာဘုံ၊ (၂) ဗြဟ္မပုရောဟိတာဘုံ၊ (၃) မဟာဗြဟ္မာဘုံ၊ ပေါင်း ပထမဈာန် ၃ ဘုံ တပြင်တည်း တည်ကြကုန်၏။

**(၁၅) ပရိတ္တာဘာ၊ ပမာဏာ၊ ဘဿာ ဘုံတြိ။**

(၁) ပရိတ္တာဘာဘုံ၊ (၂) အပ္ပမာဏာဘာဘုံ၊ (၃) အာဘဿရာဘုံ၊ ပေါင်း ဒုတိယဈာန် ၃ ဘုံ တပြင်တည်း တည်ကြကုန်၏။

**(၁၆) ပရိတ္တသုဘာ၊ ပမာဏာ၊ ကိဏှာဘုံတြိ။**

(၁) ပရိတ္တသုဘာဘုံ၊ (၂) အပ္ပမာဏသုဘာဘုံ၊ (၃) သုဘကိဏှာဘုံ၊ ပေါင်း တတိယဈာန် ၃ ဘုံ တပြင်တည်း တည်ကြကုန်၏။

**(၁၇) ဖလာဝေဟပ်၊ သညသတ်၊ နှစ်ရပ်တပြင်သိ။**

(၁) ဝေဟပ္ဖိုလ်ဘုံ၊ (၂) အသညသတ်ဘုံ၊ ဤ ၂ဘုံတို့သည် တပြင်တည်း တည်ကုန်၏။

http://www.thitsarparamisociety.com/


## (၁၈) အဝိ+အတပ်၊ သုဒဿာ+သီ၊ အကနိ၊ ငါးလီဘုံသုဒ္ဓိ။

(၁) အဝိဟာဘုံ၊ (၂) အတပ္ပါဘုံ၊ (၃) သုဒဿာဘုံ၊ (၄) သုဒဿီဘုံ၊ (၅) အကနိဋ္ဌဘုံ၊ ပေါင်း သုဒ္ဓါဝါသ ၅ ဘုံ။ အထက်အောက် အဆင့်ဆင့် တည်ကြကုန်၏။ (သုဒ္ဓ=စင်ကြယ်သော အနာဂါမ်+ရဟန္တာပုဂ္ဂိုလ်တို့၏ သာ။ အာဝါသ=နေရာဖြစ်သောဘုံဟု ဆိုလို၏။

(ဝေဟပ္ဖိုလ်ဘုံ+အသညသတ်ဘုံ။ သုဒ္ဓါဝါသ ၅ ဘုံ၊ ဤ ၇ ဘုံတို့ကို စတုတ္ထဈာန် ၇ ဘုံဟူ၍ ခေါ်၏။)

ရူပ ၁၆ ဘုံ ပြီး၏။

## (၁၉) အာကာ+ဝိညာ၊ အာကိဉ္စ၊ နေဝ အရူပ်။

(၁) အာကာသာနဉ္စာယတနဘုံ၊ (၂) ဝိညာဏဉ္စာယတနဘုံ၊ (၃) အာကိဉ္စညာယတနဘုံ၊ (၄) နေဝသညာနာသညာယတနဘုံ၊ ပေါင်း အရူပ ၄ ဘုံ၊ အထက်အောက် တည်ကုန်၏။

အရူပ ၄ ဘုံ ပြီး၏။

## (၂၀) ငါးသန်း+ငါးသိန်း၊ ရှစ်ထောင်ချိန်း၊ ခြားကိန်းဆင့်ဆင့်သိ။

ပရိနိမ္မိတဝသဝတ္တီ နတ်ပြည်မှစ၍ နေဝသညာ နာသညာယတနဘုံ တိုင်အောင် တပြင်နှင့် တပြင်အကြား ယူဇနာပေါင်း ငါးသန်းငါးသိန်း ရှစ်ထောင်စီ ကွာခြားကုန်၏။

## (၂၁) ကုဋေခုနစ်၊ သန်းမှာတစ်၊ သိန်းရှစ်+သောင်းပဉ္စာ။

## (၂၂) ထောင်မှာကားဆ၊ လူနေဝ၊ ဝေးလှ ယူဇနာ။

လူ့ဘုံနှင့် နေဝသညာနာသညာယတနဘုံတို့သည် ယူဇနာပေါင်း ၇ ကုဋေ၊ ၁ သန်း၊ ၈ သိန်း၊ ၅ သောင်း၊ ၆ ထောင် (၇၁၈၅၆၀၀၀) ကွာခြားကုန်၏။

၁။ ဘူမိစတုက္က (ဘုံ ၄ မျိုး) ပြီး၏။

http://www.thitsarparamisociety.com/


**(၂၃) ဥ–သန္တီရိ၊ အကုဝိ၊ သန္ဓိ အပါယ်ရွာ။**

ပဋိသန္ဓေသည် ၁။ အပါယ်ပဋိသန္ဓေ၊ ၂။ ကာမသုဂတိ ပဋိသန္ဓေ၊ ၃။ ရူပါဝစရ ပဋိသန္ဓေ၊ ၄။ အရူပါဝစရပဋိသန္ဓေ ဟူ၍ ၄ မျိုးအပြား ရှိ၏။

ထို ၄ မျိုးတို့တွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်လေးဘုံသားတို့၏ (ဩက္ကန္တိအခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ပေ၏။

**(၂၄) ကု ဝိ ဥ သန်၊ လူယုတ်ကျန်၊ နတ်ဌာန်ဘုန်းမဲ့စွာ။**

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် မျက်စိ၊ နား၊ နှာ၊ ကြန်အင်္ဂါလက္ခဏာ ချို့တဲ့သောလူများ၊ ဘုန်းကံနည်းပါးသော ဘုမ္မစိုးစသော စတုမဟာရာဇ် နတ်များ၏ (ဩက္ကန္တိအခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ပေ၏။

**(၂၅) ရှစ်မဟာဝိ၊ သုဂတိ၊ သန္ဓိ ခုနစ်ရွာ။**

မဟာဝိပါက်စိတ် ၈ ပါးတို့သည် ကာမသုဂတိ ၇ ဘုံ၌ လူ+နတ်တို့၏ (ဩက္ကန္တိအခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ကုန်၏။

(ဆိုခဲ့ပြီးသော ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ဤစိတ် ၉ ပါးတို့ကို ကာမသုဂတိ ပဋိသန္ဓေစိတ် ၉ ပါးဟူ၍လည်း ခေါ်၏။ ထို ၉ ပါးနှင့် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ကို ပေါင်း၍ ၁၀ ပါးသော စိတ်တို့ကို ကာမပဋိသန္ဓေစိတ် ၁၀ ဟူ၍လည်း ခေါ်၏။)

**(၂၆) မဟဂ္ဂတ၊ ဝိပါက၊ ဗြဟ္မသန္ဓိသာ။**

**(၂၇) ကလာပ်ဇီဝိ၊ ရုပ်သာရှိ၊ သန္ဓိအသညာ။**

ရူပါဝစရ ပထမဈာန် ဝိပါက်စိတ်သည် ပထမဈာန်ဘုံ၌ (ဩက္ကန္တိ

http://www.thitsarparamisociety.com/


အခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ပေ၏။

ရူပါဝစရ ဒုတိယဈာန် ဝိပါက်စိတ်၊ တတိယဈာန် ဝိပါက်စိတ်တို့သည် ဒုတိယဈာန်ဘုံ၌ (ဩက္ကန္တိအခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ပေ၏။

ရူပါဝစရ စတုတ္ထဈာန် ဝိပါက်စိတ်သည် တတိယ ဈာန်ဘုံ၌ (ဩက္ကန္တိအခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ပေ၏။

ရူပါဝစရပဉ္စမဈာန် ဝိပါက်စိတ်သည် (အသညသတ်ကြဉ်သော) စတုတ္ထဈာန် ၆ ဘုံ၌ (ဩက္ကန္တိအခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ပေ၏။

(အထူးအားဖြင့်) အသညသတ် ဗြဟ္မာတို့မှာ ဇီဝိတနဝက ရုပ်ကလာပ်သာလျှင် ပဋိသန္ဓေကိစ္စ တပ်ပေ၏။ (ရုပ်သက်သက် ပဋိသန္ဓေတည်း။)

အာကာသာနဉ္စာယတန ဝိပါက်စိတ် စသည် ၄ ပါးတို့သည် အစဉ်အတိုင်း အာကာသာနဉ္စာယတနဘုံ စသည် ၄ ပါးတို့၌ (ဩက္ကန္တိအခါ) ပဋိသန္ဓေကိစ္စ၊ (ပဝတ္တိအခါ) ဘဝင်ကိစ္စ၊ (ပရိယောသာနအခါ) စုတိကိစ္စ တပ်ကြကုန်၏။

**(၂၈) ဘဝတစ်ခု၊ သန္+တွင်+စု၊ သုံးခု ထပ်စမြဲ။**

**(၂၉) ဘုံ+ဇာတ်၊ သမ်+သင်၊ အာ ငါးအင်၊ သန္+ဘွင်+စု မကွဲ။**

ဘဝတစ်ခုတစ်ခု၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် တူမြဲဖြစ်ကုန်၏။ ထို ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ဘုမ္မိ၊ ဇာတိ၊ သမ္ပယုတ္တဓမ္မသင်္ခါရ အာရုံအားဖြင့် တူကြကုန်၏။

ပဋိသန္ဓေခန်း ပြီး၏။

http://www.thitsarparamisociety.com/


## နတ်သက်စန်း

**(၃၀) လူ+ဘုမ္မိစိုး ပါယ်လေးမျိုး၊ သက်ဓိုဝ်းမြဲမရှိ။**

လူ့ဘုံ လူသားတို့၏ လည်းကောင်း၊ ဘုမ္မစိုး နတ်တို့၏လည်းကောင်း၊ အပါယ် ၄ ဘုံသားတို့၏လည်းကောင်း အသက်တမ်းကား အမြဲမရှိ။ ကံအဟုန်ရှိသလောက် အသက်ရှည်ကြ၍ ကံအဟုန်ကုန်လျှင် စုတေကြကုန်၏။

**(၃၁) ငါးဆယ်နှစ်သာ၊ လူတို့ရွာ၊ စ မှာ တစ်ရက်သိ။**

**(၃၂) ရက်သုံးဆယ်လ၊ ဆယ့်နှစ်လ၊ စ မှာ တစ်နှစ်ရှိ။**

**(၃၃) ငါးရာထိုနှစ်၊ သက်တမ်းဖြစ်၊ လူနှစ် ကိုးသန်းသိ။**

လူတို့၏အရေအတွက် အနှစ် ၅၀ သည် စတုမဟာရာဇ်နတ်တို့၏ တစ်ရက်ဖြစ်၏။ ထိုရက်ပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလပေါင်း ၁၂ လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ပေါင်း ၅၀၀ သည် စတုမဟာနတ်တို့၏ သတ်တမ်းဖြစ်သည်။ ထို စတုမဟာရာဇ်နတ်တို့၏ သက်တမ်းဖြစ်သည့် နှစ်ပေါင်း ၅၀၀ သည် လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းကိုးသန်း (၉၀၀၀၀၀၀) ဖြစ်၏

**(၃၄) အနှစ်တစ်ရာ၊ လူတို့ရွာ၊ တာ–မှာ တစ်ရက်သိ။**

**(၃၅) သူ့ရက်+လ+နှစ်၊ အစဉ်ဖြစ်၊ တာနှစ်တစ်ထောင်ရှိ။**

**(၃၆) ဤနည်းနှင်နှင်၊ လေးဆတင်၊ ထက်ခွင်ဘုံဓိဝိ။**

လူတို့၏ အရေအတွက် အနှစ် ၁၀၀ သည် တာဝတိံသာနတ်တို့၏ တစ်ရက်ဖြစ်သည်။ ထိုရက်ပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလပေါင်း ၁၂ လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ပေါင်း ၁၀၀၀ သည် တာဝတိံသာနတ်တို့၏ အသက်တမ်းဖြစ်၏။ ထို တာဝတိံသာနတ်တို့၏ မြဲသောသက်တမ်းဖြစ်သည့် နှစ်ပေါင်း ၁၀၀၀ သည် လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေခြောက်သန်း (၃၆၀၀၀၀၀၀)ဖြစ်၏။

http://www.thitsarparamisociety.com/


လူတို့၏ အရေအတွက် အနှစ် ၂၀၀ သည် ယာမာနတ်တို့၏ တစ်ရက်ဖြစ်၏။ ထိုရက်ပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလပေါင်း ၁၂ လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ပေါင်း ၂၀၀၀ သည် ယာမာနတ်တို့၏အသက်တမ်းဖြစ်၏။ ထိုယာမာနတ်တို့၏ မြဲသော အသက်တမ်းဖြစ်သည့် နှစ်ပေါင်း ၂၀၀၀ သည် လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း ဆယ့်လေးကုဋေနှင့် လေးသန်း (၁၄၄၀၀၀၀၀၀)ဖြစ်၏။

လူတို့၏အရေအတွက်အနှစ် ၄၀၀ သည် တုသိတာနတ်တို့၏ တစ်ရက်ဖြစ်၏။ ထိုရက်ပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလပေါင်း ၁၂ လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ပေါင်း ၄၀၀၀ သည် တုသိတာနတ်တို့၏ မြဲသော အသက်တမ်းဖြစ်၏။ ထိုသုတိသာနတ်တို့၏ မြဲသောသက်တမ်းဖြစ်သည့် နှစ်ပေါင်း ၄၀၀၀ သည် လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေနှင့်ခြောက်သန်း (၅၇၆၀၀၀၀၀၀) ဖြစ်၏။

လူတို့၏ အရေအတွက်အနှစ် ၈၀၀ သည် နိမ္မာနရတိနတ်တို့၏ တစ်ရက်ဖြစ်၏။ ထိုရက်ပေါင်းသုံးဆယ်သည် တစ်လဖြစ်၏။ ထိုလပေါင်း ၁၂ လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ပေါင်း ၈၀၀၀ သည် နိမ္မာနရတိနတ်တို့၏မြဲသော အသက်တမ်းဖြစ်၏။ ထိုနိမ္မာနရတိနတ်တို့၏ မြဲသောသက်တမ်းဖြစ်သည့် နှစ်ပေါင်း ၈၀၀၀ သည် လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း ကုဋေနှစ်ရာ့သုံးဆယ်နှင့် လေးသန်း (၂၃၀၄၀၀၀၀၀၀) ဖြစ်၏။

လူတို့၏ အရေအတွက်အနှစ် ၁၆၀၀ သည် ပရိနိမ္မိတဝသဝတ္တီနတ်တို့၏ တစ်ရက်ဖြစ်သည်။ ထိုရက်ပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလပေါင်း ၁၂ လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ပေါင်း ၁၆၀၀၀ သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ မြဲသောသက်တမ်းဖြစ်၏။ ထိုပရနိမ္မိတဝသဝတ္တီနတ်တို့၏ မြဲသောအသက်တမ်းဖြစ်သည့် နှစ်ပေါင်း ၁၆၀၀၀ သည် လူတို့၏အရေအတွက်အားဖြင့် နှစ်ပေါင်း ကုဋေကိုးရာနှစ်ဆယ့်တစ်နှင့်

http://www.thitsarparamisociety.com/


ခြောက်သန်း (၉၂၁၆၀၀၀၀၀၀) ဖြစ်၏။

နတ်သက်ခန်း ပြီး၏။

## ဗြဟ္မာသက်ခန်း

### (၃၇) အာယု+အန္တရာ၊ အသချေ်၊ မဟာ=လေးမျိုးကပ်။

နှစ်ကာလအပိုင်းအခြားကို ပါဠိလို (ကပ္ပ) မြန်မာလို ကပ်–ဟူ၍လည်းကောင်း၊ ကမ္ဘာဟူ၍လည်းကောင်း၊ (ကပ္ပာ)ဟူ၍လည်းကောင်း ခေါ်ဆိုအပ်၏။

ထိုကပ်သည် (၁) အာယုကပ်၊ (၂) အန္တရကပ်၊ (၃) အသင်္ချေယျကပ်၊ (၄) မဟာကပ်ဟူ၍ ၄ မျိုးရှိသည်။

(က) သတ္တဝါတို့၏ ထိုထိုအသက်တမ်း နှစ်ပရိစ္ဆေဒကို အာယုကပ်ဟု ခေါ်၏။ အနှစ်တစ်ရာတမ်း၌ နှစ်ပေါင်းတစ်ရာကို အာယုကပ်တစ်ကပ် ခေါ်၏။ အနှစ်တစ်ထောင်တမ်း၌ နှစ်ပေါင်းတစ်ထောင်ကို အာယုကပ်တစ်ကပ်ခေါ်၏။ အကြွင်း ရှေးနည်းမှတ်လေ။

(ခ) တက်ကပ်+ဆုတ်ကပ် တစ်စုံတစ်စုံကို အန္တရကပ်တစ်ကပ် တစ်ကပ်ခေါ်၏။

(ဂ) ထိုအန္တရကပ် ၆၄ ကပ်ကို အသင်္ချေယျကပ်တစ်ကပ် ခေါ်၏။ (အန္တရကပ် ၂၀ ကို အသင်္ချေယျကပ်တစ်ကပ် ဟူ၍လည်း ဆရာတို့ ဆိုကြ၏။)

### (၃၈) သံ+ဝိဝဋ်တွင်၊ ဌာယီယှဉ်၊ သင်္ချေလေးလီမှတ်။

### (၃၉) ပျက်+တည်၊ ဖြစ်+တည်၊ အစဉ်လည်း လေးမည်အနက်ဟပ်။

ထိုအသင်္ချေယျကပ်သည်လည်း (၁) သံဝဋ္ဋ အသင်္ချေယျကပ်၊ (၂) သံဝဋ္ဋဌာယီ အသင်္ချေယျကပ်၊ (၃) ဝိဝဋ္ဋအသင်္ချေယျကပ်၊ (၄) ဝိဝဋ္ဋဌာယီ အသင်္ချေယျကပ် ဟူ၍ ၄ မျိုး ပြားပြန်၏။ ထို ၄ မျိုးတို့တွင် –

(၁) ကမ္ဘာကြီး၌ လူနေဆိတ်သုဉ်းသည်မှ ကမ္ဘာမီးလောင်သည့် တိုင်

http://www.thitsarparamisociety.com/


အောင် မရေမတွက်နိုင်သော နှစ်အပိုင်းအခြားသည် သံဝဋ္ဋအလချေ်ယျကပ်မည်၏။ (၂) ကမ္ဘာမီးလောင်သည်မှ ကမ္ဘာပြုမိုး ရွာသည့်တိုင်အောင် မရေမတွက်နိုင်သော နှစ်အပိုင်းအခြားသည် သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်၏။ (၃) ကမ္ဘာပြုမိုးကြီး ရွာသည်မှ ကမ္ဘာကြီး၌ အစဆုံးလူနေဖြစ်ပွားသည့်တိုင်အောင် မရေမတွက်နိုင်သော နှစ်အပိုင်းအခြားသည် ဝိဝဋ္ဋအသင်္ချေယျကပ်မည်၏။ (၄) ကမ္ဘာကြီး၌ လူနေစသည်မှ လူနေဆိတ်သုဉ်းသည့်တိုင်အောင် မရေမတွက်နိုင်သော နှစ်အပိုင်းအခြားသည် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်၏။ (အသင်္ချေယျ တစ်ကပ်တစ်ကပ်လျှင် အန္တရကပ် ၆၄ ကပ်စာ အချိန်ကြာမြင့်၏။)

**(၄၀) သင်္ချေလေးဖြာ၊ အပေါင်းမှာ၊ မဟာကမ္ဘာမှတ်။**

ဆိုခဲ့ပြီးသော အသင်္ချေယျကပ် လေးကပ်သည် မဟာကပ် တစ်ကပ်မည်၏။

**(၄၁) မီးခုနစ်တန်၊ ရေတတန်၊ ရှစ်ပြန် ဆုံးလေခတ်။**

**(၄၂) ပ+ဒု+တ တွေ၊ ဈာန်ဘုံဗွေ၊ မီး+ရေ+လေနတ်မှတ်၊**

ကမ္ဘာပျက်ပုံအစဉ်မှာ –

မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊
မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊
မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊
မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊
မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊
မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊
မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊
မီးခုနစ်ကြိမ် + ရေတစ်ကြိမ်၊ ဤအစဉ်အတိုင်း ပျက်စီး၏။ ။

ထိုတွင် မီးဖျက်သော ကမ္ဘာများ၌ ပဌမဈာန် ၃ ဘုံပါ (ဝါ–ပဌမဈာန် ၃ ဘုံအထိ) မီးလောင်ပျက်စီး၏။ ရေဖျက်သောကမ္ဘာ၌ ဒုတိယ

http://www.thitsarparamisociety.com/



ချာန် ၃ ဘုံပါ (ဝါ–ဒုတိယဈာန် ၃ ဘုံအထိ) ရေလွှမ်းမိုး ပျက်စီး၏။ ။ လေဖျက်သော ကမ္ဘာ၌ တတိယဈာန် ၃ ဘုံပါ (ဝါ–တတိယဈာန် ၃ ဘုံအထိ) လေတိုက်ခတ် ပျက်စီးေ သည်။ တစ်နည်းဆိုရသော် –

မီးဖျက်သောကမ္ဘာ၌ အာဘဿရာဘုံမှအောက် အကုန်မီးလောင်၏။

ရေဖျက်သောကမ္ဘာ၌ သုဘကိဏှာဘုံအောက် အကုန် ရေလွှမ်းမိုး ပျက်စီး၏။

လေဖျက်သောကမ္ဘာ၌ ဝေဟပ္ဖိုလ်ဘုံမှအောက် အကုန်လေတိုက်ခတ် ပျက်စီး၏။

**(၄၃) ဇာတိ+အာဏာ၊ ဝိသယာ၊ သုံးဖြာလောကဓာတ်။**

**(၄၄) သောင်း+သိန်းကုဋေ၊ အသင်္ချေ၊ သုံးထွေအစဉ်ဟပ်။**

**(၄၅) ဖြစ်+ပျက်နှစ်ဖြာ၊ အတူမှာ၊ အာဏာခေတ်ဟုမှတ်။**

ဇာတိခေတ် လောကဓာတ်၊ အာဏာခေတ် လောကဓာတ်၊ ဝိသယ ခေတ်၊ လောကဓာတ်ဟူ၍ လောကဓာတ်ခေတ်ကြီး (နယ်ကြီး) သုံးရပ်ရှိ၏။

စကြဝဠာတိုက်ပေါင်း တစ်သောင်းသည် ဇာတိခေတ်မည်၏။ စကြ ဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းသည် အာဏာခေတ်မည်၏။ မရေ မတွက်နိုင်သော စကြဝဠာ အနန္တသည် ဝိသယခေတ် လောကဓာတ် မည်၏။

ကမ္ဘာပျက်သောအခါ ကမ္ဘာဖြစ်သောအခါ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်း တည်းဟူသော အာဏာခေတ် လောကဓာတ်ကြီးသည် အတူဖြစ်၍ အတူပျက်၏။

ကမ္ဘာ (ကပ်) အကြောင်း ပြီး၏။

## ဗြဟ္မာ့သက်များ

**(၄၆) ကပ်အန္တရ၊ ကော်+ဝိသ၊ ဗြဟ္မပါရိသက်။**

**(၄၇) ကပ်အန္တရ၊ ဇာတ္တိံသ၊ ဗြဟ္မပုရောသက်။**

http://www.thitsarparamisociety.com/


## (၄၈) ခြောက်ဆယ့်လေးဖြာ၊ သချေ်ယျာ၊ မဟာဗြဟ္မာသက်။

ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့သည် အန္တရကပ်ပေါင်း ၂၀ ကပ် အသက်ရှည်ကုန်၏။

ဗြဟ္မပုရောဟိတ ဗြဟ္မာတို့သည် အန္တရကပ်ပေါင်း ၃၂ ကပ် အသက်ရှည်ကုန်၏။

မဟာဗြဟ္မာတို့သည် အန္တရကပ် ၆၄ ကပ် တည်းဟူသော အသချေ်ယျ တစ်ကပ် အသက်ရှည်ကုန်၏။

## (၄၉) နှစ်+လေး+ရှစ်သာ၊ ကပ်မဟာ၊ သုံးဖြာ ဒု–ဘုံသက်။

ပရိတ္တာဘာဘုံသာ ဗြဟ္မာတို့သည် မဟာကပ် ၂ ကပ် အသက်ရှည်ကုန်၏။

အပ္ပမာဏာဘာဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၄ ကပ် အသက်ရှည်ကုန်၏။

အာဘဿရာဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၈ ကပ် အသက်ရှည်ကုန်၏။

## (၅၀) ရှစ်ကမ္ဘာတွင်၊ တပိုးတင်၊ သုံးခွင် တ–ဘုံသက်။

ပရိတ္တသုဘာဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၁၆ ကပ် အသက်ရှည်ကုန်၏။

အပ္ပမာဏသုဘာဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၃၂ ကပ် အသက်ရှည်ကုန်၏။

သုဘကိဏှာဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၆၄ ကပ် အသက်ရှည်ကုန်၏။

## (၅၁) ဝေသပ်+သညာ၊ ကပ်ငါးရာ၊ သုဒ္ဓါ တပိုးတက်။

ဝေဟပ္ဖိုလ်ဘုံသား ဗြဟ္မာများနှင့် အသညသတ်ဘုံသား ဗြဟ္မာများသည် မဟာကပ် ၅၀၀ ရာစီ အသက်ရှည်ကြကုန်၏။ အဝိဟာ ဗြဟ္မာတို့

http://www.thitsarparamisociety.com/



သည် မဟာကပ် ၁၀၀၀၊ အကပ္ပါဖြဟ္မာတို့သည် မဟာကပ် ၂၀၀၀၊ သုဒဿာ ဗြဟ္မာတို့သည် မဟာကပ် ၄၀၀၀၊ သုဒဿီ ဗြဟ္မာတို့သည် မဟာကပ် ၈၀၀၀၊ အကနိဋ္ဌဗြဟ္မာတို့သည် မဟာကပ် ၁၆၀၀၀ အသက်ရှည်ကုန်၏။

**(၅၂)နှစ်သောင်း+လေးသောင်း၊ ခြောက်သောင်း တလုစ်၊ ရှစ်သောင်းလေးထောင်၊ သချာထောင်၊ အာခေါင်ဘုံဘဝဂ်။**

အာကာသာနဉ္စာယတနဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၂၀၀၀၀၊ ဝိညာဏဉ္စာယတနဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၄၀၀၀၀၊ အာကိဉ္စညာယတနဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၆၀၀၀၀၊ ဘဝဂ်ဘုံခေါ်သော နေဝသညာနာသညာယတနဘုံသား ဗြဟ္မာတို့သည် မဟာကပ် ၈၄၀၀၀ အသက်ရှည်ကြကုန်၏။

ပဋိသန္ဓိစတုက္က (ပဋိသန္ဓေ ၄ မျိုး) ပြီး၏။

## (၃) ကမ္မစတုက္က (ကံ ၄ မျိုး)

**(၅၃) ပဋိသန္ဓေ၊ ပဝတ္တိ၊ ဝိပါက်+ကဋတ္တာ။**

**(၅၄) ဖြစ်ပွားစေမှု၊ ကျေးဇူးပြု၊ ကု+ကု ဇနကာ။**

**(၅၅) ထောက်ပံ့သမှု၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ။**

**(၅၆) နှိပ်စက်ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု၊ ဥပပီဠကာ။**

**(၅၇) ပျက်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။**

### ကိစ္စအပြား ကံလေးပါး

(၁) ဇနကကံ၊ (၂) ဥပတ္ထမ္ဘကကံ၊ (၃) ဥပပီဠကကံ၊ (၄) ဥပဃာတကကံ ဟူ၍ ကိစ္စအပြား ကံ ၄ ပါးရှိ၏။

(၁) ပဋိသန္ဓေအခါ+ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ+ကဋတ္တာရုပ်တို့ကို ဖြစ်ပွားအောင် ကျေးဇူးပြုတတ်သော ကုသိုလ် စေတနာ

http://www.thitsarparamisociety.com/



ကံ၊ အကုသိုလ်စေတနာကံတို့သည် ဇနကကံမည်ကုန်၏။

(၂) မိမိကိုယ်၌ကမူ ဝိပါက်နာမက္ခန္ဓာ+ကဋတ္တာရုပ်တို့ကို ဖြစ်ပွားစေရန် မတတ်နိုင်ဘဲ လက်ရှိဇနကကံကို ကာလရှည်မြင့်စွာ အကျိုးပေးနိုင်ရန် ထောက်ပံ့တတ်သော ကုသိုလ်စေတနာကံ၊ အကုသိုလ်စေတနာကံတို့သည် ဥပတ္ထမ္ဘကကံ မည်ကုန်၏။

(၃) ကုသိုလ်ဇနကကံကို ကာလရှည်မြင့်စွာ အကျိုးပေးခွင့်မရအောင် နှောင့်ယှက်နှိပ်စက်ညှဉ်းပန်းတတ်သော အကုသိုလ်စေတနာကံသည် ဥပပီဠကကံမည်၏။

(၄) ကုသိုလ်ဇနကကံ၏ အကျိုးပေးခွင့်ကို ပျက်ဆုံးရပ်စဲစေ၍ မိမိ၏ မကောင်းကျိုးကို ပေးတတ်သော အကုသိုလ်စေတနာကံသည် ဥပဃာတကကံ မည်၏။

**ပရိယာယအပြား ကံ ၄ ပါး**
**အကျိုးပေးခွင့် အစဉ်ကံ ၄ ပါး**

**(၅၈) ကံတစ်ပါးတို့၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာ ဂရုက။**

**(၅၉) သေဆုံးလုမှ၊ ပြုသော်ငင်း၊ အဟောင်းပေါ်လာ၊ ကံ နှစ်ဖြာ၊ သညာအာသန္န။**

**(၆၀) နေ့ရှည်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲ အာစိဏ္ဏ။**

**(၆၁) သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာ ကဋတ္တ။**

(၁) ဂရုကကံ၊ (၂) အာသန္နကံ၊ (၃) အာစိဏ္ဏကံ၊ (၄) ကဋတ္တာကံဟူ၍ ပရိယာယ (အကျိုးပေးခွင့်အစဉ်) အပြား ကံ ၄ ပါးတို့ ရှိကုန်၏။

(၁) ကံတစ်ပါးတို့ မတားနိုင်လောက်အောင် အားကြီးစွာသော ကုသိုလ် ကံ+အကုသိုလ်ကံတို့သည် ဂရုကကံ မည်ကုန်၏။

http://www.thitsarparamisociety.com/



(၂) သေခါနီးမှပြုသော ကုသိုလ်ကံ+အကုသိုလ်ကံတို့သည်လည်းကောင်း၊ (သို့မဟုတ်) ရှေးကပြုခဲ့၍ သေဆုံးခါနီး၌ ဆိုင်ရာဒွါရဝယ် ထင်လာပေါ်လာသော ကုသိုလ်ကံ+အကုသိုလ်ကံသည်လည်းကောင်း အာသန္နကံမည်၏။

(၃) နေ့ရက်ရှည်ကြာစွာ စွဲစွဲမြဲမြဲ လေ့ကျက်ပွားထုံအပ်သော ကုသိုလ်ကံ+အကုသိုလ်ကံစုသည် အာစိဏ္ဏကံမည်၏။

(၄) ဆိုခဲ့ပြီးသော ကံသုံးပါးတို့မှ အလွတ်ဖြစ်သော ပြုအပ်ကာမျှဖြစ်သော ကုသိုလ်ကံ+အကုသိုလ်ကံစုသည် ကဋတ္တာကံမည်၏။

ထိုကံလေးပါးတို့တွင် ဂရုကကံသည် ရှေးဦးစွာ အကျိုးပေးတတ်၏။ ဂရုကကံ မရှိမှ ကျန်သော ကံ ၃ ပါးတို့တွင် အာသန္နကံသည် ရှေးဦးစွာ အကျိုးပေးတတ်၏။ ဂရုကကံ+အာသန္နကံတို့မရှိမှ အာစိဏ္ဏကံ အကျိုးပေးတတ်၏။ ရှေးကံ ၃ ပါး မရှိမှ နောက်ဆုံး ကဋတ္တာကံ အကျိုးပေးတတ်၏။

## အကျိုးပေးရာကာလအပြား ကံ ၄ ပါး

### (၆၂) ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇာ၊ ပရာပရိ၊ အဟောသိ၊ ရှိသည် ကံလေးဖြာ။

(၁) ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ (၂) ဥပပဇ္ဇဝေဒနီယကံ၊ (၃) အပရာပရိယဝေဒနီယကံ၊ (၄) အဟောသိကံ ဟူ၍ အကျိုးပေးရာကာလအပြား ကံ ၄ ပါးတို့ ရှိကုန်၏။

### (၆၃) မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဇောဦးသာ။

(၁) မျက်မှောက်ပစ္စက္ခဘဝ၌ (အကြောင်းညီညွတ်လျှင်) အကျိုးပေးတတ်သော (ဇောခုနစ်ကြိမ်တို့တွင်) ပထမဇော၌ ပါရှိသော စေတနာသည် (ကုသိုလ်+အကုသိုလ် စေတနာသည်) ဒိဋ္ဌဓမ္မ ဝေဒနီယကံမည်၏။ (ဒိဋ္ဌဓမ္မ=မျက်မှောက်ဘဝ၌၊ ဝေဒနီယ=အကျိုးခံစားရသောကံဟု ဆိုလိုသည်။ မဂ်ကုသိုလ်ကံသည် ဧကန်ပင် ဒိဋ္ဌဓမ္မ ဝေဒနီယကံ မည်၏။)

http://www.thitsarparamisociety.com/



## (၆၄) ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပဆုံးဇောသာ။

(၂) အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇော ကုသိုလ်+အကုသိုလ် စေတနာကံသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။ (မဟဂ္ဂုတ် ကုသိုလ်ကံတို့သည် အကြောင်းညီညွတ်လျှင် ဒုတိယဘဝ၌ အကျိုးပေးတတ်၍ ဥပပဇ္ဇဝေဒနီယကံ မည်ကုန်၏။)

## (၆၅) ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇော ၅ ဖြာ။

(၃) တတိယ ဘဝမှစ၍ (ရဟန္တာဖြစ်သည့်တိုင်အောင်) အဆက်ဆက်သောဘဝတို့၌ အကြောင်းညီညွတ်လျှင် အကျိုးပေးတတ်သော အလယ်ဇော ၅ ချက် ကုသိုလ်+အကုသိုလ် စေတနာကံသည် အပရာပရိယဝေဒနီယကံမည်၏။

## (၆၆) ကံအဟောသိ၊ ကျိုးမရှိ၊ တြိစေတနာ။

(၄) မိမိ မိမိတို့၏ အကျိုးပေးရာကာလ၌ အကျိုးမပေးလိုက်ရဘဲ လွန်သွားသော ရှေ့ကံ ၃ ပါးတို့သည် အဟောသိကံမည်၏။

ကာလအပြား ကံ ၄ ပါး ပြီး၏။

## ကံဝေပန်ခန်း

## ဒုစရိုက်ဆယ်ပါး အကုသိုလ်ကံဆယ်ပါး

## (၆၇) သက်သတ်+ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။

သူ့အသက်ကိုသတ်ခြင်း=ပါဏာတိပါတကံ၊ သူ့ဥစ္စာကိုခိုးခြင်း=အဒိန္နာဒါနကံ၊ ကာမတရားတို့၌ ဖောက်ပြန်မှားယွင်းစွာကျင့်ခြင်း=ကာမေသုမိစ္ဆာစာရကံ၊ ဤ ကံ ၃ ပါးတို့သည် များသောအားဖြင့် (ကာယဝိညာတ်ရုပ်ခေါ်သော) ကာယဒွါရ၌ ဖြစ်တတ်သောကြောင့် အကုသိုလ်ကာယကံ ၃ ပါးတို့ မည်ကုန်၏။ ကာယဒုစရိုက် ၃ ပါးဟူ၍လည်း ခေါ်၏။

http://www.thitsarparamisociety.com/



### (၆၈) မုသာ + မိတ်ခွဲ၊ ဆဲရေး + ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်းဝစီကံ။

မဟုတ်မမှန် ပြောဆိုခြင်း=မုသာဝါဒကံ၊ ကုန်းတိုက်စကား ပြောကြားခြင်း–ပိသုဏာဝါစာကံ၊ ဆဲရေးစကား ကြမ်းတမ်းသော စကားပြောကြားခြင်း=ဖရုသဝါစာကံ၊ မှတ်သားလောက်သော အနက်အဓိပ္ပာယ်မရှိသည့် ပြိန်ဖျင်းသောစကားကို ပြောကြားခြင်း=သမ္ဖပ္ပလာပကံ၊ ဤ ကံ ၄ ပါးတို့သည် (ဝစီဝိညတ်ရုပ်တည်းဟူသော) ဝစီဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် အကုသိုလ်ဝစီကံ ၄ ပါးတို့ မည်ကုန်၏။ ဝစီဒုစရိုက် ၄ ပါး ဟူ၍လည်း ခေါ်၏။

### (၆၉) သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊ ပါပ ဒိဋ္ဌိ၊ အယူငြိ၊ တြိမနောကံ။

သူတစ်ပါးပိုင်သော ပစ္စည်းကို “ငါ့ရမူ ကောင်းလေစွာ၊ ငါ့ဥစ္စာ ဖြစ်မူ ကောင်းလေစွာ”ဟု တောင့်တသည့် လောဘတည်းဟူသော အဘိဇ္ဈာကံ၊ သူတစ်ဖက်သား ပျက်ပြားဆုံးရှုံးမှုကို ကြံစည်တောင့်တခြင်း ဒေါသတည်းဟူသော ဗျာပါဒကံ၊ ဖောက်ပြန် မှားယွင်းစွာယူခြင်း မိစ္ဆာဒိဋ္ဌိကံ၊ ဤကံ ၃ ပါးတို့သည် (အကုသိုလ်ဇောစိတ်တည်းဟူသော) မနောဒွါရ၌သာ များသောအားဖြင့် ဖြစ်တတ်သောကြောင့် အကုသိုလ်မနောကံ ၃ ပါး မည်ကုန်၏။ မနောဒုစရိုက် ၃ ပါးဟူ၍လည်းခေါ်၏။

ကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါး၊ ပေါင်း အကုသိုလ်ကံ ၁၀ ပါး၊ ဒုစရိုက် ၁၀ ပါးဟူ၍လည်း ခေါ်၏။

### (၇၀) ကိုယ်တိုင်+တိုက်တွန်း ချီးမွမ်း+စိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ လေးဆယ်ကံ။

ဆိုခဲ့ပြီးသော အကုသိုလ်ကံ ၁၀ ပါးတို့သည် (က) ကိုယ်တိုင်ပြုလုပ်+ပြောဆို+ကြံစည်သော သာဟတ္ထိက အကုသိုလ်ကံ ၁၀ ပါး၊ (ခ) သူတစ်ပါးကို ပြုလုပ်+ပြောဆို+ကြံစည်ရန် တိုက်တွန်းခြင်း၊ အာဏတ္တိက အကု

http://www.thitsarparamisociety.com/



သိုလ်ကံ ၁၀ ပါး၊ (ဂ) သူတစ်ပါးပြုလုပ်+ပြောဆို+ကြံစည်သည်ကို နှစ်လိုအားရမ်း ချီးမွမ်းပြောဆိုခြင်း ဝဏ္ဏဘာသန အကုသိုလ်ကံ ၁၀ ပါး၊ (ဃ) သူတစ်ပါးပြုလုပ်+ပြောဆို+ကြံစည်သည်ကို စိတ်ထဲက သဘောကျခြင်း သဘောတူခြင်း သမနုည အကုသိုလ်ကံ ၁၀ ပါး၊ ဤသို့ပွားယူလျှင် အကုသိုလ်ကံ ၄၀ ဖြစ်၏။ ဒုစရိုက် ၄၀ ဖြစ်၏။

အကုသိုလ်ကံ ၁၀ ပါး၊ ဒုစရိုက် ၁၀ ပါး ပြီး၏။

## သုစရိုက် ၁၀ ပါး=ကုသိုလ်ကံ ၁၀ ပါး

### (၇၁) ကာ–ဒုသုံးပါး၊ ကြဉ်ရှောင်ခြင်း၊ သုံးပါးကာယကံ။

သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း=ပါဏာတိပါတဝိရတီကံ၊ သူ့ဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း=အဒိန္နာဒါနဝိရတီကံ၊ ကာမတရားတို့၌ ဖောက်ပြားစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း=ကာမေသုမိစ္ဆာစာရဝိရတီကံ၊ ဤ ၃ ပါးတို့ကို (ကာယဝိညတ်ရုပ် တည်းဟူသော) ကာယဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် ကုသိုလ်ကာယ ကံ ၃ ပါး (ကာယသုစရိုက် ၃ ပါး) ဟူ၍ ခေါ်၏။

### (၇၂) နှုတ်ဒုလေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါးဝစီကံ။

မုသာဝါဒမှ ရှောင်ကြဉ်ခြင်း=မုသာဝါဒ ဝိရတီကံ၊ ပိသုဏာဝါစာမှ ရှောင်ကြဉ်ခြင်း=ပိသုဏာဝါစာဝိရတီကံ၊ ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း=ဖရုသဝါစာ ဝိရတီကံ၊ သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း သမ္ဖပ္ပလာပဝိရတီကံ၊ ဤ ကံ ၄ ပါးတို့ကို (ဝစီဝိညတ်ရုပ် တည်းဟူသော) ဝစီဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် ကုသိုလ်ဝစီကံ ၄ ပါး (ဝစီသုစရိုက် ၄ ပါး) ဟူ၍ ခေါ်၏။

### (၇၃) အနဘိဇ္ဈာ၊ အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်ဘိ၊ တြိမနောကံ။

သူပိုင်သော ဥစ္စာကို ငါရလို၏ဟု မတောင့်တခြင်း အလောဘတည်း

http://www.thitsarparamisociety.com/



ဟူသော အနဘိဇ္ဈာကံ၊ သူတစ်ပါးကို ပျက်စီးအောင် မကြံစည်ခြင်း အဒေါသတည်းဟူသော အဗျာပါဒကံ၊ အယူမဖောက်ပြန် မှန်ကန်ခြင်း အသိဉာဏ်ပညာတည်းဟူသော သမ္မာဒိဋ္ဌိကံ၊ ဤကံ ၃ ပါးတို့ကို (ကုသိုလ်ဇောစိတ် တည်းဟူသော) မနောဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် ကုသိုလ်မနောကံ ၃ ပါး (မနောသုစရိုက် ၃ ပါး) ဟူ၍ခေါ်၏။

(ဆိုခဲ့ပြီးသော ကုသိုလ်ကာယကံ ၃ ပါး၊ ကုသိုလ်ဝစီကံ ၄ ပါး၊ ကုသိုလ်မနောကံ ၃ ပါး၊ ဤ ၁၀ ပါးတို့ကို ကုသိုလ်ကံ ၁၀ ပါး (တနည်း သုစရိုက် ၁၀ ပါး)ဟူ၍ ခေါ်၏။ ။ဤကုသိုလ်ကံ ၁၀ ပါးတို့ကိုလည်း အကုသိုလ်ကံ ၁၀ ပါးနည်းတူ ကိုယ်တိုင်ပြုလုပ်၊ ပြောဆိုကြံစည်ခြင်း= သာဟတ္ထိကကုသိုလ်ကံ ၁၀ ပါး၊ သူတစ်ပါးကို ပြုလုပ်၊ ပြောဆို၊ ကြံစည် ရန် တိုက်တွန်းပြောဆိုခြင်း=အာဏတ္တိကကုသိုလ်ကံ ၁၀ ပါး၊ သူတစ်ပါး ပြုလုပ်၊ ပြောဆို၊ ကြံစည်သည်ကို နှစ်လိုအားရမ်းချီးမွမ်းပြောဆိုခြင်း= ဝဏ္ဏဘာသန ကုသိုလ်ကံ ၁၀ ပါး၊ သူတစ်ပါး ပြုလုပ်၊ ပြောဆို၊ ကြံစည် သည်ကို စိတ်ထဲက သဘောကျခြင်း သဘောတူခြင်း=သမနုည ကုသိုလ် ကံ ၁၀ ပါး၊ ဤသို့ ပွားယူလျှင် ကုသိုလ်ကံ ၄၀ ဖြစ်၏။ သုစရိုက် ၄၀ ဖြစ်၏။)

## ပုညကိရိယာ ဝတ္ထုဆယ်ပါး

**(၇၄)ဒါ+သီ+ဘာ+ပူ၊ ကြောင့်ကြမှုနှင့်၊ အလှူဝေငှ၊ အမျှသာခေါ်၊ သူ့တရားနာ၊ သိရာပြောဆို၊ ကံကိုကိုးရိုး၊ ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခပွားများရန်။**

(၁) လှူဒါန်းပေးကမ်းခြင်း=ဒါနကောင်းမှု၊ (၂) သီလစောင့်ထိန်းခြင်း =သီလကောင်းမှု၊ (၃) သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်း= ဘာဝနာကောင်းမှု၊ (၄) ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ ပုဂ္ဂိုလ်တို့အား အရိုအသေပြု ခြင်း၊ ပူဇော်ခြင်း=အပစာယန ကောင်းမှု၊ (၅) သူတစ်ပါးတို့ ကုသိုလ်

http://www.thitsarparamisociety.com/


ကောင်းမှု ပြုလုပ်ရာ၌ ကြောင့်ကြစိုက်ထူ ကူညီဆောင်ရွက်ခြင်း=ဝေယျာဝစ္စကောင်းမှု၊ (၆) မိမိ၏ ကုသိုလ်ကောင်းမှုများကို သူတစ်ပါးတို့အား အမျှပေးဝေခြင်း=ပတ္တိဒါနကောင်းမှု၊ (၇) သူတစ်ပါးတို့က အမျှပေးဝေသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုခြင်း=ပတ္တာနုမောဒနာ ကောင်းမှု၊ (၈) သူတစ်ပါးတို့ ဟောကြားသောတရားကို ရိုသေစွာနာကြားခြင်း=ဓမ္မဿဝနကောင်းမှု၊ (၉) မိမိသိသော တရားကို သူတစ်ပါးတို့အား ဟောကြားပြသပြောဆိုခြင်း=ဓမ္မဒေသနာကောင်းမှု၊ (၁၀) ကံကိုကိုးစား ယုံကြည် သိမြင်မှု=ဒိဋ္ဌိဇုကမ္မ။ ဤ ၁၀ ပါးတို့ကို ပုညကိရိယာဝတ္ထု ၁၀ ပါးဟူ၍ ခေါ်ဆို၏။ (ပုညကိရိယာ=ဖြူစင်ကောင်းမြတ်သော အပြုအမူ၊ ဝတ္ထု=ချမ်းသာသုခ ပွားများကြောင်း၊ နှစ်ရပ်ပေါင်းလျှင် ပုညကိရိယာ ဝတ္ထု=ချမ်းသာသုခ ပွားများကြောင်း ဖြစ်သည့် ဖြူစင်ကောင်းမြတ်သော အပြုအမူဟူ၍ ဆိုလို၏။)

## (၇၅) ပုဗ္ဗာ+မုဉ္စ၊ ပရကြည်စွာ၊ စေတနာ၊ သုံးဖြာ သီးသီးဖန်။

ဆိုခဲ့ပြီးသော ပုညကိရိယာဝတ္ထု ၁၀ ပါးတို့ကို တစ်ပါးတစ်ပါး၌ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ ပရစေတနာ ဟူ၍ သုံးပါးစီ သုံးပါးစီ ပြားပြန်၏။

## (၇၆) ငါးပါး+ဆယ်ပါး၊ နိစ္စထား၊ ရှစ်ပါးဥပုသ်ကံ။

သီလကောင်းမှုနှင့်စပ်၍ အထူးမှတ်ရန်မှာ ငါးပါးသီလ၊ ၁၀ ပါးသီလတို့ကို နိစ္စသီလဟု ခေါ်၏။ ၈ ပါးသီလကို ဥပေါသထသီလ=ဥပုသ်ကံဟု ခေါ်၏။ (ဆိုခဲ့ပြီးသော သုစရိုက် ၁၀ ပါး၊ ပုညကိရိယာ ၁၀ ပါးတို့သည် ကာမာဝစရ ကုသိုလ်ကံတို့သာတည်း။)

### ပုညကိရိယာဝတ္ထုဆယ်ပါးနှင့်စပ်၍ အထူးမှတ်ရန်

ဆိုခဲ့ပြီးသော ပုညကိရိယာဝတ္ထု ၁၀ ပါးတို့ကို ချုံးလိုက်လျှင် ဒါန၊ သီလ၊ ဘာဝနာ ဟူ၍ ၃ ပါးဖြစ်တော့၏။ ချုံးပုံမှာ –

http://www.thitsarparamisociety.com/


**(အစ–အလယ်) (အလယ်–အစ) (နောက်–နောက်ချင်းချ)**

ဟူသော ဆောင်ပုဒ်အတိုင်း ဒါန၊ သီလ၊ ဘာဝနာတို့ကို နုတ်၍ ကျန် ၇ ပါးတို့တွင် (၁) အစဖြစ်သော အပစာယန၊ ဝေယျာဝစ္စ ၂ ပါးတို့ကို (စာရိတ္တသီလမျိုးဖြစ်ကြသောကြောင့်) သီလကောင်းမှု၌ သင်္ဂြိုဟ်ရေတွက်ပေါင်းစုရ၏။ အလယ်ဖြစ်သော ပတ္တိဒါန၊ ပတ္တာနုမောဒန ၂ ပါးတို့ကို (လူသား၊ မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်အနေဖြင့် ဒါနနှင့် သဘောလက္ခဏာတူကြသောကြောင့်) ဒါနကောင်းမှု၌ သင်္ဂြိုဟ်ရေတွက်ပေါင်းစုရ၏ (၃) နောက်ဖြစ်သော ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ၃ ပါးတို့ကို (ကုသိုလ်တရား ပွားထုံသော အပြုအမူအနေဖြင့် ဘာဝနာနှင့်သဘောတူသောကြောင့်) ဘာဝနာကောင်းမှု၌ သင်္ဂြိုဟ်ရေတွက် ပေါင်းစုရ၏။ ဤအလို ပေါင်းစုကြည့်လျှင် –

| | |
|---|---|
| အပစာယန<br>ဝေယျာဝစ္စ | } သီလ |
| ပတ္တိဒါန<br>ပတ္တာနုမောဒန | } ဒါန |
| ဓမ္မဿဝန<br>ဓမ္မဒေသနာ<br>ဒိဋ္ဌိဇုကမ္မ | } ဘာဝနာ |

ဤပုံအတိုင်း ဖြစ်လာ၏။ (ဤကား အနုဋီကာဆရာ အရှင်ဓမ္မပါလ၏ နည်းတည်း။)

ဋီကာကျော်ဆရာတို့ အလိုအားဖြင့် ဒိဋ္ဌိဇုကမ္မ ပုညကိရိယာ ဝတ္ထုသည် ဒါန၊ သီလ၊ ဘာဝနာ ၃ ပါးလုံးကိုပင် မှတ်တတ်သောကြောင့် (ဝါ–ဒိဋ္ဌိဇုကမ္မ ပုညကိရိယာ ဝတ္ထုရှိမှ ဒါန၊ သီလ၊ ဘာဝနာ ၃ ပါးတို့

http://www.thitsarparamisociety.com/


ဖြစ်နိုင်သောကြောင့်) ၎င်းကို ၃ ပါးလုံး၌ သင်္ဂြိုဟ်ရေတွက် ပေါင်းစုရ၏။ ဤအလို ပေါင်းစု၍ကြည့်လျှင် -

| | |
|---|---|
| ပတ္တိဒါန<br>ပတ္တာနုမောဒန<br>ဒိဋ္ဌိဇုကမ္မ | ဒါန |
| အပစာယန<br>ဝေယျာဝစ္စ<br>ဒိဋ္ဌိဇုကမ္မ | သီလ |
| ဓမ္မဿဝန<br>ဓမ္မဒေသနာ<br>ဒိဋ္ဌိဇုကမ္မ | ဘာဝနာ |

ဤပုံအတိုင်း ဖြစ်လာ၏။ (ဤကား ဋီကာကျော်ဆရာတို့အလိုတည်း။)

အထူးမှတ်ရန် ပြီး၏။

ကာမာဝစရ ကုသိုလ်ကံခန်း ပြီး၏။

## မဟဂ္ဂုတ်ကံခန်း

### (၇၇) မဟဂ်ကိုးဖြာ၊ ဘာဝနာ၊ အပ္ပနာမနောကံ။

မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါးတို့ကို ဒါန+သီလ+ဘာဝနာ သုံးပါးတို့တွင် ဘာဝနာကုသိုလ်ကံ ဟူ၍ ဆိုရကုန်၏။ ကာယကံ+ဝစီကံ+မနောကံ ၃ ပါးတို့တွင် အပ္ပနာရောက်သည့် မနောကံဖြစ်၏။

(မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါးတို့ကို ဘာဝနာကုသိုလ်ကံ၊ အပ္ပနာကုသိုလ်ကံ၊ မနောကံကုသိုလ်ကံဟု ခေါ်ဆိုရမည်ဟု ဆိုလိုသည်။)

## ကာမာဝစရကံအကျိုး

### (၇၈) ဥဒ်-စေကြဥ်လစ်၊ ကံဆယ့်တစ်၊ ဖြစ်စေပါယ်သန္ဓိ။

(ကုသိုလ်+အကုသိုလ် စေတနာကို ကံဟူ၍ ခေါ်၏။ စေတနာဟံ

http://www.thitsarparamisociety.com/


ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ အင်္ဂုတ္တိုရ် ပါဠိတော်)။ ။(ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော စေတနာကြဉ်သည့်) အကုသိုလ်ကံ ၁၁ ပါးတို့သည် အပါယ် ၄ ဘုံ၌ (အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် တည်းဟူသော) ပဋိသန္ဓေအကျိုးကို ဖြစ်စေကုန်၏။

## (၇၉) ဥဒ္ဓစ္စပါ၊ ဆယ့်နှစ်ဖြာမူ၊ ကာမေ+ရူပေ၊ ပဝတ္တေ၊ ဖြစ်စေ အကုဝိ။

ဥဒ္ဓစ္စသဟဂုတ်စေကနာနှင့် တကွသော အကုသိုလ်စေတနာကံ ၁၂ ပါးတို့သည်ပင် ပဝတ္တိအခါ ကာမဘုံ၌လည်းကောင်၊ (အသညသတ်ကြဉ်သော) ရူပ ၁၅ ဘုံ၌လည်းကောင်း၊ အကုသလဝိပါက်စိတ် ၇ ပါး (ရူပဘုံ ဖြစ်လျှင် ဃာ+ဇိ+ကာ ကိုကြဉ်၍ အကုသလဝိပါက်စိတ် ၄ ပါး) တည်းဟူသော ပဝတ္တိအကျိုးကို ဖြစ်စေကုန်၏။

အကုသိုလ်ကံ အကျိုးပေးပုံပြီး၏။

## (၈၀) ကာ–ကုရှစ်သာ၊ ကာ သုမှာ၊ ကိုးဖြာ သု–သန္ဓိ။

ကာမာဝစရ ကုသိုလ်ကံ ၈ ပါးတို့သည် ကာမသုဂတိ ၇ ဘုံ၌ (ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်+မဟာဝိပါက်စိတ် ၈ ပါးတည်းဟူသော) ကာမသုဂတိ ပဋိသန္ဓေ ၉ ပါး အကျိုးကို ထိုက်သည်အားလျော်စွာ ဖြစ်စေကုန်၏။ (ထိုက်သည်အားလျော်စွာ ဖြစ်စေပုံ နောက်၌ ထင်ရှားလိမ့်မည်။)

## (၈၁) ဝိပါက်မဟာ၊ ကာ–သုမှာ၊ ကာ+ရူ ရှစ်ကုဝိ။

ထို ကာမာဝစရကုသိုလ်ကံ ၈ ပါးတို့သည် မဟာဝိပါက် ၈ ပါး တည်းဟူသော ပဝတ္တိကျိုးကို ကာမသုဂတိ ၇ ဘုံ၌သာ ဖြစ်ကြကုန်၏။ အဟိတ်ကုသလ ဝိပါက်စိတ် ၈ ပါး တည်းဟူသော ပဝတ္တိကျိုးကိုကား ကာမ ၁၁ ဘုံ၊ (အသညသတ်ကြဉ်သော) ရူပ ၁၅ ဘုံတို့၌ ဖြစ်စေကုန်၏။ ဤကား သာမညတည်း။

http://www.thitsarparamisociety.com/


## ကာမကုသိုလ်၏ ဝိသေသ အကျိုးပေးပုံ

**(၈၂) ဟိတ်+ဥက္ကဋ္ဌ်၊ ဩမကာ၊ နှစ်တန်ခွဲဝေသိ။**

**(၈၃) သုကုသလ်၊ ရှေ့နောက်ရံ၊ ထက်သန်ဥက္ကဋ္ဌ။**

**(၈၄) အကုသလ်၊ ရှေ့နောက်ရံ၊ ယုတ်ပြန်ဩမက။**

ကုသိုလ်မှုတစ်ခုကို ပြုလုပ်ရာ၌ ဉာဏ်ယှဉ်၍ ပြုလုပ်လျှင် ထိုကုသိုလ်ကံသည် တိဟိတ်ကံမည်၏။ ။ဉာဏ်မယှဉ်ဘဲ ပြုလုပ်လျှင် ဒွိဟိတ်ကံမည်၏။ (ဉာဏသမ္ပယုတ် စေတနာသည် တိဟိတ်ကံ၊ ဉာဏဝိပ္ပယုတ်ကိုသုလ်စေတနာသည် ဒွိဟိတ်ကံမည်၏ဟု ဆိုလိုသည်။)

တိဟိတ်ကံသည်လည်း ဥက္ကဋ္ဌကံ၊ ဩမကကံ ဟူ၍နှစ်မျိုးပြားပြန်၏။ ဒွိဟိတ်ကံသည်လည်း ထို့အတူပင် ဥက္ကဋ္ဌကံ၊ ဩမကကံဟူ၍ ၂ မျိုးပင် ပြားပြန်၏။

ကုသိုလ်ရှေ့နောက်ရံသော တိဟိတ်ကုသိုလ်ကံသည် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံမည်၏။ အကုသိုလ်ရှေ့နောက်ရံသော တိဟိတ်ကုသိုလ်ကံသည် တိဟိတ် ဩမကအကုသိုလ်ကံမည်၏။ ကုသိုလ်ရှေ့နောက်ရံသော ဒွိဟိတ်ကုသိုလ်ကံသည် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံမည်၏။ အကုသိုလ်ရှေ့နောက်ရံသော ဒွိဟိတ်ကုသိုလ်ကံသည် ဒွိဟိတ်ဩမကကုသိုလ်ကံမည်၏။

**(၈၅) တိဥက် တိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆယ့်ခြောက်သာ။**

တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ကံ ၄ ပါးတို့သည် တစ်ပါးတစ်ပါးလျှင် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါး တည်းဟူသော တိဟိတ်ပဋိသန္ဓေကျိုး ၄ ပါးစီတို့ကို ဖြစ်စေ၍ ပဝတ္တိအခါ မဟာဝိပါက်စိတ် ၈ ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး တည်းဟူသော ပဝတ္တိကျိုး ၁၆ ပါးစီတို့ကို ဖြစ်စေကုန်၏။ အကျိုးပေးကုန်၏။

http://www.thitsarparamisociety.com/



**(၈၆) တိသြ ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆယ့်နှစ်သာ။**

**(၈၇) ဒွိဥက် ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိဆယ့်နှစ်သာ။**

တိဟိတ်ဩမက မဟာကုသိုလ်ကံ ၄ ပါးတို့သည် တစ်ပါးတစ်ပါးလျှင် မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးတည်းဟူသော ဒွိဟိတ်ပဋိသန္ဓေကျိုး ၄ ပါးစီတို့ကို ဖြစ်စေ၍ ပဝတ္တိအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈ ပါးတည်းဟူသော ပဝတ္တိကျိုး ၁၂ ပါးစီတို့ကို ဖြစ်စေကုန်၏။ အကျိုးပေးကုန်၏။

ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ကံ ၄ ပါးတို့သည်လည်း တစ်ပါးတစ်ပါးလျှင် မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးတည်းဟူသော ဒွိဟိတ်ပဋိသန္ဓေကျိုး ၄ ပါးစီတို့ကို ဖြစ်စေ၍ ပဝတ္တိအခါ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးတည်းဟူသော ပဝတ္တိကျိုး ၁၂ ပါးစီတို့ကို ဖြစ်စေကုန်၏။ အကျိုးပေးကုန်၏။

**(၈၈) ဒွိသြ ကုဝိ၊ သန် သန္ဓိ၊ ပဝတ္တိကုရှစ်ဖြာ။**

ဒွိဟိတ်ဩမက မဟာကုသိုလ်ကံ ၄ ပါးတို့သည် အဟိတ်ကုသလဝိပါက်သန္တီရဏစိတ်တည်းဟူသော ပဋိသန္ဓေကျိုး တစ်ပါးစီတို့ကိုဖြစ်စေ၍ ပဝတ္တိအခါ အဟိတ်ကုသလ ဝိပါက်စိတ် ၈ ပါး တည်းဟူသော ပဝတ္တိကျိုး ၈ ပါးစီတို့ကို ဖြစ်စေကုန်၏။ အကျိုးပေးကုန်၏။

**(၈၉) ဆယ့်ခြောက်လေးလီ၊ လေးလေးလီ၊ အညီတိဥက်မှာ။**

သို့ရကား တိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးတို့၌ ပဝတ္တိကျိုး တစ်ဆယ့်ခြောက် လေးလီ၊ ပဋိသန္ဓေကျိုး လေးလေးလီဖြစ်၏။

**(၉၀) တိသြ+ဒွိဥက်၊ လေးရှစ်သုတ်၊ ရှစ်သုတ်ဆယ့်နှစ်သာ။**

တိဟိတ်ဩမက ကုသိုလ်ကံ ၄ ပါး၊ ဒွိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးတို့အတွက် ပဋိသန္ဓေအကျိုး ၄ ပါးစီ ရှစ်သုတ် ရှစ်စု၊ ပဝတ္တိကျိုး ၁၂ ပါးစီ ရှစ်သုတ် ရှစ်စုဖြစ်၏။

http://www.thitsarparamisociety.com/



## (၉၁) ရှစ်ခုလေးလီ၊ တစ်လေးလီ၊ အညီ ဒွိသြမှာ။

ဒွိဟိတ်သြမကာ ကုသိုလ်ကံ ၄ ပါးတို့အတွက် ပဝတ္တိကျိုး ၈ ပါး လေးလီ၊ ပဋိသန္ဓေကျိုး တစ်ပါးစီ လေးလီဖြစ်၏။

ကေစိဝါဒ။

## (၉၂) ကံ+ဝိနှစ်ဆူ၊ အ+သ–မူ၊ အတူကေစိဝါ။

သီဟိုဠ်ကျွန်း မောရဝါပီကျောင်းတိုက်၌နေသော အရှင်မဓ္မရက္ခိတ မထေရ်ကမူ "အသင်္ခါရိကကံကြောင့် အသင်္ခါရိကအကျိုး ဝိပါက်သာ ဖြစ်၏။ သသင်္ခါရိကကံကြောင့် သသင်္ခါရိကအကျိုး ဝိပါက်သာဖြစ်၏" ဟူ၍ မိန့်ဆိုတော်မူလေသည်။

ထိုမထေရ်၏အလိုအတိုင်းဆိုလျှင် တိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးအတွက် အသင်္ခါရိကကံ ၂ ပါး၊ သသင်္ခါရိကကံ ၂ ပါးအလိုက် အသင်္ခါရိက ပဋိသန္ဓေကျိုး သသင်္ခါရိကပဋိသန္ဓေကျိုး ၂ ပါးစီနှင့် ပဝတ္တိကျိုး ၁၂ ပါးစီဖြစ်၏။ ။ တိဟိတ်သြမကကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံတို့အတွက်လည်း ပဋိသန္ဓေကျိုး ၂ ပါးစီ၊ ပဝတ္တိကျိုး ၁၀ ပါးစီဖြစ်၏။ ဒွိဟိတ်သြမကကံ အတွက်ကား မထူးတော့ပြီ။ ပဋိသန္ဓေကျိုးလည်း အဟိတ်၊ ပဝတ္တိကျိုး လည်း အဟိတ်ပင်။

သို့သော်လည်း အကျိုးဝိပါက်ဖြစ်ရာ၌ (၁) ကံတည်းဟူသော ဇနက အကြောင်း၊ (၂) ကာလ+ဥပဓိ+ပယောဂ စသော ပစ္စယအကြောင်း၊ အထောက်အပံ့အကြောင်းဟူ၍ အကြောင်း ၂ မျိုးရှိရာ ကံတည်းဟူသော ဇနကအကြောင်းနှင့်စပ်၍ အကျိုးဝိပါက်၏ အသင်္ခါရိက+သသင်္ခါရိက ဖြစ်ရသည်မဟုတ်၊ အဟုတ်သော်ကား ပစ္စယအကြောင်း၊ အထောက်အပံ့ အကြောင်းတို့ လွယ်လွယ်ကူကူဖြစ်လျှင် အကျိုးဝိပါက်သည် အသင်္ခါရိက ဖြစ်၍ ပစ္စယအကြောင်းတို့ ခဲယဉ်းငြိုငြင်လျှင် အကျိုးဝိပါက်သည် သသင်္ခါရိက ဖြစ်ရသည်။ ထို့ကြောင့် ထိုဆရာ မထေရ်၏ ဝါဒကို 'ကေစိ ဝါဒ' ဟု နိမ်၍ ရေးသားဖွဲ့စပ်ခဲ့လေသည်။ ဤဝါဒကား အဋ္ဌကထာ ဆရာ

http://www.thitsarparamisociety.com/



အရှင်မဟာဗုဒ္ဓဃောသတို့၏ လက်ထက်ကပင် ရှိခဲ့၍ အဋ္ဌကထာဆရာကလည်း ထိုဝါဒကို ကေစိ ထိုးတော်မူခဲ့သည်။ ထို့ကြောင့် လယ်တီဆရာတော်ကလည်း ထိုဝါဒကို ကေစိထိုးခြင်းဖြစ်သည်ဟု အထူးမှတ်ယူရာ၏။

ကမာဝစရကံအကျိုးပြီး၏။

## မဟဂ္ဂုတ်ကုသိုလ်ကံအကျိုး

**(၉၃) ဟီနံ+မဇ္ဈံ၊ ပဏီတံ၊ သုံးချာန်ကိုယ်စီပြု။**

**(၉၄) ဆန်+ဝီ+စိတ်+မံ၊ သုံးမျိုးဖန်၊ သုံးချာန်ကွဲပြားမှု။**

ရူပချာန်တို့ကို ချာန်တစ်မျိုး တစ်မျိုးလျှင် ဟီနချာန်၊ မဇ္ဈိမချာန်၊ ပဏီတချာန်ဟူ၍ ၃ မျိုးစီပြုရာ၏။ မှတ်ရာ၏။

(၁) ယုတ်နိမ့်သောဆန္ဒ+ဝီရိယ+စိတ်+ဝီမံသာတို့ဖြင့် ဖြစ်စေအပ်သော ချာန်သည် ဟီနချာန်မည်၏။ (၂) အလယ်အလတ်ဖြစ်သော ဆန္ဒ+ဝီရိယ+ဝီမံသာတို့ဖြင့် ဖြစ်စေအပ်သော ချာန်သည် မဇ္ဈိမချာန်မည်၏။ (၃) အထက်တန်း အမြတ်ဖြစ်သော ဆန္ဒ+ဝီရိယ+စိတ်+ဝီမံသာတို့ဖြင့် ဖြစ်စေအပ်သော ချာန်သည် ပဏီတချာန် မည်၏။

ဟီနဖြစ်သော ပထမချာန် ကုသိုလ်ကံကြောင့် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ပထမချာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ဖြစ်ရ၏။ မဇ္ဈိမဖြစ်သော ပထမချာန် ကုသိုလ်ကံကြောင့် ဗြဟ္မပုရောဟိတာဘုံ၌ ပထမချာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ ဖြစ်ရ၏။ ပဏီတဖြစ်သော ပထမချာန် ကုသိုလ်ကံကြောင့် မဟာဗြဟ္မာဘုံ၌ ပထမချာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ဖြစ်ရ၏။

ဟီနဖြစ်သော ဒုတိယချာန် ကုသိုလ်ကံ၊ တတိယချာန် ကုသိုလ်ကံတို့ကြောင့် ပရိတ္တာဘာဘုံ၌ မဇ္ဈိမဖြစ်သော ဒုတိယချာန်ကုသိုလ်ကံ၊ တတိယချာန် ကုသိုလ်ကံတို့ကြောင့် အပ္ပမာဏာဘာဘုံ၌ ပဏီတဖြစ်သော ဒုတိယချာန်ကုသိုလ်ကံ၊ တတိယချာန် ကုသိုလ်ကံတို့ကြောင့်

http://www.thitsarparamisociety.com/



အာဘဿရာဘုံ၌ မိမိတို့၏ ဒုတိယဈာန်ဝိပါက်၊ တတိယဈာန်ဝိပါက် တည်းဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ ဖြစ်ရကုန်၏။

ဟီနဖြစ်သော စတုတ္ထဈာန် ကုသိုလ်ကံကြောင့် ပရိတ္တသုဘာဘုံ၌ မဇ္ဈိမဖြစ်သော စတုတ္ထဈာန် ကုသိုလ်ကံကြောင့် အပ္ပမာဏာသုဘာဘုံ၌ ပဏီတဖြစ်သော စတုတ္ထဈာန် ကုသိုလ်ကံကြောင့် သုဘကိဏှာဘုံ၌ စတုတ္ထဈာန်ဝိပါက်တည်းဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ ဖြစ်ရ၏။

ရူပါဝစရ ပဉ္စမဈာန် ကုသိုလ်ကံကြောင့် စတုတ္ထဈာန် ၇ ဘုံတို့၌ ထိုက်သည့်အားလျော်စွာ ပဉ္စမဈာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ ဖြစ်ရ၏။ ထိုက်သည်အားလျော်စွာ ဖြစ်ပုံမှာ -

ရိုးရိုး ပဉ္စမဈာန် ကုသိုလ်ကံကြောင့် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်ရ၏။

## (၄၅) နာမ်ပျောက်ကင်းစေ၊ ဆုပန်ထွေ၊ သညေရုပ်အစု။

နာမ်တရား၌ အပြစ်မြင်၍ ထိုနာမ်တရား ပျောက်ကင်းရန် ဆုပန်ခြွေ လျက် ပွားအပ်သော ပဉ္စမဈာန် ကုသိုလ်ကံကြောင့် အသညသတ်ဘုံ၌ ကမ္မဇရုပ် သက်သက် အကျိုးတို့ ဖြစ်ရ၏။

## (၄၆) ဣန္ဒြေငါးတန်၊ အစဉ်လွန်၊ ငါးတန်သုဒ္ဓါစု။

(၁) သဒ္ဓိန္ဒြေ လွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ်တို့မှာ ရူပါဝစရ ပဉ္စမ ဈာန် ကုသိုလ်ကံကြောင့် အဝိဟာဘုံ၌ ရူပါဝစရ ပဉ္စမဈာန်ဝိပါက် တည်း ဟူသော ပဋိသန္ဓေကျိုး+ပဝတ္တိကျိုးတို့ ဖြစ်ကုန်၏။ (၂) ဝီရိယိန္ဒြေ လွန် ကဲသော အနာဂါမ် ပုဂ္ဂိုလ်တို့မှာ ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်ကံကြောင့် အတပ္ပါဘုံ၌ ရူပါဝစရ ပဉ္စမဈာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေကျိုး+ ပဝတ္တိကျိုးတို့ ဖြစ်ကုန်၏။ (၃) သတိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ် တို့မှာ ရူပါဝစရ ပဉ္စမဈာန် ကုသိုလ်ကံကြောင့် သုဒဿာဘုံ၌ ရူပါဝစရ ပဉ္စမဈာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ ဖြစ်ကုန် ၏။ (၄) သမာဓိန္ဒြေ လွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ရူပါဝစရ ပဉ္စမ ဈာန် ကုသိုလ်ကံကြောင့် သုဒဿီဘုံ၌ ရူပါဝစရ ပဉ္စမဈာန် ဝိပါက်တည်း

http://www.thitsarparamisociety.com/



ဟူသော ပဋိသန္ဓေကျိုး+ပဝတ္တိကျိုးတို့ ဖြစ်ကုန်၏။ (၅) ပညိန္ဒြေလွန်ကဲသော အနာဂါမ် ပုဂ္ဂိုလ်တို့မှာ ရူပါဝစရ ပဉ္စမဈာန် ကုသိုလ်ကံကြောင့် အကနိဋ္ဌဘုံ၌ ရူပါဝစရ ပဉ္စမဈာန် ဝိပါက်တည်း ဟူသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ ဖြစ်ကုန်၏။

အာကာသာနဉ္စာယတန ကုသိုလ်ကံကြောင့် အာကာသာနဉ္စာယတန ဘုံ၌ အာကာသာနဉ္စာယတနဝိပါက်၊ ဝိညာဏဉ္စာယတန ကုသိုလ်ကံ ကြောင့် ဝိညာဏဉ္စာယတနဘုံ၌ ဝိညာဏဉ္စာ ယတနဝိပါက်၊ အာကိဉ္စညာယတန ကုသိုလ်ကံကြောင့် အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာ ယတနဝိပါက်၊ နေဝသညာ နာသညာယတန ကုသိုလ်ကံကြောင့် နေဝ သညာနာသညာယတနဘုံ၌ နေဝသညာ နာသညာယတန ဝိပါက် တည်းဟူသော ပဋိသန္ဓေကျိုး+ပဝတ္တိကျိုးတို့ ဖြစ်ကုန်၏။

အထူးမှတ်ရန် –

**(၉၇) ဗြဟ္မာပြည်မှာ၊ အရိယာ၊ အောက်ရွာဆင်းမရှိ။**

ဗြဟ္မာ့ပြည်သို့ ရောက်သော အရိယာ ပုဂ္ဂိုလ်တို့သည် အောက်ဘုံသို့ မဆင်းကြတော့ပြီ။ (ပဋိသန္ဓေလာ၍ မနေတော့ပြီဟု ဆိုလို၏။ ဘုရားဖူး ရန်၊ တရားနာရန်ကား လာကြကုန်၏။) မိမိဘုံ၌သော်လည်းကောင်း၊ အထက်ဖြစ်သော ဗြဟ္မာ့ဘုံ၌သော်လည်းကောင်း (ဘဝမဆုံးသေးလျှင်) ပဋိသန္ဓေ တည်နေဖြစ်ပွားကြကုန်၏။

**(၉၈) သုဒ္ဓါဘုံမှာ၊ အရိယာ၊ နှစ်ခါထပ်မရှိ။**

သုဒ္ဓါဝါသဘုံ၌ဖြစ်သော အနာဂါမ်အရိယာတို့သည် မိမိဖြစ်ရာဘုံ၌ နှစ်ခါထပ်၍ ဖြစ်ရိုးမရှိကုန်။ မိမိဖြစ်ရာဘုံ၌ ထိုဘဝ အရဟတ္တဖိုလ် ရောက်လျှင် ထိုဘဝမှာပင် ဘဝဆုံးတော့၏။ အရဟတ္တဖိုလ်သို့ မရောက် သေးလျှင် အထက်သုဒ္ဓါဝါသဘုံ၌ ဖြစ်ကြကုန်၏။

**(၉၉) ဝေ+နေ၊ အကာ၊ သုံးဌာနမှာ၊ အရိယာ၊ သွားရာဘုံမရှိ။**

http://www.thitsarparamisociety.com/


ဝေဟပ္ဖိုလ်ဘုံ+နေဝသညာ နာသညာယတနဘုံ+အကနိဋ္ဌဘုံတို့သို့ ရောက်သော အရိယာတို့သည် တဖန် တစ်ပါးသောဘုံ၌ မဖြစ်ကြတော့ ကုန်။ ထိုဘုံ၌သာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံကြကုန်၏။

မဟဂ္ဂုတ် ကုသိုလ်ကံအကျိုး ပြီး၏။

(၃) ကမ္မစတုက္က ပြီး၏။

## ၄–မရဏုပ္ပတ္တိ စတုက္က သေခြင်း ၄ မျိုး

**(၁၀၀) အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး၊ ကံဆိုးဖြတ်ခြွေ၊ သေမြဲပေ၊ လေးထွေမရဏ။**

၁။ အသက်တမ်းကုန်၍ သေခြင်း=အာယုက္ခယမရဏ။

၂။ ကံစွမ်းကုန်၍သေခြင်း=ကမ္မက္ခယမရဏ။

၃။ အသက်တမ်း၊ ကံစွမ်း ၂ ပါးစုံ ကုန်၍သေခြင်း=ဥဘယက္ခယ မရဏ၊

၄။ အသက်တမ်း၊ ကံစွမ်း ၂ ပါးစုံ ရှိပါသေးလျက် အကုသိုလ် ဥပဃာတက ကံဆိုးဖြတ်ခြွေ၍ သေခြင်း=ဥပစ္ဆေဒကမရဏ ဟူ၍ သေခြင်း ၄ မျိုးတို့ ရှိကုန်၏။

### အာရုံဝေဖန်ခန်း

**(၁၀၁) ကုသိုလ်နှင့်အကုသိုလ်ကမ္မ၊ ဇနက၊ ခွင့်ရ ရှေးရှုကံ။**

**(၁၀၂) ကံမြောက်ကြောင်းဟူ၊ ဆောက်အဦ၊ မှတ်ယူနိမိတ္တံ။**

**(၁၀၃) လားရာဂတိ၊ ထိုမှာရှိ၊ ဂတိနိမိတ္တံ**

(က) သေပြီးသည့်နောက် လားရာရောက်ရမည့် ဘဝဂတိ၌ ပဋိသန္ဓေကျိုး ပေးခွင့်ရသော ကုသိုလ်ကံ၊ အကုသိုလ်ကံကို ကံ အာရုံ ဟူ၍ခေါ်၏။

http://www.thitsarparamisociety.com/


(ခ) ထိုကံပြုစဉ်က ကံမြောက်ကြောင်း ဖြစ်သည့် အဆောက်အဦ၊ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ် စသည်တို့ကို ကမ္မနိမိတ်အာရုံ ဟူ၍ ခေါ်၏၊
(ဂ) ထိုကံကြောင့် လားရရောက်ရမည့် ဘဝ၊ ဂတိမှာရှိသော မိမိ ခံစားသုံးဆောင်ရမည့်အာရုံ ၆ ပါးကို ဂတိနိမိတ်အာရုံ ဟူ၍ ခေါ်၏။

## (၁၀၄) ထိုသုံးပါးတွင်၊ တအင်အင်၊ ထင်မြဲထုံးအမှန်။

ရှေးဆိုခဲ့ပြီးသော သေခြင်း ၄ မျိုးတို့တွင် တစ်ပါးပါးဖြင့် သေအံ့သော သတ္တဝါတို့အား သေခါနီးအခါ၌ အဆိုပါ ကံအာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံ၊ ဤ ၃ ပါးတို့တွင် တစ်ပါးပါးသော အာရုံသည် ဆိုင်ရာ ဒွါရ၌ (ကံအစွမ်းကြောင့်) ထင်၍လာကုန်၏။ မထင်သော မည်သည် မရှိ၊ ဘဝသံသရာခရီး သွားရဦးမည့် သတ္တဝါတိုင်းမှာပင် ထင်မြဲ ဓမ္မတာ ဖြစ်၏။

## (၁၀၅) ထင်လာတုံက၊ ထိုအာရုံထဲ၊ တဝဲဝဲ၊ စွဲမြဲစိတ်သန္တာန်။

ထိုသို့ ထင်လာသောအခါ ထင်လာသော အာရုံကို အာရုံပြု၍ ဆိုင်ရာ ဝီထိ စိတ်အစဉ်တို့သည် (ထိုအာရုံ တမလွန်ဘဝသို့ လိုက်ပါထင်မြင်နိုင် လောက်အောင်) တဝီထိပြီး တဝီထိ ထပ်တလဲလဲ တဝဲဝဲ စိတ်ထဲ၌ စွဲ လောက်အောင် ဖြစ်ကြကုန်၏။ (ထိုအာရုံလာမည့်ဘဝ ပဋိသန္ဓေစိတ်က အာရုံပြုနိုင်လောက်အောင် အထုံအားမကောင်းသေးလျှင် ဤဘဝမှ မသေ သေး၊ စုတိစိတ် မကျသေး။)

## (၁၀၆) ကံအာရုံမှာ၊ အတိတ်သာ၊ ထင်လာမနေ့ာတည်း။

ကံအာရုံ ထင်သူဖြစ်လျှင် ထိုကံအာရုံသည် အတိတ်ဓမ္မာရုံ ဖြစ်၍ မနောဒွါရ၌သာ ထင်၏။

## (၁၀၇) ကမ္မနိမိတ်၊ အတိတ်လွန်လေ၊ ပြားခြောက်သွေ၊ ထင်လေ မနောတည်း။

http://www.thitsarparamisociety.com/


## (၁ဝ၈) ယင်းနိမိတ္တံ၊ ပစ္စုပ္ပန်၊ ထင်ရန်ဆဒွါရ။

ကမ္မနိမိတ်အာရုံသည်ကား (၁) အတိတ်ကမ္မနိမိတ်အာရုံ၊ (၂) ပစ္စုပ္ပန်ကမ္မနိမိတ်အာရုံဟူ၍ ၂ ပါးရှိရာ (၁) အတိတ်ကမ္မ နိမိတ်အာရုံ ၆ ပါးဖြစ်လျှင် မနောဒွါရ၌သာ ထင်ကုန်၏။ (၂) ပစ္စုပ္ပန်ကမ္မနိမိတ်အာရုံ ၆ ပါးဖြစ်လျှင် ဆိုင်ရာဆိုင်ရာ ၆ ဒွါရတို့၌ ထင်ကုန်၏။

## (၁ဝ၉) ဂတိခြောက်တန်၊ ပစ္စုပ္ပန်၊ ထင်ရန်ဆဒွါရ။

ဂတိနိမိတ်အာရုံ ၆ ပါးတို့သည် ပစ္စုပ္ပန်အာရုံဖြစ်ကုန်၏။ ဆိုင်ရာ ၆ ဒွါရ၌ ထင်ကုန်၏။ (အာရုံထင်ရာ ဒွါရ၊ အာရုံမှတ်တမ်းလင်္ကာ ၄ ပိုဒ်ဖြစ်သည်။)

အာရုံဝေဖန်ခန်း ပြီး၏။

## ပဋိသန္ဓေခန်း

## (၁၁ဝ) တဒါ–ဘဝင် စု၊ တဒါ စု၊ နှစ်ခု မဟန္တ။

## (၁၁၁) ဇော ဘဝင်စု၊ ဇောနှင့်စု၊ နှစ်ခု မဟန္တ။

## (၁၁၂) မနောဒွါမူ၊ ထိုနည်းတူ၊ ဝိဘူ နှစ်ခုရ။

ဆိုခဲ့ပြီးသောအတိုင်း သေခါနီးကာလ၌ ထင်လာသော ကံအာရုံ၊ သို့မဟုတ် ကမ္မနိမိတ်အာရုံ၊ သို့မဟုတ် ဂတိနိမိတ်အာရုံကို ဆိုင်ရာဒွါရိက ဝီထိစိတ်ဖြင့် အဖန်တလဲလဲ တဝဲဝဲအာရုံယူ၍ ထိုအာရုံသည် လားရမည့် ဘဝဂတိ၌ ဖြစ်ပေါ်လတ္တံ့သော ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်တို့က အာရုံပြုနိုင်လောက်အောင် ထင်လာသောအခါမှ ဤဘဝက စုတိစိတ်ကျသော မရဏာသန္နဝီထိတို့ ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ ထိုမရဏာသန္နဝီထိတို့သည် –

ပဉ္စဒွါရ မရဏာသန္နဝီထိ၊ မနောဒွါရ မရဏာသန္နဝီထိ ဟူ၍ မူရင်း ၂ ပါး အပြားရှိကုန်၏။ ထိုတွင် ပဉ္စဒွါရ မရဏာသန္နဝီထိသည် စက္ခုဒွါရ မရဏာသန္နဝီထိ၊ သောတဒွါရ မရဏာသန္နဝီထိ စသောအားဖြင့် ၅ ပါး

http://www.thitsarparamisociety.com/



ပြားပြန်၏။ ထိုတွင် စက္ခုဒွါရ မရဏာသန္နဝီထိသည် အတိမဟန္တာရုံဝီထိ၊ မဟန္တာရုံဝီထိ ဟူ၍ ၂ ပါး ပြားပြန်၏။ ထိုတွင် အတိမဟန္တာရုံဝီထိသည်–

၁။ တဒါရုံနောင် ဘဝင်၊ ဘဝင်နောက် စုတိကျသော အတိမဟန္တာရုံ မရဏာသန္နဝီထိ၊

၂။ တဒါရုံနောင် စုတိကျသော အတိမဟန္တာရုံ မရဏာသန္နဝီထိ ဟူ၍ ၂ ပါး အပြားရှိ၏။

မဟန္တာရုံ မရဏာသန္နဝီထိသည်လည်း –

၁။ ဇောနောင်ဘဝင်၊ ဘဝင်နောင် စုတိကျသော မဟန္တာရုံ မရဏာသန္နဝီထိ။

၂။ ဇောနောင် စုတိကျသော မဟန္တာရုံ မရဏာသန္နဝီထိဟူ၍ ၂ ပါး အပြားရှိ၏။ (သောတဒွါရ မရဏာသန္နဝီထိ စသည်တို့လည်း ထို့ အတူပင် ၄ မျိုးစီ ပြားကုန်၏။)

မနောဒွါရမရဏာသန္နဝီထိသည် (က) အတိဝိဘူတာရုံ မရဏာသန္နဝီထိ၊ (ခ) ဝိဘူတာရုံ မရဏာသန္နဝီထိဟူ၍ ၂ ပါး အပြားရှိ၏။ ထိုတွင် အတိဝိဘူတာရုံ မရဏာသန္နဝီထိသည် –

၁။ တဒါရုံနောင် ဘဝင်၊ ဘဝင်နောင် စုတိကျသော အတိဝိဘူတာရုံ မရဏာသန္နဝီထိ၊

၂။ တဒါရုံနောင် စုတိကျသော အတိဝိဘူတာရုံ မရဏာသန္နဝီထိ ဟူ၍ ၂ ပါးအပြားရှိပြန်၏။

ဝိဘူတာရုံ မရဏာသန္နဝီထိသည်လည်း –

၁။ ဇောနောင်ဘဝင်၊ ဘဝင်နောင် စုတိကျသော ဝိဘူတာရုံ မရဏာသန္နဝီထိ၊

၂။ ဇောနောင် စုတိကျသော ဝိဘူတာရုံ မရဏာသန္နဝီထိဟူ၍ ၂ ပါးပင် အပြားရှိပြန်၏။

http://www.thitsarparamisociety.com/


## ၁။ တဒါရုံနောင် ဘဝင်၊ ဘဝင်နောင် စုတိကျသော စက္ခုဒွါရ အတိမဟန္တာရုံ မရဏာသန္နဝီထိပုံ

ဘွင် င် င် တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် စု ပဋိ င် င် င် င် င် င် င် င် င် င် င် င် င် င် င် န ဒ မ (ဘဝနိကန္တိကလောဘဇော ၇ ကြိမ်) ထို့နောင် ဘဝင်များစွာ။

## ၂။ တဒါရုံနောင် စုတိကျသော စက္ခုဒွါရအတိမဟန္တာရုံ မရဏာသန္နဝီထိပုံ

ဘွင် င် င် တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု ပဋိ င် င် င် င် င် င် င် င် င် င် င် င် င် င် င် န ဒ မ (ဘဝနိကန္တိက လောဘဇော ၇ ကြိမ်) ထို့နောင် ဘဝင်များစွာ။

## က။ ဇောနောင်ဘဝင်၊ ဘဝင်နောင် စုတိကျသော စက္ခုဒွါရ မဟန္တာရုံ မရဏာသန္နဝီထိပုံ

ဘွင် င် င် တီ တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ င် စု / ပဋိ င် င် င် င် င် င် င် င် င် င် င် င် င် င် င် န ဒ မ (ဘဝနိကန္တိက လောဘဇော ၇ ကြိမ်) ထို့နောင် ဘဝင်များစွာ။

## ခ။ ဇောနောင် စုတိကျသော စက္ခုဒွါရ မဟန္တာရုံ မရဏာသန္နဝီထိပုံ

ဘွင် င် တီ တီ န ဒ ပ စ သံ သန် ဝု ဇ ဇ ဇ ဇ ဇ စု / ပဋိ င် င် င် င် င် င် င် င် င် င် င် င် င် င် န ဒ မ (ဘဝနိကန္တိက လောဘ ဇော ၇ ကြိမ်) ထို့နောင်ဘဝင်များစွာ။

(ဤစက္ခုဒွါရ မရဏာသန္နဝီထိ ၄ ဝီထိကို မှီး၍ ကျန်သော သောတဒွါရ မရဏာသန္နဝီထိ စသည်တို့ကိုလည်း ၄ ဝီထိစီပင် ချ၍ကြည့်ရာ သိရာ၏။ ပေါင်းလျှင် ပဉ္စဒွါရ မရဏာသန္နဝီထိ ပေါင်း

http://www.thitsarparamisociety.com/



၂၀ ဖြစ်၏။)

**၁။ တဒါရုံနောင် ဘဝင်၊ ဘဝင်နောင်စုတိကျသော မနောဒွါရ အတိဝိဘူတာရုံ မရဏာသန္နဝီထိပုံ**

ဘွင် င် န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် စု / ပဋိ င် င် င် င် င် င် င် င် င် င် င် င် င် င် င် န ဒ မ (ဘဝနိကန္တိက လောဘဇော ၇ ကြိမ်) ထို့နောင် ဘဝင်များစွာ။

**၂။ တဒါရုံနောင် စုတိကျသော မနောဒွါရ အတိဝိဘူတာရုံ မရဏာသန္နဝီထိပုံ**

တွင် န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု / ပဋိ င် င် င် င် င် င် င် င် င် င် င် င် င် င် န ဒ မ (ဘဝနိကန္တိက လောဘဇော ၇ ကြိမ်) ထို့နောင် ဘဝင်များစွာ။

**၃။ ဇောနောင် ဘဝင်၊ ဘဝင်နောင် စုတိကျသော မနောဒွါရဝိဘူတာရုံ မရဏာသန္နဝီထိပုံ**

ဘွင် င် န ဒ မ ဇ ဇ ဇ ဇ ဇ င် စု / ပဋိ င် င် င် င် င် င် င် င် င် င် င် င် င် င် န ဒ မ (ဘဝနိကန္တိက လောဘဇော ၇ ကြိမ်) ထိုနောင် ဘဝင်များစွာ။

**၄။ ဇောနောင် စုတိကျသော မနောဒွါရဝိဘူတာရုံ မရဏာသန္နဝီထိပုံ**

င် င် န ဒ မ ဇ ဇ ဇ ဇ ဇ စုံ / ပဋိ င် (၁၅) န ဒ မ (လောဘဇော ၇ ကြိမ်) ဘဝင်ဖြစ်ထိုက်သမျှ။

**(၁၁၃) ဘဝင်သုံးတန်၊ အာဝဇ္ဇန်၊ ဝိညာဏ် ဒွေပဉ္စ။**

**(၁၁၄) သံ သန် ဝုဋ္ဌာ၊ ဇောငါးဖြာ၊ တဒါနှစ်ကြိမ် မှတ်။**

http://www.thitsarparamisociety.com/


**(၁၁၅) ဘဝင်ကော၊ စုတိကျ၊ ဘဝ အဆုံးသန်။ ။**

(သိသာပြီ၊ ဝီထိပုံကို ကြည့်ပါ)

**(၁၁၆) အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာညွှတ်စေမှု။**

**(၁၁၇) ကံ သင်္ခါရ၊ ဇနက၊ ပစ်ချ ဖြစ်စေမှု။**

**(၁၁၈) အကြောင်းသုံးဖော်၊ ညီစေ့ဆော်၊ ဖြစ်ပေါ်သန္ဓိစု။**

အဝိဇ္ဇာ၊ တဏှာတည်းဟူသော ဘဝရေသောက်မြစ် မပြတ်သေးသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်ပွားသော ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်စေတနာကံ သင်္ခါရသည် (၁) အဝိဇ္ဇာက ဘဝ၏ အပြစ်ကို ဖုံး၍ပေးခြင်း၊ (၂) တဏှာက ထိုဘဝ၌ တပ်မက်ညွှတ်ကိုင်းခြင်း၊ (၃) ဤအကြောင်းများကြောင့် ဘဝတစ်ခု၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတည်းဟူသော အကျိုးဝိပါက်ကို ဖြစ်စေနိုင်လေသည်။ ထိုသို့ အဝိဇ္ဇာက ဘဝအပြစ်ကို ဖုံး၍ပေးခြင်း၊ တဏှာက ထိုဘဝ၌ ညွှတ်ကိုင်းတပ်မက်ခြင်း ဟူသော အားပေးအားမြှောက် ပြုမှုပေးချက်အရ ကောင်းမှု မကောင်းမှု ကံတည်းဟူသော သင်္ခါရက မိမိဖြစ်ရာ ခန္ဓာအစဉ်ဝယ် ဤဘဝမှ စုတိပြီးသည်၏ အခြားမဲ့မှာပင် ထိုက်သက်ရာ ဘုံဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူသော အကျိုးကို ဖြစ်စေလေသည်။ ထိုသို့ ဖြစ်စေသည်ကိုပင် ကံသင်္ခါရ ဇနက က ဘဝချောက်ထဲ၌ ပစ်ချလိုက်သကဲ့သို့ ဖြစ်သောကြောင့် လင်္ကာ၌ "ကံ၊ သင်္ခါရ၊ ဇနက၊ ပစ်ချ ဖြစ်စေမှု" ဟူ၍ စပ်ဆိုသည်။ ဤသို့ အဝိဇ္ဇာ၊ တဏှာ၊ ကံ ဤတရား ၃ ပါးတို့ ဆိုင်ရာ မိမိတို့ကိစ္စကို ရွက်ဆောင်ကြခြင်းအကြောင်း ၃ ပါး ညီညွတ်စေ့စော်မှုကြောင့် ဤဘဝမှ စုတိပြီးသည်၏ အခြားမဲ့၌ ထိုက်သက်ရာ ဘဝဂတိဝယ် ပဋိသန္ဓေ နာမက္ခန္ဓာ တည်းဟူသော အကျိုးဝိပါက်တရား ဖြစ်ပေါ်ရလေသည်။

**(၁၁၉) သန္ဓိအပွား၊ ဘဝင်သွား၊ ဆယ့်ငါး+ဆယ်ခြောက်ခု။**

http://www.thitsarparamisociety.com/


**(၁၂၀) ဘဝင်နှစ်တန်၊ အာဝဇ္ဇန်း၊ နိကန်ဇောခွန်ခု။**

**(၁၂၁) ထို့နောင်ဘဝင်၊ အများပင်၊ အစဉ်သိစေမှု။**

ထို့သို့ ဘဝဂတိအသစ် ပဋိသန္ဓေအကျိုး ဝိပါက်စိတ် တစ်ကြိမ်ဖြစ်ပြီးနောက် ဘဝအား အင်အားယူနေသည့်အလား ပဋိသန္ဓေစိတ်၏ ကိုယ်ပွားကိုယ်စားဟု ခေါ်ဆိုထိုက်သော ဘဝင်စိတ်များ ၁၅ ကြိမ်၊ ၁၆ ကြိမ်ဖြစ်ပြီးနောက် ဘဝနိကန္တိက လောဘဇောဝါရ ဝီထိဖြစ်ဖို့ရန် (ထိုသတ္တဝါ၏ မနောဒွါရ၌ ဘဝအာရုံထင်မှုကြောင့်) ဘဝင်နှစ်ကြိမ် လှုပ်ပြီးလျှင် ထိုဘဝအာရုံကို ဆင်ခြင်ခြင်း ကိစ္စတပ်၍ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ကြိမ်၊ ထိုဘဝအာရုံကို တပ်နှစ်သက်ခြင်း ဇောကိစ္စတပ်၍ ဘဝနိကန္တိက လောဘဇောတို့ ၇ ကြိမ်ဇောပြီးနောက် ဘဝင်စိတ်များ ဖြစ်ထိုက်သမျှ ဖြစ်ကြလေကုန်၏။ (ဝီထိနှင့်ယှဉ်၍ ကြည့်ပါလေ။)

## စုတိနောင် ပဋိသန္ဓေနှောင်းပုံ

**(၁၂၂) ဒု + သု + ဒွိ – ဟု၊ စုတိနောက်ဝယ်၊ သန္ဓိခြယ်၊ တစ်ဆယ် ကာမသော။**

ဒုဂ္ဂတိအဟိတ်စုတိ၊ သုဂတိအဟိတ်စုတိ၊ ဒွိဟိတ်စုတိတို့၏ နောက်၌ ကာမပဋိသန္ဓေ ၁၀ ပါးတို့တွင် တစ်ပါးပါးတို့ နှောင်းကုန်၏။ ဖြစ်နိုင်ကုန်၏။ (ရူပ+အရူပ ပဋိသန္ဓေတို့ မနှောင်းနိုင်ကုန်၊ မဖြစ်နိုင်ကုန်။)

**(၁၂၃) တိဟိတ်ဝိဟု၊ စုတိနောက်ဝယ်၊ သန္ဓိခြယ်၊ နှစ်ဆယ် အကုန်ဟော။**

ကာမတိဟိတ်စုတိ လေးခုတို့နောင် နှစ်ဆယ်သော ပဋိသန္ဓေတို့ နှောင်းကုန်၏။ ဖြစ်နိုင်ကုန်၏။ (ပဋိသန္ဓေ ၂၀ ဟူသည်ကား ပဋိသန္ဓေစိတ် ၁၉ ပါးနှင့် အသညသတ်ဘုံ၌ ဖြစ်သော ရုပ် ပဋိသန္ဓေတစ်ပါး ပေါင်း ၂၀ ဟူလို။)

http://www.thitsarparamisociety.com/


## (၁၂၄) ငါး ရူပဝိ၊ စုတိနောက်ဝယ်၊ သန္ဓိခြယ်၊ ဆယ်ခွန် ဟောတုကော။

ရူပစုတိ ငါးခုတို့နောင် သဟိတ်ပဋိသန္ဓေ ၁၇ ပါးတို့ နှောင်းနိုင် ဖြစ်နိုင်ကုန်၏။

## (၁၂၅) အရူပဝိ၊ စုတိမှနောက်၊ အောက်အရူ+ရူ၊ ဒု+သု+ ဒွိပစ်၊ ရှစ်+ခွန်+ခြောက်+ငါး၊ အစဉ်အား၊ နှောင်းငြား သန္ဓိသော။

အာကာသာနဉ္စာယတနစုတိနောင် အရူပ ပဋိသန္ဓေ လေးခု၊ ကာမ တိဟိတ် ပဋိသန္ဓေလေးခု၊ ဤ ၈ ပါးသော ပဋိသန္ဓေတို့ နှောင်းကုန် ဖြစ်နိုင်ကုန်၏။

ဝိညာဏဉ္စာယတန စုတိနောင် (အာကာသာနဉ္စာယတန ပဋိသန္ဓေ ကြဉ်သော) အရူပ ပဋိသန္ဓေ ၃ ခု၊ ကာမတိဟိတ် ပဋိသန္ဓေ ၄ ခု၊ ဤ ၇ ပါးသော ပဋိသန္ဓေတို့ နှောင်းကုန် ဖြစ်နိုင်ကုန်၏။

အာကိဉ္စညာယတန စုတိနောင် အာကိဉ္စညာယတန ပဋိသန္ဓေ၊ နေဝသညာ နာသညာယတန ပဋိသန္ဓေ၊ ကာမတိဟိတ် ပဋိသန္ဓေ ၄ ခု၊ ဤ ၆ ပါးသော ပဋိသန္ဓေတို့ နှောင်းကုန် ဖြစ်နိုင်ကုန်၏။

နေဝသညာ နာသညာယတန စုတိနောင် နေဝသညာ နာသညာ ယတန ပဋိသန္ဓေ ၁။ ကာမတိဟိတ် ပဋိသန္ဓေ ၄ ခု၊ ဤ ၅ ပါးသော ပဋိသန္ဓေတို့ နှောင်းကုန် ဖြစ်နိုင်ကုန်၏။

တစ်ရာ့နှစ်ဆယ်၊ ကဗျာခြယ်၊ ဤဝယ်ဘုံပိုင်းပြီး။
၅ ဘုံပိုင်း ပြီး၏။

http://www.thitsarparamisociety.com/



# ၆–ရုပ်ပိုင်း

## နမော ဝတ္ထုတ္တယသ။

## (၁) ရူပသမုဒ္ဒေသ (ရုပ်တို့ကို အကျဉ်းပြ) ခန်း

**(၁) ပ+အာ+ဝါ+တေ၊ မြေ+ရေ+လေ+မီး၊ လွန်ပွားစီး၊ ဘုတ်ကြီး စတုက္က။**

ပထဝီ မြေဓာတ်ရုပ်ကြီးတစ်ပါး၊ အာပေါ ရေဓာတ်ရုပ်ကြီးတစ်ပါး၊ ဝါယော လေဓာတ်ရုပ်ကြီးတစ်ပါး၊ တေဇော မီးဓာတ်ရုပ်ကြီးတစ်ပါး၊ ပေါင်း မဟာဘုတ်ကြီး ၄ ပါး၊ ဘူတ ရုပ်ကြီး ၄ ပါး၊ ဓာတ်ကြီး ၄ ပါး ဟူ၍လည်း ခေါ်၏။

**(၂) ခက်မာ+ဖွဲ့စေး၊ ပူ+အေး၊ ထောက်ကန်၊ ဤလေးတန်း မှတ်ရန် လက္ခဏာ။**

ပထဝီဓာတ်သည် ခက်မာခြင်း လက္ခဏာရှိ၏။ အာပေါဓာတ်သည် ဖွဲ့စေးခြင်းလက္ခဏာရှိ၏။ တေဇောဓာတ်သည် ပူ–အေးခြင်းလက္ခဏာရှိ၏။ ဝါယောဓာတ်သည် ထောက်ကန်ခြင်း လက္ခဏာ ရှိ၏။

**(၃) စက်+သော+ဃာ+ဇီ၊ ကာ ငါးလီ၊ အကြည်ပသာဒ။**

စက္ခုပသာဒ–မျက်စိအကြည်ရုပ်တစ်ပါး၊ သောတပသာဒ–နား အကြည် ရုပ်တစ်ပါး၊ ဃာနပသာဒ–နှာခေါင်းအကြည်ရုပ်တစ်ပါး၊ ဇိဝှါ ပသာဒ–လျှာအကြည်ရုပ်တစ်ပါး၊ ကာယပသာဒ–ကိုယ်အကြည်ရုပ် တစ်ပါး၊ ပေါင်းအကြည်ရုပ် ၅ ပါး၊ ပသာဒရုပ် ၅ ပါး။

**(၄) ရူ+သဒ်+ဂန်+ရံ၊ ဖောဋ္ဌဗ္ဗံ၊ ငါးတန်ဂေါစရ။**

အဆင်းမျိုးစုံ ရူပါရုံရုပ်တစ်ပါး၊ အသံမျိုးစုံ–သဒ္ဒါရုံရုပ်တစ်ပါး၊ အနံ့ မျိုးစုံ–ဂန္ဓာရုံ ရုပ်တစ်ပါး၊ ရသာမျိုးစုံ ရသာရုံရုပ်တစ်ပါး၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ရုပ်တစ်ပါး၊ ပေါင်း အာရုံရုပ် ၅ ပါး၊ ဂေါစရရုပ် ၇ ပါး။

http://www.thitsarparamisociety.com/


**(၅) ဣတ္ထိ+ပုမ၊ ဘာဝနှစ်တန်၊ ဟဒယံ၊ တဖန်ဇီဝိတ။**

ဣတ္ထိဘာဝရုပ်တစ်ပါး၊ ပုမ္ဘာဝရုပ်တစ်ပါး ဟူ၍ ဘာဝရုပ် ၂ ပါး၊ ဟဒယရုပ်တစ်ပါး၊ ဇီဝိတရုပ်တစ်ပါး။

**(၆) ကဗဠီကာ၊ ရုပ်ဩဇာ၊ သချာဆယ့်ရှစ်ရ။**

ကဗဠီကာရာဟာရ ခေါ်သော ဩဇရုပ်တစ်ပါး။ ပေါင်း (အဂဟိတဂဟနည်းအားဖြင့်) ရုပ်ပေါင်း ၁၈ ပါး ရှိသွားပြီ။ (ဖောဋ္ဌဗ္ဗာရုံရုပ်ဆိုသည်မှာ ပထဝီ၊ တေဇော၊ ဝါယော၊ ဤရုပ် ၃ ပါးကိုဆို၏။

**(၇) ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါလော၊ သဘောသီးသီး၊ ကိုယ်စီပြီး၊ ရုပ်ကြီး နိပ္ဖန္န။**

ဆိုခဲ့ပြီးသော ရုပ် ၁၈ ပါးတို့ကို (ဆိုင်ရာအကြောင်း ၄ ပါးတို့ကြောင့်ပေါလောထင်ရှားစွာ ဖြစ်ပြီးလျှင် ကိုယ်စီကိုယ်င အသီးသီး မိမိတို့သဘောဖြင့် ပြီးကြသောကြောင့်) နိပ္ဖန္နရုပ်ကြီး ၁၈ ပါးဟူ၍ ခေါ်၏။

နိပ္ဖန္နရုပ် ၁၈ ပါးပြီး၏။

**(၈) ကလာပ်ခြားမျှ၊ အာကာသနှင့်၊ ကာယ+ဝစီ၊ နှစ်လီကိုယ်+နှုတ်၊ လှုပ်မှုရှားမှု၊ နှစ်ခုဝိညတ်၊ ရှုပဿလဟု၊ မုဒု+ကမ္မည၊ ပီကာရတေး၊ လေးလက္ခဏာ၊ ရုပ်ဆယ်တန်၊ အနိပ္ဖန္နတည်း။**

**(၉) ဖြစ်ပေါ်ပွားမှု၊ ဥပစယ၊ တည်ထသန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မာ အနိစ္စ၊ သိကြောင်းမျှ၊ လက္ခဏာရုပ်ခေါ်သတည်း။**

ရုပ်ကလာပ်တို့၏ အခြားမျှဖြစ်သော အာကာသဓာတ်တစ်ပါး၊ ကိုယ်လှုပ်ရှားမှု ကာယဝိညတ်၊ နှုတ်လှုပ်ရှားမှု – ဝစီဝိညတ်တည်းဟူသော ဝိညတ်ရုပ် ၂ ပါး၊ နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးသွက်လက်မှု–ရှုပဿလဟုတာရုပ်၊ နိပ္ဖန္နရုပ်တို့၏ နူးညံ့မှု ရူပဿ မုဒုတာရုပ်၊ နိပ္ဖန္နရုပ်တို့၏ ထိုထိုအမှု၌ခံ့ကျန်းမှု တည်းဟူသော ရူပဿကမ္မညတာရုပ်တည်းဟူသော ဝိကာရရုပ်

http://www.thitsarparamisociety.com/



၃ ပါး၊ ရူပဿဥပစယ ရူပဿသန္တတိ၊ ရူပဿဇရတာ၊ ရူပဿအနိစ္စတာ တည်းဟူသော လက္ခဏာရုပ် ၄ ပါး၊ ပေါင်း အနိပ္ဖန္နရုပ် ၁၀ ပါး။

တစ်ဘဝ တစ်ဘဝ၌ ရသင့်ရထိုက်သော ရုပ်ကလာပ်တို့ မပြည့်စုံသေးမီ ဖြစ်သမျှသော ရုပ်တို့၏ ဥပါဒ်ခဏသည် ဥပစယမည်၏။ တစ်ဘဝ တစ်ဘဝ၌ ရသင့်ရထိုက်သော ရုပ်ကလာပ်တို့ ပြည့်စုံသည့် အချိန်မှစ၍ ဖြစ်သမျှသော ရုပ်တို့၏ ဥပါဒ်ခဏသည် သန္တတိမည်၏။ မပြည့်စုံ+ပြည့်စုံ နှစ်ပါးသောအချိန်၌ပင် ဖြစ်သမျှသော ရုပ်တို့၏ ဌီခဏသည် ဇရတာ ရမည်၏။ ၎င်း ဘင်ခဏသည် အနိစ္စတာမည်၏။

အနိပ္ဖန္နရုပ် ၁၀ ပါး ပြီး၏။

၁။ ရူပသမုဒ္ဒေသ ပြီး၏။

## ၂။ ရူပဝိဘာဂ (ရုပ်တို့ကို စုံ၍ပြ) ခန်း

### (၁၀) အဇ္ဈတ္တိကော၊ ပသာဒေ၊ ကြွင်းလေဗာဟိရ။

ရုပ် ၂၈ ပါးတို့တွင် ပသာဒရုပ် ၅ ပါးတို့သည် အဇ္ဈတ္တိကရုပ် မည်ကုန်၏။ ကြွင်းသောရုပ် ၂၃ ပါးတို့သည် ဗာဟိရရုပ်တို့မည်ကုန်၏။

### (၁၁) ပသာ+ဟ–မူ၊ ဝတ္ထုဟူ၊ ကြွင်းမူအဝတ္ထု။

ပသာဒရုပ် ၅ ပါး၊ ဟဒယရုပ် ၁ ပါး ဤ ရုပ် ၆ ပါးတို့သည် (စိတ်+စေတသိက်တို့၏ နေအိမ်သဖွယ် တည်ရာမှီရာ ဖြစ်ကြသောကြောင့်) ဝတ္ထုရုပ်မည်ကုန်၏။ ကြွင်းသောရုပ် ၂၂ ပါးတို့သည် အဝတ္ထုရုပ်မည်ကုန်၏။

### (၁၂) ပသာ+ဝိညတ်+ဒွါရမှတ်၊ ကြွင်းလတ် အဒွါရ။

ပသာဒရုပ် ၅ ပါး၊ ဝိညတ်ရုပ် ၂ ပါး၊ ဤ ၇ ပါးသော ရုပ်တို့သည် ဒွါရရုပ်တို့ မည်ကုန်၏။ ကြွင်းသောရုပ် ၂၁ ပါးတို့သည် အဒွါရရုပ် မည်ကုန်၏။

### (၁၃) ပ+ဘာ+ဇီဝေ၊ ဣန္ဒြေ၊ ကြွင်းလေ အနိန္ဒြိယ။

http://www.thitsarparamisociety.com/


ပသာဒရုပ် ၅ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဤရုပ် ၈ ပါး တို့သည် ဣန္ဒြိယရုပ်မည်ကုန်၏။ ကြွင်းသောရုပ် ၂၀ တို့သည် အနိန္ဒြိယ ရုပ်မည်ကုန်၏။

**(၁၄) ပသာ+ဂေါစရ၊ ရုပ်ဒွါဒ၊ သြဠာရိကခေါ်။**

**(၁၅) သပ္ပဋိဃ၊ သန္တိက၊ နာမသုံးမည်ပေါ်။**

**(၁၆) ကြွင်း သောဠသ၊ သုခုမ၊ အပ္ပဋိ+ဒူရေ။**

ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၇ ပါး၊ ဤ ၁၂ ပါးသောရုပ်တို့သည် သြဠာရိကရုပ်လည်းမည်၏။ သပ္ပဋိဃရုပ်လည်း မည်၏။ သန္တိကရုပ် လည်း မည်၏။ ကြွင်းသောရုပ် ၁၆ ပါးတို့သည် သုခုမရုပ်လည်းမည်၏။ အပ္ပဋိဃရုပ်လည်းမည်၏။ ဒူရေရုပ်လည်းမည်၏။ သိလွယ်သောကြောင့် သြဠာရိကရုပ်၊ သိခက်သောကြောင့် သုခုမရုပ်၊ ထိပါးပွတ်ချုပ်မှုရှိသော ကြောင့် သပ္ပဋိဃရုပ်၊ ထိုသဘောမရှိသောကြောင့် အပ္ပဋိဃရုပ်၊ စဉ်းစား လျှင် သိလွယ်သောကြောင့် နီးကပ်သကဲ့သို့ ဖြစ်သဖြင့် သန္တိကရုပ်၊ သိခက်၍ ဝေးသကဲ့သို့ ဖြစ်သောကြောင့် ဒူရေရုပ်ဟု ခေါ်သည်။

**(၁၇) ရုပ်ကမ္မဇ၊ ဠာရသ၊ ဥပါဒိန္နပေ။**

ကမ္မဇရုပ် ၁၈ ပါး (နောက်၌သိလိမ့်မည်) သည် ဥပါဒိန္နရုပ်မည်၏။ ကြွင်းသောစိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့သည် အနုပါဒိန္နရုပ်တို့ မည်ကုန်၏။

(ဥပါဒိန္နဟူသော စကားသည် ပါဠိစကားဖြစ်၏။ မြန်မာပြန်သော် ကား ဥပ=တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည်။ အာဒိန္န=အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော ရုပ်ဟု ဆိုလိုသည်။ ကံကြောင့် ဖြစ်သောရုပ် တည်း)။

**(၁၈) အသမ္ပတ္တ–ဂါဟက၊ သောတ+စက္ခုယူ။**

**(၁၉) ရုပ်သမ္ပတ္တ–ဂါဟက၊ ဃာန+ဇိ+ကာယူ။**

http://www.thitsarparamisociety.com/



စက္ခုပသာဒ၊ သောတာပသာဒ၊ ဤရုပ် ၂ ပါးတို့သည် မိမိတို့သို့ မရောက်သောအာရုံကို ယူတတ်သောကြောင့် အသမ္ပတ္တ ဂါဟကရုပ်တို့ မည်ကုန်၏။ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ဤရုပ် ၃ ပါး တို့သည် မိမိတို့သို့ရောက်သော အာရုံကို ယူတတ်သောကြောင့် သမ္ပတ္တ ဂါဟကရုပ်မည်ကုန်၏။ ။(သို့ရကား ဤပသာဒရုပ် ၅ ပါးတို့သည် ဂေါစရဂ္ဂါဟကရုပ်တို့ မည်ကုန်၏။ ကြွင်းသောရုပ် ၂၃ ပါးတို့သည် အဂေါစရဂ္ဂါဟကရုပ်တို့ မည်ကုန်၏။)

### (၂၀) မဟာဘူတ၊ ဝဏ္ဏ+ဂန္ဓာ၊ ရသော+ဇာ၊ ရှစ်ဖြာဝိနိဗ္ဘော။

မဟာဘုတ်ကြီး ၄ ပါး၊ ဝဏ္ဏရုပ် ၁ ပါး၊ ဂန္ဓရုပ် ၁ ပါး၊ ရသရုပ် ၁ ပါး၊ ဩဇာရုပ် ၁ ပါး၊ ဤရုပ် ၈ ပါးတို့သည် (ခွဲ၍မရသောကြောင့်) အဝိနိဗ္ဘောဂရုပ်တို့ မည်ကုန်၏။ ကြွင်းသောရုပ် ၂၀ တို့သည် ဝိနိဗ္ဘောဂ ရုပ်တို့ မည်ကုန်၏။

### (၂၁) သနိဒဿံ၊ ဆင်းရူပံ၊ အကျန် အနိဒေါ။

အဆင်းမျိုးစုံ ရူပါရုံရုပ်သည် (မြင်အပ်သော သဘောရှိသောကြောင့်) သနိဒဿန ရုပ်မည်၏။ ကြွင်းသောရုပ် ၂၇ ပါးသည် မြင်အပ်သော သဘောမရှိသောကြောင့် အနိဒဿနရုပ်မည်၏။

(၂) ရူပဝိဘာဂခန်း ပြီး၏။

## (၃) ရူပသမုဋ္ဌာန (ရုပ်ဖြစ်ကြောင်းပြ) ခန်း

### (၂၂) ကံ+စိတ်+ဥ၊ အာ၊ ဤလေးဖြာ၊ မှတ်ပါ သမုဋ္ဌာန်။

ရုပ်ဖြစ်ကြောင်းတရားတို့သည် (၁) ကံ၊ (၂) စိတ်၊ (၃) ဥတု၊ (၄) အာဟာရ (ဩဇာ)ဟူ၍ လေးပါးရှိကုန်၏။

### (၂၃) ကာ+ရူ+ကု–ကု၊ တိတ်–စေစု၊ ကံဟု မှတ်ယူလေ။

အတိတ်ဖြစ်သော ကာမကုသိုလ်စေတနာ ၈ ပါး၊ ရူပကုသိုလ် စေတနာ ၅ ပါး၊ အကုသိုလ်စေတနာ ၁၂ ပါး၊ ဤစေတနာ ၂၅ ပါးတို့ကို

http://www.thitsarparamisociety.com/


ရုပ်ဖြစ်ကြောင်းကံဟု မှတ်ယူကြပါလေ။

**(၂၄) သန္ဓိဥမှ၊ ခဏာမစဲ၊ တစပ်ထဲ၊ အမြဲရုပ်ဖြစ်စေ။**

ဆိုခဲ့ပြီးသော (အတိတ်) စေတနာကံ၊ ၂၅ ပါးတို့သည် ဆိုင်ရာဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာမှစ၍ စိတ်တိုင်းစိတ်တိုင်း၏ ဥပါဒ်ခဏာတိုင်း၊ ဌီခဏာတိုင်း၊ ဘင်ခဏာတိုင်း၊ ကမ္မဇရုပ်ကို အမြဲဖြစ်စေ၏။ ။(ဆိုပြီး– အတိတ်စေတနာကံ ၂၅ ပါးတို့ကြောင့် ဆိုင်ရာဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာမှစ၍ စိတ်တိုင်းစိတ်တိုင်း၏ ဥပါဒ်ခဏာတိုင်း၊ ဌီခဏာတိုင်း၌၊ ဘင်ခဏာတိုင်း၌ ကမ္မဇရုပ်သည် အမြဲဖြစ်၏။)

**(၂၅) အရူပဲ့ရှိ၊ စိတ်သန္ဓိနှင့်၊ ဒွိဝိညာဏ်၊ နိဗ္ဗာန်ဆုံးစု၊ ကြဉ်မှုကြွင်းထ၊ သတ်+ပဉ္စ၊ တကွစိတ်နှင့်စေ။**

**(၂၆) ပထမဘဝင်၊ အစတင်လျက်၊ အစဉ်မစဲ၊ ဥပါဒ်ဆဲ၊ အမြဲရုပ်ဖြစ်စေ။**

(အရူပဝိပါက် ၄ ခု၊ ဒွေး ပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော) ၇၅ ပါးသော စိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော စေတသိက်များ (ဤစိတ်၊ စေတသိက်တရား) တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်မှ အစပြု၍ စိတ်၏ဥပါဒ်တိုင်း၊ ဥပါဒ်တိုင်း၌ စိတ္တဇရုပ်ကို အမြဲဖြစ်စေကြကုန်၏။ ။ (၇၅ ပါးသော စိတ်နှင့်စေတသိက်တို့ကြောင့် ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ စိတ်၏ဥပါဒ်ခဏာတိုင်း၊ ဥပါဒ်ခဏာတိုင်း၌ စိတ္တဇရုပ်တို့ အမြဲဖြစ်ကုန်၏။)

**(၂၇) ဇောအပ္ပနာ+ဣရိယာ+ကောင်းစွာတည်ခိုင်စေ။**

ထို ၇၅ ပါးသော စိတ်တို့တွင် အပ္ပနာဇော ဆဗ္ဗိသတို့သည် လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုတ် ၄ ပါးတို့ကိုလည်း ကောင်းစွာတည်ခိုင်စေ၏။ ။(ဆိုပြီး စိတ် ၇၅ ပါးတို့တွင် အပ္ပနာဇော ဆဗ္ဗိသတို့သည် စိတ္တဇရုပ်ကိုလည်း ဖြစ်စေကုန်၏။ ဣရိယာပုတ်ကိုလည်း ထောက်ပံ့ခိုင်စေကုန်၏။)

http://www.thitsarparamisociety.com/



**(၂၈) မနောဒွါရာ၊ ဇောကာမာ၊ ဘိညာ=သုံးဆယ့်နှစ်။**

**(၂၉) ကာယ ဝါစာ၊ မှုအရာ၊ နှစ်ဖြာဝိညတ်ဖြစ်။**

မနောဒွါရာ ဝဇ္ဇန်း၊ ကာမဇော ၂၉၊ အဘိညာဏ်ဒွေး၊ ဤ ၃၂ ပါးသော စိတ်တို့သည် ကာယဝိညတ်၊ ဝစီဝိညတ် တည်းဟူသော ဝိညတ်ရုပ် ၂ ပါးကိုလည်း ဖြစ်စေကုန်၏။ (၃၂–ပါးသော စိတ်တို့သည် စိတ္တဇရုပ် သာမညကိုလည်း ဖြစ်စေကုန်၊ ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်စေကုန်၏။ ဝိညတ်ရုပ်ကိုလည်း ဖြစ်စေကုန်၏ဟု ဆိုလိုသည်။)

**(၃၀) ဆယ့်သုံးသောမနသ်၊ ပြုံးရယ်တတ်၊ ငိုတတ်ဒေါဇောနှစ်။**

(ကာမဇော ၂၉ ပါးတို့တွင်) သောမနဿသဟဂုတ်ဇော ၁၃ ပါးတို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေကုန်၏။ (ကာမသောမနဿဇော ၁၃ ပါးတို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေကုန်၏။ ဝိညတ်ရုပ်ကိုလည်း ဖြစ်စေကုန်၏။ ဣရိယာပုတ်ကိုလည်း ထောက်ပံ့ကုန်၏။ စိတ္တဇရုပ် သာမန်ကိုလည်း ဖြစ်စေကုန်၏ဟု ဆိုလိုသည်။ (ဒေါသမူဇော ၂ ပါးတို့သည် ငိုခြင်းကိုလည်း ဖြစ်စေကုန်၏။ (ဒေါသဇော ၂ တို့သည် ငိုခြင်းကိုလည်း ဖြစ်ကြ၊ ဝိညတ်ရုပ်ကိုလည်း ဖြစ်စေကြ၊ ဣရိယာပုတ်ကိုလည်း ထောက်ပံ့ကြ၊ စိတ္တဇရုပ် သာမန်ကိုလည်း ဖြစ်စေကြကုန်၏ဟု ဆိုလိုသည်။,

(အပို) ပုထုဇဉ်၊ သေက္ခခြောက်ဖြာ၊ ရဟန္တာ၊ သချာငါးဖြင့်ပြုံး။

[ ကြံလေ ကိုတင်ဦး ]

စိတ်အကြောင်းအတွက် ပြီး၏။

**(၃၁) အချမ်း–အပူ၊ နှစ်ဆူအဂ္ဂိ၊ တေဇောဒွိ၊ မှတ်ဘိဥတုပေ။**

**(၃၂) သန္ဓိဋ္ဌိမှ၊ စ၍စဉ်စီ၊ မိမိဋ္ဌီတိုင်း၊ ခဏတိုင်းလျှင်၊ အစဉ်မပြတ်၊ အရှုတ်–ဗဟိတ်၊ မဆိတ်မစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။**

http://www.thitsarparamisociety.com/


ရုပ်ကိုဖြစ်စေတတ်သော ဥတုအကြောင်းဟူသည်မှာ သီတတေဇောဓာတ်နှင့် ဥဏှတေဇောဓာတ်၊ ဤတေဇောဓာတ် ၂ ပါးကို ခေါ်၏။

ထိုတေဇောဓာတ် ၂ ပါး တည်းဟူသော ဥတုသည် (သက်ရှိပုဂ္ဂိုလ်တို့ အတွက်ဆိုလျှင်) ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ မိမိ၏ ဌီခဏတိုင်း ဌီခဏတိုင်း၌ သက်ရှိ အဇ္ဈတ္တသန္တာန်မှာလည်းကောင်း၊ သက်မဲ့ ဗဟိဒ္ဓသန္တာန်မှာလည်းကောင်း မဆိတ်မစဲအောင် တသဲသဲ အမြဲတစေ ဥတုဇရုပ်ကို ဖြစ်စေ၏။

**(၃၃) ဗဟိဒ်–အဇ္ဈတ်၊ နှစ်ရပ် ဩဇာ၊ ရောမိခါ၌၊ ဌီသို့ဆိုက်က၊ အဇ္ဈတ္တဝယ်၊ ခဏမစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။**

ဗဟိဒ္ဓဩဇာ၊ အဇ္ဈတ္တဩဇာ ၂ ပါးတို့ ရောမိသောအခါ၌ (ဝါ–အစာအာဟာရကို စားမျိုသောအခါ၌) အဇ္ဈတ္တဩဇာသည် ဗဟိဒ္ဓဩဇာမှ အထောက်အပံ့ကို ရရှိသဖြင့် မိမိ၏ ဌီခဏတိုင်း ဌီခဏတိုင်း၌ သက်ရှိ အဇ္ဈတ္တသန္တာန်ဝယ် အာဟာရဇ ရုပ်တို့ကို ခဏမစဲ တသဲသဲ ဖြစ်၏။ (ဝါ–ဩဇာ ၂ ပါး ရောမိသောအခါ၌ ဗဟိဒ္ဓဩဇာမှ အထောက်အပံ့ကို ရရှိသဖြင့် သက်ရှိပုဂ္ဂိုလ် လူနတ်တို့၏ သန္တာန်ဝယ် အဇ္ဈတ္တ ဩဇာကြောင့် အာဟာရဇရုပ်တို့ ဩဇာ၏ ဌီခဏတိုင်း ဌီခဏတိုင်း၌ တသဲသဲဖြစ်ကုန်၏ဟု ဆိုလိုသည်။)

အကြောင်း ၄ ပါးတို့ကြောင့် ရုပ်ဖြစ်ပုံကို ပြခန်းပြီး၏။

## ကမ္မဇရုပ်စသည်ခွဲဝေခန်း

**(၃၄) ပသာ+ဘာဝ၊ ဇီနှင့်ဟ၊ နဝ ကမ္မဇာ။**

ပသာဒရုပ် ၅ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဟဒယရုပ် ၁ ပါး၊ ဤရုပ် ၉ ပါးတို့သည် (ကံကြောင့်သာလျှင် ဖြစ်ကြသောကြောင့်) ဧကန် ကမ္မဇရုပ် ၉ ပါးတို့မည်ကုန်၏။

**(၃၅) ဝိညတ်ဒွယ၊ စိတ္တဇ၊ သဒ္ဒစိတ်–ဥဇာ။**

http://www.thitsarparamisociety.com/



ဝိညတ်ရုပ် ၂ ပါးတို့သည် (စိတ်ကြောင့်သာလျှင် ဖြစ်ကြသော ကြောင့်) ဧကန် စိတ္တဇရုပ် ၂ ပါးတို့ မည်ကုန်၏။ သဒ္ဒရုပ်သည် စိတ်ကြောင့်လည်းကောင်း၊ ဥတုကြောင့်လည်းကောင်း ဖြစ်၏။ (ထို့ကြောင့် ဒွိဇရုပ်ဟု ခေါ်၏။)

## (၃၆) လဟုတာစု၊ ရုပ်သုံးခု၊ စိတ်+ဥ ဩဇ–ဇာ။

ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ တည်းဟူသော ဝိကာရရုပ် ၃ ပါးတို့သည် စိတ်ကြောင့်လည်း ဖြစ်ကုန်၏။ ဥတုကြောင့်လည်း ဖြစ်ကုန်၏။ အာဟာရကြောင့်လည်း ဖြစ်ကုန်၏။ (ထို့ကြောင့် တိဇရုပ်ဟု ခေါ်၏။)

## (၃၇) အဝိနိဗ္ဘုံ၊ အာကာသံ၊ ကံ–စိတ်–ဥ+ဩဇာ။

အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ အာကာသဓာတ် ၁ ပါး၊ ဤရုပ် ၉ ပါးတို့သည် ကံကြောင့်လည်း ဖြစ်ကုန်၏။ စိတ်ကြောင့်လည်းဖြစ်ကုန်၏။ ဥတုကြောင့်လည်း ဖြစ်ကုန်၏။ အာဟာရကြောင့်လည်း ဖြစ်ကုန်၏။ (ထို့ကြောင့် စတုဇရုပ်ဟု ခေါ်၏။)

## (၃၈) လက္ခဏာစု၊ ရုပ်လေးစု၊ စတုဝိမုတ်သာ။

လက္ခဏာရုပ် ၄ ပါးတို့သည် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် ၄ မျိုးတို့မှ အလွတ်ဖြစ်ကုန်၏။ (ထို့ကြောင့် နကုတောစိ သမုဋ္ဌာနရုပ်ဟု ခေါ်၏။)

## (၃၉) ဧကန်+နေကန်၊ ကိုးနှစ်တန်၊ ကံဇ–ဋ္ဌာရသာ။

ဧကန် ကမ္မဇရုပ် ၉ ပါး၊ အနေကန် ကမ္မဇရုပ် ၉ ပါး၊ ပေါင်း ကမ္မဇ ရုပ် ၁၈ ပါး။

## (၄၀) နှစ်ခုဧကန်၊ နေကန် တေရ၊ ဆယ့်ငါးမျှ၊ စိတ္တသမုဋ္ဌာန်။

ဧကန် စိတ္တဇရုပ် ၂ ပါး (ဝိညတ်ရုပ် ၂ ပါးကို ဆိုလိုသည်။) အနေကန် စိတ္တဇရုပ် ၁၃ ပါး (သဒ္ဒ၊ ဝိကာရ ၃+အဝိနိဗ္ဘော ၈၊ အာကာသဓာတ်တို့ကို

http://www.thitsarparamisociety.com/


ဆိုလိုသည်။) ပေါင်း စိတ္တဇရုပ် ၁၅ ပါး။

### (၄၁) ယင်းနေကန်စု၊ ဆယ့်သုံးခု၊ ဥတုသမုဋ္ဌာန်။

ဥတုကြောင့်ဖြစ်သော သဒ္ဒရုပ် ၁ ပါး၊ ၎င်းဝိကာရုပ် ၃ ပါး၊ ၎င်း အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ အာကာသဓာတ် ၁ ပါး၊ ပေါင်း ဥတုဇရုပ် ၁၃ ပါး။

### (၄၂) တိ+စတု–ဇ၊ ဆယ့်နှစ်မျှ၊ သြဇသမုဋ္ဌာန်။

အာဟာရကြောင့်ဖြစ်သော ဝိကာရရုပ် ၃ ပါး၊ ၎င်း အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ အာကာသဓာတ် ၁ ပါး၊ ပေါင်း အာဟာရဇရုပ် ၁၂ ပါး။

၃။ ရူပသမုဋ္ဌာနနည်း ပြီး၏။

## ၄။ ကလာပယောဇနာ (ကလာပ်တို့ကို တွဲယှဉ်ပြသော)နည်း

### (၄၃) ဝိနိဗ်အထ၊ ဇီဝိတ၊ ဇီဝနဝကာ။

### (၄၄) ဣန်–ဟာဒယ၊ လောင်းပြန်က၊ အဋ္ဌဒသကာ။

(၁) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ၎င်းဇီဝိတရုပ် ၁ ပါး၊ ဤ ရုပ် ၉ ပါး အပေါင်းကို ဇီဝိတနဝက ကလာပ်ဟူ၍ ခေါ်၏။

(၂) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ စက္ခုပသာဒရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို စက္ခုဒသက ကလာပ်ဟု ခေါ်၏။

(၃) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ သောတပသာဒရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို သောတဒသက ကလာပ်ဟု ခေါ်၏။

(၄) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဃာနပသာဒရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါးအပေါင်းကို ဃာနဒသက ကလာပ်ဟုခေါ်၏။

http://www.thitsarparamisociety.com/



(၅) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဇိဝှါ ပသာဒရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို ဇိဝှါဒသက ကလာပ် ဟုခေါ်၏။

(၆) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ကာယပသာဒရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို ကာယ ဒသက ကလာပ်ဟု ခေါ်၏။

(၇) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဣတ္ထိဘာဝရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို ဣတ္ထိဘာဝ ဒသက ကလာပ်ဟု ခေါ်၏။

(၈) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ပုမ္ဘာဝရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို ပုမ္ဘာဝဒသက ကလာပ်ဟု ခေါ်၏။

(၉) ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဟဒယ ဝတ္ထုရုပ်က ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို ဝတ္ထု ဒသက ကလာပ်ဟု ခေါ်၏။

(၁) ဇီဝိတနဝကကလာပ်၊ (၂) စက္ခုဒသကကလာပ်၊ (၃) သောတ ဒသက ကလာပ်၊ (၄) ဃာနဒသကကလာပ်၊ (၅) ဇိဝှါဒသက ကလာပ်၊ (၆) ကာယဒသက ကလာပ်၊ (၇) ဣတ္ထိဘာဝဒသက ကလာပ်၊ (၈) ပုမ္ဘာဝဒသက ကလာပ်၊ (၉) ဝတ္ထုဒသက ကလာပ်၊ ပေါင်း ကမ္မဇကလာပ် ၉ စည်း။

ကမ္မဇကလာပ် ၉ စည်းပြီး၏။

**(၄၅) အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုးသုဒ္ဓဋ္ဌ။**

(၁) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ခု သက်သက်ကို သုဒ္ဓဋ္ဌကကလာပ်ဟု ခေါ်၏။

**(၄၆) ယင်းတွင် သဒ်–ကာ၊ စီ–သုံးဖြာ၊ လောင်းပါ လေးမူလ။**

http://www.thitsarparamisociety.com/


(၂) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ဤရုပ် ၉ ပါး အပေါင်းကို သဒ္ဒနဝကကလာပ်ဟုခေါ်၏။

(၃) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ကာယဝိညတ်ရုပ် ၁ ပါး၊ ဤရုပ် ၉ ပါး အပေါင်းကို ကာယဝိညတ္တိနဝက ကလာပ်ဟု ခေါ်၏။

(၄) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ဝစီဝိညတ်ရုပ် ၁ ပါး၊ ဤရုပ် ၁၀ ပါး အပေါင်းကို သဒ္ဒဝစီဝိညတ္တိဒသက ကလာပ်ဟုခေါ်၏။

(၁) သုဒ္ဓဋ္ဌက ကလာပ်၊ (၂) သဒ္ဒနဝက ကလာပ်၊ (၃) ကာယဝိညတ္တိနဝက ကလာပ်၊ (၄) သဒ္ဒ+ဝစီဝိညတ္တိဒသက ကလာပ်၊ ပေါင်း မူလ ကလာပ် ၄ စည်း။

## (၄၇) မှုသေလေးမှာ၊ တာ လောင်းပါ၊ ရှစ်ဖြာစိတ္တဇ။

(၁) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ဤရုပ် ၁၁ ပါး အပေါင်းကို လဟုတာဒိဧကာဒသက ကလာပ်ဟု ခေါ်၏။

(၂) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ဤရုပ် ၁၂ ပါး အပေါင်းကို သဒ္ဒ+လဟုတာဒိဒွါ ဒသက ကလာပ်ဟုခေါ်၏။

(၃) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ကာယဝိညတ်ရုပ် ၁ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ဤရုပ် ၁၂ ပါး အပေါင်းကို ကာယဝိညတ္တိ+ လဟုတာဒိဒွါဒသက ကလာပ်ဟု ခေါ်၏။

(၄) စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ဝစီဝိညတ်ရုပ် ၁ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ဤရုပ် ၁၃ ပါးတို့ကို သဒ္ဒ၊ ဝစီဝိညတ္တိ၊ လဟုတာဒိ တေရသက ကလာပ်ဟုခေါ်၏။

(၁) လဟုတာဒိဧကာဒသကကလာပ်၊ (၂) သဒ္ဒ+လဟုတာဒိဒွါ ဒသက ကလာပ် (၃) ကာယဝိညတ္တိ+လဟုတာဒိ ဒွါဒသက ကလာပ်၊

http://www.thitsarparamisociety.com/



(၄) သဒ္ဒ၊ ဝစီဝိညတ္တိ၊ လဟုတာဒိ တေရသကကလာပ်၊ ပေါင်း အပွား ကလာပ် ၄ စည်း။ ။မူလကလာပ် ၄ စည်း၊ အပွားကလာပ် ၄ စည်း၊ ၂ ရပ်ပေါင်း စိတ္တဇကလာပ် ၈ စည်းပြီး၏။

## (၄၈) သုဒ္ဓ သဒ္ဒ၊ တာ–ယှဉ်က၊ လေး၀ ဥတုဇာ။

(၁) ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး သက်သက်ကို သုဒ္ဓဋ္ဌကကလာပ်ဟု ခေါ်၏။

(၂) ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ ဤရုပ် ၉ ပါး အပေါင်းကို သဒ္ဒနဝက ကလာပ်ဟု ခေါ်၏။

(၁) သုဒ္ဓဋ္ဌကကလာပ်၊ (၂) သဒ္ဒနဝကကလာပ် ပေါင်း မူလ ကလာပ် ၂ စည်း။

(၃) ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ဤရုပ် ၁၁ ပါး အပေါင်းကို လဟုတာဒိဧကာဒသက ကလာပ်ဟု ခေါ်၏။

(၄) ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ် ၁ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ဤရုပ် ၁၂ ပါးအပေါင်းကို သဒ္ဒ၊ လဟုတာဒိဒွါ ဒသကကလာပ်ဟု ခေါ်၏။

(၁) လဟုတာဒိဧကာဒသကကလာပ်၊ (၂) သဒ္ဒ၊ လဟုတာဒိဒွါ ဒသက ကလာပ်၊ ပေါင်း အပွားကလာပ် ၂ စည်း။ ။ မူလကလာပ် ၂ စည်း၊ အပွားကလာပ် ၂ စည်း ၂ ရပ်ပေါင်း ဥတုဇကလာပ် ၄ စည်း ပြီး၏။

## (၄၉) သုဒ္ဓနှင့်တာ၊ ဤနှစ်ဖြာ၊ အာဟာရဇတည်း။

(၁) အာဟာရကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး သက်သက်ကို သုဒ္ဓဋ္ဌကလာပ်ဟုခေါ်၏။ (မူလတစ်စည်း။)

(၂) အာဟာရကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိ ရုပ် ၃ ပါး၊ ဤရုပ် (၁၁ ပါးအပေါင်းကို လဟုတာဒိဧကာဒသက ကလာပ်ဟု ခေါ်၏။ (အပွားတစ်စည်း။)

http://www.thitsarparamisociety.com/


မူလတစ်စည်း၊ အပွားတစ်စည်း – ၂ ရုပ်ပေါင်း အာဟာရဇကလာပ် ၂ စည်းပြီး၏။

## (၅၀) ဥတုမူလ၊ နှစ်စည်းမျှ၊ ရသည် ဗဟိဒ္ဓါ။

သက်မဲ့ဖြစ်သော ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက ကလာပ်၊ သဒ္ဒနဝက ကလာပ်၊ ဤဥတုဇ မူလကလာပ် ၂ စည်းတို့ကိုသာ ရကောင်း၏။ (ကျန်သော ၂၁ စည်းတို့ကို မရကောင်း။)

## (၅၁) နှစ်ဆယ့်သုံးပင်၊ အဇ္ဈတ်တွင်၊ ကုန်စင် ရထိုက်စွာ။

သက်ရှိဖြစ်သူ လူနတ်တို့၏ အဇ္ဈတ္တသန္တာန်၌ကား (ကမ္မဇကလာပ် ၉ စည်း၊ စိတ္တဇကလာပ် ၈ စည်း၊ ဥတုဇကလာပ် ၄ စည်း၊ အာဟာရဇ ကလာပ် ၂ စည်း) ဤရုပ်ကလာပ်ပေါင်း ၂၃ စည်းစလုံးကိုပင် ရကောင်း၏။

၄–ကလာပယောဇနာနည်း ပြီး၏။

# ၅–ရူပ ပဝတ္တိက္ကမ (ရုပ်ဖြစ်စဉ်ပြ) ခန်း

## (၅၂) ဇလာဗုဇ၊ သံသေဒ၊ အဏ္ဍ+ဥပပတ်။

(၁) မိခင်၏ သားအိမ်၌ဖြစ်သော ပဋိသန္ဓေ၊ (၂) ရေညှိ+ကြာတိုက် စသည်၌ဖြစ်သော ပဋိသန္ဓေ၊ (၃) အဏ္ဍဇ–အဥ၌ဖြစ်သော ပဋိသန္ဓေ (၄) ဥပပတ် (ယောကျ်ားဖြစ်က အနှစ် ၂၀ အရွယ်၊ မိန်းမဖြစ်က ၁၆ နှစ် အရွယ်) ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေ၊ ပေါင်း ပဋိသန္ဓေ ၄ ပါး၊ (ယောနိ ၄ ပါးဟူ၍လည်းခေါ်၏။ ဇလာဗုဇယောနိ၊ သံသေဒဇ ယောနိ၊ အဏ္ဍဇယောနိ၊ ဥပပတ်ယောနိ၊ ယောနိလေးပါး။)

ထိုလေးပါးတို့တွင် ဇလာဗုဇနှင့် အဏ္ဍဇ ပဋိသန္ဓေ ၂ ပါးတို့ကို အမိဝမ်း၌ ကိန်းအောင်းရခြင်း တူသောကြောင့် ၎င်း ၂ ပါးတို့ကို ပေါင်း၍ "ဂဗ္ဘသေယျက ပဋိသန္ဓေ၊ အမိဝမ်း၌ ကိန်းရသော ပဋိသန္ဓေ ဟူ၍လည်း ခေါ်၏။

## (၅၃) ဇီဝိကြဉ်ထွေ၊ ကမ္မဇေ၊ သံသေ–ဩပပါ။

ကာမဘုံသား သံသေဒဇသတ္တဝါ၊ ဥပပတ်သတ္တဝါတို့မှာ (၁) စက္ခု ဒသက ကလာပ်၊ (၂) သောတဒသက ကလာပ်၊ (၃) ဃာနဒသက ကလာပ်၊ (၄) ဇိဝှါဒသက ကလာပ်၊ (၅) ကာယဒသက ကလာပ်၊ (၆) မိန်းမဖြစ်လျှင် ဣတ္ထိဘာဝ ဒသက ကလာပ်၊ ယောကျ်ားဖြစ်လျှင် ပုမ္ဘာဝ ဒသက ကလာပ်၊ (၇) ဝတ္ထုဒသက ကလာပ် ဤဒသက ကလာပ် ၇ စည်းတို့သည် ပဋိသန္ဓေအခါ၌ ဖြစ်ကုန်၏။ ။(အများဆုံး ဖြစ်နိုင်သည်ကို ဆိုသည်။)

**(၅၄) စက်-သော-ဃာ-ဘာ၊ ဤလေးဖြာ၊ ရံခါ ချို့ကောင်းစွာ။**

ဥပပတ်သတ္တဝါတို့မှာ ရံခါ စက္ခု-သောတ-ဘာဝ တို့ ချို့ကောင်းကုန်၏။ သံသေဒဇ သတ္တဝါတို့မှာ ရံခါ စက္ခု၊ သောတ၊ ဃာန၊ ဘာဝ တို့ ချို့ကောင်းကုန်၏။

**(၅၅) ကာယ+ဘာဝ၊ ဟဒယ၊ ဂဗ္ဘသန္ဓိမှာ။**

ဇလာဗုဇသတ္တဝါနှင့် အဏ္ဍဇသတ္တဝါ တည်းဟူသော ဂဗ္ဘသေယျက သတ္တဝါတို့မှာ ပဋိသန္ဓေခဏ၌ ၁-ကာယဒသက ကလာပ်၊ ၂-မိန်းမဖြစ်လျှင် ဣတ္ထိဘာဝဒသက ကလာပ်၊ ယောကျ်ားဖြစ်လျှင် ပုမ္ဘာဝဒသက ကလာပ်၊ ၃-ဝတ္ထုဒသကကလာပ်၊ ဤကမ္မဇကလာပ် သုံးမျိုးတို့ ဖြစ်ကုန်၏။

**(၅၆) နပုံးဖြစ်လျှင်၊ ဘာဝကြဉ်၊ နှစ်ပင်ရသည်သာ။**

နပုံးသတ္တဝါတို့မှာ ပဋိသန္ဓေခဏ၌ ၁-ကာယဒသက ကလာပ်၊ ၂-ဝတ္ထုဒသက ကလာပ်၊ ဤကမ္မဇကလာပ် ၂ မျိုးတို့ ဖြစ်ကုန်၏။

**(၅၇) ရေ-မြုပ်-ခဲ-တစ်၊ ခက်မဖြစ်၊ ရင့်လစ် ငါးသတ္တာ။**

ဂဗ္ဘသေယျက သတ္တဝါတို့မှာ ပဋိသန္ဓေခဏ၌ဖြစ်သော ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်၊ ဤကလာပ် သုံးမျိုးတို့ဖြစ်ကြရာ တစ်မျိုးတစ်မျိုးလျှင် ကလာပ်စည်းပေါင်း ၄၉ စည်း

ခန့်စီ ဖြစ်ကုန်၏ဟု ဆရာတို့ ယူတော်မူကြသည်။ ထိုကလာပ် ၃ မျိုးကို ကလလရေကြည်ဟူ၍ခေါ်၏။ ထိုကလလရေကြည်၏ ပမာဏကို အကြိမ်တစ်ရာချက်ပြီးသော ထောပတ်၌ မြောက်ကျွန်းသူတို့၏ ဆံပင်ကို နှစ်၍ ထိုဆံခြည်မျှင် အဖျား၌ ကပ်ငြိပါလာသော ကျန်နေသော ထောပတ်ကို ခါတွက်၍ ပစ်လိုက်လျှင် နောက်ဆုံး ဆံခြည်မျှင်၌ ကပ်ငြိကျန်နေသော ထောပတ်ကြည်ကလေးမျှ ပမာဏရှိသည်ဟု ကျမ်းဂန်တို့၌ ဖွင့်ဆိုသည်။

ဂဗ္ဘသေယျက သတ္တဝါတို့မှာ (၁) ကလလရေကြည် အဖြစ်ဖြင့် တည်ရသည် ၇ ရက်၊ (၂) ထို့နောက် အမြှုပ်ပမာ တည်နေရသည် ၇ ရက်၊ (၃) ထို့နောက် အခဲကလေး (ကြွက်နှာမောင်းခဲကဲ့သို့ အကိုင်မခံသော အခဲကလေး) အဖြစ် တည်နေရသည် ၇ ရက်၊ (၄) ထို့နောက် သားတစ်ပမာ တည်နေရသည် ၇ ရက်၊ (၅) ထိုနောက် ခက်မ ၅ ဖြာ (အဖုကလေး ၅ ခု) အဖြစ် တည်နေရသည် ၇ ရက်၊ (၆+၁၁) ထို့နောက် ခက်မ ၅ ဖြာ ရင့်နေရသည်က ၇ ရက် ၅ လီ ကြာမြင့်၏။

## (၅၈) စက်–သော–ဃာ–ဇီ၊ ဉ်လေးလီ၊ ဖြစ်ပြီဆယ့်တစ်မှာ။

ထို့နောက် ၁၁–သတ္တာဟမြောက် (၇၇ ရက်မြောက်)၌ စက္ခုဒသက ကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ဉ်ကမ္မဇကလာပ် ၄ မျိုးတို့ တပြိုင်နက် စတင်၍ ဖြစ်ကြကုန်၏။

## (၅၉) သန္ဓိဉမှာ၊ ကမ္မဇာ၊ ဌီမှာ ဥတုဇ။

ဉ်သို့လျှင် ဂဗ္ဘသေယျက သတ္တဝါတို့အား ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာကစ၍ ရသင့်ရထိုက်သော ကမ္မဇကလာပ်တို့ ဖြစ်ကုန်၏။ ထို ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇ ရုပ်ကလာပ်တို့ ဖြစ်ကုန်၏။

## (၆၀) ပ–ဘွင်ဉမှာ၊ စိတ္တဇာ၊ ဟာရာစိမ့်မျိုးမှ။

ပဋိသန္ဓေစိတ်နောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏာကစ၍ စိတ်၏ ဥပါဒ်ခဏာတိုင်း၌ စိတ္တဇရုပ်တို့ ဖြစ်ကုန်၏။ အမိစားမျိုးသော အစာ

http://www.thitsarparamisociety.com/



အာဟာရမှ သူငယ်၏ကိုယ်သို့ ဩဇာစိမ့်ဝင်သော အချိန်မှစ၍ အာဟာရဇရုပ်တို့ ဖြစ်ကုန်၏။

**(၆၁) စ၍ဖြစ်ပြီး၊ မီးလျှံရေလျှဉ်၊ ကဲ့အသွင်၊ အစဉ်သွားလေကာ။**

စ၍ဖြစ်သည်မှ စတုဇရုပ်များသည် ကာမဘုံသားတို့ သန္တာန်၌ မီးအလျှံကဲ့သို့လည်းကောင်း၊ ရေအလျဉ်ကဲ့သို့လည်းကောင်း အသက်ရှည်သမျှ မပြတ်ဖြစ်၍ သန္တာန်ဆတ်ကာ ဖြစ်ပွားကြကုန်၏။

**သေခါနီးအခါအတွက်**

**(၆၂) စုတိ–ကမ္မဇရုပ်၊ အပြိုင်ချုပ်၊ ကျန်ရုပ် သိလေကြ။**

ကာမဘုံသားတို့မှာ သေခါနီးကာလ၌ စုတိမှအထက် ၁၇ ချက်၊ မြောက်သောစိတ်၏ ဌီခဏမှ အစပြု၍ ကမ္မဇရုပ်တို့ အသစ်မဖြစ်တော့ကုန်၊ ထို ၁၇ ချက်မြောက်သော စိတ်၏ဥပါဒ်ခဏမှာသာ ကမ္မဇရုပ်များ နောက်ဆုံးဖြစ်သော အနေနှင့် ဖြစ်ကြကုန်၏။

ထို ၁၇ ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးအနေနှင့် ဖြစ်ကြသော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်၏ ဘင်ခဏသို့ ရောက်သောအခါ စိတ္တက္ခဏ ၁၇ ချက် မိမိတို့ အသက်ပြည့်ပြီဖြစ်၍ ထိုစုတိစိတ်၏ ဘင်ခဏနှင့် ပြိုင်၍ ချုပ်ကုန်၏။ စုတိနောက်၌ စိတ္တလက္ခဏ ၁၇ ချက် အတွင်းမှာပင် စိတ္တဇရုပ်+အာဟာရဇရုပ်တို့လည်း ချုပ်ကုန်၏။ ဥတုဇရုပ်များကား သေပြီးနောက် သူကောင်ပုပ်ဟု ဆိုရသမျှ ကာလပတ်လုံး သန္တာန်ဆက်၍ ဖြစ်ပွားကြကုန်သေး၏။

ကာမဘုံသားတို့၏ စုတိခန်း ပြီး၏။

**(၆၃) ဃာ–ဇိ–ကာ–ဘာ၊ အာဟာရဇ။ သတ္တကလာပ်၊ ကြဉ်သော ဋ္ဌသ်၊ ရအပ် ရူပမှာ။**

အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ (ဃာနဒသကကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ် ၂

http://www.thitsarparamisociety.com/



စည်း၊ အာဟာရဇကလာပ် ၂ စည်း၊ ဤကလာပ် ခုနစ်စည်းတို့ကို ကြည့်၍ ကြွင်းသော) ကမ္မဇကလာပ် ၄ မျိုး၊ စိတ္တဇကလာပ် ၈ မျိုး၊ ဥတုဇကလာပ် ၄ မျိုး၊ ဤ ၁၆ မျိုးသော ရုပ်ကလာပ်တို့ကို ရအပ်ကုန်၏။

**(၆၄) စက်–သော–ဟ–ဓိ၊ ဤလေးလီ၊ ဖြစ်ညီသန္ဓိမှာ။**

ထို့ကြောင့် ရူပဗြဟ္မာတို့မှာ ပဋိသန္ဓေအခါ စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်၊ (တစ်ကိုယ်လုံး တည်ရမည့်၊ ဝါ–ကိုယ်အထည် ဖော်ပေးမည့်) ဇီဝိတနဝကကလာပ်၊ ဤကမ္မဇ ကာလပ် ၄ စည်းတို့သာလျှင် ဖြစ်ကုန်၏။)

**(၆၅) သန္ဓိဌီမှ၊ ဥတုဇ၊ ပ–ဘွင် စိတ္တဇာ။**

ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်ကလာပ်များ၊ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်မှစ၍ စိတ္တဇရုပ်ကလာပ်များ ဖြစ်ကြကုန်၏။ (အသက် ထက်ဆုံး ဤ ရုပ် ၃ မျိုး၊ ကလာပ်အနေအားဖြင့် ၁၆ မျိုးတို့ ဖြစ်ကြ ကုန်၏။)

## အသညသတ် ဗြဟ္မာများအတွက်

အသညသတ် ဗြဟ္မာများမှာ သညာဝိရာဂ ဘာဝနာအစွမ်းကြောင့် စိတ်၊ စေတသိက်တို့ မဖြစ်ကုန်၊ ထို့ကြောင့် စိတ္တဇရုပ်တို့လည်း မဖြစ်ကုန်။

အသညသတ်နှင့်တကွ ရူပဗြဟ္မာအားလုံးတို့ပင် ကဗဠီကာရာဟာရ ခေါ်သော ဗဟိဒ္ဓ အာဟာရ အစာကို စားမျိုခြင်း မရှိသောကြောင့် ထိုသူ တို့၏ ကိုယ်တွင်း၌ရှိသော ဩဇာသည် ဗဟိဒ္ဓဩဇာမှ အထောက်အပံ့ကို မရ၊ မရသောကြောင့် ထိုဗြဟ္မာတို့ သန္တာန်၌ရှိသော အဇ္ဈတ္တဩဇာသည် အာဟာရဇရုပ်ကို မဖြစ်စေနိုင်။ ထို့ကြောင့် ထိုရူပဗြဟ္မာတို့မှာ အာဟာရဇ ကလာပ်တို့ကို မရအပ်ကုန်။

ဗြဟ္မာတို့မှာ ကာမဝိရာဂ ဘာဝနာအစွမ်းကြောင့် ကာမအတွက်သာ အသုံးကျသော ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝတို့ မဖြစ်ကြကုန်။ အသည

http://www.thitsarparamisociety.com/



သတ် ဗြဟ္မာတို့မှာကား ထို့ထက်ပင် ပိုလွန်၍ သညာဝိရာဂဘာဝနာ အစွမ်းကြောင့် စိတ် စေတသိက်တို့ လုံး၀ မဖြစ်ကြကုန်။ ထိုသို့ စိတ်၊ စေတသိက်တို့ မဖြစ်ကြသောကြောင့်ပင် စိတ် စေတသိက်တို့၏ မှီရာ ကိစ္စကို ရွက်ဆောင်ကြရမည့် စက္ခုစသော ဝတ္ထုရုပ်မျိုးတို့လည်း လုံး၀ မဖြစ်တော့ကုန်။

ထို့ကြောင့် အသညသတ် ဗြဟ္မာတို့မှာ ကမ္မဇရုပ်အနေဖြင့် ဇီဝိတ နဝက ရုပ်ကလာပ်တစ်မျိုးသာ ဖြစ်တော့၏။ လှုပ်ရှားမှု လုံး၀မရှိသော ကြောင့် ဥတုဇကလာပ် ၄ မျိုးတို့တွင်လည်း သဒ္ဒနှင့်စပ်သော ဥတုဇ ကလာပ် ၂ မျိုးတို့ မဖြစ်ကြသောကြောင့် ဥတုဇကလာပ်တို့အနက် သုဒ္ဓဋ္ဌက ကလာပ်နှင့် လဟုတာဒိ ဧကာဒသက ကလာပ် ဤကလာပ် ၂ မျိုးတို့ကိုသာ ရအပ်ကုန်၏။

**(၆၆) သဒ္ဒကြဉ်ပေ၊ ခုနစ်ထွေ၊ ဇီဝေ၊ သုံးကလာပ်။**

**(၆၇) သန္ဓိ+ပဝတ္တိ၊ ဆိုရိုးသိ၊ မှတ်ဘိ သညသတ်။**

ထို့ကြောင့် အသညသတ် ဗြဟ္မာတို့မှာ သဒ္ဒကြဉ်သော (ဝါ သဒ္ဒ မပါသော) ဥတုဇရုပ်ကလာပ် ၂ မျိုး၊ (သုဒ္ဓဋ္ဌကနှင့် လဟုတာဒိ ဧကာ ဒသကကို ဆိုလိုသည်။) ကမ္မဇ ဇီဝိတနဝက ကလာပ် ၁ မျိုး ဤရုပ် ကလာပ် ၃ မျိုးတို့ကိုသာလျှင် ရအပ်ကုန်၏။

ထို့ကြောင့် ထိုအသညသတ် ဗြဟ္မာတို့အား (ရုပ်) ပဋိသန္ဓေအခါ ဇီဝိတနဝကကလာပ် ၁ မျိုးသာလျှင် ဖြစ်ကုန်၏။ ထိုရုပ် ပဋိသန္ဓေ၏ ဋ္ဌီခဏမှစ၍ ဥတုဇကလာပ်တို့ ဖြစ်ကုန်၏။

**(၆၈) ဥပပတ်မှာ၊ စုတေခါ၊ ခန္ဓာကြွင်းမရှိ။**

ဥပပတ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့မှာ စုတေသော အခါ၌ ခန္ဓာအကြွင်းမရှိတော့။ စုတိစိတ်မှနောက် စိတ္တက္ခဏအနည်းငယ် အတွင်းမှာပင် မီးတောက် ငြိမ်းသကဲ့သို့ ငြိမ်းစဲလေတော့၏။

http://www.thitsarparamisociety.com/


(ဥပပတ် သတ္တဝါတို့မှာ စုတေပြီးနောက် ခန္ဓာအကြွင်းမရှိခြင်းနှင့် ဂဗ္ဘသေယျက သတ္တဝါတို့မှာ စုတေပြီးနောက် ခန္ဓာအကြွင်း ရှိခြင်းတို့ အတွက် ပဋိသန္ဓေမှစ၍ ဘဝ ဤကိုယ်ခန္ဓာအိမ်တည်ဆောက်ရာ၌ ကမ္မဇ ရုပ်တို့က စိုးအုပ်ပုံ၊ ဥတုဇရုပ်တို့က စိုးအုပ်ပုံတို့ကို လေးလေး နက်နက် စဉ်းစား၍ သဘောကျအောင် ကြံစည်ကြလေကုန်။)

၅။ ရူပပဝတ္တိက္ကမ (ရုပ်ဖြစ်စဉ်ကိုပြ)ခန်း ပြီး၏။

## နိဗ္ဗာန်ပရမတ်ကို ပြဆိုခန်း

**(၆၉) ဒုက္ခခပ်သိမ်း၊ ချုတ်ပြတ်ငြိမ်း၊ ဓာတ်သိမ်းပြည်နိဗ္ဗာန်။**

ဒုက္ခခပ်သိမ်းတို့၏ ငြိမ်းစဲ၊ ချုပ်ပြတ်ရာ ငြိမ်းစဲ+ချုပ်ပြတ်ကြောင်း ဖြစ်သော (ဖြစ်၍) သန္တိလက္ခဏာ၊ အစ္စုတိရသ၊ အနိမိတ္တပစ္စုပဋ္ဌာန်ရှိသော စတုတ္ထမြောက် ပရမတ္ထတရားတစ်မျိုးသည် နိဗ္ဗာန်မည်၏။

**(၇၀) သဉပါဒိ၊ သေသနိ၊ ကြွင်းရှိ ငါးရုပ်ခန်။**

**(၇၁) အနုပါဒိ၊ သေသနိ၊ မရှိ ငါးရုပ်ခန်။**

ထိုနိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ ၂ ပါး အပြားရှိ၏။ ထိုတွင် –

(၁) ကံကိလေသာမှ ကြွင်းသော ဘုရား+ရဟန္တာတို့၏ ခန္ဓာကို ဥပါဒိသေသဟူ၍ ခေါ်၏။ နိဗ္ဗာန်သည် သူ၏သန္တိသဘောဖြင့် ဘယ် သောအခါမှ မပျက်စီးဘဲ ထင်ရှားရှိနေသော တရားဖြစ်၏။ ဘုရား၊ ရဟန္တာ အရိယာတို့၏ ခန္ဓာဖြင့် နိဗ္ဗာန်ကို အာရုံပြု၊ သုံးစွဲရ၏။ ထိုသို့ အာရုံပြု သုံးစွဲသော ဘုရား၊ ရဟန္တာ အရိယာတို့၏ ခန္ဓာရှိနေသမျှ အာရုံ အပြုခံ၊ အာရုံပြုအပ်၊ အသုံးစွဲခံ၊ သုံးစွဲအပ်သော နိဗ္ဗာန်ကို ဥပါဒိသေသ အာရုံပြုမည့် ခန္ဓာရှိနေသေးသဖြင့် သဉပါဒိသေသ နိဗ္ဗာန်ဟုခေါ်၏။

http://www.thitsarparamisociety.com/



(၂) အာရုံပြု+သုံးစွဲတော်မူကြသည့် ဘုရား+ရဟန္တာ အရိယာတို့ ပရိနိဗ္ဗာန် ဝင်စံတော်မူကြပြီးသောအခါ ထိုနိဗ္ဗာန်သည် အနုပါဒိသေသ နိဗ္ဗာန် အာရုံပြု သုံးစွဲမည့် ဥပါဒိသေသခေါ်သော ခန္ဓာမရှိတော့သော နိဗ္ဗာန်မည်၏။ (အလွန်နက်နဲစွာ၊ တို့သူငါ အထောက်မမီနိုင်ချေ။)

(၁) အရှင်သာရိပုတ္တရာထေရ် အာရုံပြုသော နိဗ္ဗာန်သည် အရှင် သာရိပုတ္တရာ၏ ဥပါဒိသေသခန္ဓာ ရှိနေသေးသမျှ သဥပါဒိသေသနိဗ္ဗာန် မည်၏။

(၂) အရှင်သာရိပုတ္တရာထေရ် ပရိနိဗ္ဗာန် စံတော်မူသွားပြီးသောအခါ ထိုနိဗ္ဗာန်သည် အရှင်သာရိပုတ္တရာ၏ သုံးစွဲတတ် အာရုံပြုတတ်သော ဥပါဒိသေသခန္ဓာ မရှိတော့သောကြောင့် အနုပါဒိသေသနိဗ္ဗာန်မည်၏။ ဤသို့လျှင် နိဗ္ဗာန်သည် သဘာဝတစ်မျိုးတည်း ဖြစ်သော်လည်း အာရုံပြု၊ သုံးစွဲသော ဥပါဒိသေသခန္ဓာ ရှိ၊ မရှိသို့ လိုက်၍ သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟု ၂ ပါး အပြားရှိရလေသည်။ အမည် ၂ ပါး ပြားရလေသည်ဟု ဆိုလိုသည်။

(ဤ၌ နိဗ္ဗာန်(နှင့်) ပရိနိဗ္ဗာန် ခွဲ၍သိရန် အရေးကြီး၏။ ။ဆိုခဲ့ပြီး သော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ရှိသော စတုတ္ထပရမတ်တရားကြီးသည် နိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်ကို မဂ်လေးပါးဖြင့် ၄ ကြိမ်တိုင်တိုင် အာရုံပြု လိုက်ရသည့်အတွက် ထို ၄ ကြိမ်မြောက် အာရုံပြုရသောဘဝ စုတိ၏ နောက်ကာလ၌ ၃၁ ဘုံသုံးပါးဝယ် ခန္ဓာအသစ် မဖြစ်မူ အငြိမ်းသည် ပရိ နိဗ္ဗာန်မည်၏။)

## (၇၂) သုည+နိမိတ်၊ ပဏိဟိတ်၊ ဖြာစိတ် သုံးနိဗ္ဗာန်။

နိဗ္ဗာန်သည် ဆိုပြီး သန္တိလက္ခဏာအားဖြင့် တစ်ပါးတည်းဖြစ်သော် လည်း ၁–သုညတနိဗ္ဗာန်၊ ၂–အနိမိတ္တနိဗ္ဗာန်၊ ၃–အပ္ပဏိဟိတနိဗ္ဗာန် ဟူ၍ ခွဲယူမှတ်သားအပ်သော အခြင်းအရာအားဖြင့် ၃ ပါး ပြားပြန်၏။

http://www.thitsarparamisociety.com/


**(၇၃) ပလိဗောဓ၊ ကြောင့်ကြသဖွဲ့၊ ကင်းဆိတ်ညံ၊ နိဗ္ဗာန်သုည တာ။**

**(၇၄) ဘေးပေါင်းတရုံ၊ မဆက်ဆံ၊ နိဗ္ဗာန် နိမိတ္တာ။**

**(၇၅) တောင့်တပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန် ပဏိဟိတ။**

နိဗ္ဗာန်တရား တစ်ခုတည်းကိုပင် (၁) ပလိဗောဓ ကြောင့်ကြခပ်သိမ်း ကင်းဆိတ်သုဉ်းသောကြောင့် သုညတနိဗ္ဗာန်ဟူ၍လည်း ခေါ်ဆိုရ၏။ (၂) ဘေးမျိုးဖြစ်သည့် သင်္ခါရနိမိတ်နှင့် မဆက်ဆံသောကြောင့် အနိမိတ္တ နိဗ္ဗာန်ဟူ၍လည်းခေါ်ရ၏။ (၃) ကိလေသာတဏှာတည်းဟူသော တောင့်တမှု ပူပန်မှုနှင့် မဆက်ဆံ (ထိုတောင့်တမှု၊ ပူပန်မှုတို့ လုံးဝ မရှိ) သောကြောင့် အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍လည်း ခေါ်ဆိုရ၏။

(နိဗ္ဗာန်တရားတစ်ခုတည်းကပင် ကြောင့်ကြမှု ခပ်သိမ်းဆိတ်သုဉ်း သောကြောင့် သုညတ ဟူသော အမည်၊ သင်္ခါရနိမိတ်မျိုး ဘေးဆိုးတို့နှင့် မဆက်ဆံ) ထိုသင်္ခါရ နိမိတ်မျိုး ဘေးဆိုးဟူ၍ တစိုးတစိမျှ မရှိ) သော ကြောင့် အနိမိတ္တ ဟူသောအမည်၊ ကိလေသာတည်းဟူသော တောင့်တ ပူပန်မှုနှင့် မဆက်ဆံ (ကိလေသာဟူသော တောင့်တပူပန်မှု လုံးဝမရှိ သောကြောင့် အပ္ပဏိဟိတ ဟူသောအမည်၊ ဤ အမည် ၃ ပါးတို့ကို ရရှိလေသည်ဟု ဆိုလို၏။)

ပိုဒ်ခုနစ်ဆယ်၊ လင်္ကာခြိယ်၊ ဤဝယ် ရုပ်+နိဗ် ပြီး။

ဤရုပ်ပိုင်း၌ လင်္ကာပုဒ်ပေါင်း ၇၅ ပုဒ်ရှိသော်လည်း အနည်းငယ်မျှ အပိုအလိုကို စာရင်းမသွင်းမဲ၊ ရေတွက်လောက်သောကြောင့် "ပိုဒ်ခုနစ် ဆယ်၊ လင်္ကာခြိယ်" ဟူ၍ လင်္ကာပိုဒ်ရေ ၇၀ အနေဖြင့် ဖွဲ့ဆိုတော်မူသည်။ ဤအပိုင်း၌ ရုပ်နှင့်နိဗ္ဗာန် ပရမတ္ထတရား ၂ မျိုးကို ပြသောကြောင့် (ဤ ဝယ် ရုပ်ပိုင်းပြီး)ဟု မစပ်ဆိုဘဲ "ဤဝယ်ရုပ်+နိဗ်ပြီး" ဟူ၍ စပ်ဆိုတော်မူ သည်။

http://www.thitsarparamisociety.com/



# ၇–သမုစ္စည်းပိုင်း

## (က) အကုသလသင်္ဂဟ

**၁။ ကာမ–ဘဝိ၊ ဒိဋ္ဌိ+အဝိဇ္ဇာ၊ ဤလေးဖြာ၊ စဉ်ကာမူလထား။**

**၂။ ဩဃ–ယောဂါ၊ အာသဝါ၊ သုံးဖြာလေးစီးပွား။**

**၃။ အသေသတ်နှစ်၊ ဖွဲ့ပူးရစ်၊ မူးယစ်စီးထုံဖြား။**

အကုသလသင်္ဂဟ၌ –

(၁) ကာမာသဝ၊ (၂) ဘဝါသဝ၊ (၃) ဒိဋ္ဌာသဝ၊ (၄) အဝိဇ္ဇာသဝ ဟူ၍ အာသဝတရား ၄ ပါးတို့ကိုလည်းကောင်း၊

(၁) ကာမောဃ၊ (၂) ဘဝေါဃ၊ (၃) ဒိဋ္ဌောဃ၊ (၄) အဝိဇ္ဇောဃ ဟူ၍ ဩဃတရား ၄ ပါးတို့ကိုလည်းကောင်း၊

(၁) ကာမယောဂ၊ (၂) ဘဝယောဂ၊ (၃) ဒိဋ္ဌိယောဂ၊ (၄) အဝိဇ္ဇာ ယောဂ ဟူ၍ ယောဂတရား ၄ ပါးတို့ကိုလည်းကောင်း သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား –

(၁) ကာမာဝစရတရားကို အာရုံပြု၍ဖြစ်သော လောဘစေတသိက်သည် ကာမာသဝ၊ ကာမောဃ၊ ကာမယောဂမည်၏။ (၂) မဟဂ္ဂုတ် တရားကို အာရုံပြု၍ဖြစ်သော လောဘစေတသိက်သည် ဘဝါသဝ၊ ဘဝေါဃ၊ ဘဝယောဂမည်၏။ (၃) အလုံးစုံသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌာသဝ၊ ဒိဋ္ဌောဃ၊ ဒိဋ္ဌိယောဂမည်၏။ (၄) အလုံးစုံသော မောဟ စေတသိက်သည် အဝိဇ္ဇာသဝ၊ အဝိဇ္ဇောဃ၊ အဝိဇ္ဇာယောဂ မည်၏။

ဤ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကို အဘယ်ကြောင့် အာသဝခေါ်သနည်း။ အဘယ်ကြောင့် ဩဃခေါ်သနည်း။ အဘယ်ကြောင့် ယောဂ ခေါ်သနည်းဟူမူ –

သတ္တဝါတို့ကို မူးယစ်စေတတ်သော အရက်နှင့်တူသောကြောင့် လည်းကောင်း၊ အနာမှယိုစီးသော သွေးပြည်ကဲ့သို့ ခြောက်ဒွါရမှ ယိုစီး

http://www.thitsarparamisociety.com/


ဖြစ်ပွားတတ်သောကြောင့်လည်းကောင်း၊ ကြာမြင့်စွာ ထုံအပ်သော အရက်ကဲ့သို့ သတ္တဝါတို့ သန္တာန်ဝယ် ကြာမြင့်စွာ ထုံအပ်သောကြောင့်လည်းကောင်း အာသဝခေါ်ပါသည်။

မိမိ၌ ကျရောက်လာသူ လူအပေါင်းကို နှစ်သက်တတ်သောကြောင့်လည်းကောင်း၊ ကူးမြောက်နိုင်ခဲသောကြောင့်လည်းကောင်း၊ ပကတိရေပြင်ကြမ်းကို ဩဃ ဟူ၍ ခေါ်၏။ ဤလောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည်လည်း သတ္တဝါတို့ကို သံသရာ၌ နှစ်သက်တပ်သောကြောင့်လည်းကောင်း၊ ကူးမြောက်နိုင်ခဲသောကြောင့်လည်းကောင်း၊ ၎င်းတို့ကို ဩဃ ဟူ၍ ခေါ်၏။

သတ္တဝါတို့ကို ဘဝယန္တရား၌ ဖွဲ့ပေးတတ်၊ ပူးပေးတတ်၊ ရစ်ပေးတတ်၊ က ပေးတတ်သောကြောင့် ယောဂ ဟူ၍ ခေါ်၏။

**၄။ ဘိဇ္ဈာကာယ၊ ဗျာပါဒ၊ ကာယ နှစ်စုံသိ။**

**၅။ သီလဗ္ဗတံ၊ ပြာမာသံ (ပရာမာသံဟု ဖတ်)၊ ဣဒံသစ္စာဘိ။**

**၆။ နိဝေသမှု၊ ဂန္ထစု၊ ဖု+ထစ်+ထုံး+ဖွဲ့+ငြိ။**

(၁) အဘိဇ္ဈာကာယဂန္ထ၊ (၂) ဗျာပါဒကာယဂန္ထ၊ (၃) သီလဗ္ဗတပရာမာသ ကာယဂန္ထ၊ (၄) ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ ဟူ၍ ဂန္ထတရား ၄ ပါးတို့ကို သိအပ်ကုန်၏။

ဘဝတစ်ပါးက ကိုယ်နှင့် ဘဝတစ်ပါးက ကိုယ်ကို တဆက်တည်းကဲ့သို့ ထင်မှတ်ရအောင် ဖွဲ့ထုံးပေးတတ်သောကြောင့် ကာယဂန္ထဟု ခေါ်၏။

တရားကိုယ်အားဖြင့်ကား –

(၁) ခပ်သိမ်းသော လောဘစေတသိက်သည် အဘိဇ္ဈာကာယဂန္ထမည်၏။ (၂) ခပ်သိမ်းသော ဒေါသစေတသိက်သည် ဗျာပါဒကာယ ဂန္ထမည်၏။ (၃) နွား–ခွေး စသည်တို့၏ အလေ့အထ၊ အမူအကျင့်ဖြင့် သံသရာမှ စင်ကြယ်နိုင်၏ဟု အမှားမှား သုံးသပ် မှတ်ထင်တတ်သော

http://www.thitsarparamisociety.com/

ဒိဋ္ဌိစေတသိက်သည် သီလဗ္ဗတပရာမာသ ကာယဂန္ထမည်၏။ (၄) (မိမိ အယူက မှားယွင်းနေပါလျက်) ဤငါ၏ အယူသာမှန်၏။ တစ်ပါးသော အယူများသည် အကုန်လုံးမှား၏ဟု စွဲမှတ်တတ်သော ဒိဋ္ဌိစေတသိက် သည် ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထမည်၏။

**၇။ အလေ့–သီလ၊ ဝတ–ကျင့်မူ၊ နွား–ခွေးတူ၊ အယူ ဝိသုဒ္ဓိ။**

**၈။ ဤသာမှန်လှ၊ ဤမှတစ်ပါး၊ အကုန်မှား၊ စွဲငြား ဣဒံဘိ။**

(ဤလင်္ကာ ၂ ပိုဒ်ကား နောက်ဂန္ထ ၂ ပါး၏ အနက်ကို ဖော်ပြ သည်။ ထင်ရှားပြီ။)

**၉။ ကာမ+ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တ–အစု၊ စွဲလမ်းမှု၊ လေးခု ဥပါဒါန်။**

(၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တ ဝါဒုပါဒါန် ဟူ၍ ဥပါဒါန်တရား ၄ ပါးတို့ကိုလည်း သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား –

(၁) အလုံးစုံသော လောဘစေတသိက်သည် ကာမုပါဒါန်မည်၏။ (၂) မိစ္ဆာဒိဋ္ဌိ ၆၂ ပါး၊ ဒိဋ္ဌိကြီး ၃ ပါး၊ ထိုမှတစ်ပါး လောကသာသနာ၌ ဖြစ်ပေါ်ထင်ရှားနေသော ဖောက်ပြန်သော အယူဒိဋ္ဌိမှန်သမျှသည် ဒိဋ္ဌု ပါဒန်မည်၏။ (၃) နွား ခွေးစသည်တို့၏ အလေ့အထ အမူအကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟု အမှားမှား သုံးသပ်မှတ်ထင်တတ်သော ဒိဋ္ဌိ စေတသိက်သည် သီလဗ္ဗတုပါဒါန် မည်၏။ (၄) သက္ကာယဒိဋ္ဌိ ၂၀ (တစ်နည်း အတ္တဒိဋ္ဌိ ၂၀) တို့သည် အတ္တဝါဒုပါဒါန်မည်၏။ (အချုပ်အား ဖြင့် ၁–ကား လောဘ၊ ၂၊ ၃၊ ၄–တို့ကား ဒိဋ္ဌိတည်းဟု မှတ်ပါလေ။)

မြွေသည် ဖားကို အသက်အသေခံ၍ မလွှတ်ဘဲ အပြင်းခဲသကဲ့သို့ အာရုံကို အပြင်းအထန် စွဲယူတတ်သောကြောင့် လောဘ၊ ဒိဋ္ဌိတို့ကို ဥပါဒါန်ဟု ခေါ်၏။

**၁၀။ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိန မိဒ္ဓမှန်။**

http://www.thitsarparamisociety.com/


## ၁၁။ ဥဒ္ဒစ်ကုက္ကု၊ ဝိ-ဝိဇ် စု၊ ခြောက်ခု နီဝရုံ။

## ၁၂။ တားဆီးကန့်ကွက်၊ ပိတ်ပင်ဖျက်၊ အနက် နီဝရုံ။

(၁) ကာမစ္ဆန္ဒနီဝရဏ၊ (၂) ဗျာပါဒနီဝရဏ၊ (၃) ထိနမိဒ္ဓနီဝရဏ၊ (၄) ဥဒ္ဒစ္စ ကုက္ကုစ္စနီဝရဏ၊ (၅) ဝိစိကိစ္ဆာနီဝရဏ၊ (၆) အဝိဇ္ဇာနီဝရဏ ဟူ၍ နီဝရဏတရား ၆ ပါးတို့ကိုလည်း သိအပ်ကုန်၏။ သတ္တဝါတို့ သန္တာန်၌ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ခွင့်မရအောင်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကိုလည်း ကြာရှည်စွာ မထုံနိုင်အောင် တားမြစ်ကန့်ကွက်ပိတ်ပင် ဖျက်ဆီးတတ်သောကြောင့် နီဝရဏခေါ်၏။

တရားကိုယ်အားဖြင့်ကား-

(၁) (ရူပရာဂ+အရူပရာဂမှ ကြွင်းသော) လောဘစေတသိက်သည် ကာမစ္ဆန္ဒနီဝရဏမည်၏။ (၂) ခပ်သိမ်းသော ဒေါသစေတသိက်သည် ဗျာပါဒနီဝရဏမည်၏။ (၃) ထိနစေတသိက်၊ မိဒ္ဓစေတသိက် ၂ ပါးသည် ထိန မိဒ္ဓ နီဝရဏမည်၏။ (၄) ဥဒ္ဒစ္စစေတသိက်၊ ကုက္ကုစ္စစေတသိက် ၂ ပါးသည် ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏမည်၏။ (၅) ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာ နီဝရဏမည်၏။ (၆) မောဟစေတသိက်သည် အဝိဇ္ဇာနီဝရဏမည်၏။

အထူးမှတ်ရန် -

ဤ၌ ထိန မိဒ္ဓ နီဝရဏ ဟူ၍လည်းကောင်း၊ ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏ ဟူ၍လည်းကောင်း စေတသိက်တရား ၂ ပါး ၂ ပါးတို့ကို ပေါင်း၍ အဘယ့်ကြောင့် နီဝရဏ တစ်ပါးတစ်ပါးပြု၍ ဟောအပ်ခေါ်ဆိုအပ်ပါသနည်း ဟူ၍ မေးရန်ရှိ၏။

အဖြေကား ထိုတရား ၂ ပါး ၂ ပါးတို့မှာ ကိစ္စချင်းလည်းတူကြ၊ အခြေခံအကြောင်းချင်းလည်း တူကြ၊ ဆန့်ကျင့်ဘက်ချင်းလည်း တူကြသောကြောင့် ပေါင်း၍ ဟောအပ် ခေါ်ဆိုအပ်ပါကုန်၏။ (ကိစ္စာ၊ ဟာရ၊ ပစ္စယ၊ တူကြလေသောကြောင့်) ဟူလို၏။

http://www.thitsarparamisociety.com/


အဓိပ္ပာယ်အကျယ်ကား –

ထိနနှင့် မိဒ္ဓတို့သည် စိတ်စေတသိက်တို့ကို တွန့်ဆုတ် ထိုင်းမှိုင်းအောင် ပြုလုပ်ဟတ်ကုန်၏။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် မငြိမ်းအေးမှုကိစ္စကို ပြုတတ်ကြကုန်၏။ (ဤကား ကိစ္စချင်းတူပုံတည်း။) အကြောင်းအားဖြင့် ထိနနှင့်မိဒ္ဓ ၂ ပါး၏ အကြောင်းကား ပျင်းရိခြင်း ကိုယ်တဆန့်ဆန့်ဖြစ်ခြင်းတည်း။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ၏ အကြောင်းကား ဉာတိဗျသနစသည်ကို ကြံစည်ခြင်းတည်း၊ (ဤကား အကြောင်းချင်းတူပုံတည်း။) ဆန့်ကျင်ဘက်အားဖြင့် ထိနနှင့် မိဒ္ဓသည် ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စသည် သမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်၏။ (ဤကား ဆန့်ကျင်ဘက်ချင်း တူပုံတည်း။) ဤသို့လျှင် ကိစ္စချင်းလည်း တူကြ၊ အကြောင်းချင်းလည်း တူကြ၊ ဆန့်ကျင်ဘက်ချင်းလည်း တူကြသောကြောင့် ပေါင်း၍ ဟောအပ် ခေါ်ဆိုအပ်ပါကုန်၏။ ။ဤကား အထူးမှတ်ရန်တည်း။

**၁၃။ ကာမ+ဘဝ၊ ပဋိဃ၊ မာန+ဒိဋ္ဌိမှန်။**

**၁၄။ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ၊ သတ္တာနုသယံ။**

**၁၅။ အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ်နုသယံ။**

(၁) ကာမရာဂါနုသယ၊ (၂) ဘဝရာဂါနုသယ၊ (၃) ပဋိဃာနုသယ၊ (၄) မာနာနုသယ၊ (၅) ဒိဋ္ဌာနုသယ၊ (၆) ဝိစိကိစ္ဆာနုသယ၊ (၇) အဝိဇ္ဇာနုသယ ဟူ၍ အနုသယတရား ၇ ပါးတို့ကိုလည်း သိအပ်ကုန်၏။ မဂ်ဖြင့် မပယ်ရသေးသမျှ သတ္တဝါတို့၏ သန္တာန်ဝယ် အကုသိုလ်ဖြစ်ရန် မျိုးစေ့ဓာတ်အနေဖြင့် အစဉ်ပင် စွဲကပ်ငုပ်ကိန်းဝပ်၍နေသောကြောင့် အနုသယဟူ၍ ခေါ်၏။ တရားကိုယ်အားဖြင့် အနုသယအခိုက်အတန့်၌ တည်ရှိကြသော ကာမရာဂစသည်တို့သည် ကာမရာဂါနုသယစသည် မည်ကုန်၏။

ထင်ရှားစေဦးအံ့။

ကာမရာဂ စသော ကိလေသာတို့၏ အခိုက်အတန့် (အဝတ္ထာ) သည်

http://www.thitsarparamisociety.com/


(၁) အနုသယအခိုက် (၂) ပရိယုဋ္ဌာနအခိုက် (၃) ဝီတိက္ကမအခိုက်ဟူ၍ ၃ မျိုးစီ ရှိကုန်၏။ ထိုတွင် -

အကြင်ကာမရာဂ စသည်တို့သည် ဥပါဒ်ထင်ရှား ဖြစ်ပွားကြပြီးလျှင် ကိုယ်နှုတ်အင်္ဂါကို လှုပ်စေကုန်၏။ (ကိုယ်ကျူး၊ နှုတ်ကျွံအခြေသို့ ရောက်ကုန်၏။) ထိုကာမရာဂ စသည်တို့၏ ထိုအခြင်းအရာ (ကိုယ်ကျူး၊ နှုတ်ကျွံ ပြုမူပြောဆိုသော အခြင်းအရာဖြင့်) ဖြစ်သော အခိုက်အတန့်သည် ၃ အမှတ်ပြ ဝီတိက္ကမ အခိုက်မည်၏။

အကြင်ကာမရာဂ စသည်တို့သည် စိတ်ထဲ၌သာ ဇောစိတ်နှင့် တွဲယှဉ်လျက် ဖြစ်ကြကုန်၏။ (ကိုယ်ကျူး၊ နှုတ်ကျွံမလွန်ကြကုန်။) ထို ကာမရာဂ စသည်တို့၏ ထိုအခြင်းအရာ (စိတ်ထဲ၌သာ ဇောစိတ်နှင့် တွဲယှဉ်လျက် ဖြစ်သော အခြင်းအရာ)ဖြင့် ဖြစ်သော အခိုက်အတန့်သည် ၂ အမှတ်ပြ ပရိယုဋ္ဌာနအခိုက် မည်၏။

အကြင် ကာမရာဂ စသည်တို့ကား ဇောစိတ်နှင့်တကွဖြစ်သော အဖြစ်သို့ မရောက်ကြဘဲ အထုံဝါသနာဓာတ်ကဲ့သို့ စိတ်အစဉ်ဝယ် ကိန်းတည်ကြလျက် ပရိယုဋ္ဌာန ကိလေသာဖြစ်ရန် မျိုးစေ့ဗီဇဓာတ်အနေဖြင့် တည်ရှိကြကုန်၏။ (ယင်းတို့၏ အစွမ်းသတ္တိကြောင့် မပွားများရသော စိတ်အစဉ်သည် မယဉ်ကျေးနိုင်ဘဲ ရှိရ၏။) ထိုကာမရာဂ စသည်တို့၏ ထိုအခြင်းအရာ (ပရိယုဋ္ဌာန ကိလေသာဖြစ်ရန် မျိုးစေ့ဗီဇဓာတ် အမူအရာ)ဖြင့် ဖြစ်သော အခိုက်အတန့်သည် ၁ အမှတ်ပြ အနုသယအခိုက်မည်၏။ ထို အနုသယအခိုက်မှာ တည်ရှိကြသော -

(၁) ကာမရာဂသည် ကာမရာဂါနုသယမည်၏။ (၂) ဘဝရာဂသည် ဘဝရာဂါနုသယမည်၏။ (၃) ဒေါသသည် ပဋိဃာနုသယမည်၏ (၄) မာနသည် မာနနုသယမည်၏။ (၅) ဒိဋ္ဌိသည် ဒိဋ္ဌာနုသယမည်၏။ (၆) ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာနုသယမည်၏။ (၇) မောဟသည် အဝိဇ္ဇာနုသယမည်၏။

(နက်နဲသည်၊ ကြပ်ကြပ် စဉ်းစားမှ သဘောကျနိုင်မည်။)

http://www.thitsarparamisociety.com/


**၁၆။ ကာမ+ရူပ၊ အရူပ၊ ရာဂ+ပဋိဃ်။**

**၁၇။ မာန်+ဒိဋ္ဌိ+သီ+ဝိ၊ ဥဒ်+ဝိဇ္ဇိ၊ ဆယ်လီသံယောဇန်။**

(သုတ္တန်နည်း သံယောဇဉ် ၁၀ ပါးပြသော လင်္ကာ) (၁) ကာမရာဂ သံယောဇဉ်၊ (၂) ရူပရာဂ သံယောဇဉ်၊ (၃) အရူပရာဂ သံယောဇဉ်၊ (၄) ပဋိဃသံယောဇဉ်၊ (၅) မာနသံယောဇဉ်၊ (၆) ဒိဋ္ဌိသံယောဇဉ်၊ (၇) သီလဗ္ဗတပရာမာသ သံယောဇဉ်၊ (၈) ဝိစိကိစ္ဆာ သံယောဇဉ်၊ (၉) ဥဒ္ဓစ္စ သံယောဇဉ် (၁၀) အဝိဇ္ဇာ သံယောဇဉ်ဟူ၍ သုတ္တန်နည်း သံယောဇဉ် တရား ၁၀ ပါးတို့ကိုလည်း သိအပ်ကုန်၏။ (တရားကိုယ် ကောက်တတ် လောက်ပြီ။ ၇ ပါး ရအောင် ကောက်လေ။)

**၁၈။ ရူ+ရူ+ဥဒ်ပစ်၊ ဘဝတစ်၊ ဣဿ+မစ်+နည်းတတန်။**

(အဘိဓမ္မာနည်းသံယောဇဉ် ၁၀ ပါးပြသောလင်္ကာ) (၁) ကာမရာဂ သံယောဇဉ်၊ (၂) ဘဝရာဂ သံယောဇဉ်၊ (၃) ပဋိဃသံယောဇဉ်၊ (၄) မာနသယောဇဉ်၊ (၅) ဒိဋ္ဌိသံယောဇဉ်၊ (၆) သီလဗ္ဗတပရာမာသ သံယောဇဉ်၊ (၇) ဝိစိကိစ္ဆာ သံယောဇဉ်၊ (၈) ဣဿာ သံယောဇဉ်၊ (၉) မစ္ဆရိယ သံယောဇဉ်၊ (၁၀) အဝိဇ္ဇာသံယောဇဉ် ဟူ၍ အဘိဓမ္မာနည်း သံယောဇဉ် ၁၀ ပါးတို့ကိုလည်း သိအပ်ကုန်၏။ (တရားကိုယ် ကောက် တတ်လောက်ပြီ၊ ၈ ပါးရအောင် ကောက်လေ၊ ၈ ပါးရမှ မှန်မည်။)

**၁၉။ ထိပ်+ထောင်+နှောင်ကြိုး၊ အဖွဲ့မျိုး၊ ဖွင့်ရိုးသံယောဇဉ်။**

ထိပ်၊ ထောင်၊ နှောင်ကြိုးတို့သည် လူကို လွတ်ထွက်မသွားအောင် ဖွဲ့နှောင်တတ်သကဲ့သို့ ဤ ၁၀ ပါးသော တရားတို့သည်လည်း ထိုအတူ ပင် သတ္တဝါကို သံသရာနှောင်အိမ်မှ လွတ်ထွက်မသွားအောင် ဖွဲ့နှောင် တတ်သောကြောင့် သံယောဇဉ် မည်ကြကုန်၏။

**၂၀။ ဟိတ်ကြီးတြိ၊ မာန်+ဒိဋ်+ဝိ၊ ထိ+ဥဒ်+ဟိ+နှောတ္တပ်။**

**၂၁။ ပူပန်ညစ်ကျုံ့၊ နှိပ်စက်မှု၊ ဆယ်ခု ကိလေမှတ်။**

http://www.thitsarparamisociety.com/


(၁) လောဘကိလေသာ၊ (၂) ဒေါသကိလေသာ၊ (၃) မောဟကိလေသာ၊ (၄) မာနကိလေသာ၊ (၅) ဒိဋ္ဌိကိလေသာ၊ (၆) ဝိစိကိစ္ဆာကိလေသာ၊ (၇) ထိနကိလေသာ၊ (၈) ဥဒ္ဓစ္စကိလေသာ၊ (၉) အဟိရိက ကိလေသာ၊ (၁၀) အနောတ္တပ္ပကိလေသာဟူ၍ ကိလေသာတရား ၁၀ ပါးတို့ကိုလည်း သိအပ်ကုန်၏။ (နားလည်ရမည်ဟု ဆိုလိုသည်။)

သတ္တဝါတို့၏ စိတ်ကို ညစ်ကျူးစေတတ်၊ သတ္တဝါတို့ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သောကြောင့် ဤ ၁၀ ပါးတို့ကို ကိလေသာ ၁၀ ပါး ဟူ၍ ခေါ်၏။ (တရားကိုယ် ကောက်တတ်လာပြီ၊ ၁၀ ပါးရအောင် ကောက်လေ။)

၂၂။ ကာမ+ဘဝ၊ ဆိုသမျှ၊ လောဘတရားကိုယ်။

၂၃။ သီ+ဗ္ဗ+အတ်မှာ၊ ဒိဋ္ဌိသာ၊ ဘိဇ်+ဗျာ–လော+ဒေါ ဆို။

ကာမဘာဝ၊ ကာမောဃစသည်ဖြင့် ကာမဟု ဆိုသမျှ၊ ဘဝါ ဘဝ၊ ဘဝေါဃ စသည်ဖြင့် ဘဝဟု ဆိုသမျှ တရားကိုယ် ကောက်သောအခါ လောဘစေတသိက်ကို ကောက်ပါလေ။ သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒဟု ဆိုသမျှ ဒိဋ္ဌိစေတသိက်ကို တရားကိုယ်အရ ကောက်လေ။ အဘိဇ္ဈာအရ လောဘစေတသိက်ကို တရားကိုယ်အရ ကောက်လေ။ ဗျာပါဒအရ ဒေါသစေတသိက်ကို တရားကိုယ်အရ ကောက်လေ။

၂၄။ အာ+ဩ+ယော+ဂန်၊ သုံးစီမှန်၊ နှစ်တန် ဥပါကိုယ်။

၂၅။ ရှစ်နီ+ခြောက်နု၊ ကိုးသံရု၊ ဆယ်ခု ကိ–မပို။

ဆိုခဲ့ပြီးသော အာသဝတရား ၄ ပါး၊ ဩဃတရား ၄ ပါး၊ ယောဂတရား ၄ ပါးတို့သည် တရားကိုယ်အားဖြင့် (လောဘ+ဒိဋ္ဌိ+မောဟ) ၃ ပါးတို့ ဖြစ်ကုန်၏။ ဂန္ထတရား ၄ ပါးတို့သည် တရားကိုယ်အားဖြင့် (လောဘ+ဒေါသ+ဒိဋ္ဌိ) ၃ ပါးတို့ ဖြစ်ကုန်၏။ ဥပါဒါန်တရား ၄ ပါးတို့သည် တရားကိုယ်အားဖြင့် (လောဘ+ဒိဋ္ဌိ) ၂ ပါးတို့ ဖြစ်ကုန်၏။

http://www.thitsarparamisociety.com/


နီဝရဏတရား ခြောက်ပါးတို့သည် တရားကိုယ်အားဖြင့် (လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟဟူ၍) ၈ ပါးတို့ ဖြစ်ကုန်၏။ သုတ္တန်၊ အဘိဓမ္မာနည်း ၂ ပါး ပေါင်း၍ သံယောဇဉ် ၁၀ ပါးတို့သည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဣဿာ၊ မစ္ဆရိယ၊ မောဟဟူ၍) ၉ ပါးတို့ ဖြစ်ကုန်၏။

အနုသယ ၇ ပါးတို့သည် တရားကိုယ်အားဖြင့် (လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ ဟူ၍) ၆ ပါးတို့ ဖြစ်ကုန်၏။

ကိလေသာ ၁၀ ပါးတို့သည် တရားကိုယ်အားဖြင့်လည်း ၁၀ ပါးတို့ပင် ဖြစ်ကုန်၏။ (အပိုအလို မရှိ)။

က–အကုသလ သင်္ဂဟ ပြီး၏။

## ခ–မိဿကသင်္ဂဟ

### ၂၆။ ဟိတ်ခြောက်အစစ်၊ ဈာန်ခုနစ်၊ ဆယ့်နှစ်မဂ္ဂင်ယူ။

မိဿကသင်္ဂဟ၌–

လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဟူ၍ ဟိတ်တရား ၆ ပါးတို့ကို သိအပ်ကုန်၏။ (တရားကိုယ် ကောက်တတ်လောက်ပြီ၊ ရေသောက်မြစ်နှယ်၊ ကျေးဇူးကွယ်၊ ကြီးကျယ်ကြောင်းရင်းများကို ပြန်၍ စဉ်းစားပါ။)

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဧကဂ္ဂတာဟူ၍ ဈာနင်တရား ၇ ပါးတို့ကို သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား –

၅၅ ပါးသော စိတ်တို့၌ရှိသော ဝိတက်စေတသိက်သည် ဝိတက်ဈာနင် မည်၏။ ၆၆ ပါးသော စိတ်တို့၌ရှိသော ဝိစာရစေတသိက်သည် ဝိစာရဈာနင်မည်၏။ ၅၁ ပါးသော စိတ်တို့၌ ရှိသော ပီတိစေတသိက်သည် ပီတိဈာနင်မည်၏။ ။သောမနဿသဟဂုတ်စိတ် ၆၂ ပါး၌ရှိသော သောမနဿဝေဒနာသည် သောမနဿဈာနင်မည်၏။ ဒေါသမူဒွေး၌

http://www.thitsarparamisociety.com/


ရှိသော ဒေါမနဿဝေဒနာသည် ဒေါမနဿဈာနင်မည်၏။ (ပဋိဃဉာဏ်မှတစ်ပါး) ဥပေက္ခာသဟဂုတ်စိတ် ၄၇ ပါးတို့၌ရှိသော ဥပေက္ခာဝေဒနာသည် ဥပေက္ခာဈာနင်မည်၏။ (တရားကိုယ်အချုပ် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ၅ ပါး။)

သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပမဂ္ဂင်၊ သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်၊ သမ္မာဝါယာမ မဂ္ဂင်၊ သမ္မာသတိမဂ္ဂင်၊ သမ္မာသမာဓိမဂ္ဂင်၊ မိစ္ဆာဒိဋ္ဌိ မဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပ မဂ္ဂင်၊ မိစ္ဆာဝါယာမ မဂ္ဂင်၊ မိစ္ဆာသမာဓိမဂ္ဂင် ဟူ၍ မဂ္ဂင်တရား ၁၂ ပါးတို့ကိုလည်း သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား -

တိဟိတ်စိတ် ၄၇ ပါး၌ရှိသော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။ သဝိတက္ကသောဘဏစိတ် ၃၅ ပါး၌ရှိသော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။ ကာမကုသိုလ် ၈၊ လောကုတ္တရာ ၈ ၌ရှိသော၊ သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင်မည်၏။ ၎င်း သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင်မည်၏။ ၎င်း သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင်မည်၏။ သောဘဏစိတ် ၅၉ ပါးတို့၌ရှိသော ဝီရိယစေတသိက်၊ သတိစေတသိက်၊ ဧကဂ္ဂတာစေတသိက်တို့သည် အစဉ်အတိုင်း သမ္မာဝါယာမမဂ္ဂင်၊ သမ္မာသတိမဂ္ဂင် သမ္မာသမာဓိမဂ္ဂင်တို့ မည်ကုန်၏။ ။ အကုသိုလ်စိတ် ၄ ပါးတို့၌ရှိသော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။ အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော ဝိတက်စေတသိက်သည် မိစ္ဆာသင်္ကပ္ပမဂ္ဂင်မည်၏။ အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော ဝီရိယစေတသိက်သည် မိစ္ဆာဝါယာမ မဂ္ဂင် မည်၏။ (ဝိစိကိစ္ဆာသဟဂုတ်ကြဉ်သော) အကုသိုလ်စိတ် ၁၁ ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်သည် မိစ္ဆာသမာဓိ မဂ္ဂင်မည်၏။ (တရားကိုယ်အချုပ်ကား ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိပေါင်း ၉ ပါးတို့တည်း။)

http://www.thitsarparamisociety.com/



အထူးမှတ်ရန်မှာ ။ ။ သုတ္တန် နည်းအရ မိစ္ဆာ မဂ္ဂင် သည်လည်း သမ္မာ မဂ္ဂင်ကဲ့သို့ပင် ၈ ပါးပင်ရှိသော်လည်း (မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာသတိ တို့အရ ထိုအခြင်းအရာတို့ဖြင့် ဖြစ်သော အကုသိုလ်စိတ်၊ စေတသိက်တို့ကို အရကောက်ရသည်။ မိစ္ဆာဒိဋ္ဌိ စသည်ကဲ့သို့ တရားလုံး တစ်ခုတည်းကိုသာ အရမကောက်ရသည်မဟုတ်၊ ထို့ကြောင့် အဘိဓမ္မာနည်းအရ ပြဆိုအပ်သောဤအရာ၌ ထို ၄ ပါးကို နုတ်၍) မိစ္ဆာမဂ္ဂင် ၄ ပါးကိုသာ ပြဆိုအပ်လေသည်။

၂၇။ ဒွါရငါးလီ၊ ဣတ်+ပု+ဇီ၊ မနီ+ဝေ ငါးခု။

၂၈။ သဒ်+ဝီ+သ+မာ၊ ပဉ် ၄ ဖြာ၊ ဒွိဒွါ ဣန်အစု။

၂၉။ အနညာတိ၊ ညဿာမိ၊ အညိ+အညာဝိ။

၃၀။ သောတာမဂ်မှာ၊ အနညာ၊ ဆုံးမှာ အညာဝီ။

၃၁။ လောကုတ်အလယ်၊ ခြောက်ခုဝယ်၊ အလယ်အညိန်မှီ။

၃၂။ ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စ ကိုယ်စီစီ။

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿ မီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေဟူ၍ ဣန္ဒြေ ၂၂ ပါးတို့ကိုလည်း သိအပ်ကုန်၏။

စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေမည်၏၊ သောတပသာဒရုပ်သည် သောတိန္ဒြေမည်၏၊ ဃာနပသာဒရုပ်သည် ဃာနိန္ဒြေမည်၏၊ ဇိဝှါပသာဒရုပ်သည် ဇိဝှိန္ဒြေမည်၏၊ ကာယပသာဒရုပ်သည် ကာယိန္ဒြေမည်၏၊ ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေမည်၏၊ ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေမည်၏၊ ရုပ်ဇီဝိတ+နာမ်ဇီဝိတ ၂ ပါးတို့သည် ဇီဝိတိန္ဒြေ မည်၏။ စိတ် ၈၉

http://www.thitsarparamisociety.com/


ပါးသည် မနိန္ဒြေမည်၏။ သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ ရှိသော ဝေဒနာစေတသိက်သည် သုခိန္ဒြေမည်၏။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခိန္ဒြေ မည်၏။ သောမနဿသဟဂုတ်စိတ် ၆၂ ပါး၌ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။ ဒေါသမူ ၂ ခု၌ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။ ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး၌ရှိသော ဝေဒနာ စေတသိက်သည် ဥပေက္ခိန္ဒြေမည်၏။ သောဘဏစိတ်တစ်ခုယုတ် ခြောက်ဆယ်၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။ သဝီရိယ စိတ် ၇၃ ပါး၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။ သောဘဏစိတ် ၅၉ ၌ရှိသော သတိစေတသိက်သည် သတိန္ဒြေမည်၏။ (ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်၍) သဝီရိယစိတ် ၇၂ ပါးတို့၌ ရှိသော ဧက ဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေမည်၏။ လောကီတိဟိတ်စိတ် ၃၉ ပါး၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်၏။ သောတာပတ္တိမဂ် စိတ်၌ရှိသော ပညာစေတသိက်သည် အနညာတညဿာမီတိန္ဒြေမည်၏။ အလယ်လောကုတ္တရာစိတ် ၆ ပါး၌ရှိသော ပညာစေတသိက်သည် အညိန္ဒြေမည်၏။ အရဟတ္တဖိုလ်စိတ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေမည်၏။ (တရားကိုယ်ချုပ်ကား ဣန္ဒြိယရုပ် ၈ ပါး၊ ဇီဝိတစိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ (နာမ် ဣန္ဒြေတရားကိုယ်က ၈ ပါး) ၂ ရုပ်ပေါင်း ၁၆ ပါးတို့တည်း။

တစ်ပြည်တည်း၌ ဌာနအသီးသီးဝယ် စိုးပိုင်ကြသော အမတ် အသီးသီးတို့ကဲ့သို့ (တစ်ပါးသောတရား၏ အစိုးရမှုကို မတားမြစ်ဘဲ) မိမိတို့ဆိုင်ရာ ကိစ္စတို့၌ ကိုယ်စီကိုယ်င စိုးပိုင်ကြသောကြောင့် ဣန္ဒြိယ မည်၏။

**၃၃။ သဒ်+ဝီ+သ+မိ၊ ပဉ်+ဟိ+ဩတ္တပ်၊ ဟိ+နော္တပ်၊ ကိုးရပ် ဗိုလ်ကြံ့ခိုင်။**

http://www.thitsarparamisociety.com/


သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ် ဟူ၍ ဗိုလ်တရား ၉ ပါးတို့ကိုလည်း သိအပ်ကုန်၏။ (တရားကိုယ် အရကောက်တတ်လောက်ပြီ။ ကောက်ကြည့်လေ။) မိမိတို့ကိစ္စ၌ ကြံ့ခိုင်တတ်သောကြောင့် ဗိုလ်ဟုခေါ်၏။

## ၃၄။ ဆန်+ဝီ+စိတ်+ဝိ၊ မိပတိ၊ မရှိ တူယှဉ်ပြိုင်။

ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိဟူ၍ အဓိပတိတရား ၄ ပါး တို့ကိုလည်း သိအပ်ကုန်၏။ ပြိုင်ဘက်မရှိ အစိုးရတတ်သောကြောင့် အဓိပတိခေါ်၏။ တရားကိုယ်အားဖြင့်ကား –

(ဒွိဟေ–တိဟေ၊ ဇော နှစ်ထွေ၊ ရလေ ဓိပတိ ဟူသောအတိုင်း) ဒွိဟိတ်ဇော ၁၈ ပါး၊ တိဟိတ်ဇော ၃၄ ပါး၊ ဤ ၅၂ ပါးသောဇောတို့ကို သာဓိပတိဇော ၅၂ ပါးဟု ခေါ်၏။ ၎င်းတို့ကို ဆိုလိုလျှင် မောဟမူဒွေး ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂ ခုဟု ဆိုရ၏။ ထို ၅၂ ပါးတို့တွင်လည်း ကာမဇော ၂၆ တို့မှာ ရံခါသာ အဓိပတိ ကိစ္စတပ်ကုန်၏၊ အပ္ပနာဇော ၂၆ တို့မှာ အမြဲ အဓိပတိ ကိစ္စတပ်ကုန်၏။ ရံခါ တပ်ကို "တပ်ခိုက်"ဟု သုံးနှုန်း၏။ အမြဲတပ်ကို "တပ်နေ"ဟု သုံးနှုန်း၏။

အဓိပတိ တပ်ခိုက်၊ တပ်နေ (မောဟမူဒွေး၊ ဟသိတတုပ္ပါဒ်ကြဉ်သော) သာဓိပတိဇော ၅၂ ခု၌ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒာဓိပတိမည်၏။ ၎င်း ဝီရိယ စေတသိက်သည် ဝီရိယာဓိပတိမည်၏။ သာဓိပတိဇောစိတ် ၅၂ ပါးသည် စိတ္တာဓိပတိ မည်၏။ သာဓိပတိ တိဟိတ်ဇော ၃၄ တို့၌ ရှိသော ပညာစေတသိက်သည် ဝီမံသာဓိပတိမည်၏။

အထူး။ ။ ဣန္ဒြိယ အစိုးရခြင်းနှင့် အဓိပတိ အစိုးရခြင်းတို့၏ အထူးကား ဣန္ဒြိယ အစိုးရခြင်းမှာ တစ်ပါးသော တရား၏ အစိုးရခြင်းကို မတားမြစ်မူ၍ မိမိကိစ္စ၌ အစိုးရသည်၊ တစ်ပြည်တည်း၌ ဌာနအသီးအသီး အစိုးရသော ဝန်ကြီးများနှင့် တူ၏။ တစ်ပါးသော တရား၏ အစိုးရခြင်း

http://www.thitsarparamisociety.com/


ကိစ္စကို တားမြစ်၍ မိမိတစ်ဦးတည်း အစိုးရခြင်းသည် အဓိပတိ၏ အစိုးရခြင်းမည်၏။ စကြဝတေးမင်း၏ အစိုးရခြင်းနှင့် တူ၏။

**၃၅။ ကဗဠိ + ဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေးထွေ အာဟာရ။**

**၃၆။ လွန်စွာဆောင်မှု၊ ကျေးဇူးပြု၊ လေးခု အာဟာရ။**

ကဗဠီကာရာဟာရတစ်ပါး၊ ဖဿဟာရတစ်ပါး၊ မနောသဉ္စေတနာဟာရတစ်ပါး၊ ဝိညာဏဟာရတစ်ပါးဟူ၍ အာဟာရတရား ၄ ပါးတို့ကိုလည်း သိအပ်ကုန်၏။ လွန်စွာဆောင်မှုအနေဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရခေါ်၏။ တရားကိုယ်အားဖြင့်ကား ဩဇရုပ်သည် ကဗဠီကာရာဟာရမည်၏။ စိတ် ၈၉ ၌ရှိသော ဖဿစေတသိက်သည် ဖဿဟာရမည်၏။

အမှာသံခိပ်များ

**၃၇။ ပဉ္စဝိညာဏ်၊ ဈာနင်ကြဉ်၊ မိုလ်ကြဉ် အ-ဝီရေ။**

ဒွေး ပဉ္စဝိညာဏ် ၁၀ ၌ရှိသော ဝေဒနာနှင့် ဧကဂ္ဂတာကို ဈာနင်တရားကိုယ် ကောက်သောအခါ မကောက်ရ၊ ၎င်းဒွေးပဉ္စဝိညာဏ် ၁၀ ကို အဈာနိကစိတ် ၁၀ ပါးဟု ခေါ်သည်။ အဝီရိယစိတ် ၁၆ ပါးတို့၌ မိုလ်တရားကိုယ် မကောက်ရ။ (မိုလ်တရားဆိုသည်မှာ ဝီရိယ ခေါ်င်းဆောင်ရသည်။)

**၃၈။ အဟိတ်တွင်မဂ်၊ မိုလ်+ဣန်+မဂ်၊ ဧကဂ် ဝိစိကေ။**

အဟိတ်စိတ်တို့၌ မဂ္ဂင်တရား မရကောင်း၊ ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ ယှဉ်သော ဧကဂ္ဂတာကို သမာဓိမိုလ် သမာဓိန္ဒြေ မိစ္ဆာသမာဓိမဂ္ဂင်တို့၌ ထည့်၍မကောက်ရ။

**၃၉။ ဒွိဟေ+တိဟေ၊ ဇောနှစ်ထွေ၊ ရလေ ဓိပတိ။**

ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄ တို့၌သာ အဓိပတိရကောင်း၏။

http://www.thitsarparamisociety.com/



**၄၀။ ဟေတု ခြောက်လျှင်၊ ငါး–ဈာနင်၊ မဂ္ဂင် ကိုးခုသိ။**

**၄၁။ ဆယ့်ခြောက်ဣန္ဒြေ၊ ဗိုလ် ကိုး–ထွေ၊ လေး–ထွေ ဟာ+ ဓိပတိ။**

တရားကိုယ် အချုပ်လင်္ကာ ၂ ပုဒ်ဖြစ်သည်။ အဓိပ္ပာယ်ကား – တရားကိုယ်စာချုပ်အားဖြင့် –

ဟိတ်တရားတို့သည် (လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူ၍) ၆ ပါးတို့တည်း။ ဈာနင်တရားတို့သည် (ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူ၍) ၅ ပါးတို့တည်း။ မဂ္ဂင်တရားတို့သည် (ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟူ၍) ၉ ပါးတို့တည်း။

ဣန္ဒြေတရားတို့သည် (ဣန္ဒြိယရုပ် ၈ ပါး၊ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟူ၍) ၁၆ ပါးတို့တည်း။ ဗိုလ်တရားတို့သည် (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ၊ အဟိရိက၊ အနောတ္တပ္ပ ဟူ၍) ၉ ပါးတို့တည်း။ အာဟာရတရားတို့သည် (ဩဇာရုပ်၊ ဖဿ၊ စေတနာ၊ ဝိညာဏ် ဟူ၍) ၄ ပါးတို့တည်း။ အဓိပတိတရားတို့သည် (ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ ဟူ၍) ၄ ပါးတို့တည်း။

(ခ) မိဿက သင်္ဂဟ ပြီး၏။

## (ဂ) ဗောဓိပက္ခိယ သင်္ဂဟ

**၄၂။ ကာ–ဝေ–စိတ်–ဓမ်၊ နုပဿံ၊ ပဋ္ဌာန်သတိလေး။**

(၈) ဗောဓိပက္ခိယသင်္ဂဟ၌ –

(၁) ကာယာနုပဿနာသတိပဋ္ဌာန်၊ (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ (၃) စိတ္တာနုပဿနာသတိပဋ္ဌာန်၊ (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဟူ၍ သတိပဋ္ဌာန်တရား ၄ ပါးတို့ကို သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈ ပါး၌ရှိသော သတိစေတသိက်သာတည်း။

http://www.thitsarparamisociety.com/


**၄၃။ ဒုဟောင်းပယ်ပစ်၊ ဒုသစ်မလာ၊ ဤနှစ်ဖြာ၊ ပြုရာလုံ့လဒွေး။**

**၄၄။ ကုဟောင်းမြဲလစ်၊ ကုသစ်ရငှာ၊ ဤနှစ်ဖြာ ပြုရာလုံ့လဒွေး။**

**၄၅။ ကြော–ချဉ်–ရိုး–ရေ၊ ကြွင်းလေစေ၊ ကုန်စေသားအသွေး။**

**၄၆။ အသက်ကိုမှု၊ မညှာရ၊ သမ္မပ္ပဓာန်လေး။**

(၁) ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရှားဖို့ရာ လုံ့လပြုခြင်း၊ (၂) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပွားရန် လုံ့လပြုခြင်း၊ (၃) မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပွားစေရန် လုံ့လပြုခြင်း၊ (၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တိုးပွားဖို့ရန် လုံ့လပြုခြင်း ဟူ၍ သမ္မပ္ပဓာန်တရား ၄ ပါးတို့ကိုလည်း သိအပ်ကုန်၏။ တရားကိုယ်အားဖြင့် လောကုတ္တရာစိတ် ၈ ပါး၌ရှိသော ဝီရိယစေတသိက်သာတည်း။

(၁) အကြောအချဉ်မျှ ကြွင်းလေစေ၊ (၂) အရိုးမျှ ကြွင်းလေစေ၊ (၃) အရေမျှ ကြွင်းလေစေ၊ (၄) အသားအသွေးတို့ ကုန်ခန်းလေစေ ယောကျ်ားတို့ စွမ်းရည်ဖြင့် ရသင့်ရထိုက်သော တရားထူးကို မရကငါမဆုတ်နစ် ဟူ၍ အင်္ဂါ ၄ ချက်နှင့် ပြည့်စုံစွာ အားထုတ်သော လုံ့လကိုမှ သမ္မပ္ပဓာန်လုံ့လဟူ၍ ခေါ်၏။

**၄၇။ ပရိည်–ပဟာန်၊ သစ္ဆိကံ၊ ဘာဝံ ကိစ္စလေး။**

**၄၈။ ဆန်–ဝီရိယံ၊ စိတ် ဝီမံ၊ ပြီးရန် ပါဒလေး။**

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမှု ပရိညာကိစ္စ၏ ပြည့်စုံခြင်း၊ ကိစ္စတစ်ပါး။ သမုဒယသစ္စာကို ပယ်ခြင်း၊ ပဟာနကိစ္စ၏ ပြည့်စုံခြင်း၊ ကိစ္စတစ်ပါး နိရောဓသစ္စာကို ဆိုက်ရောက် မျက်မှောက်ပြုခြင်း သစ္ဆိကရဏကိစ္စ၏ ပြည့်စုံခြင်း၊ ကိစ္စတစ်ပါး၊ မဂ္ဂသစ္စာကို ပွားများခြင်း ဘာဝနာကိစ္စ၏ ပြည့်စုံခြင်း၊ ကိစ္စတစ်ပါးဟူ၍ ပြည့်စုံခြင်း ကိစ္စ ၄ ပါးတို့ကို သိအပ်ကုန်၏။

ထိုကိစ္စ ၄ ပါးတို့ ပြည့်စုံရန် အခြေခံ အကြောင်းရင်းဖြစ်သော (၁) ဆန္ဒိဒ္ဓိပါဒ်၊ (၂) ဝီရိယိဒ္ဓိပါဒ်၊ (၃) စိတ္တိဒ္ဓိပါဒ်၊ (၄) ဝီမံသိဒ္ဓိပါဒ်ဟူ၍

http://www.thitsarparamisociety.com/



ဣန္ဒြိယပါဒ်ဟူ၍ ဣန္ဒြိပါဒ်တရား ၄ ပါးတို့ကိုလည်း သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား (၁) လောကုတ္တရာစိတ် ၈ ခု၌ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ်မည်၏။ (၂) ၎င်းဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ်မည်၏။ (၃) ၎င်းလောကုတ္တရာစိတ် ၈ ပါးသည် စိတ္တိဒ္ဓိပါဒ်မည်၏။ (၄) ၎င်းပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ်မည်၏။

**၄၉။ သဒ်–ဝီ–သ–မာ၊ ပဉ်–ငါးဖြာ၊ မှတ်ပါ ဣန်ဗလ။**

**၅၀။ စိတ်ကိုပိုင်နိုင်၊ မြဲကြံ့ခိုင်ရာ၊ ဆိုင်ရာ ငါးဌာန။**

သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဟူ၍ ဣန္ဒြေ ၅ ပါးတို့ကိုလည်းကောင်း၊ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဟူ၍ ဗိုလ် ၅ ပါးတိုကိုလည်းကောင်း သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈ ပါး၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏။ သဒ္ဓါဗိုလ် မည်၏၊ ၎င်းဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ မည်၏။ ဝီရိယဗိုလ် မည်၏။ ၎င်းသတိစေတသိက်သည် သတိန္ဒြေ မည်၏။ သတိဗိုလ် မည်၏။ ၎င်းဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်၏၊ သမာဓိဗိုလ် မည်၏၊ ၎င်းပညာစေတသိက်သည် ပညိန္ဒြေမည်၏။ ပညာဗိုလ်မည်၏။

မိမိတို့ဆိုင်ရာ ယုံကြည်ခြင်းကိစ္စ၊ အားထုတ်ခြင်းကိစ္စ၊ အောက်မေ့ခြင်းကိစ္စ၊ တည်ကြည်ခြင်းကိစ္စ၊ အပြားအားဖြင့် သိခြင်းကိစ္စ ဤငါးဌာနတို့၌ စိုးပိုင်တတ်သောကြောင့် ဣန္ဒြေဟု ခေါ်၏၊ မြဲမြံကြံ့ခိုင်တတ်သောကြောင့် ဗိုလ်ဟု ခေါ်၏။

**၅၁။ သတိ–ဓမ္မ၊ ဝိစယနှင့်၊ ဝီရ–ပီတိ၊ ပဿဒ္ဓိတည့်၊ မာဓိဥပေက်၊ ဤခုနစ်၊ မှတ်လစ်သမ္ဗောဇ္ဈင်။**

**၅၂။ မဂ်ဉာဏ်လေးပါး၊ ဗောဓိအား၊ လျင်လားပေါက်ဖို့အင်။**

(၁) သတိသမ္ဗောဇ္ဈင်၊ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (၃) ဝီရိယသမ္ဗောဇ္ဈင်၊ (၄) ပီတိသမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (၆) သမာဓိသမ္ဗောဇ္ဈင်၊

http://www.thitsarparamisociety.com/



၎င်း သတိစေတသိက်သည် သမ္မာသတိမဂ္ဂင်မည်၏။ (၈) ၎င်းဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင် မည်၏။ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သောကြောင့် မဂ်ဟုခေါ်၏။

**၅၄။ သ–ဝီ–ဆန်–စိ၊ ပဉ်–သဒ် ဓိ၊ ပီ ပဿ်–တတ်–သင်=တီ။**

ဤဗောဓိပက္ခိယ သင်္ဂဟ၌ တရားတို့ကား –

သတိ၊ ဝီရိယ၊ ဆန္ဒ၊ လောကုတ္တရာစိတ်၊ ပညာစေတသိက်၊ သဒ္ဓါစေတသိက်၊ ဧကဂ္ဂတာစေတသိက်၊ ပီတိစေတသိက်၊ ပဿဒ္ဓိစေတသိက်၊ တတြမဇ္ဈတ္တတာစေတသိက်၊ ဝိတက်စေတသိက်၊ ဝိရတီစေတသိက် ၃ ပါး၊ ဤသို့အားဖြင့် ၁၄ ပါးတို့တည်း။

**၅၅။ ဆန်–စိတ်–ပီ–ပဿ်၊ တတ်–သင်–တီ–ဟူ၊ ဆယ်ခုမူ၊ မှတ်ယူ ကေစိစီ။**

ထို ၁၄ ပါးသော တရားတို့တွင် ဆန္ဒစေတသိက်၊ လောကုတ္တရာစိတ်၊ ပီတိစေတသိက်၊ ပဿဒ္ဓိစေတသိက် ၂ ပါး၊ တတြမဇ္ဈတ္တတာစေတသိက်၊ ဝိတက်စေတသိက်၊ ဝိရတီစေတသိက် ၃ ပါး၊ ဤ ၁၀ ပါးသော တရားတို့သည် တကိစ္စစီသာ တပ်ကုန်၏။ (ဆန်–ဆန္ဒိဒ္ဓိပါဒ်၊ စိတ်–စိတ္တိဒ္ဓိပါဒ်၊ ပီ–ပီတိသမ္ဗောဇ္ဈင်၊ ပဿ်–ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ တတ်–ဥပေက္ခာသမ္ဗောဇ္ဈင်၊ သင်–သမ္မာသင်္ကပ္ပမဂ္ဂင်၊ တီ–သမ္မာဝါစာဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်။)

**၅၆။ သဒ္ဓါကား ဒွိ၊ ဓိမူစတု၊ ငါးခုပညာ၊ ရှစ်မှာသတိ၊ ဝီရိယကိုး၊ ကိစ္စမျိုး၊ တပ်ရိုးကျမ်းအညီ။**

သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေကိစ္စ၊ သဒ္ဓါဗိုလ်ကိစ္စအားဖြင့် ၂ ကိစ္စတပ်၏။

ဧကဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေကိစ္စ၊ သမာဓိဗိုလ်ကိစ္စ၊ သမာဓိသမ္ဗောဇ္ဈင်ကိစ္စ၊ သမ္မာသမာဓိ မဂ္ဂင်ကိစ္စအားဖြင့် ၄ ကိစ္စတပ်၏။

http://www.thitsarparamisociety.com/



၅ ပါး၏ ကြောက်ရွံ့ထိတ်လန့်ဖွယ် အဖြစ်ကို သိသောဉာဏ်သည် ဘယဉာဏ်မည်၏။ (ဤဘယဉာဏ်ဖြင့် ခန္ဓာ ၅ ပါးတို့ကို ကြောက်လန့်ဖွယ်ဟု သိပြီးလျှင်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်ခြင်းဖြင့် အဆုံးသတ်ရ၏။ နောက်နောက်ဉာဏ်တို့၌လည်း သမ္မသနဖြင့် နိဂုံးအုပ်ရသည်ကို သိထားပါလေ။)

## အာဒီနဝဉာဏ်

**၄၉။ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်းက၊ ဘေး–ဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းမသိ၊ အာဒီဝနဉာဏ်။**

ယောဂီပုဂ္ဂိုလ်သည် ဘယဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာတို့၏ ကြောက်လန့်ဖွယ်သဘောကို သိမြင်မှု အားကြီးလတ်သော် တစ်ဆင့်တိုး၍ ထိုရုပ်နာမ်ခန္ဓာတို့၌ အားကိုးဖွယ်ရာ ဘာမျှမရှိသည်ကို သိလာပြန်၏။ (အန္ဓဗာလပုထုဇဉ် အခိုက်အတန့်တုန်းကမူ 'ငါ့ကိုယ်ငါ အားကိုးတယ်ကွ'ဟု လက်သီးလက်ရန်းတန်းကာ ရုပ်နာမ်ခန္ဓာတို့ကို အားကိုးဖွယ်ရာတွေဟု အထင်မှားခဲ့သော်လည်း) ဤယခု အာဒီနဝဉာဏ်သို့ ရောက်လာသောအခါ ထိုရုပ်နာမ်ခန္ဓာတို့အပေါ်၌ 'အားကိုးဖွယ်ရာ ဘာမှမရှိပါတကား'ဟု အမှန်အတိုင်းသိ၍လာ၏။ ထိုသို့ အားကိုးဖွယ်ရာ မရှိပါတကားဟု သိသောအသိညာဏ်ကို အာဒီဝနဉာဏ်ဟု ခေါ်၏။

**၅၀။ ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေနိဗ္ဗိဒ်။**

ယောဂီပုဂ္ဂိုလ်သည် အာဒီဝနဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာတို့၏ အားကိုးဖွယ်ရာ ဘာမျှမရှိသည်ကို အသိညာဏ် ရင့်သန်လာသောအခါ (စောစောပိုင်း အန္ဓဗာလပုထုဇဉ် အခိုက်အတန့်တုန်းက ထိုရုပ်နာမ်ခန္ဓာတို့၌ စိတ်အားထက်သန် ရွှင်လန်းစွာ ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟု အလွဲလွဲအမှားမှား

http://www.thitsarparamisociety.com/



ပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ်ကိစ္စ၊ ပညိန္ဒြေကိစ္စ၊ ပညာဗိုလ်ကိစ္စ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိစ္စ၊ သမ္မာဒိဋ္ဌိမဂ္ဂင် ကိစ္စအားဖြင့် ၅ ကိစ္စ တပ်၏။

သတိစေတသိက်သည် သတိပဋ္ဌာန်ကိစ္စ ၄ ပါး၊ သတိန္ဒြေကိစ္စ၊ သတိဗိုလ်ကိစ္စ၊ သတိသမ္ဗောဇ္ဈင်ကိစ္စ၊ သမ္မာသတိမဂ္ဂင်ကိစ္စအားဖြင့် ၈ ကိစ္စ တပ်၏။

ဝီရိယစေတသိက်သည် သမ္မပ္ပဓာန်ကိစ္စ ၄ ပါး၊ ဝီရိယိဒ္ဓိပါဒ်ကိစ္စ ဝီရိယိန္ဒြေကိစ္စ၊ ဝီရိယဗိုလ်ကိစ္စ၊ ဝီရိယသမ္ဗောဇ္ဈင်ကိစ္စ၊ သမ္မာဝါယာမ မဂ္ဂင်ကိစ္စအားဖြင့် ၉ ကိစ္စ တပ်ပေ၏။

ဃ–ဗောဓိပက္ခိယ သင်္ဂဟ ပြီး၏။

## ယ–သဗ္ဗသင်္ဂဟ

**၅၇။ ရုပ်–ဝေ–သဉ်–သင်၊ စိတ်ဝိညာဉ်၊ ငါးအင် ခန္ဓာမှန်။**

သဗ္ဗသင်္ဂဟ၌–

(၁) ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ ခန္ဓာ ၅ ပါးတို့ကို သိအပ်ကုန်၏။ တရားကိုယ်အားဖြင့်ကား–

(၁) ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏။ (၂) ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ (၃) သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ (၄) (ဝေဒနာ၊ သညာမှ ကြွင်းသော) စေတသိက် ၅၀ တို့သည် သင်္ခါရက္ခန္ဓာမည်၏။ (၅) စိတ်တစ်ခုယုတ် ၉၀ သည် ဝိညာဏက္ခန္ဓာမည်၏။ (နိဗ္ဗာန်သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိက ဟူသော ၁၁ ပါးသော အပြား၏ မရှိခြင်းကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ ခန္ဓဝိမုတ်တရားဟု ဆိုလိုသည်။)

**၅၈။ လောကီခန္ဓာ၊ သက်သက်မှာ၊ ဥပါဒါနက္ခန်။**

http://www.thitsarparamisociety.com/


လောကီဖြစ်သော ခန္ဓာ ၅ ပါးတို့ကို ဥပါဒါနက္ခန္ဓာ ဟူ၍ခေါ်၏။ (ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာ ၅ ပါးဟု ဆိုလိုသည်။)

ထို ဥပါဒါနက္ခန္ဓာသည် –

(၁) ရူပုပါဒါနက္ခန္ဓာ၊ (၂) ဝေဒနုပါဒါနက္ခန္ဓာ၊ (၃) သညုပါဒါနက္ခန္ဓာ၊ (၄) သင်္ခါရုပါဒါနက္ခန္ဓာ၊ (၅) ဝိညာဏုပါဒါနက္ခန္ဓာ ဟူ၍ ၅ ပါး အပြား ရှိ၏။ ထို ၅ ပါးတို့တွင် –

(၁) ရုပ်အဋ္ဌဝီသသည် ရူပုပါဒါနက္ခန္ဓာ မည်၏။ (၂) လောကီစိတ် ၈၁ ပါး၌ရှိသော ဝေဒနာစိတ်စေတသိက်သည် ဝေဒနုပါဒါနက္ခန္ဓာ မည်၏။ (ဥပါဒါန်၏ အာရုံဖြစ်သော ဝေဒနာ တရားအစုဟု ဆိုလိုသည်။) (၃) ၎င်းသညာစေတသိက်သည် သညုပါဒါနက္ခန္ဓာမည်၏။ (ဥပါဒါန်၏ အာရုံဖြစ်သော သညာတရားအစုဟု ဆိုလို၏။) (၄) ၎င်း (ဝေဒနာ၊ သညာမှ ကြွင်းသော) စေတသိက် ၅၀ သည် သင်္ခါရုပါဒါနက္ခန္ဓာ မည်၏။ (ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရတရားအစုဟု ဆိုလို၏။) (၅) လောကီစိတ် ၈၁ ပါးသည် ဝိညာဏုပါဒါနက္ခန္ဓာ မည်၏။ (ဥပါဒါန်၏ အာရုံဖြစ်သော ဝိညာဏ်အစုဟု ဆိုလိုသည်။)

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူးကား ၁၁ ပါး အပြားအစု သာမညကို ခန္ဓာဟု ခေါ်၏။ ဥပါဒါန်၏ အာရုံဖြစ်သော ၁၁ ပါး အပြားအစုကို ဥပါဒါနက္ခန္ဓာဟု ခေါ်၏။ ဥပါဒါန်က လောကီကိုသာ အာရုံပြုနိုင်သော ကြောင့် (လောကုတ္တရာကို လုံးဝ အာရုံမပြုနိုင်သောကြောင့်) ဥပါဒါန က္ခန္ဓာ ဖွဲ့ဆိုရာ၌ လောကီဇောန်ဖြစ်သော ရုပ်၊ လောကီစိတ်နှင့် ၎င်း၌ ယှဉ်သော စေတသိက်တို့ကိုသာ ဖွဲ့ဆိုရသည်။ ရုပ် ၂၈ မှာ အစုသာမန်ကို ရည်၍ ရူပက္ခန္ဓာ အမည်ကို ရသည်။ ဥပါဒါန်၏ အာရုံဖြစ်သည်ကို ရည်၍ ရူပုပါဒါနက္ခန္ဓာ အမည်ရသည်။

**၅၉။ ရေမြှုပ်ပမာ၊ ရုပ်ခန္ဓာ၊ ဝေမှာ ရေပွက်ဟန်။**

**၆၀။ တံလှပ်ပမာ၊ မှတ်သညာ၊ သင်္ခါ ငှက်ပျောစုံ။**

http://www.thitsarparamisociety.com/


**၆၁။ မျက်လှည့်အသွင်၊ စိတ်ဝိညာဉ်၊ ငါးအင်နှစ်မဲ့ခန်။**

ထိုခန္ဓာ ၅ ပါးတို့တွင် (၁) ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏။ (၂) ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့် တူ၏။ (၃) သညာက္ခန္ဓာသည် တံလှပ် (လင်းလပ်)နှင့်တူ၏။ (၄) သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏။ (၅) ဝိညာဏက္ခန္ဓာသည် မျက်လှည့်ရုပ်နှင့်တူ၏။ ခန္ဓာ ၅ ပါးလုံးတို့ပင် နိစ္စအနှစ် သုခအနှစ် အတ္တအနှစ်မှ ကင်းကြကုန်၏။

**၆၂။ စက်–သော–ဃာ–ဇိ၊ ကာ–မနီ၊ အကြည် ၆ ဒွါရ။**

**၆၃။ ရူ–သဒ်–ဂန် ရံ၊ ဖောဋ်–ဓမ္မ၊ ၆ တန် ဗာဟိရ။**

**၆၄။ စေ–သုခုမ်၊ မြတ်နိဗ္ဗာန်၊ သုံးတန် ဓံအရ။**

စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၊ (အတွင်း အဇ္ဈတ္တိကာယတန ၆ ပါး။) ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန (အပြင် ဗာဟိရာယတန ၆ ပါး) ဟူ၍ အာယတနတရား ၁၂ ပါးတို့ကိုလည်း သိအပ်ကုန်၏။

တရားကိုယ်အားဖြင့်ကား (၁) စက္ခုပသာဒရုပ်သည် စက္ခာယတန မည်၏။ (၂) သောတပသာဒရုပ်သည် သောတာယတန မည်၏။ (၃) ဃာနပသာဒရုပ်သည် ဃာနာယတနမည်၏။ (၄) ဇိဝှါပသာဒရုပ်သည် ဇိဝှါယတနမည်၏။ (၅) ကာယပသာဒရုပ်သည် ကာယာယတနမည်၏။ (၆) စိတ်တစ်ခုယုတ် ၉၀ သည် မနာယတနမည်၏။ (အဇ္ဈတ္တိကာ ယတန ၆ ပါး။) (က) ရူပါရုံသည် ရူပါယတနမည်၏။ (ခ) သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။ (ဂ) ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ (ဃ) ရသာရုံသည် ရသာယတနမည်၏။ (င) (ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော) ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။ (စ) စေတသိက် ၅၂ ပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန်၊ ဤတရား ၃ မျိုးတို့သည်

http://www.thitsarparamisociety.com/



ဓမ္မာယတန မည်၏။

**၆၅။ ရွာပျက်ကြီးနှယ်၊ ရှေ့ခြောက်သွယ်၊ နောက်ဝယ် တပ်ဓားပြ။**

ထို အာယတန ၁၂ ပါးတို့တွင် ရှေ့ဖြစ်သော အဇ္ဈတ္တိကာယတန ၆ ပါးတို့သည် အိမ် ၆ လုံး (တစ်နည်း တဲကုပ် ၆ လုံး) ရှိသော ရွာပျက် ရွာသုဉ်းကြီးနှင့် တူကုန်၏။

နောက်ဖြစ်သော ဗာဟိရာယတန ၆ ပါးတို့သည် ရွာဖျက် ဓားပြကြီး ၆ ဦးနှင့် တူကုန်၏။ ။(ရူပါရုံဓားပြသည် စက္ခာယတန တဲကုပ်ကို ဖျက်ဆီး၏။ ဤသို့ စသည်သိလေ။)

**၆၆။ စိတ်မနောဓ၊ ဓာတ်ခွန်ဝေ၊ တွက်ရေ ဓာတ်ဆယ့်ရှစ်။**

ဆိုခဲ့ပြီးသော အာယတန ၁၂ ပါးတို့တွင် စိတ်မနောတည်းဟူသော မနောယတနတစ်ခုကို ဝိညာဏဓာတ် ၇ ပါးရအောင် ဝေဖန်လျှင် ဓာတ် ၁၈ ပါးဖြစ်၏။

ဝေဖန်ပုံကား –

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏ်ဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ် ဟူ၍ ဓာတ် ၁၈ ပါးတို့ကို သိအပ်ကုန်၏။

တရားကိုယ်အားဖြင့် –

စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏။ (ပ) ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။

ရူပါရုံသည် ရူပဓာတ်မည်၏။ (ပ) ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။

http://www.thitsarparamisociety.com/



စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဏ် ဒွေသည် သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဏ်ဒွေသည် ဃာန ဝိညာဏ်ဓာတ်မည်၏။ ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဝိညာဏဓာတ်မည်၏။ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏။

ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း ဒွေး ဤစိတ် ၃ ပါးတို့သည် မနောဓာတ် မည်၏။ ကြွင်းသော စိတ် ၇၆ ပါးတို့သည် မနောဝိညာဏဓာတ် မည်၏။ စေတသိက် ဒွေပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန် ဤတရား ၃ ပါး တို့သည် ဓမ္မဓာတ်မည်၏။

**၆၇။ သတ္တဇီဝ၊ ကင်းစင်ပ၊ ဘာဝဓာတ်တိုင်းဖြစ်။**

ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ မဟုတ်၊ မိမိ မိမိတို့၏ သဘောကို ဆောင်တတ်သောကြောင့် ဓာတ်ဟုခေါ်၏။

**၆၈။ ဒုက်–သ–နိ–မဂ်၊ မသွေကွက်၊ လေးချက် မှန်သစ္စာ။**

အခွန့်ရှည်စွာ မည်မျှပင်ကြာသော်လည်း တစ်ခါတရံမှ မဖောက်ပြန် ဘဲ မိမိတို့ဆိုင်ရာ ပီဠနဋ္ဌ စသော အနက်သဘော၊ နိဒါနဋ္ဌ စသော အနက် သဘော၊ နိဿရဏဋ္ဌစသော အနက်သဘော၊ နိယျာနဋ္ဌ စသော အနက် သဘောတို့ဖြင့်သာ မပျက်မကွက် ဖြစ်တိုင်းဖြစ်တိုင်း ဤသဘောတို့ ဖြင့်သာ အမှန်ဖြစ်တတ်သောကြောင့် သစ္စာမည်၏။ (အရိယာတို့သာ သိအပ်သော သစ္စာဖြစ်၍ အရိယသစ္စာဟူ၍လည်း ခေါ်ဆို၏။)

ထိုသစ္စာကား –

(၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာ၊ (၄) မဂ္ဂ သစ္စာ ဟူ၍ ၄ ပါးအပြား ရှိပေ၏။

**၆၉။ စိတ်–စေ လောကီ၊ ရုပ်ဌာဝီ၊ ဒုက်ပြီ သ တဏှာ။**

**၇၀။ နိမှာ နိဗ္ဗာန်၊ အင်ရှစ်တန်၊ အမှန် မဂ္ဂသာ။**

တရားကိုယ်အားဖြင့် (၁) လောကီစိတ် ၈၁ ပါး၊ (လောဘကြဉ်သော)

http://www.thitsarparamisociety.com/



စေတသိက် ကေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ဤတရားတို့သည် ဒုက္ခသစ္စာ မည်ကုန်၏။ (၂) လောဘ စေတသိက်သည် သမုဒယသစ္စာ မည်၏။ (၃) နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ (၄) မဂ်စိတ် ၄ ပါး၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိမဂ္ဂင် တည်းဟူသော သောတာပတ္တိမဂ် ၈ ပါး၊ ၇ ပါး၊ သကဒါဂါမိမဂ် ၈ ပါး၊ ၇ ပါး၊ အနာဂါမိမဂ် ၈ပါး၊ ၇ ပါး၊ အရဟတ္တမဂ် ၈ ပါး ၇ ပါးသည် မဂ္ဂသစ္စာမည်၏။

(ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉ ပါး၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးတို့သည် သစ္စာဟူသော အရေအတွက်မှ လွတ်ကုန်၏။ သစ္စာဝိမုတ်တရားဟု ခေါ်ဆိုအပ်ကုန်၏။

ဤ၌ စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။ သစ္စာ ၄ ပါးမှ လွတ်သော ပရမတ်တရား မရှိဟု ဟောပါလျက် အဘယ့်ကြောင့် သစ္စဝိမုတ်တရားတို့ကို ထုတ်ပြနေပါသနည်းဟု မေးရန်ရှိ၏။

အဖြေကား ထို 'သစ္စာ ၄ ပါးမှ လွတ်သော ပရမတ်တရား မရှိ' ဟူ၍ ဆိုခြင်းသည် ပရိယာယကထာ သူ့အကြောင်းနှင့်သူ ဆိုအပ်သော စကားသာ ဖြစ်၏။ မုချစကား မဟုတ်၊ မှန်၏။ မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်တို့ကို သင်္ခါရဒုက္ခအနေဖြင့် ဒုက္ခသစ္စာ၌ သွင်းယူနိုင်ကုန်၏။ ထို့ကြောင့် ထိုစကားကို ပရိယာယပြောနိုင်သော အကြောင်းရှိ၍သာ ပြောဟောခြင်းဖြစ်သည်။ ယခု သစ္စာ ၄ ပါးကို ပရမတ်သို့ ခိုက်အောင် ဆိုက်အောင် ပြောဟောသောအခါ ထို မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်တို့သည် (ပီဠနဋ္ဌ စသော သစ္စာသဘော မရှိကြသောကြောင့်) သစ္စာ ၄ ပါးမှ အလွတ် သစ္စဝိမုတ်တရားတို့ မုချ ဖြစ်ကြရလေကုန်၏။

**၇၁။ ပိုဒ်ခုနစ်ဆယ်၊ လက်ာခြယ်၊ ဤဝယ် သမုစ်ပြီး။**

၇ သမုစ္စည်းပိုင်း ပြီး၏။

http://www.thitsarparamisociety.com/



# ၈–ပစ္စည်းပိုင်း

အကြောင်းတရား၊ အကျိုးတရားတို့ ဆက်သွယ်ပုံကို ပြသောအပိုင်းသည် ပစ္စည်းပိုင်မည်၏။

ထိုပစ္စည်းပိုင်း၌ အကြောင်းအကျိုးဆက်သွယ်ပုံကို ပြသောနည်းသည်

(က) ပဋိစ္စသမုပ္ပါဒ်နည်း၊

(ခ) ပဋ္ဌာန်းနည်းဟူ၍ ၂ ပါး အပြားရှိ၏။ ထို ၂ ပါးတို့တွင်–

(က) ဤတရားဖြစ်ခြင်းကြောင့် ဤတရားဖြစ်သည်ဟု အကြောင်းအကျိုး ဆက်သွယ်ပုံ သာမညကို ပြသောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

(ခ) အကြောင်းအကျိုး ဆက်သွယ်ပုံကို အသေးစိတ် (အကြွင်းမရှိ) ဝိသေသပြသောနည်းသည် ပဋ္ဌာန်းနည်းမည်၏။ (နောက်၌သာမညပြပုံ၊ ဝိသေသပြပုံ အလိုလို ထင်ရှားသိသာလာလိမ့်မည်။)

## (က) ပဋိစ္စသမုပ္ပါဒ်နည်း

ထို ၂ ပါးတို့တွင် ပဋိစ္စသမုပ္ပါဒ်နည်း ဟူသော်ကား –

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဤပါဠိတော်ဖြင့် ပြအပ်သော အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်မှု အစရှိသည်သည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။ ထိုပဋိစ္စသမုပ္ပါဒ်နည်း၌–

(၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ၊ (၃) ဝိညာဏ်၊ (၄) နာမ်ရုပ်၊ (၅)

http://www.thitsarparamisociety.com/



သဠာယတန၊ (၆) ဖဿ၊ (၇) ဝေဒနာ၊ (၈) တဏှာ၊ (၉) ဥပါဒါန်၊ (၁၀) ဘဝ၊ (၁၁) ဇာတိ၊ (၁၂) ဇရာနှင့် မရဏဟူ၍ အင်္ဂါအားဖြင့် ၁၂ ပါး၊ (ထို ၁၂–ပါးပေါ်မှာ) (၁၃) သောက၊ (၁၄) ပရိဒေဝ၊ (၁၅) ဒုက္ခ၊ (၁၆) ဒေါမနဿ၊ (၁၇) ဥပါယာသ (ဤဇာတိ၏ အကျိုးဆက် ၅ ပါးကို ထည့်လောင်း၍) ဘေဒအားဖြင့် ၁၇ ပါးရှိ၏။ ထို ၁၇ ပါး တို့တွင် (တရားကိုယ်အရကောက်အားဖြင့်) –

**၁။ မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟအဝိဇ္ဇာ။**

သတ္တဝါတို့ကို အင်္ဂါ ၄ ပါးရှိသော မှောင်ကြီးချသကဲ့သို့ မိုက်မဲတွေဝေစေတတ်သော အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော မောဟစေတသိက် ၁၂ ပါးသည် အဝိဇ္ဇာမည်၏။ (၁)

**၂။ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ထွေ၊ စေတနာမွေ၊ ကံသုံးဝ၊ မှတ် ကြ သင်္ခါရာ။**

အကုသိုလ်စိတ် ၁၂ ပါး၊ လောကီကုသိုလ်စိတ် ၁၇ ပါးတို့၌ ရှိသော စေတနာ စေတသိက်ပေါင်း ၂၉ ပါးသည် သင်္ခါရမည်၏။ (၂)

**၃။ ပုညာ–ပုည၊ အာနေဥ္စ၊ သုံးဝ ခွဲစိတ်ဖြာ။**

ထိုသင်္ခါရသည် (က) ပုညာဘိသင်္ခါရ၊ (ခ) အပုညာဘိသင်္ခါရ၊ (ဂ) အာနေဥ္စာဘိသင်္ခါရ ဟူ၍ ၃ ပါး အပြားရှိ၏။ (က) မဟာကုသိုလ်စေတနာ ၈ ခု၊ ရူပကုသိုလ် စေတနာ ၅ ခု ဤ စေတနာ ၁၃ ပါးတို့သည် ပုညာဘိသင်္ခါရ မည်ကုန်၏။ (ခ) အကုသိုလ်စေတနာ ၁၂ ပါးတို့သည် အပုညာဘိသင်္ခါရ မည်ကုန်၏။ (ဂ) အရူပ ကုသိုလ်စေတနာ ၄ ပါးတို့သည် အာနေဥ္စာဘိ သင်္ခါရမည်ကုန်၏။

**၄။ သန္ဓိ–ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက် ဝိညာဏ။**

ပဋိသန္ဓေအခါ၌ဖြစ်သော ဝိပါက်စိတ် ၁၉ ပါး၊ ပဝတ္တိအခါ၌ ဖြစ်သော လောကီဝိပါက်စိတ် ၃၂ ပါးတို့သည် ဝိညာဏ်မည်၏။ (၃)

http://www.thitsarparamisociety.com/



(သင်္ခါရကြောင့် ဝိညာဏ်ဖြစ်မှုကို သမ်္ဂဟ ၄ ပါးဖြင့် စဉ်းစားဆင်ခြင်ပါလေ။)

### ၅။ စေတသိက်မူ၊ နာမ်ဟုယူ၊ ရုပ်မူ ကမ္မဇော။

ဝိပါက် ဝိညာဏ်နှင့် ယှဉ်သော စေတသိက် တရားစုတည်းဟူသော နာမ်၊ ထိုဝိပါက်စိတ်၊ စေတသိက်တို့နှင့် အတူတကွဖြစ်သော ကမ္မဇရုပ်၊ ဤတရား ၂ စုသည် နာမ်ရုပ်မည်၏။ (၄)

(ဝိပါက်စိတ်သည် ဗိမာန်ရှင်နတ်သားနှင့်တူ၏။ ထိုလောကီ ဝိပါက်စိတ်နှင့် ယှဉ်သော စေတသိက်တို့သည် အခြွေအရံ နတ်တို့နှင့်တူ၏။ ကမ္မဇရုပ်ကိုယ်သည် ဗိမာန်နှင့်တူ၏။ ဗိမာန်ရှင် နတ်သားကြောင့် အခြွေအရံနတ်များ ဘုံဗိမာန်တို့ ဖြစ်ကြ၏ဟု ဆိုရသကဲ့သို့ ဝိပါက်စိတ် ဝိညာဏ်ကြောင့် အခြွေအရံ စေတသိက်နာမ်တရား၊ ကမ္မဇရုပ်တရားတို့ ဖြစ်ကြကုန်၏။)

### ၆။ ဝိညာဏ်နည်းတူ၊ နှစ်မျိုးယူ၊ အတူယှဉ်မကွာ။

ဤနာမ် ရုပ်အရကိုလည်း ဝိညာဏ်နည်းတူပင် ပဋိသန္ဓေ နာမ်ရုပ်၊ ပဝတ္တိ နာမ် ရုပ် ဟူ၍ နှစ်မျိုး မှတ်ယူရာ၏။

### ၇။ သဠာယတန၊ ခြောက်ဒွါရ၊ မနဝိပါက်သာ။

ပသာဒရုပ် ၅ ပါး၊ ပဋိသန္ဓေဝိပါက်၊ ပဝတ္တိဝိပါက်စိတ်၊ ဤတရားတို့သည် သဠာယတန မည်ကုန်၏။ (၅)

### ၈။ ဝိညာဏ်ခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿ ဝေဒနာ။

စက္ခုဝိညာဏ်နှင့်ယှဉ်သော ဖဿသည် စက္ခုသမ္ဖဿမည်၏။ ထိုစက္ခုသမ္ဖဿနှင့်တကွ ဖြစ်သော ဝေဒနာသည် စက္ခုသမ္ဖဿဇာ ဝေဒနာမည်၏။ သောတဝိညာဏ်နှင့် ယှဉ်သော ဖဿသည် သောတသမ္ဖဿမည်၏။ ထိုသောတသမ္ဖဿနှင့်တကွဖြစ်သော ဝေဒနာသည် သောတသမ္ဖဿဇာ ဝေဒနာမည်၏။ ဃာနဝိညာဏ်နှင့်ယှဉ်သော ဖဿသည်

http://www.thitsarparamisociety.com/



ဃာနသမ္ဖဿမည်၏။ ထိုဃာနသမ္ဖဿနှင့်တကွဖြစ်သော ဝေဒနာသည် ဃာနသမ္ဖဿဇာ ဝေဒနာမည်၏။ ဇိဝှါဝိညာဏ်နှင့်ယှဉ်သော ဖဿသည် ဇိဝှါသမ္ဖဿမည်၏။ ထိုဇိဝှါသမ္ဖဿနှင့်တကွဖြစ်သော ဝေဒနာသည် ဇိဝှါသမ္ဖဿဇာဝေဒနာမည်၏။ ကာယဝိညာဏ်နှင့်ယှဉ်သော ဖဿသည် ကာယသမ္ဖဿမည်၏။ ထိုကာယသမ္ဖဿနှင့်တကွဖြစ်သော ဝေဒနာသည် ကာယသမ္ဖဿဇာ ဝေဒနာမည်၏။ မနောဝိညာဏ်နှင့် ယှဉ်သော ဖဿသည် မနောသမ္ဖဿ မည်၏။ ထို မနောသမ္ဖဿနှင့် တကွဖြစ်သော ဝေဒနာသည် မနောသမ္ဖဿဇာဝေဒနာမည်၏။ ဆိုအပ်ပြီးသော ဖဿ ၆ ပါးတို့သည် ဖဿမည်၏။ (၆)

ဆိုအပ်ပြီးသော ဝေဒနာ ၆ ပါးတို့သည် ဝေဒနာမည်၏။ (၇)

**၉။ ခြောက်ပါးအာရုံ၊ သာယာတုံ၊ ခြောက်စုံညစ်တဏှာ။**

ရူပါရုံကို တပ်မက်သာယာသော လောဘသည် ရူပတဏှာမည်၏။ သဒ္ဒါရုံကို တပ်မက်သာယာသော လောဘသည် သဒ္ဒတဏှာမည်၏။ ဂန္ဓာရုံကို တပ်မက်သာယာသော လောဘသည် ဂန္ဓတဏှာမည်၏။ ရသာရုံကို တပ်မက်သာယယာသော လောဘသည် ရသတဏှာမည်၏။ ဖောဋ္ဌဗ္ဗာရုံကို တပ်မက်သာယာသော လောဘသည် ဖောဋ္ဌဗ္ဗတဏှာ မည်၏။ ဓမ္မာရုံကို တပ်မက်သာယာသော လောဘသည် ဓမ္မတဏှာ မည်၏။ ဆိုအပ်ပြီးသော တဏှာ ၆ ပါးတို့သည် (ဝေဒနာပစ္စယာ တဏှာ အရ) တဏှာမည်၏။ (၈)

**၁၀။ ကာမ–ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တစွဲသန်၊ ဥပါဒါန်၊ လေးတန် သရုပ်ဖြာ။**

ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူ၍ သရုပ်အားဖြင့် ၄ ပါးအပြားရှိသော တရားကိုယ်အားဖြင့် စွဲလမ်းတတ်သော လောဘ၊ ဒိဋ္ဌိ၊ ဤ ၂ ပါးတို့သည် ဥပါဒါန်မည်၏။ (၉)

တဏှာနှင့် ကာမုပါဒါန်တို့၏ အထူးကား အားနည်းသော လောဘ

http://www.thitsarparamisociety.com/



သည် တဏှာမည်၏။ အားကြီးသော လောဘသည် ကာမုပါဒါန်မည်၏။ (ဤကား အထူးတည်း။)

**၁၁။ ကုသလာကုသလာ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မဘဝသာ။**

**၁၂။ ဝိပါက်ခန္ဓာ၊ ကဋတ္တာဟု၊ ရုပ်နာမ်စု၊ ဥပပတ္တိသာ။**

ဘဝသည် ကမ္မဘဝ၊ ဥပပတ္တိဘဝ ဟူ၍ ၂ ပါး အပြားရှိ၏။ ထို ၂ ပါးတို့တွင် –

ကမ္မပထမျိုးဖြစ်သော အကုသိုလ်စေတနာ ၁၂ ပါး၊ လောကီကုသိုလ်စေတနာ ၁၇ ပါးတို့သည် ကမ္မဘဝမည်၏။ လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဉ္စတိံသဟု ဆိုအပ်သော နာမက္ခန္ဓာ ၄ ပါး၊ ကဋတ္တာရုပ်ခေါ်သော ကမ္မဇရုပ်ဝီသ၊ ဤတရားတို့သည် ဥပပတ္တိဘဝ မည်၏။

(ဇကေန် နေကန်၊ ကိုးနှစ်တန်၊ ကံဇဌာရသ အရတွင် ဥပစယနှင့် သန္တတိကို ထည့်၍ (တစ်နည်း) ဇရတာနှင့် အနိစ္စတာကို ထည့်၍ ကမ္မဇ ရုပ်ဝီသ ၂၀ ဟု ဆိုသည်။)

လောကီကုသိုလ် အကုသိုလ်စေတနာ တည်းဟူသော ကမ္မဘဝသည် (ဘာဝေတီတိ ဘဝေါ ဟူသော ဝိဂြိုဟ်အရ) ဥပပတ္တိဘဝကို ဖြစ်စေတတ်သောကြောင့် ဘဝမည်၏။ လောကီဝိပါက် နာမက္ခန္ဓာ၊ ကမ္မဇရုပ်တည်းဟူသော ဥပပတ္တိဘဝသည် (ဘဝတီတိ ဘဝေါ ဟူသော ဝိဂြိုဟ်အရ) ကမ္မဘဝကြောင့် ဖြစ်တတ်သောကြောင့် ဘဝမည်၏။

ထို ဥပပတ္တိဘဝသည်လည်း –

(က) ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ (ဘုံသို့လိုက်၍)

(ခ) သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ (နာမ် အားလိုက်၍)

(ဂ) ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ (ခန္ဓာအရှိလိုက်၍) ဤသို့ ၉ ပါး အပြားရှိ၏။ ထို ၉ ပါးတွင်–

http://www.thitsarparamisociety.com/



(က) ကာမဝိပါက် တေဝီသ၊ (ဝိရတီ၊ အပ္ပမညာ ကြဉ်သော) စေတသိက် တေတ္တိံသ၊ ကမ္မဇရုပ် ဝီသသည် ကာမဘဝမည်၏။ ရူပဝိပါက် ၅ ခု၊ စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏစိတ် ၃ ခု၊ (ဝိရတီကြဉ်သော) စေတသိက် ပဉ္စတိံသ၊ (ဃာနတ္ထိဘော၊ ပုမ္ဘော၊ ဃာန၊ ဇိဝှါ၊ ကာယကြဉ်သော) ကမ္မဇရုပ် ပန္နရသ၊ ဤတရားတို့သည် ရူပဘဝမည်၏။ (ဗြဟ္မာသဏ္ဌာန်၊ ယောကျ်ားဟန်၊ အမှန်နေတ္တိကျမ်းဝယ် ဆိုသတည်း။)။ ။ အရူပဝိပါက် ၄ ခု၊ စေတသိက် တိံသတို့သည် အရူပဘဝမည်၏။ (ဘုံအလိုက် ဘဝ ၃ ပါး)။

(ခ) (နေဝသညာနာသညာယတန ဝိပါက်ကြဉ်သော) လောကီဝိပါက် ဧကတိံသ၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇရုပ်ဝီသသည် သညီဘဝမည်၏။ ။ ဇီဝိတ နဝကကလာပ်ရုပ်သည် အသညီဘဝ မည်၏။ နေဝသညာနာ သညာယတန ဝိပါက်စိတ် တစ်ပါး၊ စေတသိက် တိံသတို့သည် နေဝသညီ နာသညီဘဝ မည်၏။ (နာမ်တရား အားရှိ၊ အားမဲ့အလိုက် ဘဝ ၃ ပါး။)

(ဂ) ဇီဝိတ နဝကကလာပ်ရုပ်သည် ဧကဝေါကာရ ဘဝမည်၏။ အရူပ ဝိပါက် ၄ ခု၊ စေတသိက်တိံသတို့သည် စတုဝေါကာရဘဝမည်၏။ ကာမဝိပါက် တေဝီသ၊ ရူပဝိပါက်စိတ် ၅ ပါး၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇရုပ်ဝီသတို့သည် ပဉ္စဝေါကာရဘဝ မည်၏။ (ခန္ဓာအလိုက် ဘဝ ၃ ပါး)

ဥပပတ္တိဘဝ ၉ ပါး ပြီး၏။

### ၁၃။ ဖြစ်မှု–ရင့်မှု။ ပျက်ဆုံးမှု၊ ဥပပတ္တိမှာ။

ဥပပတ္တိဘဝ ခေါ်သော နာမ်ရုပ်တရားတို့၏ ဥပါဒ်ဖြစ်ပွားမှုသည် ဇာတိမည်၏။ ထိုဥပပတ္တိဘဝ၏ ဌီခဏဟည်းဟူသော ရင့်ရော်မှုသည် ဇရာမည်၏။ ထိုဥပပတ္တိဘဝ၏ ဘင်ခဏတည်းဟူသော ပျက်ဆုံးမှုသည် မရဏမည်၏။

http://www.thitsarparamisociety.com/


(ဤ၌ အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဤတရား ၅ မျိုးတို့တွင် ဥပပတ္တိဘဝလည်း ခေါ်၏။ ဇာတိ၊ ဇရာ၊ မရဏလည်းခေါ်၏။ တနည်းဆိုရသော် ဥပပတ္တိဘဝဆိုသည်မှာ အနာဂတ်ဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ကိုပင် ခေါ်၏။ ထို ၅ ပါးကိုပင် ဥပါဒ်၊ ဌီ၊ ဘင်၊ ဟူသော ခဏသုံးချက်အလိုက် ဇာတိ၊ ဇရာ၊ မရဏ ခေါ်သည်ဟု အထူးမှတ်ရာ၏။)

ဘေဒအားဖြင့် ပြအပ်သော သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အရကို သီးခြား မှတ်ယူထားသည်။ ဤ၌ မရေးတော့ပြီ။

**၁၄။ အင်္ဂါဆယ့်နှစ်၊ သုံးဆစ်ကာလ၊ သုံးဝအစပ်၊ လေးရပ် အလွှာ၊ ဝဋ္ဋ ၃ ဖြာ၊ မှတ်ပါ မူလခွေး။**

ဤပဋိစ္စသမုပ္ပါဒ်နည်း၌ (က) အင်္ဂါ ၁၂ ပါးကိုလည်း နားလည်ရမည်။ (ခ) ကာလ ၃ ပါးကိုလည်း နားလည်ရမည်။ (ဂ) အစပ် ၃ ပါး၊ (ဃ) အလွှာ ၄ ပါး၊ (င) ဝဋ္ဋ ၃ ပါး၊ (စ) မူလ ၂ ပါးတို့ကိုလည်း နားလည်ရမည်။ ဝါ–နားလည်အောင် လေ့လာရမည်။ (ကြံကြလေ။)

(က) အင်္ဂါ ၁၂ ပါး ဟူသော်ကား –

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ ဤ ၁၂ ပါးတို့တည်း။

(ခ) ကာလ ၃ ပါး ဟူသော်ကား –

အဝိဇ္ဇာ၊ သင်္ခါရတို့သည် အတိတ်ကာလက ဖြစ်ခဲ့သော တရားတို့တည်း။ (ဥပပတ္တိဘဝ အရပင်ဖြစ်သော) ဇာတိ၊ ဇရာ၊ မရဏ၊ ဤတရားတို့သည် အနာဂတ်၌ ဖြစ်လတ္တံ့သော တရားတို့တည်း။ ကြွင်းသော ဝိညာဏ်၊ နာမ်ရုပ်။ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဤ ၈ ပါးတို့သည် ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန်ကာလ၌ဖြစ်သော တရားတို့တည်း။ ။(ဂ) အစပ်သုံးပါး ခဏထားဦး။

(ဃ) အလွှာ ၄ ပါးဟူသော်ကား –

http://www.thitsarparamisociety.com/



(မြတ်စွာဘုရားသည် ဤပဋိစ္စသမုပ္ပါဒ် တရားသဘောကို ဟောတော်မူရာ၌ ဝေနေယျတို့ တွေဝေမည်ကိုလည်း အထူးသတိပြုတော်မူရသည်။ ဥပမာ အတိတ်အကြောင်းတရား ၅ ပါး၊ ပစ္စုပ္ပန်အကြောင်းတရား ၅ ပါးတို့ရှိရာ ၅ ပါးစီကို အပြည့်အစုံဟောလျှင် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဟူ၍ အတိတ်အတွက် တစ်ကြိမ်၊ ထို့အတူ ပစ္စုပ္ပန်အကြောင်းအတွက် တစ်ကြိမ်၊ ဤသို့ ၂ ကြိမ်ဟောရပေမည်။ ထိုသို့ သရုပ်ထုတ်ကာ ၂ ကြိမ်ဟောလျှင် ဝေနေယျတို့အဖို့ရာ တွေဝေသွားနိုင်သည်။ ထို့ကြောင့် အတိတ်အကြောင်းအတွက် အဝိဇ္ဇာနှင့် သင်္ခါရတို့ကိုသာ သရုပ်ထုတ်၍ ဟောပြီးလျှင် (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) ချန်လှပ်ထားခဲ့ရလေသည်။ ပစ္စုပ္ပန်အကြောင်းတရားကို ဟောရာ၌လည်း တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကိုသာ သရုပ်ထုတ်၍ ဟောပြီးလျှင် ပစ္စုပ္ပန်အကြောင်း၌ ပါဝင်သည့် အဝိဇ္ဇာ၊ သင်္ခါရတို့ကိုကား (ဝေနေယျတို့ မတွေဝေအောင်) တမင်ချန်ထားခဲ့ရလေသည်။

ထို့အတူ ပစ္စုပ္ပန်အကျိုး ၅ ပါး၊ အနာဂတ်အကျိုး ၅ ပါးတို့ကို ဟောရာ၌လည်း ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူ၍ နှစ်ကြိမ်ဟောလျှင် ဝေနေယျတို့ တွေဝေသွားနိုင်သည်။ ထို့ကြောင့် ဝေနေယျတို့ မတွေဝေကြစေရန် ပစ္စုပ္ပန်အကျိုး ၅ ပါးကို ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူ၍ ဟောပြီးလျှင် အနာဂတ်အကျိုး ၅ ပါးတို့ကိုကား (ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ ဟူ၍) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာအစား ဇာတိ၊ ဇရာ၊ မရဏဟူ၍ ပရိယာယ်တစ်မျိုးဖြင့် ဟောတော်မူရသည်။ ။ (နက်နဲသည်၊ ကြံစည်ပါ။)

အမှန်စင်စစ်ကား ... (က) အတိတ်ဘဝက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဤအကြောင်းတရား ၅ ပါးတို့ ဖြစ်ခဲ့ကြသောကြောင့် (ခ) ဤယခု ပစ္စုပ္ပန်ဘဝ၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အကျိုး ၅ ပါးတို့ ဖြစ်ကြလေသည်။ တဖန်တုံ–(ဂ)

ဤ၌ယခု ပစ္စုပ္ပန်ဘဝ၌ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဤအကြောင်း ၅ ပါးဖြစ်ကြသောကြောင့် (ဃ) အနာဂတ်ဘဝ၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဤ အကျိုးတရား ၅ ပါးတို့ ဖြစ်ကြပေလိမ့်မည်။ (သို့ရကား အဝိဇ္ဇာ၊ သင်္ခါရဟု၊ အတိတ်အကြောင်း ၂ ပါးကို တိုက်ရိုက်ဟောဆိုသဖြင့် ထိုအတိတ်ဘဝက အကြောင်းအဖြစ် ဖြင့်တူသော တိုက်ရိုက်သရုပ်ထုတ်၍ မဟောအပ်သော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကိုလည်း ယူရ သိရမည်။ ထို့အတူပင် ပစ္စုပ္ပန်အကြောင်း တရားကို တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟု တိုက်ရိုက်သရုပ်ထုတ် ဟောဆို သဖြင့် ပစ္စုပ္ပန်အကြောင်း အဖြစ်ဖြင့် တူသော တိုက်ရိုက်သရုပ်ထုတ်၍ မဟောအပ်သော ဤဘဝ၌ ဖြစ်ကြသည့် အဝိဇ္ဇာ၊ သင်္ခါရတို့ကိုလည်း ယူရသိရမည်။ ဇာတိ၊ ဇရာ၊ မရဏဟု အနာဂတ်အကျိုးကို ဟောတော် မူလိုက်သဖြင့် ထို ဇာတိ၊ ဇရာ၊ မရဏ အရဖြစ်သော အနာဂတ်အကျိုး ဖြစ်သည့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ကို ယူရ သိရမည်။)

ထို့ထက် ရှင်းရှင်းပြောရလျှင် –

(က) အတိတ်အကြောင်းအတွက် အဝိဇ္ဇာနှင့် သင်္ခါရ ၂ မျိုးကိုသာ သရုပ်ထုတ်၍ ဟောထားသည်။ မိမိက (အတိတ်ဘဝက အကြောင်းအနေ ဖြင့် အဝိဇ္ဇာ၊ သင်္ခါရတို့နှင့် တွဲ၍ဖြစ်ခဲ့သော) တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တို့ကိုလည်း သိရမည်၊ ယူတတ်ရမည်။

(ခ) ပစ္စုပ္ပန်အကျိုး ၅ ပါးကိုကား ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟု တိုက်ရိုက်ဟောပြီးဖြစ်သည်။

(ဂ) တဖန် ပစ္စုပ္ပန်အကြောင်းအတွက် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဤ ၃ မျိုးကိုသာ သရုပ်ထုတ်၍ ဟောထားသည်။ မိမိက (ဤပစ္စုပ္ပန်ဘဝ အကြောင်းအနေဖြင့် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့နှင့် တွဲ၍ဖြစ်သော) အဝိဇ္ဇာနှင့် သင်္ခါရတို့ကိုလည်း သိရမည်၊ ယူတတ်ရမည်။

(ဃ) အနာဂတ်ဘဝ အကျိုးအတွက် မြတ်စွာဘုရားက (ဥပပတ္တိ

http://www.thitsarparamisociety.com/



ဘဝဖြစ်သော လောကီဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ဥပါဒ်၊ ဌီ၊ ဘင်တို့ကိုပင်) ဇာတိ၊ ဇရာ၊ မရဏ ဟူသော အမည်ဖြင့် ဟောထားသည်။ မိမိက ပရမတ္ထ ဝေါဟာရ ပရိယာယ်ကို နားလည်သော အဘိဓမ္မာ ပညာရှင် တစ်ဦးအနေဖြင့် –

"ဩော် ... ဇာတိ၊ ဇရာ၊ မရဏ ဟူသည်မှာ အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ပါတကား၊ ထိုဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ပဋိစ္စ သမုပ္ပါဒ် အင်္ဂါဖွဲ့လိုက်လျှင် အနာဂတ်၌ ဖြစ်ပေါ်ကြမည့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ပါတကား"ဟူ၍ နားလည်ထားရမည်။

အထူးအားဖြင့် သင်္ခါရနှင့် ကမ္မဘဝတို့အရကို သီးခြားတစ်ခုစီ အရကောက်စဉ်က အကုသိုလ် စေတနာနှင့် လောကီကုသိုလ် စေတနာတို့ကိုချည်း အရကောက်ခဲ့သည်။ ထိုသို့ အရကောက်ခြင်းမှာလည်း အကြောင်းတရားအနေဖြင့် ဖြစ်ရာ၌ စေတနာသည် ခေါင်းဆောင်တရား ဖြစ်သောကြောင့် ကောက်ယူရသည်။ အကြောင်း ၅ ပါး စုံအောင် ခင်းပြသော အရာ၌ကား ကမ္မဘဝအရ (ကံအနေနှင့် အထူးထင်ရှားသော) လောကီကုသိုလ် စေတနာ အကုသိုလ် စေတနာတို့ကို အရကောက်မှတ်ယူ၍ သင်္ခါရ အရကိုကား (စေတနာမှကြွင်းသော) လောကီကုသိုလ်၊ အကုသိုလ်၊ စိတ်၊ စေတသိက်တို့ကို အရကောက်ရသည်ဟူ၍ အထူးမှတ်သားထားရမည်။

ဤမျှသော စကားအစဉ်ဖြင့် အလွှာ ၄ ပါးအရ

(က) အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တည်းဟူသော အတိတ်အကြောင်း ၅ ပါး တလွှာ၊

(ခ) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တည်းဟူသော ပစ္စုပ္ပန်အကြောင်း ၅ ပါး တလွှာ၊

(ဂ) တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ တည်းဟူသော ပစ္စုပ္ပန်အကြောင်း ၅ ပါး တလွှာ၊

http://www.thitsarparamisociety.com/


(ဃ) (ဥပပတ္တိဘဝဖြစ်သော ဇာတိ၊ ဇရာ၊ မရဏ ဟူ၍ ဟောထားသော) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တည်းဟူသော အနာဂတ်အကျိုး ၅ ပါးတလွှာ၊ ဤသို့ အလွှာ ၄ ပါး ဖြစ်၏ဟု အသိဉာဏ် ရှင်းသွားလောက်ပေပြီ။ (ထိုအလွှာ ၄ ရပ်ပေါင်း တရားလုံး ၂၀ ကိုပင် သင်္ဂြိုဟ်ကျမ်း၌ ဝီသတိ အာကာရ အခြင်းအရာ ၂၀ ဟူ၍ ပြဆိုသည်ကိုလည်း ထူး၍ သတိချပ် သိမှတ်ထားပါလေဦး။)

(ဂ) အစပ် ၃ ပါးဟူသော်ကား –

အတိတ်အကြောင်း ၅ ပါးနှင့်ပစ္စုပ္ပန်အကျိုး ၅ ပါးတို့အကြားတစပ်၊ ပစ္စုပ္ပန်အကြောင်း ၅ ပါးနှင့် ပစ္စုပ္ပန်အကျိုး ၅ ပါးတို့အကြားတစပ်၊ ပစ္စုပ္ပန်အကြောင်း ၅ ပါးနှင့် အနာဂတ်အကျိုး ၅ ပါးတို့အကြား တစပ်၊ ဤသို့ အစပ် ၃ ပါး ဖြစ်၏။

(င) ဝဋ် ၃ ပါးဟူသော်ကား –

ပဋိစ္စသမုပ္ပါဒ် ဒေသနာလာ တရားတို့ကို ဝဋ်ဖွဲ့လျှင် ကိလေသဝဋ် (ကိလေသာ တရားဖြစ်သောဝဋ်)၊ ကမ္မဝဋ် (ကံတရားဖြစ်သောဝဋ်)၊ ဝိပါကဝဋ် (အကျိုးတရားဖြစ်သောဝဋ်) ဟူ၍ ၃ ပါး ဖြစ်လေသည်။ (ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးလုံးပင် မပြတ်လည်နေသော ဝဋ်တရား အစုဖြစ်သည်၊ ထိုဝဋ်တရား အစုကို အမျိုးအလိုက် ခွဲဝေလိုက်လျှင် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူ၍ ၃ ပါး ပြားလာ၏။) ထိုဝဋ် ၃ ပါးတို့တွင်–

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဤ ၃ ပါးတို့သည် ကိလေသဝဋ်မည်ကုန်၏။

ကမ္မဘဝ (တည်းဟူသော ဘဝတစ်စိတ်)၊ သင်္ခါရ၊ ဤ ၂ ပါးတို့သည် ကမ္မဝဋ် မည်ကုန်၏။ ကြွင်းသော (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ တည်းဟူသာ ဇာတိ၊ ဇရာ၊ မရဏ) တရားတို့သည် ဝိပါကဝဋ် မည်ကုန်၏။

(စ) မူလ ၂ ပါး ဟူသော်ကား –

အဝိဇ္ဇာ (နှင့်) တဏှာ ဤ ၂ ပါးတို့သည်။ (ပဋိစ္စသမုပ္ပါဒ် သံသရာ

http://www.thitsarparamisociety.com/


ကြီးကို ရှေ့ပိုင်း၊ နောက်ပိုင်းအနေဖြင့် ခွဲဝေလျှင် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့ကား သံသရာရှေ့ပိုင်း အတွဲဖြစ်၏။ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့ကား သံသရာနောက်ပိုင်း ဖြစ်၏။ ထိုတွင် သံသရာရှေ့ပိုင်း၏ ဝဋ်မြစ်ကား အဝိဇ္ဇာတည်း။ သံသရာနောက်ပိုင်း၏ ဝဋ်မြစ်ကား တဏှာတည်း။)

ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။

## (ခ) ပဋ္ဌာန်းနည်း

၁၅။ ဟေ–အာ–ဓိ–နန်၊ သမနန်၊ သ အန် နိ–ဥ–ပု။

၁၆။ ပစ်–သေ–ကမ်–ပံ၊ ဟာ–ဣန်–ဈာန်၊ မဂ် သံဝိပ္ပ–ဟူ။

၁၇။ အတ်–နတ်–ဝိတ၊ အဝိတ၊ ဒွိ–စ ပစ္စည်းယူ။

ပဋ္ဌာန်းနည်း၌ (၁) ဟေတုပစ္စည်း၊ (၂) အာရမ္မဏပစ္စည်း၊ (၃) အဓိပတိပစ္စည်း၊ (၄) အနန္တရပစ္စည်း၊ (၅) သမနန္တရပစ္စည်း၊ (၆) သဟဇာတပစ္စည်း၊ (၇) အညမညပစ္စည်း၊ (၈) နိဿယပစ္စည်း၊ (၉) ဥပနိဿယပစ္စည်း၊ (၁၀) ပုရေဇာတပစ္စည်း၊ (၁၁) ပစ္ဆာဇာတပစ္စည်း၊ (၁၂) အာသေဝနပစ္စည်း၊ (၁၃) ကမ္မပစ္စည်း၊ (၁၄) ဝိပါကပစ္စည်း၊ (၁၅) အာဟာရပစ္စည်း၊ (၁၆) ဣန္ဒြိယပစ္စည်း၊ (၁၇) ဈာနပစ္စည်း၊ (၁၈) မဂ္ဂပစ္စည်း၊ (၁၉) သမ္ပယုတ္တပစ္စည်း၊ (၂၀) ဝိပ္ပယုတ္တ ပစ္စည်း၊ (၂၁) အတ္ထိပစ္စည်း၊ (၂၂) နတ္ထိပစ္စည်း၊ (၂၃) ဝိဂတပစ္စည်း၊ (၂၄) အဝိဂတပစ္စည်းဟူ၍ ကျေးဇူးပြုတတ်သော ပစ္စည်းတရားမျိုး ၂၄ မျိုး ရှိ၏။

(ကျေးဇူးပြုပုံကိုလိုက်၍ ၂၄ မျိုးဖြစ်သည်။ ပစ္စယုဒ္ဒေသအနက်ကို အရကျက်ပါဦး။)

### ပစ္စယုဒ္ဒေသ ပါဠိ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊
အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊

အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဟေတုပစ္စယော၊ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

အာရမ္မဏပစ္စယော၊ အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အနန္တရပစ္စယော၊ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

သမနန္တရပစ္စယော၊ ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

သဟဇာတပစ္စယော၊ တကွဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အညမညပစ္စယော၊ အချင်းချင်း အပြန်အလှန်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ပုရေဇာတပစ္စယော၊ ရှေ့ဦးဖြစ်၍ (ရှေ့က ဖြစ်နှင့်၍) ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရား

http://www.thitsarparamisociety.com/


လည်းကောင်း။

အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

ကမ္မပစ္စယော၊ ကံဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အာဟာရပစ္စယော၊ ထောက်ပံ့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဈာနပစ္စယော၊ ဈာန်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

မဂ္ဂပစ္စယော၊ မဂ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဣတိ၊ ဤကား ၂၄ ပစ္စည်းတို့တည်း။

http://www.thitsarparamisociety.com/


**၁၈။ နန်–သမနန်၊ နတ်–ဝိတ်၊ လေးတန် အတူတူ။**

ထို ၂၄ ပစ္စည်းတို့တွင် အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းတို့သည် ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရား အတူတူပင် ဖြစ်ကုန်၏။ ဝေနေယျတို့၏အလို အဇ္ဈာသယသို့ လိုက်၍လည်းကောင်း၊ သဗ္ဗညုတဉာဏ်တည်းဟူသော ဒေသနာ ဝိလာသအားဖြင့်လည်းကောင်း၊ အတူတူဖြစ်လျက် ၄ မျိုးခွဲခြား ဟောကြားတော်မူအပ်သည်။

**၁၉။ ဟိတ်ခြောက်–ခြောက်အာ၊ မိနှစ်ဖြာ၊ အာမိ–သမိခွဲ။**

ဟိတ် ၆ ပါးတို့သည် ဟေတုပစ္စည်းတရား ဖြစ်ကုန်၏။ အာရုံ ၆ ပါးတို့သည် အာရမ္မဏ ပစ္စည်းတရား ဖြစ်ကုန်၏။ အဓိပတိ ပစ္စယာကို အာရမ္မဏာဓိပတိ၊ သဟဇာတာ ဓိပတိဟု ၂ မျိုးခွဲလေ။ (၃ ချက်စုရသော ပုဂ္ဂိုလ်အဖို့ မခက်တော့ပြီ၊ ၃ ချက်စုကို နာနာအံပါ။)

**၂၀။ ဂရုရုပ်နာမ်၊ အာမိမှန်၊ လေးကန် သမိခွဲ၊**

(၃ ချက်စု၌ လာသည့်အတိုင်း) ဂရုဖြစ်သော ရုပ်နာမ်တရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်းတရားတို့ မည်ကုန်၏။ (၃ ချက်စု၌ အကျယ်လာသည့်အတိုင်း) သဟဇာတာဓိပတိပစ္စည်း တရားအရကို အဓိပတိတရားကိုယ် ၄ ပါးတို့တွင် တစ်ပါးပါးဟု ကောက်ယူလေ။

**၂၁။ ခြားမဲ့ရှေ့နာမ်၊ ပစ္စည်းနာမ်၊ နောက်နာမ် အားအမြဲ။**

အခြားမဲ့ဖြစ်သော ရှေ့နာမ်တရား (စိတ်နှင့်စေတသိက်) တို့သည် အခြားမဲ့ နောက်၌ဖြစ်သော နာမ်တရား (စိတ်+စေတသိက်) တို့အား အမြဲပင် အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း တပ်ကုန်၏။

**၂၂။ စိတ်–စေ–ဘုတ်စု၊ ဝတ္ထု–သန္ဓေ၊ ဤလေးထွေ၊ တပ်လေ သဟဇ။**

(၁) စိတ်တရား၊ (၂) စေတသိက်တရား၊ (၃) မဟာဘုတ် ၄ ပါး၊

http://www.thitsarparamisociety.com/



(၄) ပဋိသန္ဓေအခါ၌ဖြစ်သော ဟဒယဝတ္ထု၊ ဤတရား ၄ မျိုးတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ (အကျယ်ကို ၃ ချက်စုအတိုင်း ဆိုကြည့်လေ။)

**၂၃။ စိတ်–စေ–ဘုတ်စု၊ ဝတ္ထု–သန္ဓေ၊ ဤလေးထွေ၊ တပ်လေ အညမည။**

(၁) စိတ်တရား၊ (၂) စေတသိက်တရား၊ (၃) မဟာဘုတ် ၄ ပါး၊ (၄) ပဋိသန္ဓေအခါ၌ဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထု၊ ဤတရား ၄ စုတို့သည် အချင်းချင်းအား အညမညပစ္စည်း တပ်ကုန်၏။ (အကျယ်ကို ၃ ချက်စုအတိုင်းသိလေ။)

**၂၄။ သဟဇာတ်စု၊ ဝတ္ထုပုရေ၊ ဤနှစ်ထွေ၊ တပ်လေ နိဿယ။**

နိဿယပစ္စည်းကို ၃ ချက်စုလာသည့်အတိုင်း သဟဇာတနိဿယ၊ ပုရေဇာတနိဿယဟု ၂ မျိုးခွဲ၍ မှတ်ရာ၏။

**၂၅။ အာရမ္မဏူ၊ နန္တရူနှင့်၊ ပကတူပေ၊ ဤသုံးထွေ၊ ခွဲလေ ဥပနိဿယ။**

ဥပနိဿယပစ္စည်းကို ၃ ချက်စုလာအတိုင်း အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ဟူ၍ ၃ မျိုးခွဲမှတ်လေ။

**၂၆။ အာရမ္မဏူ၊ အာဓိပတူ၊ နန်မူ နန္တရ။**

အာရမ္မဏူပနိဿယနှင့် အာရမ္မဏာဓိပတိသည် အတူတူ၊ အနန္တရူပနိဿယနှင့် အနန္တရသည် အတူတူဖြစ်၏။

**၂၇။ နာမ်ရုပ် ပညတ်၊ အဇ္ဈတ်–ဗဟိဒ္ဓါ၊ ကျယ်ဝန်းစွာ၊ သညာ ပကတူပ။**

ပကတူပနိဿယပစ္စည်းကား အဇ္ဈတ္တ–ဗဟိဒ္ဓတရားများ၊ နာမ်တရား ရုပ်တရား ပညတ်တရားများအားဖြင့် ကျယ်ဝန်းများပြားလှ၏။ (၃–ချက်စုကို ပြန်ဆိုကြည့်ပါ။)

http://www.thitsarparamisociety.com/


**၂၈။ ဝတ္ထုပုရေ၊ အာပုရေ၊ နှစ်ထွေ ပုရေဇ။**

**၂၉။ ရုပ်နိပ္ဖန်၊ ပစ္စုပ္ပန်၊ အမှန်အာပုရ။**

ပုရေဇာတ ပစ္စည်းသည် ဝတ္ထုပုရေဇာတပစ္စည်း၊ အာရမ္မဏပုရေဇာတ ပစ္စည်း ဟူ၍ ၂ ပါး အပြားရှိ၏။ ထို ၂ ပါးတို့တွင် ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းနှင့်တူ၏။ ဝတ္ထုပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတဟု ၂ မျိုးမခွဲလေ။

အာရမ္မဏ ပုရေဇာတပစ္စည်းတရားကား ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသတို့တည်း။

**၃၀။ သတ္တရှိနေ၊ ဌီရုပ်တွေအား၊ စိတ်–စေနှစ်ဖြာ၊ နောက် နောက်လာ၊ တည်ငှာ ပစ္ဆာဇ။**

သတ္တဝါတို့ သန္တာန်၌ဖြစ်သော ပဋိသန္ဓေ အစရှိသော ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ (အရူပဝိပါက် ၄ ခု ကြဉ်သော) ပဌမဘဝင် အစရှိသော နောက် နောက်စိတ် ၈၅ ခု၊ စေတသိက် ၅၂ ပါးသတို့သည် ပစ္ဆာဇာတပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

**၃၁။ ရှေ့ဇောဇာတ်တူ၊ ကု+ကူ+ကြိယာ၊ နန္တရာ၊ ပွားငှာ သေဝန။**

နောက်နောက်ဖြစ်သော ဇာတ်တူကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာဇောတို့ထပ်ကာ ထပ်ကာ ဖြစ်ပွားခြင်းငှာ ကျေးဇူးပြုတတ်သော ဇာတ်တူ (အဆုံးဇောကြဉ်သော) အခြားမဲ့ ရှေ့ရှေ့ဖြစ်သော လောကီဇော သတ္တစတ္တာလီသ နာမက္ခန္ဓာတို့သည် အာသေဝနပစ္စည်းတပ်သော တရား တို့ မည်ကုန်၏။ (အကျယ်ကို ၃ ချက်စု အတိုင်းဆိုလေ။)

**၃၂။ သဟဇာတ၊ ခဏနာနာန်၊ စေတနာ၊ မှတ်ပါ နှစ်ကမ္မ။**

http://www.thitsarparamisociety.com/


## ၃၃။ သ–မှာလုံးစုံ၊ နာ–မှာတုံ၊ ကု+ကုံ အတိတ်ရ။

ကမ္မပစ္စည်းသည် သဟဇာတကမ္မပစ္စည်း၊ နာနာက္ခဏိက ကမ္မပစ္စည်း ဟူ၍ ၂ မျိုးရှိ၏။ (သဟဇာတ ကမ္မမှာ ပစ္စုပ္ပန်စေတနာကို ခေါ်သည်။ နာနာက္ခဏိကကမ္မမှာ အတိတ်ကုသိုလ်၊ အကုသိုလ်စေတနာကို ခေါ်သည်)။

သဟဇာတ ကမ္မပစ္စည်းအရမှာ စိတ်တစ်ခုယုတ် ၉၀ ၌ ရှိသော (ပစ္စုပ္ပန်ဖြစ်သော) စေတနာတစ်ခုယုတ် ၉၀ တို့တည်း။ ။နာနာက္ခဏိက ကမ္မပစ္စည်းအရမှာ အတိတ်ဖြစ်သော ကုသိုလ်စေတနာ၊ အကုသိုလ် စေတနာတို့ကို ခေါ်သည်။ (အတိတ်အရ ခဏအတိတ်၊ ဘဝအတိတ်၊ အားလုံးပါဝင်သည်။ မဂ်စေတနာအရ မဂ္ဂါနန္တရဖိုလ်အား ခဏအတိတ် နာနာက္ခဏိက ကမ္မပစ္စည်း တပ်သည်။ အနန္တရသဘောလည်း ပါသည်။ လောကီကုသိုလ်၊ အကုသိုလ်စေတနာတို့က မိမိတို့ဆိုင်ရာ ဝိပါက်နာမ က္ခန္ဓာ၊ ကဋတ္တာရုပ်တို့အား (ဘဝအတိတ်သဘောဖြင့်) နာနာက္ခဏိက ကမ္မပစ္စည်း တပ်ကြသည်ဟု အထူးမှတ်ပါ။)

## ၃၄။ သုံးဆယ့်ခြောက်ထွေ၊ ဝိစိတ်+စေ၊ မှတ်လေ ဝိပါက။

ဝိပါက ပစ္စည်းတရားကား ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာတို့တည်း။

## ၃၅။ ထောက်ပံ့ခိုင်ဖွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ်အာဟာရ။

မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့ကို ခိုင်မာအောင် ထောက်ပံ့ခြင်း၊ ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူးပြုတတ်သော အာဟာရ ၄ ပါးတို့သည် အာဟာရပစ္စည်း မည်၏။ ထိုအာဟာရပစ္စည်းသည် နာမ်အာဟာရပစ္စည်း၊ ရုပ်အာဟာရပစ္စည်းဟူ၍ ၂ ပါး အပြားရှိ၏။ (၃–ချက်စုကို ပြန်၍ ဆိုကြည့်ပါ။)

## ၃၆။ သဟ ပုရဲ၊ ဇီဝိတံ၊ သုံးတန် ဣန္ဒြိယ။

ဣန္ဒြိယ ပစ္စည်းသည် သဟဇာတိန္ဒြိယ ပစ္စည်း၊ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်းဟူ၍ ၃ ပါး အပြားရှိ၏။ (အကျယ်ကို ၃

http://www.thitsarparamisociety.com/


ချက်စု၌ ကြည့်ပါ။)

**၃၇။ စိတ်+ဇီ+ဝေ+ဝိ၊ သဒ်+သ+မိ၊ ပညိ နာမ်ရှစ်သ။**

စိတ်၊ ဇီဝိတ၊ ဝေဒနာ၊ ဝီရိယ၊ သဒ္ဓါ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ၊ ဤနာမ်က္ခန္ဓ ၈ ပါး တရားစုတို့သည် သဟဇာတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

**၃၈။ ဝတ္ထုငါးလီ၊ ဝတ်ပုရီ၊ ရုပ်ဇီ ဇီဝိတ။**

စက္ခုဝတ္ထု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝတ္ထု၊ ဤဝတ္ထုရုပ် ၅ ပါး တို့သည် ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ ကလာပ်တူ ကမ္မဇရုပ်တို့အား တပ်သော ရုပ်ဇီဝိတသည် ရူပဇီဝိတိန္ဒြိယ ပစ္စည်းတပ်သော တရားမည်၏။

**၃၉။ တက်+စာ+ပီ+ဝေ၊ ဧကဂ္ဂေ၊ ငါးထွေရှုဈာန။**

ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ၊ ဤတရား ၅ ပါးတို့သည် (အာရုံ၌ စိုက်စိုက်စူးစူး ရှုမှုတည်းဟူသော) ဈာနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

**၄၀။ ပဉ်–တက်–ဝါ–ကမ်၊ အာဇီဝမ်၊ ဝါယမ်–သ–မိ–ဒိဋ္ဌ်။**

ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ၊ ဤ စေတသိက် ၉ ပါးတို့သည် မဂ္ဂပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

**၄၁။ စိတ်–စေလုံးစုံ၊ နာမ်အကုန်၊ ယှဉ်တုံ သမ္ပယုတ်။**

အလုံးစုံသော စိတ်၊ စေတသိက်၊ ပဝတ္တိ၊ ပဋိသန္ဓေ၊ နာမက္ခန္ဓာ ၄ ပါး တို့သည် သမ္ပယုတ္တ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

**၄၂။ သဟ–ပစ္ဆေ၊ ဝတ်ပုရေ၊ သုံးထွေ ဝိပ္ပယုတ်။**

ဝိပ္ပယုတ္တ ပစ္စည်းသည် သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ် ဟူ၍ ၃ ပါး အပြားရှိ၏။

http://www.thitsarparamisociety.com/



## ၄၃။ ရုပ်အား နာမ်က၊ ရုပ်က နာမ်အား တပ်တုံငြား၊ နှစ်ပါး သဟထုတ်။

ထို ၃ ပါးတို့တွင် သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းကို နာမ်ပစ္စည်းက ရုပ်ပစ္စယုပ္ပန်အား တပ်သောတစ်ချက်၊ ရုပ်ပစ္စည်းက နာမ်ပစ္စယုပ္ပန်အား တပ်သော တစ်ချက်၊ ပေါင်း ၂ ချက်။ (၃ ချက်စုအတိုင်း) ထုတ်လေ။ ပစ္ဆာဇာတ ဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့်တူ၏။ ပုရေဇာတ ဝိပ္ပယုတ်၌ ဝတ္ထုပုရေဇာတဝိပ္ပယုတ် (၂ မျိုး)ကိုသာ ထုတ်။ (ဤ၌ အာရမ္မဏ ပုရေဇာတ ပစ္စည်းတရား၊ ၎င်းပစ္စယုပ္ပန် တရားတို့လည်း အချင်းချင်း မယှဉ်ကြသည်သာဖြစ်၏။ သို့သော်လည်း ထိုအာရမ္မဏပုရေဇာတပစ္စည်း တရား၊ ပစ္စယုပ္ပန်တရားတို့၌ ဝေနေယျတို့ သန္တာန်ဝယ် ပစ္စည်း (နိပ္ဖန္နရုပ်) တရားတို့နှင့် ပစ္စယုပ္ပန် (ကာမစိတ်+အဘိညာဏ်) တရားတို့ ယှဉ်ကြ သလော၊ မယှဉ်ဘဲ မယှဉ်ကြသလောဟု ယုံမှားသံသယမရှိ၊ ထို့ကြောင့် ထိုအာရမ္မဏပုရေဇာတ ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရားတို့ကို (ဧကန်ပင် မယှဉ်ကြဟူ၍ ဝေနေယျတို့ သန္တာန်ဝယ် သံသယကင်းပြီး ဖြစ်သော ကြောင့်) ဤဝိပ္ပယုတ္တပစ္စည်း၌ အာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ် ဟူ၍ မြတ်စွာဘုရား မဟောတော့ချေ။ ဝတ္ထုပုရေဇာတ ပစ္စည်းတရား ပစ္စယုပ္ပန် တရားတို့၌သာ (ဝတ္ထုရုပ်ကိုမှီ၍ ဆဝိညာဏ်တို့ ဖြစ်ရကား ယှဉ်များ ယှဉ်လေသလောဟု) ဝေနေယျတို့ သန္တာန်ဝယ် ယုံမှားဖွယ် ရှိသောကြောင့် မယှဉ်ကြောင်း သိသာရန် ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းကို ဟောတော် မူသည်ဟု အထူးမှတ်ပါလေ။

## ၄၄။ သ–ဝတ်–အာ–ပူ၊ ပစ်–ဟာ ရူ၊ ၆ ဆူ အတ္ထိထုတ်။

အတ္ထိပစ္စည်းအရ သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေ ဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ ဟူ၍ ၆ ပါး ထုတ်လေ။ (၃ ချက်စု ပြန်ကြည့်လေ။) နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းတို့ မှာ အနန္တရပစ္စည်းနှင့် တူကြကုန်၏။ အဝိဂတသည် အတ္ထိနှင့်တူ၏။

http://www.thitsarparamisociety.com/



ထို့ကြောင့် ၎င်းတို့အတွက် သီးခြားလင်္ကာ မဆိုတော့။

ပစ္စည်းသရုပ် ဝေဖန်ခန်း ပြီး၏။

## ရှစ်ပစ္စည်းကိုးမျိုး ဝေဖန်ခန်း

သံခိပ်၌ မပါသော်လည်း –

(က) ဆယ့်ငါးသဟ၊ ရှစ်ဝအာနှင့်၊ ခုနစ်ဖြာနန်၊ ခြောက်တန်ဝတ္ထု၊ လေးခုပဉ္စာ၊ သုံးဖြာဟာရော၊ တယောက္ကန္ဒြိ၊ ဒွိပကတူ၊ တစ်ခု မူကမ်၊ မျိုးကိုးတန်၊ ဆောင်ရန် နှုတ်တက်အာဂုံတည်း။

ဤပေါရာဏလင်္ကာကို အရကျက်၍ "ရှစ်ပစ္စည်း ၉ မျိုး"ကိုလည်း မှတ်ရာ၏။ မှတ်ပုံကား –

(ဆယ့်ငါးသဟ) ဟေတု၊ သဟဇာတာ ဓိပတိ၊ သဟဇာတ၊ အညမည၊ သဟဇာတ နိဿယ၊ သဟဇာတကမ္မ၊ ဝိပါက၊ သဟဇာတာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတ ဝိပ္ပယုတ္တ၊ သဟဇာ တတ္ထိ၊ သဟဇာတအဝိဂတ၊ ပေါင်း သဟဇာတမျိုး ပစ္စည်း ၁၅ ပါး။

(ရှစ်ဝအာနှင့်) အာရမ္မဏ၊ အာရမ္မဏ ဓိပတိ၊ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏ ပုရေဇာတ (ဤအာရမ္မဏ ပုရေဇာတ၌ ဝတ္ထာရမ္မဏ ပုရေဇာတလည်း ပါရှိပြီးဟု မှတ်ပါ။) ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်၊ အာရမ္မဏ ပုရေဇာတတ္ထိ၊ အာမ္မရဏ ပုရေဇာတ အဝိဂတ၊ ပေါင်း အာရမ္မဏမျိုး ပစ္စည်း ၈ ပါး။

(ခုနစ်ဖြာနန်) အနန္တရ၊ သမနန္တရ၊ အနန္တရူပ နိဿယ၊ အာသေဝန၊ (မဂ္ဂါနန္တရဖိုလ် ၄ ခုအား တပ်သော မဂ် ၄ ခု စေတနာဟု ဆိုအပ်သော) နာနာက္ခဏိကကမ္မ တစ်စိတ်၊ နတ္ထိ၊ ဝိဂတ၊ ပေါင်း အနန္တရမျိုး ပစ္စည်း ၇ ပါး။

(ခြောက်တန်ဝတ္ထု) ဝတ္ထု ပုရေဇာတ နိဿယ၊ ဝတ္ထု ပုရေဇာတ၊ ဝတ္ထု ပုရေဇာတိန္ဒြိယ၊ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ်၊ ဝတ္ထု ပုရေဇာတတ္ထိ၊ ဝတ္ထု ပုရေဇာတ အဝိဂတ၊ ပေါင်း ဝတ္ထုမျိုး ပစ္စည်း ၆ ပါး။

http://www.thitsarparamisociety.com/



(လေးခုပုဏ္ဏာ) ပဏ္ဍာဇာတ၊ ပဏ္ဍာဇာတ ဝိပ္ပယုတ်၊ ပဏ္ဍာဇာတတ္ထိ၊ ပဏ္ဍာဇာတ အဝိဂတ၊ ပေါင်း ပဏ္ဍာဇာတမျိုး ပစ္စည်း ၄ ပါး။

(သုံးဖြာဟာရော) ရုပ်အာဟာရ၊ ရုပ်အာဟာရတ္ထိ၊ ရုပ်အာဟာရ အဝိဂတ၊ ပေါင်း ရုပ်အာဟာရမျိုး ပစ္စည်း ၃ ပါး။

(တယောက္ကန္ဒြိ) ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယ အဝိဂတ၊ ပေါင်း ရူပဇီဝိတိန္ဒြိယမျိုး ပစ္စည်း ၃ ပါး။

(ဒွိပကတူ) ပကတူပ နိဿယပစ္စည်း၊ ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ အား တပ်သော ဗလဝဖြစ်သော အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၃၃ ပါး တည်းဟူသော နာနာက္ခဏိကကမ္မ တစ်[illegible]က်၊ ပေါင်း ပကတူပနိဿယမျိုး ပစ္စည်း ၂ ပါး။

(တစ်ခုမှုကမ်) ကာမဝိပ[illegible] တေဝီသ နာမက္ခန္ဓာအ[illegible] [illegible]ဖြစ်သော အတိတ်ဖြစ်သော ကာမကုသိုလ် အကုသိုလ်ကံစေတနာ [illegible]၊ ကဋတ္တာရုပ်အား တပ်သော ဗလဝ ဒုဗ္ဗလဖြစ်သော ကာမကုသိုလ် [illegible]ပကုသိုလ်ကံစေတနာ အကုသိုလ်ကံစေတနာ ၂၅ ပါးတည်းဟူသော နာနာက္ခဏိကကမ္မ တစ်မျိုးသည် အခြား ၈ မျိုး၌ မပါဝင်နိုင်။ တစ်ကောင်ကြွက်ကဲ့သို့) သူ့တစ်မျိုးတည်းသာနေသော ပစ္စည်း (ကမ္မပစ္စည်း တစ်မျိုးတည်း) ဖြစ်လေသည်။

၈-ပစ္စည်း ၉ မျိုး ပြီး၏။

## ၂၄-ပစ္စည်းတို့ကို ကာလအားဖြင့် ဝေဖန်ပုံ

ပစ္စုပ္ပန္နာဝ ဟောန္တေတ္ထ၊
ပစ္စယာ ဒသ ပဉ္စ စ။
အတီတာ ဧဝ ပဉ္စေ+ကော၊
တေကာလေ ဒွေဝ နိဿိတော။
တယော တိကာလိကာ စေဝ၊
ဝိမုတ္တာ စာပိ ကာလတော။

http://www.thitsarparamisociety.com/



ဧတ္ထ၊ ဤ ၂၄ ပစ္စည်းတို့တွင်။ ဒသ စ ပစ္စယာ၊ ဆယ်ပစ္စည်းတို့သည် လည်းကောင်း။ ပဉ္စ စ ပစ္စယာ၊ ငါးပစ္စည်းတို့သည်လည်းကောင်း၊ ပစ္စုပ္ပန္နာဝ၊ ပစ္စုပ္ပန်ပစ္စည်းတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဉ္စ၊ ငါးပစ္စည်းတို့သည်။ အတီတာဝေ၊ အတိတ်ပစ္စည်းတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧကော၊ တစ်ခုသော (ကမ္မ) ပစ္စည်းသည်။ ဒွေ၊ နှစ်ပါးကုန်သော။ တေကာလေဝ၊ ထိုပစ္စုပ္ပန်ကာလ အတိတ်ကာလတို့ကို သာလျှင်။ နိဿိတော၊ မှီ၏။ တယော၊ (အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ အားဖြင့်) ၃ ပါးသော ပစ္စည်းတို့သည်။ ထိကာလိကာစေဝ၊ ကာလ ၃ ပါး၌လည်း မှီကုန်၏။ ကာလတော၊ ကာလ ၃ ပါးမှ။ ဝိမုတ္တာစာပိ၊ လွတ်လည်း လွတ်ကုန်၏။

ပစ္စုပ္ပန်ဆယ့်ငါး၊ တိတ်ကားငါးလီ၊ ယင်းကိုမှီ၊ တလီပစ္စယ။
ကာလသုံးပါး၊ ဝိမုတ်ထား၊ သုံးပါး ပစ္စယ။

(ပစ္စုပ္ပန်ဆယ့်ငါး) ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကား ပစ္စုပ္ပန်ကာလပစ္စည်း ၁၅ ပါး။

(တိတ်ကား ငါးလီ) အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ဤကား အတိတ်ကာလ ပစ္စည်း ၅ ပါး။

(ယင်းကိုမှီ၊ ယင်း ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ ၂ ပါးတို့ကို မှီသော) (တလီပစ္စယ) ပစ္စည်းတစ်ပါးကား ကမ္မပစ္စည်း တစ်ပါးတည်း။ (ထိုကမ္မပစ္စည်း၌ သဟဇာတ ကမ္မကား ပစ္စုပ္ပန်၊ နာနာက္ခဏိက ကမ္မကား အတိတ်ဖြစ်၍ ထို ကမ္မပစ္စည်းတစ်ပါးကို ပစ္စုပ္ပန်နှင့်အတိတ်နှစ်ကာလကို မှီသော ဒွိကာလိက ပစ္စည်းဟု ခေါ်ဆို၏။

(ကာလသုံးပါး ဝိမုတ်ထား) တေကာလိက တရားရော ကာလ ဝိမုတ် တရား ပစ္စည်းဖြစ်သော ပစ္စည်းတို့ကား (သုံးပါးပစ္စယ) အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ဤ ၃ ပစ္စည်းတို့တည်း။ (၃ ချက်စုနှင့် နှီးနှော ကြည့်လေ။)

http://www.thitsarparamisociety.com/



## တစ်နည်း အထူးမှတ်ရန်

### ၁။ ဇနကပစ္စည်း၊ ၂။ ဥပတ္ထမ္ဘကပစ္စည်း၊ ၃။ ဇနကောပတ္ထမ္ဘကပစ္စည်း သုံးမျိုးခွဲနည်း

ဖြစ်စေငါးကောက်၊ ပံ့ထောက်ဇကေ၊ ဌာရသ၊ ဇနကောပထမ်။
(အရဆောင်)

(၁–ဖြစ်စေငါးကောက်) အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ဤ ၅ ပစ္စည်းတို့သည် ဖြစ်စေရုံသာ ဖြစ်စေတတ်သည့် ဇနက ပစ္စည်း ၅ ပါးတို့ မည်ကုန်၏။

(၂–ပံ့ထောက်ဇကေ) ပစ္ဆာဇာတပစ္စည်း တစ်ပါးသည် (ဖြစ်ကားမဖြစ်စေ) ထောက်ပံ့ရုံသာ ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကပစ္စည်း မည်၏။

(၃–ဌာရသ ဇနကောပထမ်) ကျန်သော ၁၈ ပစ္စည်းတို့သည် ဖြစ်လည်းဖြစ်စေတတ် ထောက်လည်း ထောက်ပံ့တတ်သောကြောင့် ဇနကော ပတ္ထမ္ဘက ၁၈ ပစ္စည်းတို့ မည်ကုန်၏။

ကြားညှပ် အထူးမှတ်ရန် ပြီး၏။

## ပစ္စည်းမျိုးခွဲခန်း

**၄၅။ သ–နိ အတ္ထိ၊ အဝိဂတာ၊ ဤလေးဖြာ၊ မဟာသဟဇ။**

သဟဇာတပစ္စည်း၊ သဟဇာတနိဿယပစ္စည်း၊ သဟဇာတတ္ထိပစ္စည်း၊ သဟဇာတအဝိဂတပစ္စည်း၊ ဤ ၄ ပစ္စည်းတို့သည် မဟာသဟဇာတ (သဟဇာတကြီး) ပစ္စည်းတို့ မည်ကုန်၏။

**၄၆။ အည ဝိ သမ်၊ ဝိပ်လေးတန်၊ မဇ္ဈိ သဟဇ။**

အညမညပစ္စည်း၊ ဝိပါကပစ္စည်း၊ သမ္ပယုတ္တပစ္စည်း၊ သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၊ ဤ ၄ ပစ္စည်းတို့သည် မဇ္ဈိမသဟဇာတ (သဟဇာတ မျိုးအလတ်) ပစ္စည်းတို့ မည်ကုန်၏။

**၄၇။ ဟေ–ဓိ–ဟာ–ကမ်၊ ဣန်–မဂ်–ဈာန်၊ မှတ်ရန် ငယ်သဟ။**

http://www.thitsarparamisociety.com/


ဟေတုပစ္စည်း၊ သဟဇာတဓိပတိပစ္စည်း၊ သဟဇာတာဟာရပစ္စည်း၊ သဟဇာတ ကမ္မပစ္စည်း၊ သဟဇာတိန္ဒြိယပစ္စည်း၊ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း၊ ဤ ၇ ပစ္စည်းတို့သည် ၈ူဋ္ဌသဟဇာတ (သဟဇာတမျိုးအငယ်) ပစ္စည်းတို့ မည်ကုန်၏။ ။(၃ ရပ် ပေါင်းလိုက်လျှင် ၁၅ သဟအတိုင်း သဟဇာတ မျိုး ပစ္စည်း ၁၅ ပါး ဖြစ်၏။)

## ၄၈။ သန္ဓိအခါ၊ ကမ္မဇာ၊ နောက်မှာ စိတ္တဇ။

ထို သဟဇာတမျိုး ပစ္စည်းတို့သဘောမှာ နာမ်တရားတို့က ရုပ်အား ပစ္စည်းတပ်ရာ၌ ပဋိသန္ဓေအခါ ကမ္မဇရုပ်အား ပစ္စည်းတပ်ကြ၍ ပဝတ္တိ အခါ၌ စိတ္တဇရုပ်အား ပစ္စည်းတပ်ကြကုန်၏။ ။(ပဝတ္တိကမ္မဇရုပ်တို့မှာ ပဝတ္တိအခါ မိမိတို့ဖြစ်ရန်အတွက် စိတ်စေတသိက်တို့ကိုမငဲ့၊ ဤ အချက် ကို နိရောဓသမာပတ် ဝင်စားနေခိုက် နာမ်တရားတို့ မဖြစ်ပါဘဲလျက် ကမ္မဇရုပ်တို့ ဖြစ်မြဲအတိုင်း ဖြစ်နေကြသည်ကိုထောက်၍ သိရာ၏။ သို့ရ ကား (ဝါ–ပဝတ္တိအခါ ကမ္မဇရုပ်တို့သည် စိတ်၊ စေတသိက်တို့ကို မငဲ့ဘဲ မိမိတို့ ဖြစ်သင့်သည့်အတိုင်း ဖြစ်သောကြောင့်) ပဝတ္တိအခါ ကမ္မဇရုပ်တို့ အား စိတ်၊ စေတသိက်တရားတို့က သဟဇာတမျိုး ပစ္စည်း မတပ်ကြကုန်)

## ၄၉။ ဝတ္ထု (နှင့်) သန်၊ အပြန်ပြန်၊ သုံးတန် သဟဇ။

ဟဒယဝတ္ထုနှင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့ (၃ ချက် စုလာ အတိုင်း) အပြန်ပြန် အလှန်လှန် ကျေးဇူးပြုကြရာ၌ (ထိုက်သည့် အလျောက်) သဟဇာတကြီး၊ သဟဇာတအလတ်၊ သဟဇာတအငယ်၊ ဤ သဟဇာတ ၃ မျိုးပြိုင်၍ ရသည်ဟု ဆိုလိုသည်။ (ဤအချက်ကို ပဋ္ဌာန်းညဝါဆိုသူတို့ ပစ္စည်းပြိုင်ခန်းရောက်မှ ပို၍ကျေနပ်နိုင်သည်။)

## ၅၀။ နှစ်ဆယ့်လေးဖြာ၊ ဥပါဒါ၊ မဟာဘုတ်မှရ။

ဥပါဒါရုပ် ၂၄ ပါးတို့သည် ကလာပ်တူ မဟာဘုတ်တို့မှ သဟဇာတ ကြီး ၄ မျိုး ပစ္စယသတ္တိဖြင့် ကျေးဇူးအပြု ခံရကုန်၏။ (ထိုသို့ကျေးဇူး အပြုခံရသည်ကိုပင် စာပေဝေါဟာရအားဖြင့် "မဟာဘုတ်မှ ပစ္စည်းရ

http://www.thitsarparamisociety.com/



သည်”ဟု ခေါ်ဆိုလေသည်။)

**၅၁။ ဝတ္ထုနှင့်သန်၊ နာမ်–မဟာဘူ၊ ကလာပ်တူ၊ ယှူလေအဉ်မည။**

ပဉ္စဝေါကာရ ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် အချင်းချင်း အညမညပစ္စည်း တပ်ကြကုန်၏။ အညမညပစ္စည်း ပစ္စယုပ္ပန် ဖြစ်ကြကုန်၏။ ။ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါးတို့သည် အချင်းချင်း အညမညပစ္စည်း တပ်ကြကုန်၏။ အညမညပစ္စည်း ပစ္စယုပ္ပန် ဖြစ်ကြကုန်၏။ ကလာပ်တူ မဟာဘုတ်တို့သည် အချင်းချင်း အညမညပစ္စည်း တပ်ကြကုန်၏။ အညမညပစ္စည်း ပစ္စယုပ္ပန် ဖြစ်ကြကုန်၏။ (အညမည ၃ ချက်စုကို ပြန်ကြည့်လေ။)

**၅၂။ မိမိနှင့်မူ၊ အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန် သဟဇ။**

မိမိနှင့်အတူဖြစ်ရန် ကျေးဇူးပြုသော ပစ္စည်းမျိုးကို သဟဇာတမျိုး ပစ္စည်းဟူ၍ ခေါ်၏။ (ထိုသဟဇာတမျိုး ပစ္စည်းတို့သည် ဆိုခဲ့ပြီးသော အတိုင်း ကြီး ၄၊ လတ် ၄၊ ငယ် ၇ အားဖြင့် ၁၅ ပါးတို့ ရှိကုန်၏။)

သဟဇာတမျိုး ပစ္စည်းမှတ်ဖွယ် ပြီး၏။

**၅၃။ ရုပ်အာဟာရံ၊ ဇီဝိတံ၊ မှတ်ရန် တဌာန။**

၂၄–ပစ္စည်းတို့တွင် ရုပ်အာဟာရပစ္စည်းမျိုးကို (၁) ရုပ်အာဟာရ ပစ္စည်း၊ (၂) ရုပ်အာဟာရတ္ထိပစ္စည်း၊ (၃) ရုပ်အာဟာရ အဝိဂတ ပစ္စည်း ဟူ၍ ၃ ပါး ရှိကုန်၏ဟု ရုပ်အာဟာရမျိုး ပစ္စည်း ၃ ပါးကို တစ်စု တစ်ဌာန မှတ်ယူရာ၏။

ထို့အတူ ရူပဇီဝိတိန္ဒြိယမျိုး ပစ္စည်းတို့ကိုလည်း (၁) ရူပဇီဝိတိန္ဒြိယ ပစ္စည်း၊ (၂) ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း၊ (၃) ရူပဇီဝိတိန္ဒြိယ အဝိဂတပစ္စည်း၊ ဤသို့ ရူပဇီဝိတိန္ဒြိပစ္စည်းမျိုး ၃ ပါးတို့ကို တစ်စုတစ်ဌာန မှတ်ယူရာ၏။ (သုံးဖြာဟာရော၊ တယောဣန္ဒြိအတိုင်း)

**၅၄။ ဝတ္ထုပုရေ၊ စုံခြောက်ထွေ၊ မှတ်လေ တစ်ဌာန။**

http://www.thitsarparamisociety.com/


ထိုမှတစ်ပါး (၁) ဝတ္ထုပုရေဇာတ နိဿယပစ္စည်း၊ (၂) ဝတ္ထုပုရေဇာတပစ္စည်း၊ (၃) ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း၊ (၄) ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း၊ (၅) ဝတ္ထုပုရေဇာတတ္ထိပစ္စည်း၊ (၆) ဝတ္ထုပုရေဇာတ အဝိဂတပစ္စည်း။ ဤသို့ ဝတ္ထုပုရေဇာတစ်မျိုး ပစ္စည်း ၆ ပါးတို့ကို တစ်စု တစ်ဌာန မှတ်ယူရ၏။ (၆–တန်ဝတ္ထုအတိုင်း)

## ၅၅။ ပစ္ဆာဇာတေ၊ လေးပါးထွေ၊ မှတ်လေ တစ်ဌာန။

ထိုမှတစ်ပါး (၁) ပစ္ဆာဇာတပစ္စည်း၊ (၂) ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း၊ (၃) ပစ္ဆာဇာတတ္ထိပစ္စည်း၊ (၄) ပစ္ဆာဇာတ အဝိဂတပစ္စည်း၊ ဤသို့ ပစ္ဆာဇာတမျိုး ပစ္စည်း ၄ ပါးတို့ကို တစ်စု တစ်ဌာန မှတ်ယူရာ၏။ (၄ ခု ပစ္ဆာ အတိုင်း)

## ၅၆။ အာရုံပုရေ၊ သုံးပါးထွေ၊ မှတ်လေ တစ်ဌာန။

ထိုမှတစ်ပါး (၁) အာရမ္မဏ ပုရေဇာတ၊ (၂) အာရမ္မဏ ပုရေဇာတတ္ထိ၊ (၃) အာရမ္မဏပုရေဇာတ အဝိဂတ ဟူ၍ အာရမ္မဏ ပုရေဇာတစ်မျိုး ပစ္စည်း ၃ ပါးတို့ကိုလည်း တစ်စုတစ်ဌာန မှတ်ယူရာ၏။ (အာရမ္မဏမျိုး အလတ် ၃ ပါးဟုလည်း ဆိုသင့်၏။)

## ၅၇။ ဝတ်အာပုရေ၊ ငါးခုထွေ၊ မှတ်လေ တစ်ဌာန။

ထိုမှတစ်ပါး (၁) ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ၊ (၂) ဝတ္ထာရမ္မဏ ပုရေဇာတ၊ (၃) ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ၊ (၄) ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ၊ (၅) ဝတ္ထာရမ္မဏ ပုရေဇာတ အဝိဂတဟူ၍ ဝတ္ထာရမ္မဏ ပုရေဇာတစ်မျိုး ပစ္စည်း ၅ ပါးတို့ကိုလည်း တစ်စုတစ်ဌာန မှတ်ယူရာ၏။

## ၅၈။ အနန္တရေ၊ ခြောက်ပါးထွေ၊ မှတ်လေ တစ်ဌာန။

ထိုမှတစ်ပါး (၁) အနန္တရ၊ (၂) သမနန္တရ၊ (၃) အနန္တရူပနိဿယ၊ (၄) အာသေဝန၊ (၅) နတ္ထိ၊ (၆) ဝိဂတ ဟူ၍ အနန္တရမျိုးပစ္စည်း ၆ ပါးတို့ကိုလည်း တစ်စုတစ်ဌာန မှတ်ယူရာ၏။ (မဂ္ဂါနန္တရ ဖိုလ်လေးခုအား

http://www.thitsarparamisociety.com/


တပ်သော မဂ်လေးခု စေတနာကို အသီးအခြား ပြဆိုလတ္တံ့ဖြစ်သည်။)

**၅၉။ ရုပ်ကမ္မဇ်၊ ဝိပါက်နမ်တို့၊ ဖြစ်ရန်နာနာ – ခဏိကာ၊ နှစ်ဖြာ ပစ္စယ။**

ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်အား တပ်သော အတိတ်ဖြစ်သော ကုသိုလ်+အကုသိုလ် စေတနာ ၃၃ ပါး တည်းဟူသော နာနာက္ခဏိက ကမ္မပစ္စည်းကို ဗလဝ နာနာက္ခဏိက ကမ္မ၊ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မဟု ၂ မျိုးခွဲယူ မှတ်သားရာ၏။ (ထိုတွင် ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာအား တပ်သော ဗလဝ နာနာက္ခဏိက ကမ္မသည် ပကတူပနိဿယမျိုး၌ ဝင်၏။ ကဋတ္တာရုပ်အား တပ်သော ဗလဝ+ဒုဗ္ဗလ နာနာက္ခဏိကကမ္မ (နှင့်) ကာမဝိပါက်အား တပ်သော ဒုဗ္ဗလ နာနာက္ခဏိက ကမ္မတို့ကား မည်သည့်အမျိုးနှင့် တွဲစပ်၍မရသော တစ်ကောင်ကြွက် ကမ္မပစ္စည်းတည်း။)

**၆၀။ လေးခုမဂ်မှာ၊ စေတနာ၊ ခြောက်ဖြာပစ္စယ။**

မဂ္ဂါနန္တရဖိုလ်လေးခုအား တပ်သော မဂ်လေးခု စေတနာဟု ဆိုအပ်သော နာနာက္ခဏိကကမ္မ ပစ္စည်းတရားတို့သည် အနန္တရ၊ သမနန္တရ၊ အနန္တရူ (နှင့်) ပကတူပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤပစ္စည်းတပ်ကုန်၏။ (မဂ္ဂါနန္တရဖိုလ်မှတစ်ပါးသော မိမိတို့၏ဖိုလ်အား မဂ်လေးခု စေတနာတို့သည် ပကတူပနိဿယ (နှင့်) နာနာက္ခဏိကကမ္မ ၂–ပစ္စည်းသာ တပ်ကုန်၏။

**၆၁။ ဆိုပြီးကြွင်းကျန်၊ အာရမ္မဏ်၊ သုံးတန် ပစ္စည်းမျိုး။**

ဆိုပြီးသည်မှကြွင်းသော အာရမ္မဏမျိုး ပစ္စည်း (ကြီး) တို့ကား (၁) အာရမ္မဏ၊ (၂) အာရမ္မဏာဓိပတိ၊ (၃) အာရမ္မဏူပနိဿယဟူ၍ ၃ ပါးတို့ ဖြစ်ကုန်၏။ (ဤ၌ ဆိုခဲ့ပြီးသော အာရမ္မဏ ပုရေဇာတမျိုး ၃ ပစ္စည်းတို့ကို အာရမ္မဏ အလတ်ဟူ၍ ခေါ်သင့်၏။ ဆိုပြီးသော ဝတ္ထာရမ္မဏမျိုး ၅ ပစ္စည်းတို့ကို အာရမ္မဏ အငယ်ဟူ၍ ခေါ်သင့်၏။ ယခု အာရမ္မဏ၊

http://www.thitsarparamisociety.com/


အာရမ္မဏ ဓိပတိ၊ အာရမ္မဏူပနိဿယ ၃ ပစ္စည်းတို့ကိုကား အာရမ္မဏ ကြီး ၃ ပစ္စည်းဟူ၍ ခေါ်ဆိုသင့်၏။)

**၆၂။ ရှစ်လောဘမု၊ မဟာကု၊ လေးခု ဉာဏ်ကြိယာ။**

**၆၃။ လောကုတ်ရှစ်ခု၊ ဤစိတ်စု၊ ဂရုပြုတတ်စွာ။**

ထိုအာရမ္မဏကြီး ၃ ပစ္စည်းတို့တွင် အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပ နိဿယပစ္စည်းတို့၌ အလေးအမြတ် ပြုတတ်သော ပစ္စယုပ္ပန် စိတ်တို့ကား လောဘမူစိတ် ၈ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ဤစိတ်တို့တည်း။

**၆၄။ ပကတူတုံ၊ အကြွင်းပုံ၊ လုံးစုံ နာမ်အားသာ။**

ပကတူပ နိဿယ ပစ္စည်းကား အလုံးစုံသော စိတ်၊ စေတသိက် နာမ်တရားတို့အား တပ်သော ဗလဝဖြစ်သော စိတ်+စေ+ရုပ်+အချို့သော ပညတ်တရားတို့တည်း။

ပစ္စည်းမျိုး ခွဲခန်း ပြီး၏။

## ၆–ရောသီ ဝေဖန်ခန်း

**၆၅။ နာမ်လျှင် နာမ်အား၊ ခြောက်မျိုးပြား၊ ငါးပါးနာမ်ရုပ်ငှာ။**

၂၄–ပစ္စည်းတို့တွင် –

(က) နာမ်ပစ္စည်းတရားသည် နာမ် ပစ္စယုပ္ပန်တရားအား အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ၊ ဤ ၆ မျိုး အပြားဖြင့် ကျေးဇူးပြု၏။ (ပစ္စည်းကလည်း နာမ်၊ ပစ္စယု ပ္ပန်ကလည်း နာမ်ဖြစ်သော ပစ္စည်း ၆ မျိုးဟု ဆိုလို၏။)

(ခ) နာမ်ပစ္စည်းတရားသည် နာမ်ရုပ် ပစ္စယုပ္ပန်တရားအား ဟေတု၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂ၊ ဤ ၅ မျိုး အပြားဖြင့် ကျေးဇူးပြု၏။ (ပစ္စည်းက နာမ်၊ ပစ္စယုပ္ပန်က နာမ်ရုပ်ဖြစ်သော ပစ္စည်း ၅ မျိုးဟု ဆိုလိုသည်။)

http://www.thitsarparamisociety.com/



### ၆၆။ နာမ်လျှင်ရုပ်အား၊ မျိုးတစ်ပါး၊ နာမ်အား ရုပ်ကော။

(ဂ) နာမ်ပစ္စည်းတရားက ရုပ်ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုတတ်သော ပစ္စည်းမျိုးကား ပစ္ဆာဇာတပစ္စည်း ၁ ပါးသာတည်း။

(ဃ) ရုပ်ပစ္စည်းတရားက နာမ် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုတတ်သော ပစ္စည်းမျိုးကား ပုရေဇာတပစ္စည်း ၁ ပါးသာတည်း။

### ၆၇။ ပညတ်နာမ်ရုပ်၊ နာမ်အားဒုတ်၊ ဒုက်+ဒုက်ကိုးမျိုးသာ။

(င) ပညတ်၊ နာမ်၊ ရုပ် ပစ္စည်းတရားတို့က နာမ်ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုတတ်သော ပစ္စည်းမျိုးကား (၁) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယပစ္စည်း၊ ဤပစ္စည်း ၂ ပါးတို့တည်း။

(စ) နာမ်ရုပ် ၂ ပါး ပစ္စည်းတရားက နာမ်ရုပ် ၂ ပါး ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုတတ်သော ပစ္စည်းမျိုးကား (၁) အဓိပတိ၊ (၂) သဟဇာတ၊ (၃) အညမည၊ (၄) နိဿယ၊ (၅) အာဟာရ၊ (၆) ဣန္ဒြိယ၊ (၇) ဝိပ္ပယုတ္တ၊ (၈) အတ္ထိ၊ (၉) အဝိဂတ၊ ဤပစ္စည်း ၉ ပါးတို့တည်း။

၆–ရာသီဝေဖန်ခန်း ပြီး၏။

## ၄–ပစ္စည်းဖြင့် ပစ္စည်းအားလုံး သိမ်းကျုံးပုံ

### ၆၈။ အာ–ဥ–ကံ–အတ်၊ လေးရပ်ဤတွင်၊ အကုန်ဝင်၊ ကုန်စင်ခွဲစိတ်ဖြာ။

အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ၊ ဤ ၄ ပစ္စည်းတို့၌ ပစ္စည်းအားလုံးတို့သည် ထိုက်သည်အားလျော်စွာ ပေါင်းစု ဝင်ကြကုန်၏။ ဝင်ပုံမှာ –

(၁) အာရမ္မဏမျိုး ၈ ပစ္စည်း (တစ်နည်း ၁၁ ပစ္စည်း) တို့သည် အာရမ္မဏ ပစ္စည်း၌ ဝင်ကြကုန်၏။ (၂) အနန္တရမျိုး ၆ ပစ္စည်း (တစ်နည်း ၇ ပစ္စည်း) တို့သည် အနန္တရူပနိဿယ၌ ပေါင်းစုပါဝင်၍ ပကတူပမျိုး

http://www.thitsarparamisociety.com/


၂ ပစ္စည်းတို့သည် ပကကျွပနိဿယ၌ ပေါင်းစုဝင်ကြကုန်၏။ ။ (၃) တစ်ကောင်ကြွက် နာနာက္ခဏိက ကမ္မသည် ကမ္မပစ္စည်း၌ ဝင်၏။ (၄) သဟဇာတမျိုး ၁၅ ပစ္စည်းတို့သည် သဟဇာတတ္ထိ၌ ဝင်ကုန်၏။ ဝတ္ထုမျိုး ၆ ပစ္စည်းတို့သည် ဝတ္ထုပုရေဇာတတ္ထိ၌ ဝင်ကုန်၏။ ပစ္ဆာဇာတမျိုး ၄ ပစ္စည်းတို့သည် ပစ္ဆာဇာတတ္ထိ၌ ဝင်ကုန်၏။ ရုပ်အာဟာရမျိုး ၃ ပစ္စည်းတို့သည် ရူပဇီဝိတိန္ဒြိယတ္ထိတို့၌ ဝင်ကုန်၏။

ပစ္စည်းခန်း ပြီး၏။

## ပညတ်ခန်း

### ၆၉။ နက်–နာမ်ပညတ်၊ နှစ်ပါးမှတ်၊ ခေါ်အပ်ခေါ်ကြောင်းသိ။

ဆိုခဲ့ပြီးသော ၂၄–ပစ္စည်းတပ်သည့် ပစ္စည်းတရားတို့ကို ခြုံ၍ကြည့်လျှင် (၁) စိတ်၊ စေတသိက်၊ နိဗ္ဗာန် ဟူသော နာမ်တရားတစ်မျိုး၊ (၂) ရုပ် ၂၈ ပါးဟူသော ရုပ်တရားတစ်မျိုး၊ (၃) ပညတ်တရားတစ်မျိုး၊ ဤသို့ တရား ၃ မျိုး အချုပ်ဖြစ်လေသည်။ ထို ၃ မျိုးတို့တွင် နာမ်တရား ရုပ်တရား ၂ ပါး အကျယ်ကို အောက်အပိုင်းတို့က ပြဆိုခဲ့ပြီး ဖြစ်၍ ဤယခု ပစ္စည်းပိုင်းအဆုံး၌ ပညတ်တရားကို ဝေဖန်ပြလို၍ ဤလင်္ကာကို စတင်မိန့်ဆိုတော်မူ၏။

တရားသဘောကို အကျဉ်းချုပ်ကြည့်လျှင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရား၊ ထိုမှကြွင်းသော ပညတ်တရားဟူ၍ ၂ မျိုးရှိလေရာ ပညတ်တရားသည် –

၁။ အနက်သဘောတည်းဟူသော အတ္ထပညတ် (အတ္ထပညတ္တိ)

၂။ သဒ္ဒါသဘောတည်းဟူသော နာမပညတ် (နာမပညတ္တိ)

တစ်နည်း သဒ္ဒပညတ် (သဒ္ဒပညတ္တိ)အားဖြင့် ၂ ပါး ပြားပြန်၏။ ထို ၂ ပါးတို့တွင် –

(၁) အနက်သဘောဖြစ်သော ဝတ္ထုသည် ဆိုင်ရာ နာမပညတ်ဖြင့် သိစေအပ် ခေါ်ဝေါ်အပ်သောကြောင့် (ပညပီယတီတိ ပညတ္တိ) ဟူသော

http://www.thitsarparamisociety.com/



ကမ္မသာခနေ ဝိဂ္ဂိုဟ်အရ ပညတ်မည်လေသည်။ (၂) ထိုအနက်ဝတ္ထုကို သိကြောင်း ခေါ်ကြောင်းဖြစ်သော နာမပညတ် (မူလဋီကာအလို ဝိညတ်နှင့်တကွ နှုတ်မြွက်သောအသံ) သည် (ပညပေတီတိ ပညတ္တိ) ဟူသော ဟေတုကတ္တုသာခနေ ဝိဂ္ဂိုဟ်အရ ပညတ်မည်လေသည်။

၁။ ခေါ်ဆိုသိစေအပ်သော အနက်သဘောကား အတ္ထပညတ်။

၂။ ခေါ်ကြောင်း သိကြောင်း သဒ္ဒါသဘောကား နာမပညတ်။

ဤသို့ အကျဉ်းချုပ် မှတ်ရာ၏။

ဝီထိသဘောဖြင့် ပြောရလျှင် အတ္ထဂ္ဂဟဏ အနုဗန္ဓက ဝီထိ၏ အာရုံသည် အတ္ထပညတ်မည်၏။ နာမဂ္ဂဟဏ ဝီထိ၏ အာရုံသည် နာမပညတ်မည်၏ဟု အကျဉ်းချုပ် မှတ်ရာ၏။

**၇၀။ တစ္ဆု–ပါဒါန်၊ သမူဟံ၊ သဏ္ဌာန်+သန္တတိ။**

**၇၁။ ကာလံ–အဒ္ဓံ၊ အာကာသံ၊ ဒိသံ+ဒေသာဒိ။**

ထိုပညတ် ၂ ပါးတို့တွင် အတ္ထပညတ်သည် (၁) တစ္ဆာပညတ်၊ (၂) ဥပါဒါပညတ်၊ (၃) သမူဟပညတ်၊ (၄) သဏ္ဌာနပညတ်၊ (၅) သန္တတိပညတ်၊ (၆) ကာလပညတ်၊ (၇) အဒ္ဓါပညတ်၊ (၈) အာကာသပညတ်၊ (၉) ဒိသာပညတ်၊ (၁၀) ဒေသပညတ် စသည်ဖြင့် များလှစွာ၏။ ထိုပညတ်များစွာတို့တွင် –

(၁) တစ္ဆာပညတ်။ ။ ပရမတ္ထတရားတို့ကို သိစေတတ်စေသော ပထဝီ၊ အာပေါစသော သဒ္ဒပညတ်၊ ဖဿ၊ ဝေဒနာ စသော သဒ္ဒါသဘောရှိသော ပညတ်တို့ ရှိကြသည်။ ထို သဒ္ဒပညတ်တို့ဖြင့် သိရသော သိအပ်သော အနက်သဘောဖြစ်သည့် ခက်မာမှု၊ ယိုစီးမှု စသော သဘောများ၊ တွေ့ထိမှု၊ ခံစားမှုစသော သဘောများ ရှိကြသည်။ ထိုသဘောတို့ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘောများတည်း။ ထိုသို့ သိရသော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်သဘောစုသည် တစ္ဆာပညတ်မည်၏။

http://www.thitsarparamisociety.com/


(၂) ဥပါဒါပညတ်။ ။ပရမတ္ထခန္ဓာတို့ကို အစွဲပြု၍ ခေါ်ဆိုပညတ်သမုတ်အပ်သော ပုဂ္ဂိုလ်၊ သတ္တဝါ စသော ပညတ်များသည် ဥပါဒါပညတ်မည်၏။

(၃) သမူဟပညတ်။ ။မြေကြီး၊ တောင် စသည်၌ ပထဝီမဟာဘုတ်လွန်ကဲစွာဖြစ်သည်။ မြစ်၊ ချောင်း၊ သမုဒ္ဒရာ စသည်တို့၌ အာပေါမဟာဘုတ် လွန်ကဲစွာ ဖြစ်သည်။ မီး၊ နေပူ စသည်၌ တေဇောမဟာဘုတ် လွန်ကဲစွာ ဖြစ်သည်။ လေမုန်တိုင်း စသည်၌ ဝါယောမဟာဘုတ် လွန်ကဲစွာ ဖြစ်သည်။ ဤကဲ့သို့ ပထဝီမဟာဘုတ် လွန်ကဲစွာ ဖြစ်သော အခြင်းအရာ၊ ဖြစ်ပုံခြင်းအရာထူး၊ အာပေါမဟာဘုတ် လွန်ကဲစွာ ဖြစ်သော အခြင်းအရာ၊ ဖြစ်ပုံခြင်းအရာထူး စသည်ကို အစွဲပြု၍ စိတ်ဖြင့် ရှေးဦးစွာ မှတ်ယူပြီးမှ ဤကား မြေတည်း၊ ဤကား တောင်တည်း၊ ဤကား မြစ်တည်း၊ ဤကား ချောင်းတည်း၊ ဤကား သမုဒ္ဒရာတည်း၊ ဤကား မီးတည်း၊ ဤကား လေတည်း စသည်ဖြင့် လူအပေါင်းတို့ ခေါ်ဆိုပညတ်သမုတ်အပ်သော ထိုထိုလွန်ကဲသော အခြင်းအရာဖြင့် ဖြစ်သော ရုပ်အပေါင်းတည်းဟူသော မြေကြီး၊ တောင်၊ မြစ်၊ ချောင်း၊ သမုဒ္ဒရာစသော အနက်သဘောရှိသော ပညတ်သည် သမူဟပညတ်မည်၏။ ဋီကာကျော်ဆရာအလို၊ ဤမြေကြီး၊ တောင် စသည်ကို သမူဟပညတ်မဆို၊ သဏ္ဌာနပညတ်ဟု ဆို၏။ လယ်တီဆရာတော်က ထိုအဆိုကို ပယ်ထား၏)။ ။အချုပ်အားဖြင့် ထိုထိုလွန်ကဲသော မဟာဘုတ်တို့ စိုးအုပ် ဖြစ်ပွားသည့် ရုပ်အပေါင်းကို အစွဲပြု၍ လူအများ ပညတ်အပ်သော မြေကြီး၊ တောင်၊ သမုဒ္ဒရာ စသော ပညတ် (အပေါင်းကိုစွဲ၍ ပညတ်အပ်သမျှ) သည် သမူဟပညတ်မည်၏။

(၄) သဏ္ဌာနပညတ်။ ။အိမ်၊ ကျောင်း၊ ဇရပ် စသည်တို့၏ အဆောက်အဦ အင်္ဂါအစိတ်အပိုင်းဖြစ်သော တိုင်၊ ထုပ်၊ သျှောက်၊ အမိုး၊ အကာ၊ ကျည်းခွေစသော ပစ္စည်းတို့ကို တစ်ခုစီ ခေါ်ဆိုအပ်သည့်တိုင်

http://www.thitsarparamisociety.com/


စသော ပညတ်သည် သမူဟပညတ်ဖြစ်၏။ ထို သမူဟ ပညတ်မျိုး ဖြစ်သည့် တိုင် စသော အဆောက်အဦ အင်္ဂါအစိတ်အပိုင်းတို့ သူ့နေရာ၌ သူ နေရာတကျ ပေါင်းစု၍ တည်မိကြသောအခါ အိမ်ဟူသော ပညတ်၊ ကျောင်းဟူသော ပညတ်၊ ဇရပ်ဟူသော ပညတ် စသည်တို့ ဖြစ်လာကုန်၏။ သို့ရကား သမူဟပညတ်မျိုးဖြစ်သည့် တိုင်၊ တုပ်၊ လျော်က် စသော အဆောက်အဦတို့ သူ့နေရာနှင့်သူ တည်မိကြ၍ လူတို့ ခေါ်ဆို ပညတ် သမုတ်အပ်သော အိမ်၊ ကျောင်း၊ ဇရပ် စသော အနက် သဘောပညတ်သည် သဏ္ဌာနပညတ်မည်၏။ (အချုပ်မှာ သမူဟပညတ် တို့ သူ့နေရာနှင့်သူ နေရာတကျ ပေါင်းစုတည်နေကြသဖြင့် အသစ်ခေါ်ဆို သမုတ်အပ်သော အိမ်၊ ကျောင်း၊ လှည်း၊ ရထားစသော ပညတ်မျိုးသည် သဏ္ဌာန ပညတ် မည်၏။)

(၅) သန္တတိပညတ်။ ။ရုပ်နာမ်တရားတို့ အဆက်မပြတ် ဖြစ်ပွားနေမှုကို ပါဠိလို (သန္တတိ) မြန်မာလို (အစဉ်)ဟု ခေါ်၏။ ထိုသို့ အဆက်မပြတ် ဖြစ်ပွားနေမှုကို အစွဲပြု၍ အာပေါဓာတ်လွန်ကဲသော အဋ္ဌကလာပ်ရုပ်တို့ မိမိမျက်မှောက်၌ အဆက်မပြတ် ဖြစ်ပွားနေမှုကို အစွဲပြု၍ ခေါ်ဆို ပညတ် သမုတ်အပ်သော (ရေအလျင်) ဟူသော ပညတ်မျိုး၊ တေဇောဓာတ် လွန်ကဲသော အဋ္ဌကလာပ်ရုပ်တို့ အဆက်မပြတ် ဖြစ်ပွားနေမှုကို အစွဲပြု၍ ခေါ်ဆိုပညတ် သမုတ်အပ်သော (မီးတောက်မီးလျှံ)ဟူသော ပညတ်မျိုး စသည်ကို သန္တတိပညတ် ခေါ်၏။

(၆) ကာလပညတ်။ ။ လ နေတို့၏ မြင်းမိုရ်တောင်ကို လှည့်လည်နေကြမှု စသည်ကို စိတ်ဖြင့် အပိုင်းပိုင်းပြု၍ ခေါ်ဆိုပညတ် သမုတ်အပ်သော နံနက်အခါ၊ နေ့လယ်အခါ၊ ညနေအခါ၊ ညဉ့်ဦးယံအခါ၊ သန်းခေါင်ယံအခါ၊ မိုးသောက်ယံအခါ စသော အချိန်အခါ ပညတ်စုသည် ကာလပညတ်မည်၏။

(၇) အဒ္ဓါပညတ်။ ။ခရီးအတွန့်ကို ခေါ်ဆိုပညတ် သမုတ်အပ်သော ဖာလံ၊ မိုင် စသည် တာ၊ ဥသဘ၊ ကောသ၊ ဂါဝုတ်၊ ယူဇနာ၊ တိုင်

http://www.thitsarparamisociety.com/



စသော ပညတ်သည် အဒ္ဓါပညတ်မည်၏။

(၈) အာကာသပညတ်။ ။တွေ့ထိ၍မရကောင်းသော ဟင်းလင်းကို အာကာသခေါ်၏။ ထိုအာကာသ တည်နေပုံကို အစွဲပြု၍ ခေါ်ဆိုပညတ် သမုတ်အပ်သော လိုဏ်၊ ဂူ စသည် ဝင်ပေါက်၊ ပြတင်းပေါက်စသည် အာကာသကိုစွဲ၍ သမုတ်အပ်သမျှသည် အာကာသပညတ်မည်၏။

(၉) ဒိသာပညတ်။ ။အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ် ဟူသော ပညတ်များသည် ဒိသာပညတ်မည်၏။ (တူရူ အရပ်၊ ဖီလာအရပ် စသည်လည်း ဒိသာပညတ်ပင်။)

(၁၀) ဒေသပညတ်။ ။အောက်အရပ်၊ အထက်အရပ် စသည်သည် ဒေသပညတ်မည်၏။ (ဤသို့ စသည်ဖြင့် အတ္ထပညတ်ကား များလှစွာ၏)။

အတ္ထပညတ်ခန်းပြီး၏

## နာမပညတ် (သဒ္ဒပညတ်)

### ၇၂။ အဝိဇ္ဇမာန်၊ ဝိဇ္ဇမာန်၊ နာမ်ဌာ နှစ်ပါးသိ။

### ၇၃။ ပုဒ်ချင်းတဖန်၊ တွဲယှက်ပြန်၊ နာမ်ဌာခြောက်ပါးရှိ။

နာမပညတ် (သဒ္ဒါသဘောရှိသော ပညတ်) သည် (၁) ပရမတ္ထ အားဖြင့် ထင်ရှားရှိသောအနက်ကို သိစေတတ်သော (နာမ၊ ရူပ၊ ဖဿ၊ ဝေဒနာ၊ ပထဝီ၊ အာပေါ စသော သဒ္ဒါမျိုး) တည်းဟူသော ဝိဇ္ဇမာန ပညတ်၊ (၂) ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို သိစေတတ် သော (ပုဂ္ဂလ၊ သတ္တ၊ ပုရိသ၊ ဣတ္ထိ စသော သဒ္ဒါမျိုး) တည်းဟူသော အဝိဇ္ဇမာနပညတ်ဟူ၍ မူလ ၂ ပါးရှိ၏။

ထို ၂ ပုဒ် (မူလ ၂ ပုဒ်) တို့ကို ဖြစ်သင့်သလို တွဲယှက်၍–

(၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (ပညဝါ–ပညာရှိသောလူ၊ သဒ္ဓေါ –သဒ္ဓါတရားကြီးမားသောလူ၊ တေဝိဇ္ဇော–ဝိဇ္ဇာသုံးပါးရှိသော ရဟန်း စသော သဒ္ဒါမျိုးတို့ကဲ့သို့) ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဖြင့်

http://www.thitsarparamisociety.com/



ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို သိစေတတ်သော နာမပညတ်။

(၄) အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်–ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကို သိစေတတ်သော (ဣတ္ထိသဒ္ဒေါ မိန်းမသံ၊ ပုရိသရူပံ–ယောကျ်ားအဆင်း စသော သဒ္ဒါမျိုး) ပညတ်။

(၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်–ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ကို သိစေတတ်သော (စက္ခုဝိညာဏံ–မျက်စိ၌မှီသော အသိစိတ် စသော သဒ္ဒါမျိုး) ပညတ်။

(၆) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်–ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကိုပင် သိစေတတ်သော (ရာဇပုတ္တော–မင်းသား စသော သဒ္ဒါမျိုး) ပညတ်။

ဤသို့လျှင် သဒ္ဒါမျိုးဖြစ်သော နာမပညတ်သည် ၆ မျိုးရှိ၏။

နာမပညတ်ခန်း ပြီး၏။

**၇၄။ အတ္ထ–နာမံ၊ ဂဟဏံ၊ ဝဒန် စဉ်တိုင်းသိ။**

**၇၅။ နာမံ–အတ္ထံ၊ ဂဟဏံ၊ သုဏန် စဉ်တိုင်းသိ။**

ဝီထိပိုင်းကို ပြန်၍စဉ်းစားပါ။ နာမဂ္ဂဟဏဝီထိ၊ အတ္ထဂ္ဂဟဏဝီထိ ဟူ၍သိလာလိမ့်မည်။ (နာမဂ္ဂဟဏဝီထိ၏ အာရုံသည် နာမပညတ်ဖြစ်သည်၊ အတ္ထဂ္ဂဟဏဝီထိ၏ အာရုံသည် ယခု ပစ္စည်းပိုင်း၌ အတ္ထပညတ်ဖြစ်သည်။) ထိုနှစ်ပါးတို့တွင် –

ပြောဆိုသော ဝဒန္တပုဂ္ဂိုလ်သန္တာန်၌ အတ္ထဂ္ဂဟဏဝီထိက အလျင်ဖြစ်ပြီးမှ ၎င်းနောက် နာမဂ္ဂဟဏဝီထိ ဖြစ်သည်။ နားထောင်သူ သုဏန္တပုဂ္ဂိုလ်သန္တာန်၌ကား နာမဂ္ဂဟဏဝီထိ အလျင်ဖြစ်ပြီးနောက်မှ အတ္ထဂ္ဂဟဏဝီထိ ဖြစ်သည်။

**၇၆။ ဝိညတ်–အလို၊ နှစ်ပါးကို၊ ထိုနှင့်ဆိုင်ရာထည့်။**

http://www.thitsarparamisociety.com/


ထိုမှတစ်ပါး အထူးအားဖြင့် လက်ယပ်၍ခေါ်သောအရာ၊ အသံပေး၍ ခေါ်သောအရာများ၌ (၁) လှုပ်ရှားသောကိုယ်၌ပါသော ပစ္စုပ္ပန်ရုပ်ရုံကို အာရုံပြု၍ မြင်သော စက္ခုဒွါရဝီထိ၊ (၂) ၎င်းနောက် ချုပ်လေပြီးသော အတိတ်ရုပ်ရုံကို အာရုံပြုသော အတီတဂ္ဂဟဏ အနုဗန္ဓကဝီထိ၊ (၃) ၎င်းနောက် ရုပ်ရုံအပေါင်း သမူဟကို စုလျက် ပေါင်းလျက် အာရုံပြုသော သမူဟဂ္ဂဟဏ အနုဗန္ဓကဝီထိ၊ (၄) ၎င်းနောက် ကာယဝိညတ်ကို သိသော ဝိညတ္တိဂ္ဂဟဏ အနုဗန္ဓကဝီထိ၊ (၅) ၎င်းနောက်မှ ဝိညတ်ရှင်၏ (မိမိထံသို့ လာစေလိုသောအလို) အဓိပ္ပာယ်ကို သိသောအာရုံပြုသော အဓိပ္ပာယဂ္ဂဟဏ အနုဗန္ဓကဝီထိတို့ အစဉ်အတိုင်း ဖြစ်ကြသည်။ အသံပေး၍ ခေါ်သောအရာ၌လည်း (၁) သောတဒွါရဝီထိ၊ (၂) အတီတဂ္ဂဟဏ အနုဗန္ဓကဝီထိ၊ (၃) သမူဟဂ္ဂဟဏ အနုဗန္ဓကဝီထိ၊ (၄) ဝစီဝိညတ္တိဂ္ဂဟဏ အနုဗန္ဓကဝီထိ၊ (၅) အဓိပ္ပာယဂ္ဂဟဏဝီထိတို့ အစဉ်အတိုင်း ဖြစ်ကြသည်ကို သိရာ၏။

## သစ္စာ ၂ ပါး ခွဲနည်း

**၇၇။ စိတ်–စေတသိက်၊ ရုပ်–နိဗ် လေးရပ်၊ ပရမတ်သစ္စာ၊ ပညတ်မှာ၊ သစ္စာသမ္မုတိ။**

မှန်ကန်မှုသဘော သစ္စာသည် ပရမတ္ထသစ္စာ၊ သမ္မုတိသစ္စာ ဟူ၍ ၂ ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် –

(၁) စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ္ထတရားတို့၏ မိမိတို့၏ မှန်ကန်မှုသဘောကို ပရမတ္ထသစ္စာခေါ်၏။ (၂) ပညတ်တရားတို့၏ မိမိပညတ်နယ်၌ မှန်ကန်မှု သဘောသည် သမ္မုတိသစ္စာမည်၏။ ဤသို့လည်း သစ္စာ ၂ ပါးကို သိလေဦးဟု ဆိုလိုသည်။

**၇၈။ ပိုဒ်ပေါင်းရှစ်ဆယ်၊ လက်ာခြယ်၊ ဤဝယ် ပစ္စည်းပြီး။**

ပစ္စည်းပိုင်း ပြီး၏။

http://www.thitsarparamisociety.com/



## ၉–ကမ္မဋ္ဌာန်းပိုင်း
## (၁) သီလဝိသုဒ္ဓိ

**၁။ အဓိသီလ။ စိတ္တ–ပညာ၊ သာသနာ၊ သိက္ခာသုံးပါးမှတ်။**

(၁) အဓိသီလသာသနာ၊ (၂) အဓိစိတ္တသာသနာ၊ (၃) အဓိပညာသာသနာဟူ၍ (ဘုရားရှင်၏အဆုံးအမ) သာသနာသည် သုံးပါးရှိ၏။ သိက္ခာအနေဖြင့် ပြောရလျှင် (၁) အဓိသီလသိက္ခာ၊ (၂) အဓိစိတ္တသိက္ခာ၊ (၃) အဓိပညာသိက္ခာဟူ၍ (သာဝကတို့ လိုက်နာကျင့်သုံးရမည့် အလုပ်ကိစ္စ) သိက္ခာသည် သုံးပါးရှိ၏။

**၂။ အာဒိဗြဟ္မ၊ စရိယနှင့်၊ ထိုမှတစ်၊ အာဘိသမာစာရိက၊ ဤနှစ်ဝ၊ သီလသာသနာ။**

ထိုသာသနာ ၃ ပါး၊ သိက္ခာ ၃ ပါးတို့တွင် (၁) အဓိသီလ သာသနာ အဓိသီလ သိက္ခာသည် (က) အာဒိဗြဟ္မစရိယကသီလ၊ (ခ) အာဘိသမာစာရိက သီလ ဟူ၍ ၂ ပါးရှိ၏။ (က) အာဒိဗြဟ္မစရိယက သီလဆိုသည်မှာ မဂ်တည်းဟူသော မြတ်သောအကျင့်၏ အစပိုင်း ရှေ့ပိုင်းသီလဟု ဆိုလိုသည်။ (ခ) အာဘိသမာစာရိက သီလဆိုသည်မှာ ထိုအာဒိဗြဟ္မစရိယသီလ၏အပေါ်မှာ တိုး၍ကျင့်ရသော အမွမ်းတင်သီလဟု ဆိုလိုသည်။

**၃။ အာဇီဝဋ္ဌ၊ အကျဉ်းပြ၊ ဗြဟ္မအာဒိသာ။**

ထိုသီလ ၂ ပါးတို့တွင် အာဒိဗြဟ္မစရိယကသီလ ဟူသည်မှာ အကျဉ်းချုပ်အားဖြင့် အာဇီဝဋ္ဌမက သီလကို ခေါ်ဆို၏။ ထိုအာဒိဗြဟ္မစရိယက သီလကို အကျယ်အားဖြင့် မှတ်သားလျှင် ရဟန်းသာမဏေများအတွက် ရှောင်ရန်+ကျင့်ရန် ဟောကြားထားသော ဝါရိတ္တသီလသိက္ခာပုဒ်များ၊ စာရိတ္တသီလ သိက္ခာပုဒ်များပင်ဖြစ်၏။ (ဝိနည်း ၅ ကျမ်းလာ ကုဋ္ဌေကိုးထောင်ကျော် သိက္ခာပဒသီလစုတည်း။)

http://www.thitsarparamisociety.com/


**၄။ ကာယသုံးလီ၊ လေးဝစီ၊ အာဇီ ရှစ်သမ္မာ။**

အာဇီဝဋ္ဌမကသီလ (အာဇီဝလျှင် ၈ ခုမြောက်ရှိသောသီလ)ဟူသည်မှာ

၁။ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း (ပါဏာတိပါတာ ဝေရမဏီ)

၂။ အဒိန္နာဒါန်မှ ရှောင်ကြဉ်ခြင်း (အဒိန္နာဒါန ဝေရမဏီ)

၃။ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း (ကာမေသု မိစ္ဆာစာရာ ဝေရမဏီ)

၄။ မုသာဝါဒမှ ရှောင်ကြဉ်ခြင်း (မုသာဝါဒါ ဝေရမဏီ)

၅။ ပိသုဏာဝါစာမှ ရှောင်ကြဉ်ခြင်း (ပိသုဏာယဝါစာယဝေရမဏီ)

၆။ ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း (ဖရုသာယ ဝါစာယ ဝေရမဏီ)

၇။ သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း (သမ္ဖပ္ပလာပါ ဝေရမဏီ)

၈။ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်း (မိစ္ဆာအာဇီဝါ ဝေရမဏီ)

ဤ ၈ ပါးတို့ပင်တည်း။

**၅။ ကျင့်ဝတ်မှုတင်၊ အမွှမ်းတင်၊ ဖြူစင် ဘိသမာ။**

အာဘိသမာစရိက သီလဟူသည်မှာ ထို အာဒိဗြဟ္မစရိယကသီလ၏ အမွှမ်းတင် အဆင်တန်ဆာသဖွယ်ဖြစ်သော ဝတ်ကြီးဝတ်ငယ်များ၊ မှုတင် ၁၃ ပါး အကျင့်များကို ခေါ်ဆို၏။

**၆။ ပါတိမောက္ခ၊ သံဝရနှင့်၊ ဇီဝပါရိ၊ သုဒ္ဓိတလုစ်၊ ပစ္စယ သန်၊ နိဿိတ်ထည့်၊ ခြောက်တန် ဣန္ဒြေ၊ လုံခြုံစေမှု၊ သုဒ္ဓိစု၊ စတုလေးလီဖြာ။**

ထို အဓိသီလသိက္ခာ အဓိသီလသာသနာကို (၂ ပုံခွဲနည်းမှတစ်ပါး) လေးပုံခွဲဝေလျှင် –

၁။ ပါတိမောက္ခ သံဝရသီလ (စာရိတ္တသီလနှင့် ဝါရိတ္တသီလ ၂ ပါးကို ဆိုလိုသည်။ စောင့်ထိန်းသူကို အပါယ်ဘေးမှ လွတ်စေတတ်သော သီလဟု ဆိုလို၏။)

http://www.thitsarparamisociety.com/



၂။ အာဇီဝ ပါရိသုဒ္ဓိသီလ (လူဖြစ်စေ၊ ရဟန်းဖြစ်စေ ဘုရားရှင် ချီးမွမ်းအပ်သောနည်းဖြင့် အသက်မွေးမှုကို ဆိုလိုသည်။ အာဇီဝ=အသက်မွေးမှု၊ ပါရိသုဒ္ဓိ=စင်ကြယ်ခြင်း သီလဟု ဆိုလို၏။)

၃။ ပစ္စယသန္နိဿိတသီလ (ပစ္စည်းများကို ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးစွဲခြင်း သီလကို ဆိုလို၏။ ထိုပစ္စဝေက္ခဏာသည်လည်း (၁) မဟာပစ္စဝေက္ခဏာ၊ (၂) ဓာတုပစ္စဝေက္ခဏာ၊ (၃) ပဋိကူလ မနသိကာရ ပစ္စဝေက္ခဏာ ဟူ၍ ၃ မျိုးရှိ၏။ အလွတ်လက်ာဖြင့် ရိုက်နှိပ်ပေးမည်။)

၄။ ဣန္ဒြိယ သံဝရသီလ (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေ ၆ ပါး၊ တံခါး ၆ ပေါက်မှ အကုသိုလ်တို့ မဝင်ရောက် မဖြစ်ပွားအောင် သတိဖြင့် စောင့်ထိန်းခြင်း သီလဟုဆိုလို၏။)

ဤ ၄ ပါးတို့ကို (စတုပါရိသုဒ္ဓိသီလ) ဟူ၍လည်း ခေါ်၏။ ထို ၄ ပါးတို့တွင် -

၁။ ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့်ပြီးစေ ပြည့်စုံစေနိုင်၏။

၂။ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြီးစေနိုင် ပြည့်စုံစေနိုင်၏။

၃။ ပစ္စယသန္နိဿိတသီလကို ပညာဖြင့် ပြီးစေနိုင် ပြည့်စုံစေနိုင်၏။

၄။ ဣန္ဒြိယသံဝရသီလကို သတိဖြင့် ပြီးစေနိုင် ပြည့်စုံစေနိုင်၏။

(၁) သီလဝိသုဒ္ဓိခန်း ပြီး၏။

## (၂) စိတ္တဝိသုဒ္ဓိ

ဥပစာရ သမာဓိနှင့် အပ္ပနာသမာဓိ။ ဤ ၂ ပါးကို စိတ္တဝိသုဒ္ဓိ ခေါ်၏။ သမာဓိသိက္ခာ သမာဓိသာသနာ ဟူ၍လည်း ခေါ်၏။ ထိုစိတ္တဝိသုဒ္ဓိ

http://www.thitsarparamisociety.com/


အခန်း၌ –

(က) ကမ္မဋ္ဌာန်းလေးဆယ်၊

(ခ) သပ္ပါယအပြား၊

(ဂ) အာရုံနိမိတ်အပြား၊

(ဃ) ဘာဝနာအပြား၊ ဤ ၄ ခန်းဖြင့် ခွဲခြမ်းမှတ်ယူရာ၏။

## (က) ကမ္မဋ္ဌာန်း လေးဆယ်

**၇။ မြေ–ရေ–မီး–လေ၊ ညို–ရွှေ–နီ–ဖြူ၊ ပေါက်–လင်းဟူ၊ ဆယ်ဆူ ကသိဏ။**

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယော ကသိုဏ်း၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတ ကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း၊ ပေါင်းကသိုဏ်း ကမ္မဋ္ဌာန်း ၁၀ ပါး။ (ပ+အာ+ဝါ+တေ တို့ကို ဘုတ်ကသိုဏ်းဟုလည်း ခေါ်၏။ နီ+ပီ+လော+ဩတို့ကို ဝဏ္ဏကသိုဏ်းဟုလည်း ခေါ်၏ဟု အထူးမှတ်။)

**၈။ ရောင်–ညို–ပြည်–ပြတ်၊ ခဲအပ်–ပစ်ထား၊ ဓားဖြတ် ပစ်ရေး၊ သွေးယို–ပိုးစု၊ အရိုးစု၊ ဆယ်ခု အသုဘ။**

(ရောင်) ဖူးဖူးရောင်သော သူကောင်–ဥဒ္ဓုမာတက။ (ညို) ၃+၄ ရက် အရ အညိုရောင်ပေါက်လာသော သူကောင်–ဝိနီလက၊ (ပြည်) ပြည် တစိုစို ယိုလာသော သူကောင်–ဝိပုဗ္ဗက။ (ပြတ်)လက်ပြတ် ခြေပြတ် ခေါင်းပြတ် သူကောင်–ဝိစ္ဆိဒ္ဒက၊ (ခဲအပ်) တောခွေးများ ခဲစားထားအပ် သော သူကောင်–ဝိက္ခာယိတက၊ (ပစ်ထား) လက်တခြား ခြေတခြား ခေါင်းတခြား ပစ်ထားအပ်သော သူကောင်–ဝိက္ခိတ္တက။ (ဓားဖြတ်ပစ် ရေး) ဓားဖြင့် အပိုင်းပိုင်းဖြတ်၍ ပစ်ထားအပ်သော သူကောင် ဟတဝိ က္ခိတ္တက၊ (သွေးယို) သွေးပုပ်များ ယိုကျနေသော သူကောင်လောဟိတက၊ (ပိုးစု) လောက်တဖွားဖွားကျနေသော သူကောင် ပုဠုဝက၊ (အရိုးစု)

http://www.thitsarparamisociety.com/


အရိုးစုမျှသာ ကျန်ရှိသော သူကောင်–အဋ္ဌိက၊ (အရိုးတစ်ချောင်းတည်းကို လည်း အဋ္ဌိက ကမ္မဋ္ဌာန်းခေါ်၏။) ပေါင်း အသုဘ ကမ္မဋ္ဌာန်း ၁၀ ပါး။

**၉။ ဗုဒ်–ဓံ၊ သံ၊ သီ၊ စာဂီ–ဒေဝတာ၊ သမာဥပ၊ မရဏာနှင့်၊ ကာယဂတာ၊ အာနာပါ၊ ဆယ်ဖြာနုဿတိ။**

၁။ ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း–ဗုဒ္ဓါနုဿတိ၊

၂။ တရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း–ဓမ္မာနုဿတိ၊

၃။ သံဃဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း–သံဃာနုဿတိ၊

၄။ မိမိစောင့်ထိန်းသော သီလ၏ မကျိုးမပေါက် မကျားမပြောက်မှု ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း–သီလာနုဿတိ၊

၅။ မိမိစွန့်ကြဲ လှူဒါန်းအပ်သော ဒါနကို အဖန်ဖန် အောက်မေ့ခြင်း– စာဂါနုဿတိ၊

၆။ နတ်တို့ကို သက်သေထား၍ မိမိ၏ကုသိုလ်များကို အဖန်ဖန် အောက်မေ့ခြင်း–ဒေဝတာနုဿတိ၊

၇။ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် အောက်မေ့ခြင်း–ဥပသမာ နုဿတိ၊

၈။ မိမိ မချွတ်သေရမည်ကို အဖန်ဖန် အောက်မေ့ခြင်း–မရဏာနု ဿတိ (ငါသည် မချွတ်ကေန် အမှန်သေရလိမ့်မည်ဟု အောက် မေ့ခြင်း။)

၉။ ၃၂ ကောဋ္ဌာသတို့ကို အောက်မေ့ခြင်း–ကာယဂတာ သတိ၊

၁၀။ ထွက်လေ ဝင်လေတို့ကို နည်းလမ်းတကျ အောက်မေ့ခြင်း– အာနာပါနဿတိ၊ ပေါင်း အနုဿတိကမ္မဋ္ဌာန်း ၁၀ ပါး။

**၁၀။ မေ–က–မု–ဥ၊ ပွားများမှု၊ လေးခု ပမညာ။**

မေတ္တာပွားမှု၊ ကရုဏာပွားမှု၊ မုဒိတာပွားမှု၊ ဥပေက္ခာပွားမှု၊ ပေါင်း အပ္ပမညာ ကမ္မဋ္ဌာန်း ၄ ပါး (ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း ၄ ပါးလည်း ခေါ်၏) အတိုင်းမသိသော သတ္တဝါတို့၌ ဖြန့်၍ ပွားများရသောကြောင့် အပ္ပမညာ

http://www.thitsarparamisociety.com/


ကမ္မဋ္ဌာန်း ခေါ်သည်။

**၁၁။ အာဟာရတွင်၊ ရွံဖွယ်လျှင်၊ မှတ်ထင် ဇေ်သညာ။**

အစာအာဟာရ စားသောက်ဖွယ်တို့၌ ၁၀ ပါးသော အခြင်းအရာဖြင့် ရွံဖွယ်ဟူ၍ မှတ်ထင်ပွားများခြင်း–အာဟာရေ ပဋိကူလ သညာ ကမ္မဋ္ဌာန်း ၁ ပါး။ (လက်ာကို အရကျက်ထားက ကောင်း၏။)

**၁၂။ ဓာတ်ကြီးလေးခု၊ ပိုင်းခြားမှု၊ စတုဝဝတ္ထာန်။**

ဓာတ်ကမ္မဋ္ဌာန်းကျမ်းလာတိုင်း ဓာတ်ကြီး ၄ ပါးကို ပိုင်းခြားပွားများမှု–စတုဓာတုဝ ဝတ္ထာန်ကမ္မဋ္ဌာန်း။

**၁၃။ အာ–ဝိဉ်–အာ–နေ၊ ဤလေးထွေ၊ မှတ်လေ အရူပ။**

(၁) အာကာသာနဉ္စာယတန ကသိုဏ်းကိုခွာ၍ ရအပ်သောအဆုံး မရှိသော ကောင်းကင်ပညတ်အာရုံ၊

(၂) ဝိညာဏဉ္စာယတန အဆုံးမရှိသော ပထမ အရူပဝိညာဏ် တည်းဟူသော အာရုံ၊

(၃) အာကိဉ္စညာယတန ပထမ အရူပဝိညာဏ်၏ တစိုးတစိ မရှိခြင်း တည်းဟူသော နတ္ထိဘော ပညတ်အာရုံ၊

(၄) နေဝသညာ နာသညာယတန (ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သောသညာ မရှိသည်မဟုတ်၊ ရှိသည်သာဖြစ်သော) တတိယာ ရုပ္ပဝိညာဏ်တည်းဟူသော အာရုံ၊

ပေါင်း အာရုပ္ပကမ္မဋ္ဌာန်း (အရူပဈာန် ပေါက်စေတတ်သော ကမ္မဋ္ဌာန်း) ၄ ပါး။

ကသိုဏ်း ကမ္မဋ္ဌာန်း ၁၀ ပါး၊ အသုဘ ကမ္မဋ္ဌာန်း ၁၀ ပါး၊ အနုဿတိ ကမ္မဋ္ဌာန်း ၁၀ ပါး၊ အပ္ပမညာ ကမ္မဋ္ဌာန်း ၄ ပါး၊ အာဟာရေ ပဋိကူလ သညာ ကမ္မဋ္ဌာန်း ၁ ပါး၊ စတုဓာတုဝ ဝတ္ထာန် ကမ္မဋ္ဌာန်း ၁ ပါး၊ အာရုပ္ပ ကမ္မဋ္ဌာန်း ၄၀ ဖြစ်၏။

(က) မှတ် ကမ္မဋ္ဌာန်း ၄၀ ပြီး၏။

http://www.thitsarparamisociety.com/



## (ခ) သပ္ပါယ အပြား

### ၁၄။ ရာ–ဒေါ မော ဝိ၊ သဒ်–ဗုဒ္ဓိ၊ စရိ ဤ ခြောက်ဖြာ။

(ဝါသနာနှင့် စရိုက်အထူး)။ ။ရှေးရှေးဘဝ အဆက်ဆက်က လိုက်ပါလာသော အထုံဓာတ်သဘော တစ်မျိုးကို ဝါသနာခေါ်၏။ ယခု ဘဝ၌ အဖြစ်များသော သဘောကို စရိုက် (စရိတ) ခေါ်၏။ ထိုစရိုက်သည် (၁) ရာဂစရိုက်၊ (၂) ဒေါသစရိုက်၊ (၃) မောဟစရိုက်၊ (၄) ဝိတက်စရိုက်၊ (၅) သဒ္ဓါစရိုက်၊ (၆) ဗုဒ္ဓိစရိုက်ဟူ၍ ၆ ပါးအပြားရှိ၏။

### ၁၅။ အသု–ကာယ၊ ဆယ့်တစ်ဝ၊ ရာဂ လျော်လှစွာ။

ကမ္မဋ္ဌာန်း ၄၀ တို့တွင် အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ ကာယဂတာသတိ ကမ္မဋ္ဌာန်း ၁ ပါး၊ ဤကမ္မဋ္ဌာန်း ၁၁ ပါးတို့သည် ရာဂစရိုက်ပြောများသောသူအား သင့်လျော်လျောက်ပတ်ကုန်၏။ (ကာယဂတာသတိ၏ အာရုံဖြစ်သော ၃၂ ကောဋ္ဌာသကို သက်ရှိ အသုဘကမ္မဋ္ဌာန်းဟု ခေါ်၏။)

### ၁၆။ အဆင်း မညာ၊ ရှစ်ဌာန၊ ဒေါသ လျော်လှစွာ။

နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း ဟူသော အဆင်း (ဝဏ္ဏ) ကသိုဏ်း ကမ္မဋ္ဌာန်း ၄ ပါး၊ အပ္ပမညာကမ္မဋ္ဌာန်း ၄ ပါး၊ ဤကမ္မဋ္ဌာန်း ၈ ပါးတို့သည် ဒေါသစရိုက် ပြောများသော သူအား သင့်လျော်လျောက်ပတ်ကုန်၏။

### ၁၇။ အာနာပါန၊ အလျော်ကျ၊ မောဟ–ဝိတက်သာ။

အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် မောဟစရိုက်ပြောများသောသူ၊ ဝိတက်စရိုက် ပြောများသော သူတို့အား သင့်လျော်လျောက်ပတ်၏။

### ၁၈။ မရဏာနှင့် ဥပသမာ၊ အညာသတန်၊ ဝဝတ္ထာန်၊ ၄ တန် ဗုဒ္ဓိသာ။

မရဏာနုဿတိ ကမ္မဋ္ဌာန်း၊ ဥပသမာနုဿတိ ကမ္မဋ္ဌာန်း၊ အာဟာရေ

http://www.thitsarparamisociety.com/


ပဋိကူလသညာ ကမ္မဋ္ဌာန်း၊ စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်း၊ ဤကမ္မဋ္ဌာန်း ၄ ပါးတို့သည် ဗုဒ္ဓိစရိုက် ပြောများသူအား သင့်လျော်လျောက်ပတ်ကုန်၏။

**၁၉။ နုဿတိ ဆ၊ သဒ္ဓါကျ၊ သေသ အားလုံးသာ။**

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၊ သံဃာနုဿတိ ကမ္မဋ္ဌာန်း၊ သီလာနုဿတိ၊ ကမ္မဋ္ဌာန်း၊ စာဂါနုဿတိ ကမ္မဋ္ဌာန်း၊ ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း၊ ဤ (အနုဿတိ) ကမ္မဋ္ဌာန်း ၆ ပါးတို့သည် သဒ္ဓါစရိုက် ပြောများသူအား သင့်လျော်လျောက်ပတ်ကုန်၏။ ကျန်သော (ပထဝီကသိုဏ်း၊ အာပေါ၊ တေဇော၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း ဟူသော ကသိုဏ်းကမ္မဋ္ဌာန်း ၆ ပါး၊ အရူပကမ္မဋ္ဌာန်း ၄ ပါး၊ ဤ ၁၀ ပါးသော ကမ္မဋ္ဌာန်းတို့သည် စရိုက် ၆ ပါး အားလုံးတို့နှင့်ပင် သင့်လျော် လျောက်ပတ်ကုန်၏။)

**၂၀။ ကသိုဏ်းကြီးမူ၊ မောဟယူ၊ ငယ်မူ ဝိတတ်သာ။**

ကသိုဏ်းဝန်း ပြုလုပ်ရာ၌ မောဟစရိုက် ပြောများသောသူ ဖြစ်က ကသိုဏ်းဝန်းကို ကြီးကြီး ပြုလုပ်ရ၏။ ဝိတက်စရိုက် ပြောများသောသူ ဖြစ်က ကသိုဏ်းဝန်းကို ငယ်ငယ်ပြုလုပ်ရ၏။

(ခ) မှတ် သပ္ပါယအပြား ပြီး၏။

## (ဂ) အာရုံနိမိတ်အပြား

**၂၁။ ပရိကမ္မ၊ ဥဂ္ဂဟတည့်၊ ပဋိဘာဂါ၊ ဤသုံးဖြာ၊ ထင်လာ နိမိတ်တည်း။**

ဆိုခဲ့ပြီးသော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွားများရာ၌ အာရုံထင်ပုံသည် (က) ပရိကမ္မနိမိတ်အာရုံ၊ (ခ) ဥဂ္ဂဟနိမိတ်အာရုံ၊ (ဂ) ပဋိဘာဂ နိမိတ်အာရုံဟူ၍ ၃ မျိုးရှိ၏။ ဥပမာ–ပထဝီကသိုဏ်းဝန်း အာရုံဆိုကြပါစို့။ (က) ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်စ ပုဂ္ဂိုလ်အဖို့ရာ ရှေးဦးစွာ ပထဝီကသိုဏ်းဝန်းကို မိမိမျက်စိ ရှေ့တည့်တည့်၌ ထား၍ ထိုကသိုဏ်း

http://www.thitsarparamisociety.com/


ဝန်းကို မျက်စိဖြင့် ကြည့်လျက် မြေ–မြေ–မြေ–မြေ ဟု မရပ်မနား ပွားများရ၏။ ထိုသို့ ပွားများသောအခါ မျက်စိဖြင့် မြင်နေရသော ပထဝီကသိုဏ်းဝန်း အာရုံသည် ပရိကမ္မနိမိတ်အာရုံမည်၏။ (ခ) ထိုသို့ပွားများဖန် များလတ်သော် မျက်စိမှိတ်၍ စိတ်ဖြင့် ကြည့်လျှင်လည်း (မျက်စိဖြင့် မြင်ရသကဲ့သို့ပင်) မနောဒွါရ၌ ထိုပထဝီကသိုဏ်းဝန်း အာရုံ ထင်၍လာ၏။ ထိုသို့မနောဒွါရ၌ ထင်လာသော ပထဝီကသိုဏ်းဝန်း အာရုံကို ဥဂ္ဂဟနိမိတ်အာရုံဟူ၍ခေါ်၏။ (ဂ) ထိုဥဂ္ဂဟနိမိတ်အာရုံကို မနောဒွါရဖြင့် (မပျောက်အောင်) ရယူ၍ မြေ–မြေ–မြေ–မြေ ဟု ဆက်လက်ပွားများရ၏။ ထို့သို့ ပွားဖန်များလတ်သော် မနောဒွါရ၌ပင် မူလ ဥဂ္ဂဟနိမိတ်ထက် အလွန့်အလွန် သန့်ရှင်းသော (တိမ်စင်သော ကောင်းကင်မိုးပြာ၌ ပျံသန်းနေသည့် ဗျိုင်းငှက်ပမာ) ဘာဝနာတန်ခိုးကြောင့်ဖြစ်သော (မူလကသိုဏ်းဝန်း၏ အပြစ်ဟူ၍ မြူမျှမရှိသော) ကသိုဏ်း ပညတ်နိမိတ်အာရုံ ထင်လာ၏။ (ဥဂ္ဂဟနိမိတ် အခိုက်တုန်းကမူ မူလကသိုဏ်းဝန်းက အနည်းငယ် ရွဲ့နေလျှင် ရွဲ့ရွဲ့ပင် မနောဒွါရ၌ ထင်နေ၏။ ယခု ပဋိဘာဂအခိုက်သို့ ရောက်သောအခါ ထိုကသိုဏ်း၏ အပြစ်များ လုံးဝမပါတော့ဘဲ အလွန်သန့်ရှင်းစွာ ထင်လာတော့၏။) ထိုသို့ ထင်လာသော အလွန်သန့်ရှင်းသော ပထဝီကသိုဏ်း ပညတ် နိမိတ်အာရုံကို ပဋိဘာဂ နိမိတ်အာရုံဟူ၍ ခေါ်၏။ (ထို ပဋိဘာဂ နိမိတ်အာရုံ ထင်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ နီဝရဏများ ကွာကုန်လေတော့၏။)

## ၂၂။ လေးဆယ်လုံးမှာ၊ ရှေ့နှစ်ဖြာ၊ လျော်စွာ ရသတည်း။

ဆိုအပ်ပြီးသော ပရိကမ္မနိမိတ်အာရုံ၊ ဥဂ္ဂဟနိမိတ်အာရုံ၊ ပဋိဘာဂနိမိတ်အာရုံ ၃ ပါးတို့တွင် ပရိကမ္မနိမိတ်အာရုံ၊ ဥဂ္ဂဟနိမိတ်အာရုံ၊ ဤ ၂ ပါးတို့ကို ကမ္မဋ္ဌာန်း ၄၀ လုံးတို့၌ပင် ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။

## ၂၃။ ကသိုဏ်း–သုဘာ၊ ကာ–အာနာ၊ ပဋိဘာဂတည်း။

http://www.thitsarparamisociety.com/


ပဋိဘာဂ နိမိတ်အာရုံကိုမူ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ ဤ ၂၂ ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ရအပ်ကုန်၏။

(ဂ) မှတ်အာရုံနိမိတ်အပြား ပြီး၏။

## (ဃ) ဘာဝနာအပြား (ရှုပချာန် ၅ ပါး)

### ၂၄။ ပရိ–ဥပစံ၊ အပ္ပနံ၊ သုံးတန် ဘာဝနာ။

ကမ္မဋ္ဌာန်း ပွားများမှု ဘာဝနာတို့သည် ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပဘာဝနာဟူ၍ ၃ ပါး အပြားရှိကုန်၏။

### ၂၅။ ပရိ–ဥဂ်မှူ၊ ပရိယူ၊ ဘာ မှု ဥ+အပ်သာ။

အစပိုင်း၌ ထင်သော ပရိကမ္မ နိမိတ်အာရုံ၊ ထို့နောက် မနောဒွါရ၌ ထင်သော ဥဂ္ဂဟ နိမိတ်အာရုံ၊ ဤအာရုံ ၂ ပါးကို အာရုံပြု၍ ဖြစ်သော (မြေ–မြေ စသည်ဖြင့်) ပွားများသော ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။ (ပရိကမ္မနိမိတ်ကို အာရုံပြုသော ပရိကမ္မ ဘာဝနာထက် ဥဂ္ဂဟ နိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာက ပို၍ အားကောင်း၏။) ပဋိဘာဂနိမိတ် အာရုံကို အာရုံပြုသော (မြေ–မြေ စသည်ဖြင့်) ပွားများသော ဘာဝနာသည် ဥပစာရ ဘာဝနာ (ကာမာဝစရသမာဓိ) အပ္ပနာ ဘာဝနာ (ဈာန်သမာဓိ) ဟူ၍ ၂ ပါး အပြားရှိ၏။

### ၂၆။ နုဿတိရှစ်၊ သညာဓကော်၊ တလစ် ၀ ဝတ္ထာန်။

### ၂၇။ ပရိ–ဥပ၊ နှစ်ခုမျှ၊ ရထိုက် ဘာဝနာ။

ရှေ့ဖြစ်သော အနုဿတိ ကမ္မဋ္ဌာန်း ၈ ပါး (ဗုဒ်+ဓံ+သံ+သီ၊ စာဂီ+ဒေဝတာ+သမာဥပ၊ မရဏ) တို့၌လည်းကောင်း၊ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်း၌လည်းကောင်း၊ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း၌လည်းကောင်း၊ ဤကမ္မဋ္ဌာန်း ၁၀ ပါးတို့၌ ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ ဤဘာဝနာ ၂ ပါးတို့ကိုသာ ရထိုက်ကုန်၏။ အပ္ပနာဘာဝနာ

http://www.thitsarparamisociety.com/


ကို မရ။ (ထိုကမ္မဋ္ဌာန်း ၁၀ ပါးတို့ကို စီးဖြန်းပွားများလျှင် ကာမာဝစရ မျိုး ဖြစ်သော ပရိကမ္မဘာဝနာ ပရိကမ္မသမာဓိ၊ ဥပစာရဘာဝနာ၊ ဥပစာရ သမာဓိ ဤ ၂ ပါးတို့သာ ဖြစ်နိုင်ကုန်၏။ အပ္ပနာသမာဓိမျိုးဖြစ်သော ရူပဈာန်တို့ကို မရနိုင်ကုန်ဟု ဆိုလိုသည်။)

**၂၈။ အကြွင်းသုံးဆယ်၊ အာရုံဝယ်၊ သုံးသွယ် ဘာဝနာ။**

ဆိုပြီး ကမ္မဋ္ဌာန်း ၁၀ ပါးမှကြွင်းသော ကမ္မဋ္ဌာန်းအာရုံ ၃၀ တို့၌ ဘာဝနာ ၃ မျိုး (ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ) တို့ကို ရအပ်ကုန်၏။

**၂၉။ က–သု–ကာ–အာ၊ ပမညာ၊ ရူပါ သုံးဆယ်အပ်။**

**၃၀။ သညာတတန်+ဝဝတ္ထာန်၊ ရှစ်တန်နုဿတိ။**

ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကာယဂတာ သတိ၊ အာနာပါန ဿတိ၊ အပ္ပမညာ ကမ္မဋ္ဌာန်း ၄ ပါး၊ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး၊ ပေါင်း အပ္ပနာဈာန် ပေါက်စေနိုင်သော ကမ္မဋ္ဌာန်း ၃၀။ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်၊ ရှေ့အနုဿတိကမ္မဋ္ဌာန်း ၈ ပါး၊ ပေါင်း အပ္ပနာဈာန် မပေါက်စေနိုင်သော ကမ္မဋ္ဌာန်း ၁၀ ပါး၊ ဤသို့ ၂ စုခွဲ၍ မှတ်ထားလေ။

## ဘာဝနာ ၃ ပါးဖြစ်ပုံ

**၃၁။ ဘာဝနာသုံးတန်၊ ဖြစ်ပွားဟန်၊ မှတ်ရန် ဤသို့တည်း။**

ဘာဝနာ ၃ ပါး ဖြစ်ပွားပုံအစဉ်ကို ဤဆိုလတ္တံ့သောအတိုင်း သိမှတ်လေ။

**၃၂။ ပရိအစ၊ ဥဂ္ဂဟအလယ်၊ နှစ်သွယ်ရှုဘိ၊ သမာဓိ၊ ပရိ ကမ္မသာ။**

ဥပမာ ပထဝီကသိုဏ်း ကမ္မဋ္ဌာန်း ဆိုကြပါစို့။ အစဆုံး ကမ္မဋ္ဌာန်း အလုပ် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်းကို မျက်စိဖြင့် ကြည့်၍ မြေ–မြေ–မြေဟု အဖန်တလဲလဲ ပွားများရ၏။ ထိုသို့

http://www.thitsarparamisociety.com/


ပွားများသောအခါ မျက်စိဖြင့် ကြည့်၍မြင်ရသော ပထဝီကသိုဏ်းဝန်း အာရုံသည် ပရိကမ္မနိမိတ်အာရုံမည်၏။ ထိုပရိကမ္မနိမိတ်ကို အာရုံပြု၍ (မြေ–မြေ–မြေ ဟု) အဖန်ဖန် ပွားများသော ဘာဝနာသည် ပရိကမ္မ ဘာဝနာမည်၏။ (ဤပရိကမ္မ ဘာဝနာကား ကာမာဝစရ သမာဓိ ဘာဝနာတည်း။) ထိုသို့မျက်စိဖြင့် ကြည့်၍ ပွားများဖန်များလတ်သော် ယောဂီပုဂ္ဂိုလ်အား ထိုပထဝီကသိုဏ်းဝန်းအာရုံသည် မျက်စိဖြင့် မြင်ရ သကဲ့သို့ပင် မနောဒွါရ၌ ထင်လာလိမ့်မည်။ ထင်လာလေ၏။ ထိုသို့ မနောဒွါရ၌ ထင်လာသော ပထဝီကသိုဏ်းဝန်းအာရုံကို ဥဂ္ဂဟနိမိတ် အာရုံဟူ၍ ခေါ်၏။ ထို ဥဂ္ဂဟနိမိတ်အာရုံကို မနောဒွါရဖြင့် အာရုံပြု၍ မြေ–မြေ–မြေ ဟုပင် မရပ်မနား ဆက်၍ ပွားရ၏။ ထိုသို့ ပွားများသော အခါ မနောဒွါရ၌ ထင်နေသော ပထဝီကသိုဏ်းဝန်းအာရုံသည် ဥဂ္ဂဟ နိမိတ်အာရုံမည်၏။ ထို ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ဖြစ်သော (မြေ–မြေ– မြေဟု ပွားများသော) ဘာဝနာသည်လည်း ပရိကမ္မဘာဝနာပင် မည် သေး၏။ (ကာမာဝစရ သမာဓိဘာဝနာတည်း။ ။ရှေးပရိကမ္မနိမိတ် အာရုံကို အာရုံပြုသော ပရိကမ္မသမာဓိဘာဝနာထက် ယခု ဥဂ္ဂဟ နိမိတ် ကို အာရုံပြုသော ပရိကမ္မသမာဓိဘာဝနာက ပိုလွန်၍ သမာဓိ အား ကောင်း၏။)

**၃၃။ ပဋိဘာဂ၊ ထင်လာက၊ နီဝရဏကွာ။**

**၃၄။ နီဝရဏ၊ ကွာတုံက၊ ဉပစာရလာ။**

ထိုသို့ ဥဂ္ဂဟနိမိတ်အာရုံကို အာရုံပြု၍ (မြေ–မြေ–မြေဟု) ပွားဖန် များလတ်သော် (ထိုဥဂ္ဂဟနိမိတ်အာရုံထက် စင်ကြယ်သန့်ရှင်းသော၊ ဘာဝနာစိတ်တန်ခိုးကြောင့်ပြီးလာသော၊ ကသိုဏ်းဝန်းအဖြစ်ဟူ၍ စိုး စဉ်းမျှ မပါရှိသော) ပထဝီကသိုဏ်း ပညတ်အာရုံ ပေါ်လာလိမ့်မည်၊ (တိမ်စင်သော မိုးပြာဝ၌ ဇိုင်းဖြူကလေး ပျံသန်းသကဲ့သို့ ဤအာရုံကား အလွန်သန့်ရှင်းသည်။) ထိုပေါ်လာထင်လာသော ပထဝီကသိုဏ်း ပညတ် အာရုံကို ပဋိဘာဂနိမိတ်အာရုံဟု ခေါ်၏။ ထိုပဋိဘာဂနိမိတ်အာရုံ

http://www.thitsarparamisociety.com/



ထင်လာလျှင် ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ကာမစ္ဆန္ဒ အစရှိသော နီဝရဏ တရားများ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားပြီး ကွာပြီးဖြစ်ကြလေတော့၏။ ထိုအခါမှလည်း ထိုပဋိဘာဂနိမိတ်အာရုံကို အာရုံပြု၍ မြေ–မြေ–မြေ ဟုပင် မရပ်မနား ပွားများရ၏။ ထိုသို့ ပွားများသော ကာမာဝစရ သမာဓိဘာဝနာကို ဥပစာရသမာဓိဘာဝနာဟူ၍ ခေါ်၏။ (ဈာန်ရခါနီး ဖြစ်ပွားသော ကာမာဝစရသမာဓိဘာဝနာဟု ဆိုလိုသည်။)

## ၃၅။ ထိုနောက်ဖန်ဖန်၊ ပွားတုံပြန်၊ ပ ဈာန် အပ္ပနာ။

ထိုသို့ ပဋိဘာဂနိမိတ်အာရုံ ထင်ပြီးသည့်နောက် ထိုပဋိဘာဂနိမိတ် အာရုံကိုပင် အာရုံပြု၍ မြေ–မြေ–မြေဟု အဖန်ဖန် ပွားများလတ်သည် ရှိသော် ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ရူပါဝစရ ပထမဈာန် အပ္ပနာသမာဓိ (အစဆုံး) ဖြစ်လာလေတော့၏။ ဖြစ်ပုံဝီထိအစဉ်ကား –

(မန္ဒပည ပုဂ္ဂိုလ် အတွက်) ဘဝင် ဘဝင် န ဒ မ ပ ဥ နု ဂေါ် ဈာန် ဘဝင် ဘဝင်။ (ဝီထိပိုင်း အာဒိကမ္မိက ဈာနဝီထိ မျက်စိဖြင့် ကြည့်ပါလေ)

(တိက္ခပညပုဂ္ဂိုလ်အတွက်) ဘဝင် ဘဝင် န ဒ မ ဥ နု ဂေါ် ဈာန် ဘဝင် ဘဝင် ဘဝင် ဘဝင် များစွာ။ (ဝီထိပိုင်းမျက်စိဖြင့် ကြည့်ပါလေ။)

ဤဝီထိတို့၌ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အာဒိကမ္မိကရူပါဝစရ ပထမ ဈာန် ဇော ဤစိတ်တို့သည် ပထဝီကသိုဏ်းပညတ် ပဋိဘောဂနိမိတ် မည်သောအာရုံ ကို အာရုံပြုကြကုန်၏။ ။ (ဝီထိပိုင်း ဉာဏ်ဖြင့် နှီးနှောကြည့်ပါ။)

## ၃၆။ အာဝဇ္ဇန်း၊ အာပဇ္ဇန်၊ ဝိဋ္ဌာန်–ဝုဋ္ဌာန။

## ၃၇။ ပစ္စဝေက္ခန်၊ ဤငါးတန်၊ လျင်မြန်လိုတိုင်းရ။

ဤသို့ ပထမဈာန်ကို ပထမဆုံးအကြိမ် ရလိုက်ခြင်း (မိမိသန္တာန်၌ ပထမဈာန အာဒိကမ္မိကဝီထိ ဖြစ်လာခြင်း)သည် (မွေးစကြာပါဠိဗိုကို အစ ဆုံး အခေါက် နှုတ်တက်ရလိုက်ခြင်းနှင့်) အလားတူ၏။

ပထမဈာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် မိမိရပြီးသော ပထမဈာန်၌ပါရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါ ၅ ပါးတို့ကို ၁ ပါးစီ ၁ ပါးစီလည်း ဆင်ခြင်၏။ (ဆင်ခြင်သော ပစ္စဝေက္ခဏာ ကာမဇောဝါရဝီထိဖြစ်၏။) ၅ ပါး အပေါင်းကိုလည်း ဆင်ခြင်၏။ (၅ ပါးလုံး ပေါင်း၍ ဆင်ခြင်သော ပစ္စဝေက္ခဏာ ကာမ ဇောဝါရ မနောဒွါရဝီထိလည်း ဖြစ်၏။ မဖြစ်သော မည်သည်မရှိ၊ ဖြစ်မြဲတည်း။)

ပထမဈာန်ကို ရပြီးစ ဆင်ခြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုပထမဈာန်ကို (ငါရပြီးပြီဟု ပေါ့ပေါ့တန်တန်) ပစ်၍မထားဘဲ ထိုပထမဈာန်ပေါ်၌ နိုင်နင်းခြင်း (ဝသီဘော်) ၅ မျိုးတို့ဖြင့် ဒိုးနှယ်မွှေနိုင်နင်းအောင် အပြန်ပြန်လေ့လာရ၏။

ထိုဝသီဘော် ၅ မျိုး (နိုင်နင်းခြင်း ၅ မျိုး) တို့ကား –

(၁) အာဝဇ္ဇနဝသီဘော် (ဈာန်အင်္ဂါတို့ကို တစ်ကြိမ်ထက် တစ်ကြိမ် လျင်မြန်သည်ထက် လျင်မြန်စွာ ဆင်ခြင်နိုင်အောင် အလေ့အလာပြုခြင်း၊ ထပ်ကာထပ်ကာ ဆင်ခြင်လေ့လာခြင်း။)

(၂) သမာပဇ္ဇနဝသီဘော် (ဈာန်ကိုဝင်စားမှု၌ နိုင်နင်းအောင် အလေ့အလာ ပြုခြင်း၊ ဈာနသမာပဇ္ဇနဝီထိများ မိမိသန္တာန်၌ တစ်ကြိမ်ထက် တစ်ကြိမ် လျင်သည်ထက် လျင်မြန်စွာ ဖြစ်ပေါ်လာအောင် ထပ်ကာ ထပ်ကာ ဝင်စားလေ့လာခြင်း။)

(၃) အဓိဋ္ဌာနဝသီဘော် (ဈာန်စိတ်ကို မိမိထားလိုသမျှ အချိန်နာရီ အတိအကျ ထားနိုင်အောင် အလေ့အလာ ပြုခြင်း။)

(၄) ဝုဋ္ဌာနဝသီဘော် (ဈာန်မှမိမိအလိုရှိသော အချိန်နာရီအတိအကျ ထနိုင်အောင် အလေ့အလာပြုခြင်း။)

http://www.thitsarparamisociety.com/



(၅)ပစ္စဝေက္ခဏာဝသီဘော် (ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော မိမိအလိုရှိသလို လျင်လျင်မြန်မြန် ဖြစ်နိုင်ရန် လေ့လာခြင်း။)

ဤ ၅ မျိုးတို့တည်း။ ထိုဝသီဘော် ၅ မျိုးတို့ဖြင့် ဈာန်အပေါ်၌ (ဈာန်နှင့်စပ်၍) နိုင်နင်းအောင် လေ့လာရ၏။

**၃၈။ ရှေးရှေးဈာနင်၊ ပယ်စွန့်လျှင်၊ အစဉ် နောက်ဈာန်ရ။**

ပထမဈာန်ကိုရပြီး ဝသီဘော် ၅ ပါးဖြင့် နိုင်နင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် ဒုတိယဈာန်ကို ရကိုလတ်သော် ရှေးဦးစွာ မိမိရပြီးသော ပထမဈာန်၌ –

"ငါရပြီးသော ပထမဈာန်သည် နီဝရဏ ရန်သူနှင့် နီးကပ်၏။ ဝိတက်တည်းဟူသော ရန့်ရင်းသော ဈာန်အင်္ဂါ ရှိ၏။ ဝိတက် မပါသော ဒုတိယဈာန်ကိုရမှု ကောင်းလေစွ"

ဟု အောက်မေ့ကာ ပထမဈာန်၌ အပြစ်မြင်၊ ဒုတိယဈာန်ကို လိုချင်သော စိတ်ဖြင့် (မိမိသန္တာန်၌ ထင်နေသော၊ မျက်စိမှိတ်လိုက်လျှင် ပေါ်လာသော) ပထဝီကသိုဏ်း ဝန်းပညတ် ပဋိဘာဂနိမိတ် ခမ္မာရုံကိုပင် အာရုံပြု၍ မြေ–မြေ–မြေဟု အဖန်ဖန် ကာမာဝစရ ဥပစာရသမာဓိဇောတို့ဖြင့် ပွားများရ၏။ ထိုသို့ ပွားဖန်များလတ်သော် ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ အောက်ဝီထိပိုင်းက ပြခဲ့သောအတိုင်း ဒုတိယဈာနအာဒိကမ္မိကဝီထိ ဖြစ်လာ၏။

ဒုတိယဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် (ရှေးပထမဈာန်မှာ ကဲ့သို့) ဒုတိယဈာန်ကို ဝသီဘော် ၅ ပါးဖြင့် လေ့လာနိုင်နင်းအောင် ပြုလုပ်ရ၏။ ထိုသို့ပြုလုပ်သဖြင့် နိုင်နင်းပြီးနောက် ဟတိယဈာန်ကို ရလိုလတ်သော် ရှေးဦးစွာ မိမိရပြီးသော ဒုတိယဈာန်၌ –

"ငါရသော ဒုတိယဈာန်သည် ဝိတက်တည်းဟူသော ရန်သူ နီးကပ်၏။ ဝိစာရတည်းဟူသော ရန့်ရင်းသော ဈာန်အင်္ဂါရှိ၏။ ဝိစာရမပါသည့် ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၃ ပါးရှိသော

http://www.thitsarparamisociety.com/


တတိယဈာန်ကို ရပါမူ ကောင်းလေစွ”

ဟု အောက်မေ့ကာ ဒု–ဈာန်၌ အပြစ်မြင်၊ တ–ဈာန်ကို လိုချင်သော စိတ်ဖြင့် ထင်မြဲတိုင်းသော ပထဝီကသိုဏ်း ပညတ်ပဋိဘာဂနိမိတ် ဓမ္မာရုံကို မနောဒွါရဖြင့် အာရုံပြု၍ မြေ–မြေ–မြေ ဟု အဖန်ဖန် ကာမာဝစရ ဥပစာရ သမာဓိဘာဝနာဇောတို့ဖြင့် ပွားရ၏။ ထိုသို့ ပွားဖန်များလတ်သော် ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ တတိယဈာန အာဒိကမ္မိကဝီထိ ဖြစ်လာ၏။

တတိယဈာန်ကို ဝသီဘော် ၅ မျိုးဖြင့် နိုင်နင်းအောင် လေ့လာရ၏။ လေ့လာပြီးနောက် စတုတ္ထဈာန်ကို ရယူလိုလတ်သော် မိမိရပြီး တ–ဈာန်၌–

“ငါရသော တ–ဈာန်သည် ဝိတာရ ရန်သူ နီးကပ်၏။ ပီတိ ဟူသော ရန့်ရင်းသောဈာန်အင်္ဂါ ပါရှိ၏၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးရှိသော စ–ဈာန်ကိုရပါမူ ကောင်းလေစွ”

ဟု အောက်မေ့ကာ တ–ဈာန်၌ အပြစ်မြင်၊ စ–ဈာန်ကို လိုချင်သော စိတ်ဖြင့် ရှေးနည်းအတူ ပွားရ၏။ အကြွင်း သိသာပြီ။ စ–ဈာန်မှ ပ–ဈာန်သို့ ကူးရာ၌လည်း စဉ်းစားကြည့်လေ။

ရူပဈာန် ၅ ပါးပြီး၏။

## ၃၉။ အာရုံပြောင်းကာ၊ ပွားတုံပါ၊ လေးဖြာ အရူပ။

ဆိုခဲ့ပြီးသောနည်းအတိုင်း ရူပါဝစရဈာန် ၅ ပါးကိုရပြီး နိုင်နင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် နည်းလမ်းတကျ အာရုံပြောင်းကာပြောင်းကာ ပွားများလျှင် အရူပဈာန် ၄ ပါးတို့ကို အစဉ်အတိုင်း ရလေ၏။ အနည်းငယ် သိသာရုံမျှ ဖော်ပြဦးအံ့။

(က) ဆိုခဲ့ပြီးသော နည်းအတိုင်း ပထဝီကသိုဏ်းဝန်း အာရုံဖြင့် ရူပဈာန် ၅ ပါးတို့ကို ရပြီး နိုင်နင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် အရူပဈာန်ကိုတက်၍ ရယူလိုလျှင် မိမိ၏ မနောဒွါရ၌ ဆင်ခြင်လိုက်တိုင်း အမြဲ

http://www.thitsarparamisociety.com/



ထင်နေသော ပထဝီကသိုဏ်းဝန်း ပညတ်ပဋိဘာဂနိမိတ် အာရုံကို ရှေးဦးစွာ ခွာရ၏။ (ခွာပုံမှာ) ထိုအာရုံကို မထင်အောင် ပြုလုပ်ရသည်။ နှလုံးမသွင်းဘဲ ထားရသည်။ ထင်မြဲထင်နေလျှင် နဝကမ္မများကို ပြု၍ ထိုအာရုံကို ဖျောက်ရသည်။ ဤနည်းဖြင့် ပထဝီကသိုဏ်းဝန်းပညတ် ပဋိဘာဂနိမိတ်ကို အာရုံကို ခွာဖန်များလတ်သော် ထိုပထဝီကသိုဏ်းဝန်း အစား ထိုကသိုဏ်းဝန်းနှင့် ညီမျှသော အာကာသ ဟင်းလင်းအပြင် ကောင်းကင်ကြီး ပေါ်လာ၏။ ထိုပေါ်လာသည့် ကောင်းကင်ကို (ကသိုဏ်းကိုခွာ၍ ရအပ်သော ကောင်းကင် ဖြစ်သောကြောင့်) ကသိဏုဂ္ဃာဋိမာကာသဟု ခေါ်၏။

(အာကာသ ၃ မျိုးရှိသည်။ (၁) ပရိစ္ဆေဒါကာသ၊ ရုပ်ကလာပ်တို့၏ အပိုင်းအခြားဖြစ်သော ပရိစ္ဆေဒရုပ်ခေါ်သော အာကာသ တစ်မျိုး၊ (၂) အဇဋာကာသ၊ အရုပ်အထွေး မရှိသည့် ဗဟိဒ္ဓလောကမှာရှိသော ကောင်းကင်အကာသတစ်မျိုး၊ (၃) ယခု ကသိဏုဂ္ဃာဋိမာကာသ၊ ကသိုဏ်းကိုခွာ၍ ရအပ်သော ကောင်းကင်တစ်မျိုး၊ ဤ ၃ မျိုးတို့တည်း။ မှတ်ထားလေ။)

ရူပါဝစရဈာန် ၅ ပါးကို ရပြီးသော ပုဂ္ဂိုလ်သည် ဆိုခဲ့သော နည်းအတိုင်း ကသိုဏ်းကိုခွာ၍ ရအပ်ပြီးသော ကောင်းကင်ပညတ်ကို အာရုံပြု၍ "အာကာသော အနန္တော၊ အာကာသော အနန္တော"ဟု ပွားရ၏။ ပွားဖန်များလတ်သော် မိမိသန္တာန်၌ အာကာသာနဉ္စာယတန ဈာနဝီထိစိတ်အစဉ် ဖြစ်ပေါ်လာ၍ ပထမအရူပဈာန်ကို ရလေတော့၏။

(ခ) အာကာသာနဉ္စာယတနဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဈာန်ကို ဝသီဘော် ၅ ပါးဖြင့် နိုင်နင်းအောင် လေ့လာပြီးနောက် မိမိသန္တာန်၌ အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးသော အာကာသာနဉ္စာယတန (ကုသိုလ်၊ ကြိယာ) စိတ် ဝိညာဏ်ကို အာရုံပြု၍ "ဝိညာဏံအနန္တံ၊ ဝိညာဏံ အနန္တံ" ဟု အဖန်ဖန် ပွားများရ၏။ ပွားဖန်များလတ်သော် မိမိသန္တာန်၌ ဝိညာဏဉ္စာယတန ဈာနဝီထိစိတ်အစဉ် ဖြစ်ပေါ်လာ၍ ဒုတိယ အရူပဈာန် (ဝိညာ

http://www.thitsarparamisociety.com/


ဏာဉ္စာယတနဈာန်) ကို ရလေတော့၏။

(ဂ) ဝိညာဏဉ္စာယတနဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဈာန်ကို ဝသီဘော် ၅ ပါးဖြင့် နိုင်နင်းအောင် လေ့လာပြီးနောက် (ထိုအချိန်၌) အာကာသာနဉ္စာယတနဝိညာဏ်၏ တစိုးတစိမျှ မရှိတော့ခြင်း တည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ "နတ္ထိကိဉ္စိ၊ နတ္ထိကိဉ္စိ"ဟု အဖန်ဖန် ပွားများရ၏။ ပွားဖန်များလတ်သော် မိမိသန္တာန်၌ အာကိဉ္စညာယတနဈာနဝီထိစိတ်အစဉ် ဖြစ်ပေါ်လာ၍ တတိယ အရူပဈာန် (အာကိဉ္စညာယတနဈာန်)ကို ရလေတော့၏။

(ဃ) အာကိဉ္စညာယတနဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဈာန်ကို ဝသီဘော် ၅ ပါးဖြင့် နိုင်နင်းအောင် လေ့လာပြီးနောက် မိမိသန္တာန်၌ အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးသော အာကိဉ္စညာယတန (ကုသိုလ်၊ သို့မဟုတ်၊ ကြိယာ) စိတ်ဝိညာဏ်ကို အာရုံပြု၍ "သန္တ မေတံ၊ ပဏီတ မေတံ"ဟု အဖန်ဖန် ပွားများရ၏။ ပွားဖန်များလတ်သော် မိမိသန္တာန်၌ နေဝသညာနာ သညာယတနဈာနဝီထိစိတ်အစဉ် ဖြစ်ပေါ်လာ၍ စတုတ္ထ အရူပဈာန် (နေဝသညာနာသညာယတနဈာန်)ကို ရလေတော့၏။ (ထို့နောက် ထိုဈာန်ကို ဝသီတော် ၅ ပါးတို့ဖြင့် နိုင်နင်းအောင် လေ့လာဝ်စားအားထုတ်ရ၏။)

(၁) အာကာသော အနန္တော။ အာကာသော၊ ကသိုဏ်းကိုခွာ၍ ငါယခု ရအပ်သော ကောင်းကင်ကြီးသည်။ အနန္တော၊ အဆုံးမရှိ။ (၂) ဝိညာဏံ အနန္တံ၊ ဝိညာဏံ၊ ငါရခဲ့သော ပထမာရုပ္ပဝိညာဏ်သည်။ အနန္တံ၊ အဆုံးမရှိ။ (ပထမာရုပ္ပဝိညာဏ် အာကာသာနဉ္စာယတနစိတ် ဝိညာဏ်သည် ဥပါဒ်၊ ဌီ၊ ဘင် ဟူသော အပိုင်းအခြား ရှိသော်လည်း အဆုံးမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသောကြောင့် ထိုပထမာရုပ္ပဝိညာဏ် အာကာသာနဉ္စာယတနစိတ်ဝိညာဏ်ကို အနန္တံ–အဆုံးမရှိဟု ပွားများရ၏။ (၃) နတ္ထိ ကိဉ္စိ။ ကိဉ္စိ၊ တစိုးတစိမျှ။ နတ္ထိ၊ (ပထမာရုပ္ပဝိညာဏ) မရှိတော့ချေ။ (၄) သန္တ မေတံ၊ ပဏီတ မေတံ။ ဧတံ၊ ဤငါရပြီးသော

http://www.thitsarparamisociety.com/



တတိယာရုပ္ပ ဝိညာဏ်သည်။ သန္တံ၊ ငြိမ်သက်၏။ တော်၊ ဤငါရပြီးသော တတိယာရုပ္ပ ဝိညာဏ်သည်။ ပဏီတံ၊ မွန်မြတ်၏ဟု ဆိုလိုသည်။ ။ ယခင်ပွားများပုံ ပါဠိများ၏အနက်။)

အရူပဈာန် ၄ ပါး ပြီး၏။

## အဘိညာဏ်ခန်း

**၄၀။ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗနှစ်ထွေ၊ စေတောပရိ၊ ပုဗ္ဗေနိဝါ၊ ယထာ ကမ္မံ၊ နာဂတံသ၊ ဤသတ္တ၊ မှတ်ကြ အဘိညာ။**

အဘိညာဏ် ၇ မျိုး ရှိ၏။ (၁) ဣဒ္ဓိဝိဓအဘိညာဏ်–ဣဒ္ဓိရုပ် အမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဘိညာဏ်။ (၂) ဒိဗ္ဗစက္ခုအဘိညာဏ်–နတ်မျက်စိအလား ဝေးခြားဖုံးကွယ် အလွန်နုနယ် သိမ်မွေ့သော အဆင်းတို့ကို မြင်နိုင်သော အဘိညာဏ်။ (၃) ဒိဗ္ဗသောတအဘိညာဏ်–နတ်တို့၏ နားသဖွယ် ဝေးခြားဖုံးကွယ် အလွန်နုနယ် သိမ်မွေ့သော အသံများကို ကြားနိုင်သော အဘိညာဏ်။ (၄) စေတောပရိယ အဘိညာဏ်=လွန်ခဲ့သော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက် တိုင်အောင် ကာလ ၃ ပါး၌ဖြစ်သော သူတစ်ပါးတို့၏ စိတ်ဖြစ်ဟန်ကို သိသော အဘိညာဏ်။ (၅) ပုဗ္ဗေနိဝါသာ နုဿတိအဘိညာဏ်=မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ လွန်ခဲ့သော ၇ ရက်မှ အထက် ရှေးကဖြစ်ခဲ့သော ခန္ဓာအစဉ်အမည်၊ အမျိုးစသည် ဖြစ်ရပ် အားလုံးကို အောက်မေ့သိမြင်သော အဘိညာဏ်။ (၆) ယထာကမ္မုပဂ အဘိညာဏ်=ကံအားလျော်စွာ သုဂတိ+ဒုဂ္ဂတိသို့ လားရောက်သော သတ္တဝါတို့ကို သိသောအဘိညာဏ်။ (၇) အနာဂတံသ အဘိညာဏ်=မိမိ သူတစ်ပါး နှစ်ဦးသားတို့၏အနာဂတ် ဖြစ်လတ္တံ့သော အကြောင်းအရာ တို့ကို သိသော အဘိညာဏ်။ ဤကား အဘိညာဏ် ၇ မျိုးတည်း။

အဘိညာဏ်နှင့်စပ်၍ မှတ်ဖွယ်အကျဉ်းကား။ ။ လောကီဈာန် ၉ ပါး၊ (၈ ပါး) တို့ကို ရရှိရုံမျှဖြင့် အဘိညာဏ်ကိစ္စ မပြီးစေနိုင်သေး။ ထို လောကီဈာန်တို့ကို လေ့လာနိုင်နင်းပြီးနောက် (၁) ကသိုဏ်းအနုလုံ၊ (၂)

ကသိုဏ်းပဋိလုံ၊ (၃) ကသိုဏ်းအနုလုံ ပဋိလုံ၊ (၄) ဈာန်အနုလုံ၊ (၅) ဈာန်ပဋိလုံ၊ (၆) ဈာန်အနုလုံ ပဋိလုံ စသော ၁၄ ပါးသော နည်းတို့ဖြင့် အကြိမ်ကြိမ် နိုင်နင်းအောင် ပွားများအားထုတ် လေ့လာမှ (ဈာနသိဒ္ဓိ) တစ်မျိုးပေါက်ကာ ထိုယောဂီ၏ ရူပါဝစရကုသိုလ်၊ ကြိယာပဉ္စမဈာန် စိတ် (စတုက္ကနည်းအလို) စတုတ္ထဈာန်စိတ်သည် မြေလျှိုးမိုးပျံ တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်လေသည်။ အဘိညာဏ်ကိစ္စ ပြီးမြောက်အောင် မြင်လာလေသည်။

**၄၁။ ပါဒကဈာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒက၊ စတုတ္ထ၊ ကျတုံ အဘိညာ။**

အဘိညာဏ်ဝီထိဖြစ်ပုံအစဉ်ကိုပြသော လင်္ကာဖြစ်သည်။ အဓိပ္ပာယ် အကျဉ်းမှာ အဘိညာဏ်ဝီထိဖြစ်လာရန် အစီအစဉ်မှာ (၁) ရှေးဦးစွာ ဆိုင်ရာပါဒကဈာန် (ရူပါဝစရပဉ္စမဈာန်၊ သို့မဟုတ် စတုတ္ထဈာန်)ကို ဝင်စားရ၏။ (၂) ထို့နောက်မှ အဓိဋ္ဌာန်ရ၏။ အဓိဋ္ဌာန်ဝီထိဖြစ်၏။ (၃) ထို့နောက်မှတဖန် အဘိညာဏ်၏ အခြေခံ ပါဒကဈာန်ကို ဝင်စားရ၏။ (၄) ၎င်းနောက်မှ ဆိုင်ရာအဘိညာဏ် ဝီထိ လေးကြိမ်မြောက်၌ ဖြစ်ပေါ် လာ၏ဟု ဆိုလိုသည်။ ဆက်၍ သိသာရုံ ပြဆိုဦးအံ့။

(ပါဒကဈာန်ဟုဆိုလျှင် မန္ဒပညပုဂ္ဂိုလ်အတွက် ရူပါဝစရပဉ္စမဈာန် ကို ဆိုသည်။ တိက္ခပညပုဂ္ဂိုလ်အတွက် ရူပါဝစရစတုတ္ထဈာန်ကိုဆိုသည်။ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့အတွက် ကုသိုလ်ဈာန်၊ ရဟန္တာပုဂ္ဂိုလ်အတွက် ကြိယာဈာန်ကို ဆိုသည်ဟု မှတ်ထားပါလေ။)

ဥပမာ–အဘိညာဏ်ရှင် ဖြစ်သော ပုဂ္ဂိုလ်သည် မြေပေါ်မှာ ကဲ့သို့ ရေပေါ်မှာ စင်္ကြံသွား၍ ပြလိုသည် ဆိုပါစို့။

(၁) ထိုပုဂ္ဂိုလ်သည် ရှေးဦးစွာ ပထဝီကသိုဏ်း ပညတ်ပဋိဘာဂ နိမိတ်ခမ္မာရုံကို အာရုံပြု၍ ပါဒကဈာန်ကို ဝင်စားရ၏။ ဤပါဒကကား အဓိဋ္ဌာန်၏ အခြေခံတည်း။)

http://www.thitsarparamisociety.com/



(၂) ပါဒကဈာန်က ထပြီးမှ "ဤရေအပြင်သည် မြေကြီးဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ရ၏။ အဓိဋ္ဌာန်ဇောကျသော ကာမာဝစရဇောဝါရ ဝီထိများ ဖြစ်လာ၏။

(၃) အဓိဋ္ဌာန်ပြီးနောက် တဖန် အဘိညာဏ်၏အခြေခံ ပါဒက ဖြစ်ဖို့ရန် ပထဝီကသိုဏ်း ပညတ်ပဋိဘာဂနိမိတ် ဓမ္မာရုံကိုပင် အာရုံပြု၍ ပါဒကဈာန်ကို ဝင်စားရပြန်၏။ ဈာနသမာပတ္တိဝီထိ ဖြစ်ပြန်၏။

(၄) ပါဒကဈာန်မှ ထပြီးနောက် ထိုပုဂ္ဂိုလ်၏ သန္တာန်၌ (ဘွင် ဘွင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ အဘိညာဏ်ဇောတစ်ကြိမ် ဘွင် ဘွင် များစွာ၊ ဤကဲ့သို့) အဘိညာဏ်ဝီထိ ဖြစ်လာလေ၏။ အဘိညာဏ်ဇောတစ်ကြိမ် ဇောလိုက်သည်နှင့် တပြိုင်နက် ထိုဣဒ္ဓိရှင်၏ အဖို့ရာ အဓိဋ္ဌာန်သလောက် ရေအပြင်သည် ပကတိ မြေကြီးချည်း ဖြစ်သွားလေ၏။ တခြားသူများအဖို့ကား ပကတိရေအတိုင်းပင် မြင်နေကြရ၏။ ထိုအဘိညာဏ်ဝီထိနောက်မှ ထိုတန်ခိုးရှင်သည် မိမိဓိဋ္ဌာန် ဖန်ဆင်းအပ်သော မြေပေါ်၌ လူးလားတုံ့ခေါက် စင်္ကြံလျှောက်၍ ပြ၏။ ပကတိသော လူတို့ကား ရေပေါ်၌ စင်္ကြံသွားနေသည်ဟု ထင်ရမြင်ရ၏။(ဣဒ္ဓိဝိသယော အစိန္တေယျော၊ တန်ခိုးအရာကား မကြံစည်နိုင်ဟု ဘုရားဟောချက်ရှိ၏။) (ကျန်သော အဘိညာဏ်များအတွက် ပညာရှင်များနှင့် နှီးနှော၍ မှတ်ပါလေဦး။)

အဘိညာဏ်ခန်းပြီး၏။

၂-စိတ္တဝိသုဒ္ဓိအခန်းပြီး၏။

## ၃-ဒိဋ္ဌိဝိသုဒ္ဓိ အခန်း

**၄၂။ လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့်ရုပ်။**

လောကုတ္တရာမဂ်ဖိုလ်ကို ရယူလိုသော သူတော်စင်သည် (၁) ရှေးဦးစွာ သီလဝိသုဒ္ဓိနှင့် ပြည့်စုံစေရ၏။ (၂) ထို့နောက် စိတ္တဝိသုဒ္ဓိ

ခေါ်သော သမထကမ္မဋ္ဌာန်း ၄၀ တို့အနက် မိမိစရိုက်နှင့် လိုက်လျောရာ ကမ္မဋ္ဌာန်းတစ်ပါးပါးဖြင့် အနည်းဆုံး ဥပစာရသမာဓိ (တတ်နိုင်လျှင်) အပ္ပနာသမာဓိ လောကီစျာန်ပေါက်အောင် အားထုတ်ရ၏။

ထို့နောက်မှ (၃) ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် နာမ်တရား ရုပ်တရားတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ ဤ ၄ ချက်တို့ဖြင့် သိမ်းဆည်း သိမှတ်ရာ၏။ ။(ပညာပိုင်းသို့ ရောက်လာပြီ၊ သတိပြု။)

ထိုထိုပရမတ္ထတရားတို့၏ (၁) ကိုယ်ပိုင်သီးခြားသဘော၊ ခက်မာမှု စသည်၊ အများနှင့်ဆက်ဆံသောသဘော၊ မမြဲခြင်းသဘော စသည်၊ ဤ သဘာဝနှင့် သာမည ၂ မျိုးကို လက္ခဏာဟူ၍ ခေါ်သည်။ (၂) ထိုထို ပရမတ္ထတရားတို့၏ အလုပ်ကိစ္စကိုလည်းကောင်း၊ ပြည့်စုံသောသဘော မယုတ်လျော့သော သဘောကိုလည်းကောင်း၊ ဤ ၂ မျိုးကို ရသဟူ၍ ခေါ်၏။ (၃) ထိုထို ပရမတ်တရားတို့၏ (ဆင်ခြင်ဖန်များသဖြင့်) ယောဂီ ပုဂ္ဂိုလ်၏သန္တာန်၌ ထင်လာသော အခြင်းအရာရှိ၏။ တချို့မှာ သဘော ထင်လာသည်၊ တချို့မှာ ကိစ္စထင်လာသည်။ တချို့မှာ အကြောင်း ထင် လာသည်၊ တချို့မှာ အကျိုးထင်လာသည်။ ထိုသို့ ထင်လာသော သဘော အခြင်းအရာ၊ ကိစ္စအခြင်းအရာ၊ အကြောင်းအခြင်းအရာ၊ အကျိုးအခြင်း အရာ ဤ ၄ ခုတွင် တစ်ခုခုကို ပစ္စုပဋ္ဌာန် ခေါ်၏။ (၄) ထိုထိုပရမတ် တရားတို့၏ အနီးကပ်ဆုံးသော အကြောင်းကို ပဒဋ္ဌာန်ဟူ၍ခေါ်၏။

ဤ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ပရမတ္ထသရူပဘေဒနီ ကျမ်း ကမ္မဋ္ဌာန်းပိုင်း၌ အပြည့်အစုံ အကျယ် ပြဆိုထားသည်။ အလိုရှိမူ ထိုကျမ်းမှ မှတ်ယူကြပါလေ။

ဥပမာ–ပထဝီဓာတ်ကို သိမ်းဆည်းလိုသည် ဆိုပါစို့။ ယောဂီပုဂ္ဂိုလ် သည် –

(၁) 'ဩ ... ပထဝီဓာတ် ဆိုသည်မှာ ခက်မာမှုသဘောပါတကား'ဟု သိမ်းဆည်းသိမှတ်ရ၏။ (ဤကား ပထဝီဓာတ်ကို လက္ခဏာအားဖြင့် သိမ်းဆည်းသိမှတ်ပုံတည်း။)

http://www.thitsarparamisociety.com/


(၂) 'ဩ ... ပထဝီဓာတ် ဆိုသည်မှာ သဟဇာတ်ဖြစ်သော ရုပ်တို့၏ တည်ရာကိစ္စကို ပြုတတ်သော ပရမတ်တရားပါတကား'ဟု သိမ်းဆည်း သိမှတ်ရ၏။ (ဤကား ပထဝီဓာတ်ကို ရသအားဖြင့် သိမ်းဆည်းပုံတည်း) (၃) 'ဩ ... ပထဝီဓာတ်ဆိုသည်မှာ ဖြစ်ဖော်ဖြစ်ဖက်ရုပ်တွေကို ကျလျှော မသွားအောင် ခံလင့်သကဲ့သို့သော သဘောရှိပါတကား'ဟု သိမ်းဆည်း ရ၏။ (ဤကား ကိစ္စပစ္စုပဋ္ဌာန်အားဖြင့် ပထဝီဓာတ်ကို သိမ်းဆည်းပုံ တည်း။) (၄) 'ဩ ... ပထဝီဓာတ်ဆိုသည်မှာ ကျန်သော မဟာဘုတ် ၃ ပါးလျှင် နီးကပ်စွာသော အကြောင်းရှိသည့် ပရမတ္ထတရားတစ်မျိုးပါ တကား'ဟု သိမ်းဆည်းရ၏။ (ဤကား ပဒဋ္ဌာန်အားဖြင့် ပထဝီဓာတ်ကို သိမ်းဆည်းသိမှတ်ပုံတည်း။)

ဝိပဿနာဉာဏ်ပညာ၏လက္ခဏာစသည် -

'ဩ ... ဝိပဿနာပညာဆိုသည်မှာ နာမ်ရုပ်တရားတို့၏ မိမိသဘော၊ အနိစ္စတာ စသော ဆက်ဆံသောသဘောတို့ကို ထိုးထိုးထွင်းထွင်း သိမှု သဘောပါတကား' ဤသို့ သိမ်းဆည်းသိမှတ်ခြင်းသည် ဝိပဿနာ ပညာကို လက္ခဏာအားဖြင့် သိမ်းဆည်းသိမှတ်ခြင်း မည်၏။ (၂) 'ဩ ... ဝိပဿနာပညာဆိုသည်မှာ ရုပ်နာမ် ၂ ပါး၏ သဘောအမှန်ကို မသိအောင် ဖုံးကွယ်တတ်သည့် မောဟအမိုက်မှောင်ကို ဖျက်ဆီးပစ်တတ် သည့် ပရမတ်တရားတစ်မျိုးပါတကား'ဟု ဤသို့ သိမ်းဆည်းခြင်းသည် ဝိပဿနာပညာကို ကိစ္စအားဖြင့် သိမ်းဆည်းခြင်းမည်၏။ (၃) 'ဩ ... ဝိပဿနာပညာဆိုသည်မှာ ရုပ်နာမ်တို့၏ သဘောလက္ခဏာတို့၌ မတွေ ဝေတတ်သည့် ပရမတ်တရားတမျိုးပါတကား'ဟု သိမ်းဆည်းသိမှတ် ခြင်းသည် ဝိပဿနာပညာကို ဖလပစ္စုပဋ္ဌာန်အားဖြင့် သိမ်းဆည်းခြင်း မည်၏။ (၄) 'ဩ ... ဝိပဿနာပညာဆိုသည်မှာ သမာဓိရှိမှ ဖြစ်နိုင် သောတရား၊ သမာဓိလျှင် နီးကပ်သော အကြောင်းရင်းရှိသော ပရမတ် တရား တစ်မျိုးပါတကား'ဟု ဤကဲ့သို့ သိမ်းဆည်းသိမှတ်ခြင်းသည် ဝိပဿနာပညာကို ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းခြင်းမည်၏။

http://www.thitsarparamisociety.com/



ဤသို့လျှင် ပညာသိက္ခာ ပညာသာသနာသို့ တက်ရောက်လိုသော ယောဂီသည် ရှေ့ဝိသုဒ္ဓိ ၂ ပါး ပြည့်စုံပြီး နောင် နာမ်တရား၊ ရုပ်တရားတို့ကို အသီးသီး တတ်နိုင်လျှင် တစ်ပါးစီ တစ်ပါးစီ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ ဤ ၄ ချက်တို့ဖြင့် ပိုင်ပိုင်နိုင်နိုင် သိမ်းဆည်းသိမှတ်ရ၏။

ဤသို့ ၄ ချက် ပိုင်ပိုင်နိုင်နိုင် သိမ်းဆည်းသိမြင်သော အသိဉာဏ်ကို (၃) ဒိဋ္ဌိဝိသုဒ္ဓိခေါ်၏။ ဤဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်လာလျှင် ယောဂီ၏သန္တာန်၌ သတ္တဝါဟူသော အယူမှားဒိဋ္ဌိတွေ၊ အသက်လိပ်ပြာ ဝိညာဏ် ဇီဝ အတ္တဟူသော အယူမှား ဒိဋ္ဌိတွေ ကင်းရှင်းစင်ကြယ်လေ၏။ ထို့ကြောင့် ထိုသို့ သိမ်းဆည်းသော အသိဉာဏ်ပညာကို ဒိဋ္ဌိဝိသုဒ္ဓိခေါ်၏။ ထို့ကြောင့်-

**၄၃။ လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တ-ဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။ ဟူ၍ သံခိပ်၌ ဖွင့်ဆိုသည်။**

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

## ၄-ကင်္ခါဝိတရဏဝိသုဒ္ဓိ

**၄၄။ နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စဓာတ်၊ သမုပ္ပါဒ်ကို၊ အတတ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ဆယ့်ခြောက်ပါးနှင့်၊ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတ ဘရဏဝိသုဒ္ဓိ။**

ရှေးဆိုခဲ့ပြီး ဒိဋ္ဌိဝိသုဒ္ဓိခေါ်သော နာမရူပပရိဂ္ဂဟဉာဏ်ဖြင့် (လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဤ ၄ ဘက်လက်တံဖြင့်) နာမ်ရုပ်တရားတို့ကို သိမ်းဆည်းသိမြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုသို့သိမြင်ပြီးသည့်နောက် ထိုနာမ်ရုပ်နှစ်ပါးတို့ကို အကြောင်းနှင့်စပ်၍ သိမ်းဆည်းသိမြင်အောင် လေ့လာရပြန်သည်။ (နာမ်ရုပ် ၂ ပါး၏ အကြောင်းမှန်ကို တဖန်လေ့လာသိမြင်အောင် အားထုတ်ရပြန်သည်။)

http://www.thitsarparamisociety.com/



ထိုသို့အကြောင်းကို သိမ်းဆည်းသိမြင်အောင် အားထုတ်ရာ၌ (ဝါ ရုပ်နာမ်၏အကြောင်းကို ရှာရာ၌) ထင်ရှားသိသာသောကြောင့်လည်းကောင်း၊ နာမ်ထက် ရုပ်က အကြမ်းစားတရား ဖြစ်သောကြောင့်လည်းကောင်း၊ ရုပ်၏အကြောင်းကို ရှေးဦးစွာ ဉာဏ်ဖြင့် သိမ်းဆည်းလေ့လာရှာရာ၏။ ထိုသို့ရှာရာ၌လည်း ရှေးဦးစွာ ဂဗ္ဘသေယျက သတ္တဝါတို့၏ရုပ်၏အကြောင်းကို ရှာရာ၏။ ရှာဟန်ကား –

စာသစ်+စာကျက်၊ အောက်+ထက်ဝန်းရံ၊ ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်းမည်းမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ခွတို့မှာ၊ မျောက်အိုကုပ်သည့်နှယ်၊ မလှုပ်မယှက်၊ သေလောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ပာယ်မိ၊ မြွေငယ်ချိုသို့၊ အမိစပ်ခါး၊ ပူ+အေးစာလည်း၊ ကိုယ်သားဆတ်ဆတ်၊ သတ်ပြတ်တစေ၊ တည်နေဆယ်လ၊ ဤကာယ၏၊ ဖြစ်ရကြောင်းလျာ၊ အဝိဇ္ဇာနှင့်၊ တဏှာ+ဥပါဒါန်၊ ကံ+အာဟာရ၊ ပဉ္စကသည်။ ။ ရူပဟေတုပစ္စည်းတည်း။

(ဟူသော မဟာဝိသုဒ္ဓိရုံလင်္ကာ) လာသည့်အတိုင်း 'ပစ္စုပ္ပန္န ဤဘဝရုပ်ခန္ဓာ၏ အကြောင်းတရားတို့ကား အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ ဤ ၅ ပါးတို့ ဖြစ်ကုန်၏။ (အခြား ဗြဟ္မာ၊ ဗိဿနိုး စသည်တို့ ဖန်ဆင်းခြင်းကြောင့် အတ္တလိပ်ပြာ ဖြစ်လာသည်မဟုတ်)' ဟူ၍ အကြောင်းမှန်ကို ရှာဖွေလေ့လာ သိမ်းဆည်းရ၏။ ထိုနောင်မှ နာမ်တရား၏ အကြောင်းကို –

အောက်ဝီထိပိုင်းလာ 'စက္ခုာ လောက၊ ရူပထင်ပြီ၊ မနသီ၊ လေးလီစက္ခုဖို့' စသော လင်္ကာအတိုင်း 'စက္ခုဒွါရဝီထိစိတ်အစဉ်တို့ဖြစ်ကြောင်းကား စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသီကာရတို့ပေတည်း"။ ဤသို့စသည်ဖြင့် အကြောင်းမှန်ကို ရှာဖွေလေ့လာ သိမ်းဆည်းရ၏။ ဤသို့နာမ်ရုပ်တို့၏ အကြောင်းမှန်ကို သိမ်းဆည်းလေ့လာ သိမြင်သော ဉာဏ်

http://www.thitsarparamisociety.com/


ကို ပစ္စယပရိဂ္ဂဟဉာဏ် ဟူ၍ခေါ်၏။

ထိုသို့ ဆင်ခြင်၍ ရုပ်နာမ်တို့၏ အကြောင်းမှန်ကို တပ်တပ်ထင်ထင် ပိုင်ပိုင်နိုင်နိုင် မြင်လာသောအခါ အတ္တလိပ်ပြာ ကိုယ်ခန္ဓာနှင့်စပ်၍ ပုထုဇဉ် သန္တာန်၌ ဖြစ်ပွားတတ်သော ကင်္ခါယုံမှား ၁၆ ပါး(နှင့်) ဝိစိကိစ္ဆာ ၈ ပါး တို့အပြင် ဝိသမ ဟေတု ဒိဋ္ဌိစသော ဒိဋ္ဌိအမျိုးမျိုး ကင်းစင်ကွာလေ တော့၏။ ။ဤပစ္စယပရိဂ္ဂဟဉာဏ်ကို (၄)ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှား ခြင်းကို လွန်မြောက်သည့် စင်ကြယ်သော အသိဉာဏ်)ဟု ခေါ်ဆို၏။

ယုံမှားခြင်း ၁၆ ပါးဟူသည်ကား –

ဤ ပစ္စယပရိဂ္ဂဟဉာဏ် (ကင်္ခါဝိတရဏဝိသုဒ္ဓိ) ရှိကြသော ကလျာ ဏပုထုဇဉ်တို့သည် ယုံမှားခြင်းဟူ၍ လုံးဝမရှိဘဲ "အတိတ်ကလည်း အကြောင်းတရားကြောင့် အကျိုးတရားတို့ ဖြစ်ခဲ့ကြပြီ၊ ပစ္စုပ္ပန်မှာလည်း အကြောင်းတရားကြောင့် အကျိုးတရားများ တရိပ်ရိပ်တဖွားဖွား ဖြစ်ပွား နေကြဆဲ၊ အနာဂတ်ကာလ၌လည်း ဘဝသံသရာ မပြတ်သေးသမျှ အ ကြောင်းတရားကြောင့် အကျိုးတရားတို့သာ ဖြစ်ပွားကြလိမ့်မည်။ (ဗြဟ္မာ၊ ဗိဿနိုး စသည် ဖန်ဆင်းခြင်းကြောင့် အတ္တလိပ်ပြာဖြစ်သည် မဟုတ် ကေန်တည်း)ဟု ဆုံးဆုံးဖြတ်ဖြတ် အမှန်အတိုင်း သိမြင်ကြကုန်၏။

ဤပစ္စယပရိဂ္ဂဟဉာဏ် မရှိကြသော အန္ဓဗာလပုထုဇဉ်တို့မှာ အကြောင်းမှန်ကို မသိကြသည့်အတွက် အကျိုးမှားကိုသာ အလွဲလွဲ အမှားမှား မှတ်ထင်ကြကာ (ဗြဟ္မာ၊ ဗိဿနိုး စသည် ဖန်ဆင်းခြင်းကြောင့် အတ္တလိပ်ပြာဖြစ်၏ဟု အလွဲလွဲ မှတ်ထင်ကြကာ) ထိုအတ္တလိပ်ပြာ ငါနှင့် စပ်၍ ကာလ ၃ ပါး၌ ယုံမှားခြင်း ကင်္ခါတရားတို့ ဖြစ်ပွားကြလေသည်။ ဖြစ်ပွားပုံမှာ –

## အတိတ်ကာလ၌ ယုံမှားခြင်း ၅ ပါး

၁။ အတ္တလိပ်ပြာ ငါသည် အတိတ်အခါ၌ ဖြစ်ဖူးလေပြီလော။

၂။ သို့မဟုတ် မဖြစ်ဖူးလေပြီလော (မဖြစ်ဖူးဘူး ထင်ပါရဲ့)

http://www.thitsarparamisociety.com/


၃။ အတ္တလိပ်ပြာ ငါသည် အတိတ်အခါ၌ အဘယ်သို့သောသူ ဖြစ်ဖူးလေသနည်း။ (မင်းဖြစ်ခဲ့လေသလော၊ ပုဏ္ဏားဖြစ်ခဲ့လေသလော စသည်။)

၄။ အတ္တလိပ်ပြာ ငါသည် အတိတ်အခါက အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့လေသနည်း။ (အရှည်၊ အတို၊ အပိန်၊ အဝ စသည်ကို ယုံမှားသည်။)

၅။ အတ္တလိပ်ပြာငါသည် အတိတ်အခါက အဘယ်သို့သော သူဖြစ်ပြီး အဘယ်သို့သော ဖြစ်ခဲ့လေသနည်း၊ (မင်းဖြစ်ပြီး ပုဏ္ဏားပဲ ဖြစ်ခဲ့လေသလော စသည် ယုံမှားမှု၊ ဘဝဆက်၍ ဖြစ်ပုံကို ယုံမှားမှုတည်း) ဤသို့ အတိတ်၌ ယုံမှားခြင်း ၅ ပါးတို့ ဖြစ်ကုန်၏။

## ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ၆ ပါး

၁။ အတ္တလိပ်ပြာ ယခုဘဝ ငါသည် ဟုတ်မှ ဟုတ်ပါမည်လော၊

၂။ မဟုတ်ဘဲများ ဖြစ်နေမည်လော၊

၃။ အတ္တ လိပ်ပြာ ငါသည် ဘယ်လိုသူ ဖြစ်ပါသနည်း၊ (မင်းပဲ ဖြစ်သလော၊ ပုဏ္ဏားပဲ ဖြစ်သလော စသည် ယုံမှားခြင်း။)

၄။ အတ္တ လိပ်ပြာ ယခုဘဝ ငါဆိုသော အရာသည် အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်လေသနည်း၊ (အရှည်ပဲလား၊ အတိုပဲလား၊ အပိန်ပဲလား၊ အဝပဲလား စသည် ယုံမှားမှု။)

၅။ အတ္တ လိပ်ပြာ ယခုဘဝ ငါသည် ဘယ်ဘဝကများ လာခဲ့ပါလိမ့်။

၆။ ယင်းအတ္တ လိပ်ပြာ ယခုဘဝ ငါဆိုတဲ့ အရာသည် ဒီဘဝက သေလျှင် ဘယ်ဘဝမှာများ လားရောက်မှာပါလိမ့်။ ဤသို့ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆ ပါးတို့ ဖြစ်ကုန်၏။

## အနာဂတ်ကာလ၌ ယုံမှားခြင်း ၅ ပါး

၁။ အတ္တ လိပ်ပြာ ငါသည် အနာဂတ်ကာလ၌ ဖြစ်လိမ့်မည်လော (သဿတ)

http://www.thitsarparamisociety.com/


၂။ မဖြစ်တော့ဘဲ ပြတ်စဲသွားမှာလေလော၊ (ဥစ္ဆေဒါကာရ)

၃။ အတ္တ လိပ်ပြာ ငါသည် အနာဂတ်ကာလ၌ ဘယ်သို့သောသူ ဖြစ်ဦးမည်နည်း၊ (မင်းပဲ ဖြစ်မည်လော၊ ပုဏ္ဏားပဲ ဖြစ်မည်လော စသည်)

၄။ အတ္တ လိပ်ပြာ ငါသည် အနာဂတ်အခါ၌ အဘယ်သို့သော အခြင်းအရာ ဖြစ်ဦးမှာပါလိမ့်၊ (ရှည်ရှည်ပဲဖြစ်မှာလား၊ တိုတိုပဲဖြစ်မှာလား၊ ပိန်ပိန်ပဲဖြစ်မှာလား၊ ဝဝပဲဖြစ်မှာလား စသည် ယုံမှားခြင်း။)

၅။ အတ္တ လိပ်ပြာ ငါဆိုသော အရာသည် အနာဂတ်ကာလမှာ အဘယ်သို့သောသူ ဖြစ်ပြီး အဘယ်သို့သောသူ ဖြစ်ဦးမှာပါလိမ့်၊ (မင်းဖြစ်ပြီး ပုဏ္ဏားပဲ ဖြစ်ဦးမှာလား စသည် ဘဝအဆက်၌ ယုံမှားခြင်း။)

ဤသို့ အနာဂတ်၌ ယုံမှားခြင်း ၅ ပါးတို့ ဖြစ်ကုန်၏။ (ပေါင်း ယုံမှားခြင်း ၁၆ ပါး။)

## ဝိစိကိစ္ဆာ ၈ ပါး

ပစ္စယပရိဂ္ဂဟဉာဏ်ရှိကြသော ကလျာဏ ပုထုဇဉ်တို့သည် ဘုရား၊ တရား၊ သံဃာ စသည်တို့၌ တရားကို ကိုယ်တွေ့သိမြင်ကြသောကြောင့် ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်း အလျှင်းပင် မရှိကြကုန်။ ထို ပစ္စယပရိဂ္ဂဟဉာဏ်မရှိကြသော အန္ဓပုထုဇဉ်တို့မှာကား ဘုရား၊ တရား စသည်တို့၌ မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာတရား ဖြစ်ပွား၏။ ထိုဝိစိကိစ္ဆာကား –

၁။ ဘုရား၌ မဆုံးဖြတ်နိုင်ခြင်း၊ (ဆုံးဆုံးဖြတ်ဖြတ် မယုံနိုင်ခြင်း)

၂။ တရား၌ မဆုံးဖြတ်နိုင်ခြင်း၊ (ဆုံးဆုံးဖြတ်ဖြတ် မယုံကြည်ခြင်း)

၃။ သံဃာ၌ မဆုံးဖြတ်နိုင်ခြင်း၊

၄။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ ၃ ပါး၌ မဆုံးဖြတ်နိုင်ခြင်း၊ (မယုံကြည်ခြင်း)

၅။ သံသရာရှေ့အပိုင်း (အတိတ်သံသရာ) ရှိသည်ဟု မဆုံးဖြတ်နိုင်ခြင်း၊

၆။ သံသရာ နောက်ပိုင်း (အနာဂတ်သံသရာ) ရှိသည်ဟု မဆုံးဖြတ်နိုင်ခြင်း၊

http://www.thitsarparamisociety.com/


၇။ အတိတ်၊ အနာဂတ်သံသရာ နှစ်ရပ်၌ မဆုံးဖြတ်နိုင်ခြင်း၊
၈။ ပဋိစ္စသမုပ္ပါဒ်တရားတို့၌မဆုံးဖြတ်နိုင်ခြင်း (မယုံကြည်ခြင်း) ဤသို့ ၈ ပါးတို့ ဖြစ်သတည်း။ ။

ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန်လျှင် ရင့်သန်သလောက် ဤကင်္ခါ ယုံမှား ၁၆ ပါး၊ ဝိစိကိစ္ဆာ ၈ ပါး၊ ဝိသမ ဟေတု စသော ဒိဋ္ဌိများ စင်ကြယ်လေ၏။ ထို့ကြောင့် ဤပစ္စယပရိဂ္ဂဟဉာဏ်ကို (၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိ (ယုံမှားခြင်းကို လွန်မြောက်သည့် စင်ကြယ်သော အသိဉာဏ်) ဟူ၍ ခေါ်ဆိုရလေသည်။

၄-ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီး၏။

## ၅-မဂ္ဂါ+မဂ္ဂဉာဏဒဿနဝိသုဒ္ဓိခန်း

**၄၅။ ခန္ဓာဒိနည်း၊ ဖွဲ့စည်းပြီးခါ၊ သုံးဖြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။**

နာမရူပပရိဂ္ဂဟဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ၂ ပါးတို့ဖြင့် နာမ်ရုပ်တရားကို လင်းလင်းထင်ထင် သိမြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် မိမိ သိမြင်ထားသော နာမ်ရုပ်တရားတို့ကို ခန္ဓာ၊ အာယတန၊ ဓာတ် စသည် ဖွဲ့၍ ခန္ဓာတစ်ပါးတစ်ပါးစီ၊ အာယတန တစ်ပါးတစ်ပါးစီ၊ ဓာတ်တစ်ပါး တစ်ပါးစီကို လက္ခဏာရေး ၃ ချက်တင်၍ ဆင်ခြင်သုံးသပ်ရ၏။ (တချို့မှာ ခန္ဓာအားဖြင့် သုံးသပ်ရသည်ကို အထူးနှစ်သက်တတ်၏။ အချို့မှာ အာယတနအားဖြင့် သုံးသပ်ရသည်ကို အထူးနှစ်သက်တတ်၏။ အချို့မှာ ဓာတ်အားဖြင့် သုံးသပ်ရသည်ကို အထူးနှစ်သက်တတ်၏။ မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းသည် မိမိနှင့် အသင့်လျော်ဆုံးဟု မှတ်ယူပြီး ထိုနှစ်သက်ရာ ခန္ဓာကမ္မဋ္ဌာန်း၊ (သို့မဟုတ်) အာယတနကမ္မဋ္ဌာန်း၊ (သို့မဟုတ်) ဓာတ် ကမ္မဋ္ဌာန်းကို သဲသဲမဲမဲ ဖိ၍ သုံးသပ်သင့်ပါသည်။) အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာယာဉ် ၃ ချက်တင်၍ ဆင်ခြင်သုံးသပ်ပုံကို ဆရာတို့ထံ မေး၍ သိပါလေ။ ဤသို့ ရုပ်နာမ် ၂ ပါးကို ခန္ဓာစသောနည်းဖြင့် အနိစ္စ၊

http://www.thitsarparamisociety.com/


ဒုက္ခ၊ အနတ္တဟု လက္ခဏာယာဉ် ၃ ချက်တင်၍ ဆင်ခြင်သုံးသပ်သော ဉာဏ်ကို (ဝိပဿနာဉာဏ် ၁၀ ပါးတို့အနက် အစဆုံး) သမ္မသနဉာဏ်ဟူ၍ ခေါ်သည်။ ဤသမ္မသနဉာဏ်သည် အခြေခံမူလဉာဏ်ဖြစ်၏။ အထက် အထက်ဉာဏ်တို့သို့ ရောက်လျှင်လည်း သူ့ကို လက်မလွှတ်ရ၊ သူနှင့်သာ သိမ်းဆည်းရသည်ကို အထူးသတိချပ်ထားရာ၏။ ။

သမ္မသနဉာဏ် ပြီး၏။

## ၄၆။ ဖြစ်ပွား–ပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယဉာဏ်။

သမ္မသနဉာဏ်အခိုက်တုန်းက ရိုးရိုးပင် (ရူပံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ၊ ဝေဒနာ အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ သညာ အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ သင်္ခါရာ အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ ဝိညာဏံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ ဟူ၍ ဆင်ခြင် သုံးသပ်ရ၏။

ထိုသို့ သုံးသပ်ဖန် များသဖြင့် သမ္မသနဉာဏ် ရင့်သန်လာသောအခါ ယောဂီပုဂ္ဂိုလ်သည် ထိုခန္ဓာ ၅ ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်း ၂ ပါးနှင့်စပ်၍ သိသင့် သိထိုက်သော အချက်များကို တိုး၍ သိလိုလာ၏။ ထိုအခါ ဆရာသမားတို့ထံ ကပ်၍ မေးလျှောက်လျှင် ဆရာသမားတို့က ခန္ဓာ ၅ ပါးတို့တွင် တစ်ပါးစီ တစ်ပါးစီ၏ ဖြစ်ခြင်းနှင့်စပ်၍ အချက် ၅ ချက်၊ ပျက်ခြင်းနှင့်စပ်၍ အချက် ၅ ချက်တို့ကို ညွှန်ပြပေးလိမ့်မည်။ သို့ ညွှန်ပြပေးသည့်အတိုင်း ဖြစ်ခြင်း ဥဒယနှင့်စပ်၍ အချက် ၅ ပါးစီကိုသိသော ဥဒယဉာဏ် ၅ ပါးစီ၊ ပျက်ခြင်း ဝယနှင့်စပ်၍ အချက် ၅ ပါးစီကို သိသော ဝယဉာဏ် ၅ ပါးစီ ယောဂီသန္တာန်၌ ဖြစ်ပေါ်လာလိမ့်မည်။

### ရူပက္ခန္ဓာ၌ ဥဒယဗ္ဗယဉာဏ် ၁၀ ပါး

၁။ အဝိဇ္ဇာသမုဒယာ ရူပသမုဒယော (အတိတ်က အဝိဇ္ဇာ ဖြစ်ပွားထင်ရှားရှိခဲ့သောကြောင့် ယခုဘဝ ရုပ်ဖြစ်သည်။)

http://www.thitsarparamisociety.com/



| | |
|---|---|
| ၂။ တဏှာသမုဒယာ | ရူပသမုဒယော (အတိတ်က တဏှာဖြစ်ပွားထင်ရှားရှိခဲ့သောကြောင့် ယခုဘဝ ရုပ်ဖြစ်သည်။) |
| ၃။ ကမ္မသမုဒယာ | ရူပသမုဒယော (အတိတ်ဘဝက ကံတရားထင်ရှားဖြစ်ခဲ့ ရှိခဲ့သောကြောင့် ယခုဘဝ ရုပ်တရား ဖြစ်သည်။) |
| ၄။ အာဟာရသမုဒယော | ရူပသမုဒယော (ယခုဘဝ အာဟာရကြောင့် ရုပ်တရားဖြစ်နေသည်။ အာဟာရကိုဆိုသဖြင့် စိတ်၊ ဥတု၊ အကြောင်းတို့ကိုလည်း ဉာဏ်၌မြင်နေပါစေ၊ သို့မှသာ စတုဇရုပ် အကုန်ပါမည်။) |
| ၅။ နိဗ္ဗတ္တိလက္ခဏာမ္ပိ | ရူပဿ ဥဒယော (ရူပ္ပနသဘော၏ ထင်ရှားဖြစ်ပေါ် ဥပါဒ်သည်ကိုပင် ရုပ်ဖြစ်သည်ဟု ခေါ်ဆိုရပါတကား။) |

ဤသို့ အကြောင်းနှင့်စပ်၍ ၄ ပါး၊ ဥပါဒ်ခဏနှင့်စပ်၍ ၁ ပါး၊ ဤသို့အားဖြင့် ရူပက္ခန္ဓာ၌ ဥဒယဉာဏ် ၅ ပါးတို့ ဖြစ်ကုန်၏။

## ရူပက္ခန္ဓာ၌ ဝယဉာဏ် ၅ ပါး

ဥဒယဉာဏ် ၅ ပါးကဲ့သို့ပင် ရူပက္ခန္ဓာ၌ ဝယဉာဏ် (အပျက်ကိုသိသောဉာဏ်)တို့လည်း ၅ ပါးပင် ဖြစ်ကုန်၏။ ၅ ပါးကား-

| | |
|---|---|
| (၁) အဝိဇ္ဇာနိရောဓာ | ရူပနိရောဓော (အဝိဇ္ဇာ ချုပ်ငြိမ်းခြင်းကြောင့် ရုပ်ချုပ်ပါတကား။) |
| (၂) တဏှာနိရောဓာ | ရူပနိရောဓော (တဏှာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်ပါတကား။) |
| (၃) ကမ္မနိရောဓာ | ရူပနိရောဓော (ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်ပါတကား။) |

http://www.thitsarparamisociety.com/



(၄) အာဟာရနိရောဓာ ရူပနိရောဓော (အာဟာရ ချုပ်ခြင်းကြောင့် ရုပ်ချုပ်ပါတကား။)

ဤ၌ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တို့၏ ချုပ်ခြင်းဟူသည် ထိုတရားတို့၏ မဖြစ်ခြင်းကိုပင် ဆိုသည်။ ခဏဘင်ကို ဆိုသည် မဟုတ်၊ ထို့အတူပင် ဤ ၄ ချက်၌ ရုပ်၏ ချုပ်ခြင်း ဟူသည်မှာလည်း အကြောင်း ၄ ပါး တို့မဖြစ်ခြင်းကြောင့် ရုပ်မဖြစ်ခြင်းကိုပင် ခေါ် ဆိုသည်။ အနုပ္ပါဒနိရောဓကို ဆိုသည်။ ခဏ နိရောဓ ခဏဘင် (ဘင်ခဏသို့ ရောက်၍ ပျက်သည်ကို မဆို။)

(၅) ဝိပရိဏာမလက္ခဏမ္ပိ ရူပဿဝယော၊ (ဖောက်ပြန် ပျက်စီးခြင်း ဘင်ခဏဟူသော သခ်တလက္ခဏာသည် လည်း (ဝါ-ဘင်ခဏသို့ ရောက်၍ ရုပ္ပန သဘော ဖောက်ပြန်ပျက်စီးသွားခြင်းသည်ပင် ရုပ်၏ပျက်စီးခြင်းပါတကား။)

ဤသို့ အကြောင်းနှင့်စပ်၍ ၄ ပါး၊ ဘင်ခဏနှင့်စပ်၍ ၁ ပါး၊ ဤသို့ အားဖြင့် ရူပက္ခန္ဓာ၌ ဝယဉာဏ် ၅ ပါးတို့ ဖြစ်ကုန်၏။ ရှေး ဥဒယဉာဏ် ၅ ပါးနှင့် ပေါင်းလျှင် ရူပက္ခန္ဓာ၌ "ဥဒယဗ္ဗယဉာဏ်" ၁၀ ပါးဖြစ်၏။

ထို့အတူ ဝေဒနာက္ခန္ဓာ စသည် ကျန်သော ခန္ဓာ ၄ ပါးတို့၌လည်း ဥဒယဉာဏ် ၅ ပါးစီ၊ ဝယဉာဏ် ၅ ပါးစီ ရကုန်၏။ အထူးအားဖြင့်-

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့၌ (ဖဿပစ္စယာဝေဒနာ စသည် ဘုရားဟောသောကြောင့်) အာဟာရသမုဒယာ၊ အာဟာရ နိရောဓာနေရာ၌ ဖဿသမုဒယာ၊ ဖဿနိရောဓာဟု ပြောင်းလဲဆိုရမှတ် ရသည်။ ။ဝိညာဏက္ခန္ဓာ၌ (နာမရူပကြောင့် ဝိညာဏ်ဖြစ်ရကား နာမရူပ သမုဒယာ နာမရူပနိရောဓာဟု ပြောင်းလဲ၍ ဆိုရမှတ်ရသည်။

http://www.thitsarparamisociety.com/



ဤသို့လျှင် ခန္ဓာငါးပါးတို့၌ တစ်ပါး တစ်ပါးလျှင် ဥဒယဉာဏ် ၅ ပါးစီ၊ ဝယဉာဏ် ၅ ပါးစီ ဖြစ်သောကြောင့် ခန္ဓာ ၅ ပါးပေါင်းလျှင် ဥဒယဗ္ဗယဉာဏ် ၅၀ ဖြစ်သတည်း။

ဤဥဒယဗ္ဗယဉာဏ်၏ အဆုံး အဆုံး၌လည်း ယောဂီပုဂ္ဂိုလ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ် ပွားများ၍ နိဂုံးအုပ်လေသည်။ သမ္မသမန ဉာဏ် မူရင်းကိုကား လက်မလွှတ်ဘဲ ပွားများလေသည်။

ဥဒယဗ္ဗယဉာဏ်ပြီး၏။

## ဘင်္ဂဉာဏ်

**၄၇။ အပျက်ကိုသာ၊ ရှ[illegible]ပါ၊ သညာ သင်္ဂဉာဏ်။**

ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ 'အားလုံးပျက်ထာချည်းပါ ဘကား'ဟု အပျက်ကိုသာ ဦးတည်သိမြင်သောဉာဏ် ဖြစ်လာ၏။ (ဖိုးသူတော်နှင့် နတ်သမီး ဥပမာကို ဆရာတို့ ဆောင်ကြကုန်၏။) ထိုသို့ အပျက်ကိုသာ ဦးတည်၍ သိမြင်သောဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။ (ဤသင်္ဂဉာဏ်ဖြင့် အပျက်ကို မြင်ပြီးလျှင် အနိစ္စပါတကား၊ ဒုက္ခပါ တကား၊ အနတ္တပါတကားဟု သမ္မသနဖြင့် အဆုံးသတ်ရ၏။)

## ဘယဉာဏ်

**၄၈။ အပျက်မြင်က၊ ဘယ–မစ္စု၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊ မကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေ ဘယဉာဏ်။**

ဘယဉာဏ်ဖြင့် ခန္ဓာ ၅ ပါးတို့၏ တပျက်ထဲ ပျက်၍ နေသည်ကို ရှုဖန်မြင်ဖန်များ အားကြီးလတ်သော် ထိုခန္ဓာ ၅ ပါးတို့အပေါ်၌ 'ကြောက်ဖွယ်တွေပါတကား၊ သေမျိုးတွေပါတကား၊ သေမင်းဟူသည် အခြားမဟုတ်၊ ဤခန္ဓာ ၅ ပါးတို့ပင်တကား'ဟု ခန္ဓာ ၅ ပါး၏ ကြောက်ရွံ့ ထိတ်လန့်ဖွယ်သဘောကို နှစ်နှစ်ကာကာကြီး သိ၍လာ၏။ ထိုသို့ ခန္ဓာ

http://www.thitsarparamisociety.com/



၅ ပါး၏ ကြောက်ရွံ့ထိတ်လန့်ဖွယ် အဖြစ်ကို သိသောဉာဏ်သည် ဘယ ဉာဏ်မည်၏။ (ဤဘယဉာဏ်ဖြင့် ခန္ဓာ ၅ ပါးတို့ကို ကြောက်လန့်ဖွယ် ဟု သိပြီးလျှင်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်ခြင်းဖြင့် အဆုံးသတ် ရ၏။ နောက်နောက်ဉာဏ်တို့၌လည်း သမ္မသနဖြင့် နိဂုံးအုပ်ရသည်ကို သိထားပါလေ။)

## အာဒီနဝဉာဏ်

**၄၉။ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်းက၊ ဘေး–ဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းမသိ၊ အာဒီဝနဉာဏ်။**

ယောဂီပုဂ္ဂိုလ်သည် ဘယဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာတို့၏ ကြောက်လန့် ဖွယ်သဘောကို သိမြင်မှု အားကြီးလတ်သော် တစ်ဆင့်တိုး၍ ထိုရုပ်နာမ် ခန္ဓာတို့၌ အားကိုးဖွယ်ရာ ဘာမျှမရှိသည်ကို သိလာပြန်၏။ (အန္ဓဗာလ ပုထုဇဉ် အခိုက်အတန့်တုန်းကမူ 'ငါ့ကိုယ်ငါ အားကိုးတယ်ကွ'ဟု လက် သီးလက်ရန်းတန်းကာ ရုပ်နာမ်ခန္ဓာတို့ကို အားကိုးဖွယ်ရာတွေဟု အထင် မှားခဲ့သော်လည်း) ဤယခု အာဒီနဝဉာဏ်သို့ ရောက်လာသောအခါ ထို ရုပ်နာမ်ခန္ဓာတို့အပေါ်၌ 'အားကိုးဖွယ်ရာ ဘာမှမရှိပါတကား'ဟု အမှန် အတိုင်းသိ၍လာ၏။ ထိုသို့ အားကိုးဖွယ်ရာ မရှိပါတကားဟု သိသော အသိဉာဏ်ကို အာဒီဝနဉာဏ်ဟု ခေါ်၏။

**၅၀။ ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေ နိဗ္ဗိဒ်။**

ယောဂီပုဂ္ဂိုလ်သည် အာဒီဝနဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာတို့၏ အားကိုး ဖွယ်ရာ ဘာမျှမရှိသည်ကို အသိဉာဏ် ရင့်သန်လာသောအခါ (စောစော ပိုင်း အန္ဓဗာလပုထုဇဉ် အခိုက်အတန့်တုန်းက ထိုရုပ်နာမ်ခန္ဓာတို့၌ စိတ် အားထက်သန် ရွှင်လန်းစွာ ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟု အလွဲလွဲအမှားမှား

http://www.thitsarparamisociety.com/



စွဲယူခဲ့ပြားသော်လည်း အာဒီနဝဉာဏ် ရင့်သန်လာသောအခါ၌မူ) ရုပ်နာမ် ခန္ဓာတို့၌ စိတ်ကုန်ခန်းမချမ်းမမြေ့ ငြီးငွေ့ပြီးလျှင် ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာ ဟု မစွဲယူလိုတော့ချေ။ စွဲယူ၍လည်း မရတော့ချေ။ ယင်းသို့ 'ရုပ်နာမ် ခန္ဓာတို့၌ ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟု စွဲယူ၍ မရသော တရားမျိုးမှန်း အမှန်သိလာသောဉာဏ်ကို နိဗ္ဗိဒါဉာဏ်ဟူ၍ ခေါ်၏။

## မုဉ္စိတုကမျတာဉာဏ်

**၅၁။ ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လို ဘိ၊ မုစ္စိတုကမျတာဉာဏ်။**

ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗိဒါဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာတို့၌ ငြီးငွေ့အားသန် စိတ်ပူပန်လာသောအခါ (ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟု စွဲယူ၍ မရမှန်း သိလာသောအခါ) ထိုရုပ်နာမ်ခန္ဓာတို့မှ လျင်မြန်စွာ လွတ်လိုသော ဆန္ဒနှင့် တွဲဖက်သော အသိညာဏ် အမြင်မှန် ဖြစ်ပေါ်၍ လာလေ၏။ ထိုဉာဏ်ကို မုစ္စိတုကမျတာဉာဏ် ဟူ၍ခေါ်၏။

## ပဋိသင်္ခါဉာဏ်

**၅၂။ လွတ်လိုလှ၍၊ လွတ်ရတဲ့ငှါ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်။**

ထိုသို့ မုစ္စိတုကမျတာဉာဏ် ဖြစ်လာ၍ ရုပ်နာမ်ခန္ဓာတို့မှ လွတ်လိုသော ဆန္ဒပြင်းပြလာသောအခါ 'လွတ်လိုရုံမျှဖြင့် လွတ်လိမ့်မည် မဟုတ်၊ လွတ်အောင် အလုပ်အားထုတ်မှ လွတ်နိုင်မည်'ဟု ဆင်ခြင်သိရှိ၍ (ဆရာ တို့ ဟောကြားထားသော နည်းအတိုင်း) ရုပ်နာမ်ခန္ဓာတို့မှ လျင်မြန်စွာ လွတ်ရစိမ့်သောငှါ (တော-၄၀ ဟုခေါ်သော) ဘာဝနာ ၄၀ အကျယ် အားဖြင့် ပွားများရ၏။ ထိုသို့ ဘာဝနာ ၄၀ အခြင်းအရာဖြင့် ဖြစ်သော ဝိပဿနာဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟု ခေါ်၏။

http://www.thitsarparamisociety.com/



## သင်္ခါရုပေက္ခာဉာဏ်

၅၃။ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။

ပဋိသင်္ခါဉာဏ် (ဘာဝနာ ၄၀)ဖြင့် အပူတပြင်း အားတိုက်ရှု၍ ထို ရုပ်နာမ်ခန္ဓာတို့မှ လွတ်မြောက်ရန် အမြင်သန်လာသောအခါ (ဘာဝနာ ၄၀ ဖြင့် ရှုလေလေ၊ ရုပ်နာမ်ခန္ဓာတို့မှ လွတ်တော့မည်ဟု သိလေလေ ဖြစ်လာ၏။ ထိုသို့ သိလာသောအခါ) ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ စောစော ကလောက် မတွယ်တာ၊ စောစောကလိုလည်း နှလုံးမသာမှု မဖြစ်တော့ဘဲ အလယ်အလတ် လျစ်လျူရှုသော တတြမဇ္ဈတ္တုပေက္ခာနှင့် တွဲယှဉ်သော အသိဉာဏ် ဖြစ်ပေါ်လာ၏။ ထိုဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ် ဟူ၍ခေါ်၏။

## အနုလောမဉာဏ်

၅၄။ မဂ်ရောက်လိုသော်၊ အဆော်အနှူး၊ မဂ်လေးဦးအား၊ အထူး လျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။

ဆိုအပ်ပြီးသော ဝိပဿနာဉာဏ် ၉ ပါးတို့ဖြင့် အဆင့်ဆင့်တက်ကာ တက်ကာ အားထုတ်၍ မဂ်ရလုလတ်သည်ရှိသော် (ဝါ–မဂ္ဂဝီထိ ဖြစ်ပေါ် လာသောအခါ) ထိုမဂ်၏ အဆော်အနှူး (မဂ်ရောက်တော့မည်ဟော့ဟု အသိပေး နှိုးဆော်သကဲ့သို့) ထိုမဂ္ဂဝီထိ၌ ပရိကံ၊ ဥပစာ၊ အနုလုံခေါ်သော ဥပစာရ သမာဓိ ဝိပဿနာ ဇော ၃ ကြိမ် ဖြစ်၍လာ၏။ (ထိုဇောတို့သို့ ရောက်လျှင် မဂ်မရောက်ဘဲ နောက်ပြန်၍ မဆုတ်တော့ချေ။) ထို ဥပစာရ သမာဓိခေါ်သော ပရိကံ၊ ဥပစာ၊ အနုလုံနှင့်ယှဉ်သော အသိဉာဏ်ကို မဂ်အား အထူးသဖြင့် သင့်လျော်လျောက်ပတ်စွာ ကျေးဇူးပြုတတ်သော ကြောင့် အနုလောမဉာဏ်ဟူ၍ ခေါ်၏။

ဝိပဿနာဉာဏ် ၁၀ ပါးဖြစ်ပုံ အစဉ်ပြီး၏။

http://www.thitsarparamisociety.com/



## မဂ္ဂါ+မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

### ၅၅။ ဥဒယဉာဏ်၊ ရင့်သန်တိုလတ်၊ ဖြစ်လာလတ်၊ ဆယ်ရပ် အန္တရာယ်။

ဆိုခဲ့ပြီးသော ဝိပဿနာဉာဏ် ၁၀ ပါးတို့အနက် ၂ ခုမြောက်သော ဥဒယဗ္ဗယဉာဏ်ကို တရုဏဝိပဿနာဉာဏ်ဟူ၍ ဓမ္မနယ်ပယ်၌ ခေါ်ဆို၏။

ဓမ္မနယ်ပယ်၌ သမ္မသနဉာဏ်ကို ဝိပဿနာဟူ၍ပင် မခေါ်လိုပေ။ ဥဒယဗ္ဗယဉာဏ်ကိုမှ အနုစား ဝိပဿနာဉာဏ်ဟု ခေါ်ဆိုသည်။ (တရုဏ ဝိပဿနာဉာဏ်။) ယင်းတရုဏဝိပဿနာဉာဏ်သို့ရောက်မှ ယောဂီ ပုဂ္ဂိုလ်ကို အာရဒ္ဓဝိပဿကပုဂ္ဂိုလ် (ဝိပဿနာအလုပ် အားထုတ်သော ပုဂ္ဂိုလ်) ဟုခေါ်ဆိုသည်။ ယင်း ဥဒယဗ္ဗယဉာဏ်သို့ ရောက်သော အာရဒ္ဓ ဝိပဿက ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ –

"ရုပ်နာမ်သင်္ခါရတို့သည် ရှေးက မဖြစ်နှင့်ကြဘဲ ယခုမှ အသစ်ဖြစ် လာကြကုန်၏။ ဖြစ်ကြပြီးတော့လဲ ခဏချက်ချင်း ချုပ်ကင်းပျောက်ပျက် ကြကုန်၏။ ဆီမီးအလျှံ၏နည်း အမြဲအသစ်အသစ်တို့သာ ဖြစ်၍နေကုန် စွာတကား။

ရုပ်နာမ်သင်္ခါရတို့သည် ရေ၌ အရေးအသားကဲ့သို့လည်းကောင်း၊ ရေပွက်ကဲ့သို့လည်းကောင်း၊ နေထွက်သောအခါ မြက်ဖျား၌ရောက် နှင်း ပေါက်ကဲ့သို့လည်းကောင်း၊ အပ်ဖျား ဆူးဖျား ဆောက်ဖျား၌ တင်ထား သော မုန်ညင်းစေ့ကဲ့သို့လည်းကောင်း၊ လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့လည်း ကောင်း အနည်းငယ် တိုလျှ တခဏမျှသာ တည်ကြကုန်တကား။

မျက်လှည့်ရုပ်၊ တံလှပ်၊ စတုမဟာရာဇ်နတ်တို့ မြူးထူးပျော်ပါးကစား ချင်၍ ကောင်းကင်၌ ဖန်ဆင်းအပ်သော ဂန္ဓဗ္ဗနတ်မြို့၊ အိပ်မက်၌တွေ့မြင် ရသော စည်းစိမ်ရေမြှုပ်စိုင်၊ မီးစက်ဝိုင်းတို့ကဲ့သို့ အနှစ်မရှိကုန်စွာတကား" ဟု လင်းလင်းထင်ထင် သိမြင်၍လာလေ၏။

ထိုဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ အန္တရာယ်ဆယ်ပါး ဖြစ်ပေါ်လာတတ်၏။ ထိုအန္တရာယ်တို့ကား –

http://www.thitsarparamisociety.com/


## ၅၆။ အရောင်–ပီတိ၊ ပဿဒ္ဓိ နှစ်ဖြာ၊ သဒ္ဓါ–ဝီရိယ၊ သုခ–ဗုဒ္ဓိ၊ နိကန္တိနှင့်၊ သတိ–ဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါ အန္တရာယ်။

(၁) အရောင်။ ။ဥဒယဗ္ဗယဉာဏ် ရင့်သန်သောအခါ အချို့သော ယောဂီအား ဉာဏ်အားအလိုက် ထွန်းလင်းသော မိမိသာမြင်ရသော ဝိပဿနာဉာဏ်ကြောင့် ဖြစ်သောအရောင် ဖြစ်ပေါ်လာတတ်၏။ (ဘုရားအလောင်းတော်အား အရောင်သည် စကြာဝဠာတိုက်တစ်သောင်းတိုင် ဖြစ်၏။) ထိုအရောင်ကို မဂ်ဟူ၍ ထင်မှားနေတတ်၏။

(၂) ပီတိ။ ။ပီတိ ၅ မျိုး (ခုဒ္ဒိကာ၊ ခဏိကာ၊ ဩက္ကန္တိကာ၊ ဥဗ္ဗေဂါ၊ ဖရဏာ၊ ဤပီတိ ၅ မျိုးတို့လည်း) ဖြစ်တတ်၏။ ဝိပဿနာဉာဏ်နှင့် ယှဉ်လျက် ဤပီတိ ၅ မျိုးဖြစ်တတ်၏။ အထွတ်အထိပ်ရောက်သောအခါ ဖရဏာပီတိသာ ဖြစ်၏။ (ဤပီတိကိုလည်း မဂ်ဟု ထင်မှားနေတတ်၏)။

(၃) မိမိသန္တာန်၌ ရှေးက တစ်ကြိမ်မျှ မဖြစ်ဖူးသော ကိုယ်+စိတ် ငြိမ်းချမ်းမှု ပဿဒ္ဓိ ၂ ပါးလည်း ဝိပဿနာဉာဏ်နှင့်ယှဉ်လျက် ဖြစ်လာတတ်၏။ (ဤငြိမ်းချမ်းမှုကိုပင် နိဗ္ဗာန်ဟု ထင်နေတတ်၏။)

(၄) သဒ္ဓါ။ ။ရှေးကမဖြစ်စဖူး၊ ထူးကဲသော ပသာဒသဒ္ဓါတရားလည်း ဝိပဿနာဉာဏ်နှင့်ယှဉ်တွဲလျက် ဖြစ်လာတတ်၏။ (၎င်းကို မဂ်ထင်နေတတ်၏။)

(၅) ဝီရိယ။ ။မလျော့လွန်း မတင်းလွန်း ကောင်းစွာချီးပင့်အပ်သော ဝိပဿနာဉာဏ်နှင်ယှဉ်သော မဖြစ်ဖူး ထူးကဲသော ဝီရိယလည်း ဖြစ်လာတတ်၏။ (၎င်းကို မဂ်ထင်နေတတ်၏။)

(၆) သုခ။ ။ကိုယ်လုံးစိုစွတ် အလွန်မြတ်သော ချမ်းသာသုခလည်း ဖြစ်လာတတ်၏။ (၎င်းကို မဂ်ထင်နေတတ်၏။)

(၇) ဗုဒ္ဓိ။ ။ထက်မြက်သန့်ရှင်း ကိလေသာကို ဖောက်ထွင်းနိုင်သော အသိဉာဏ်ပညာလည်း ဖြစ်လာတတ်၏။ (၎င်းကိုမဂ်ထင်နေတတ်၏)

http://www.thitsarparamisociety.com/


(၈) နိကန္တိ။ ။ကိလေသာဟူ၍ပင် မသိနိုင်ရာ လွန်စွာသိမ်မွေ့သော ဝိပဿနာ၌ တွယ်တာငဲ့ကွက် နှစ်သက်တပ်စွန်းသော တဏှာလည်း ဖြစ်လာတတ်၏။

(၉) သတိ။ ။အလွန်ထင်လင်းသော သတိလည်း ဖြစ်လာတတ်၏။

(၁၀) ဥပေက္ခာ။ ။ဥဒယဗ္ဗယတရားတို့၌ လျစ်လျူရှုသော ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာ နှစ်ပါးလည်း ဖြစ်လာတတ်၏။ (သိကြား ပစ်လွှင့်အပ်သော ဝရဇိန်အလား၊ ရဲရဲတောက်သော သံပြားတို့ကဲ့သို့ ဖြစ်ခြင်း၊ ပျက်ခြင်းရှိသော ရုပ်နာမ် သင်္ခါရတရားတို့ကို လင်းလင်းကြီး ရှုအပ်ပြီး ဖြစ်သောကြောင့် ထိုသင်္ခါရတရားတို့ကို ရှုဆင်ခြင်မှု၌ အလယ် အလတ် လျစ်လျူပြုသော အခြင်းအရာဖြင့်ဖြစ်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သော တတြမဇ္ဈတ္တတာစေတသိက်ကို ဝိပဿနုပေက္ခာခေါ်၏။ ထို၏ ရှေ့သွား မနောဒွါရာဝဇ္ဇန်းနှင့်ယှဉ်သော စေတနာကို အာဝဇ္ဇနုပေက္ခာဟု ခေါ်၏။)

ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ အဆိုပါ အန္တရာယ် ၁၀ ပါး ဖြစ်ပေါ်လာတတ်၏။ ထို ၁၀ ပါးကို ဝိပဿနုပက္ကိလေသ (ဝိပဿနာ ညစ်ညူးကြောင်း) ၁၀ ပါးဟူ၍လည်း ခေါ်၏။

## ၅၇။ ထိုဆက်ချက်တွင်၊ မဂ်အထင်ကို၊ ပယ်တွင်ရှင်းကာ၊ အလင်းသာ၊ မဂ္ဂါ—မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

ဩဘာသ စသော (အရောင်) စသော ဝိပဿနုပက္ကိလေသတရား ၁၀ ပါးတို့ ဖြစ်ပွားလာလျှင် –

မလိမ္မာသောယောဂီသည် ထို ၁၀ ပါးတို့၌ တဏှာ၊ မာန၊ ဒိဋ္ဌိဖြင့် ရှုမိ၍ တုန်လှုပ် ပျံ့လွင့်တတ်၏။

လိမ္မာသော ယောဂီပုဂ္ဂိုလ်သည်ကား ထို ၁၀ ပါးတို့ကိုပင် ဝိပဿနုပက္ကိလေသတရားမှန်း သိရှိကာ ထို ၁၀ ပါးတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုဆင်ခြင်၏။ ထိုသို့ ရှုဆင်ခြင်လျက် ထို ၁၀ ပါးတို့၌ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော အရှုပ် ၃ ပါးကို ပယ်ရှားဖြေသင်လျက် "အရောင်

http://www.thitsarparamisociety.com/


စသည်လည်း လမ်းမှန်မဟုတ် (ဝါ–မဂ်မဟုတ်)၊ ဝိပဿနာညစ်ညူး ကြောင်း ဘေးရန်တို့သာ ဖြစ်ကုန်၏။ ထို ၁၀ ပါးမှလွတ်သော ဝိပဿနာ ဉာဏ်သည်သာ အရိယမဂ်ကိုရကြောင်း ရှေ့ပိုင်းလမ်းမှန် (ပုဗ္ဗဘာဝမဂ်) ဖြစ်သည်"ဟု မဂ္ဂ+အမဂ္ဂ (နိဗ္ဗာန်ရကြောင်း လမ်း ဟုတ်မဟုတ်)ကို ပိုင်း ခြား ဆင်ခြင် ရှုမြင်၏။ ဤသို့ ရှုမြင်သော ဉာဏ်သည် မဂ္ဂါ+မဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိမည်၏။ (မဂ္ဂ+အမဂ္ဂ–မဂ်ဟုတ်သည် မဟုတ်သည်ကို၊ ဉာဏသိလည်း သိ၊ ဒဿန–မြင်လည်း မြင်၊ ဝိသုဒ္ဓိ–စင်လည်းစင်ကြယ် သော အသိပညာဟု ဆိုလို၏။)

မဂ္ဂါ+မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

## ၆–ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

**၅၈။ ဥဒယဉာဏ်၊ တဖန်ပျိုးကာ၊ ကိုးဖြာဉာဏ်စဉ်၊ စခန်း တွင်၍၊ အမြင်လင်းဘိ၊ ထိုးထွင်းသိ၊ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ။**

မဂ္ဂါ+မဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ အသိဉာဏ် ဖြစ်ပြီးနောက် ယောဂီ ပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်ဖြင့် တဖန် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုလျက်ထိုမှ တစ်ဆင့်တက်ကာ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တိုင်အောင် အစဉ်အတိုင်း ရုပ်နာမ်တို့၏ သဘာဝမှန်ကို အဆင့်ဆင့်ထိုးထွင်း၍ သိအောင်အားထုတ်ရသည်။ ထိုဥဒယဗ္ဗယဉာဏ် အစရှိသော ဝိပဿနာဉာဏ် ၉ ပါးကို ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဟု ခေါ်၏။

**၅၉။ သင်္ခါရုနှင့်၊ အနုလောမ၊ ဉာဏ်နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။**

ထိုဝိပဿနာဉာဏ်တို့တွင် သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်၊ ဤဉာဏ် ၂ ပါးကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ဟူ၍လည်း ခေါ်၏။

http://www.thitsarparamisociety.com/



(ဝုဋ္ဌာ–မဂ်သို့၊ ဂါမိနီ – ရောက်စေတတ်သော + အရောက်ပို့တတ်သော ဝိပဿနာဉာဏ်ဟု ဆိုလို၏။)

ဤတွင် သင်္ဂြိုဟ်ကျမ်း၌ အထွတ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်တို့ကိုသာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဟု ခေါ်ဆိုဖွင့်ပြသည်ကိုလည်း အထူးမှတ်ယူရာ၏။ ဤသံခိပ်လင်္ကာ၌လည်း သင်္ခါရအရ (အထွတ်အထိပ်ရောက်သော သင်္ခါရုပေက္ခာဉာဏ်ကို ကောက်ယူလျှင် သင်္ဂြိုဟ်နှင့်လည်း ညီညွတ်၏။ "ဘုရားလောင်းများ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် အားထုတ်ကြသည်"ဟူသော စကားနှင့်လည်း မဆန့်ကျင်တော့ပေ။)

## ၇–ဉာဏဒဿနဝိသုဒ္ဓိ

**၆၀။ ဝုဋ္ဌာနဂါမ်၊ လွန်ရင့်သန်က၊ နိဗ္ဗာန်ပေါက်ကာ၊ မဂ်ရောက်လာ၊ ဉာဏဒဿနဝိသုဒ္ဓိ။**

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် အလွန်ရင့်သန်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ မဂ္ဂဝီထိဖြစ်ပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရလေ၏။ ထိုမဂ္ဂဝီထိ၌ပါသော မဂ်ဉာဏ် ၄ ပါးကို ဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်၏။

**၆၁။ သိ–ပယ်–ဆိုက်–ပွား၊ လေးပါးအချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စတည်း။**

ဆီမီးသည် မိမိဖြစ်သည်နှင့် တပြိုင်နက် (၁) အမိုက်ကိုဖျောက်ခြင်း၊ (၂) အလင်းကိုဖြစ်စေခြင်း၊ (၃) ဆီမီးစာကို ကုန်စေခြင်း၊ (၄) ဆီကို ကုန်စေခြင်း၊ ဤကိစ္စ ၄ ပါးကို တပြိုင်နက် ပြီးစေသကဲ့သို့ မဂ္ဂဝီထိ၌ မဂ်စိတ်သည်လည်း မိမိတစ်ကြိမ်တည်း ဖြစ်လိုက်သည်နှင့် (၁) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း ပရိညာကိစ္စ၊ (၂) သမုဒယသစ္စာကိုပယ်ခြင်း–ပဟာနကိစ္စ၊ (၃) နိရောဓသစ္စာကို ဆိုက်ရောက်မျက်မှောက်ပြုခြင်း–သစ္ဆိကရဏကိစ္စ၊ (၄) မဂ္ဂသစ္စာကို ပွားများခြင်း–ဘာဝနာကိစ္စ၊ ဤကိစ္စ ၄ ပါးတို့ကို တပြိုင်နက် ပြီးစေ၏။

http://www.thitsarparamisociety.com/


**၆၂။ ဒိဋ္ဌိ–ဝိစိ၊ ပယ်သတ်ဘိ၊ အာဒိမဂ်သောတာ။**

သောတာပတ္တိ မဂ်သည် ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာကိလေသာကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်၏။ (ထိုသို့ပယ်လိုက်သည့်အတွက် သောတာပန် အရိယာ၏သန္တာန်၌ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် စေတသိက်များ၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် စေတသိက်များ ဘယ်တော့မှ မဖြစ်တော့ချေ။)။ ။ သောတာပတ္တိမဂ်သည် အပါယ်သို့ လားရောက်စေတတ်သော ကြွင်းသော လောဘစသော ကိလေသာတို့ကိုလည်း ပယ်၏။ (ထို့ကြောင့် သောတာပန်အရိယာသည် အပါယ်ဘုံသို့ ဘယ်သောအခါမှ မရောက်တော့ချေ။)

**၆၃။ မဂ်–ဖိုလ်–နိဗ္ဗာန်၊ ပယ်ကြွင်း–ကျန်၊ နှစ်တန်ကိလေသာ။**

**၆၄။ အစဉ်သမှု၊ အမြင်ရှု၊ ငါးခုဝေက္ခဏာ။**

သောတာပတ္တိမဂ်ကိုရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် (၁) မိမိ ရခဲ့သော သောတာပတ္တိမဂ်ကိုလည်း ဆင်ခြင်၏။ ။(မဂ္ဂပစ္စဝေက္ခဏာ ဝီထိ ချကြည့်လေ။) ချဟန် –

ဘွင် ဘွင် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် ဘွင် များစွာ။ (၂) မိမိရသော သောတာပတ္တိဖိုလ်ကိုလည်း ဆင်ခြင်၏။ (ဖလပစ္စဝေက္ခဏာ ဝီထိ ရှေ့နည်း ချကြည့်လေ။) (၃) မဂ္ဂဝီထိအခိုက်တုန်းက မိမိမျက်မှောက် အာရုံပြုလိုက်ရသော နိဗ္ဗာန်ကိုလည်း ဆင်ခြင်၏။ (နိဗ္ဗာနပစ္စဝေက္ခဏာ ဝီထိ ချကြည့်လေ။) (၄) ပယ်ပြီးသော ကိလေသာတို့ကိုလည်း ဆင်ခြင် ၏။ (ပဟီနကိလေသပစ္စဝေက္ခဏာဝီထိ ရှေးနည်းချကြည့်လေ။) (၅) မိမိသန္တာန်၌ ကြွင်းကျန်နေသေးသော ကိလေသာတို့ကိုလည်း ဆင်ခြင် ၏။ (အဝသေသ ကိလေသ ပစ္စဝေက္ခဏာဝီထိ ရှေးနည်းချကြည့်လေ)။ ဤသို့လျှင် သောတာပန်အရိယာသန္တာန်၌ ပစ္စဝေက္ခဏာဉာဏ် ၅ မျိုး တို့ ဖြစ်ကုန်၏။

**၆၅။ ထက်မဂ်ကိုပင်၊ မရောက်ခင်၊ ဖိုလ်လျှင်လည်းလျှောင်းရာ။**

http://www.thitsarparamisociety.com/



အောက်အောက် အရိယာတို့သည် အထက်မဂ်သို့ မရောက်ခင် မိမိတို့ ဖိုလ်သာလျှင် လည်းလျောင်းရာ ရှိကြကုန်၏။

သောတာပန်အရိယာသည် သကဒါဂါမိမဂ်ကို မရောက်ခင်မရခင်မှာ မိမိရပြီးသော သောတာပတ္တိဖိုလ်ကို ဝင်စား၍နေ၏။ သကဒါဂါမိမဂ်ကို ရဖို့ရန် ဝိပဿနာအလုပ်ကိုလည်း အားထုတ်ရ၏။ ထိုသို့ မိမိဖိုလ်ကို ဝင်စားလိုက်၊ ဝိပဿနာရှုလိုက်ဖြင့် အချိန်တန်သောအခါ ထိုသောတာပန်အရိယာ၏ သန္တာန်၌ သကဒါဂါမိမဂ္ဂဝီထိကျ၍ သကဒါဂါမိမဂ်ဖိုလ်ကို ရလေ၏။ သကဒါဂါမ်အရိယာ ဖြစ်လေ၏။

သကဒါဂါမ်အရိယာသည် အနာဂါမိမဂ်ကို မရောက်ခင် မရခင်မှာ မိမိရပြီးသော သကဒါဂါမိဖိုလ်ကို ဝင်စား၍နေ၏။ အနာဂါမိမဂ်ကို ရဖို့ရန် ဝိပဿနာအလုပ်ကိုလည်း အားထုတ်ရ၏။ ထိုသို့ မိမိဖိုလ်ကို ဝင်စားလိုက်၊ ဝိပဿနာရှုလိုက်ဖြင့် အချိန်တန်သောအခါ ထိုသကဒါဂါမ် အရိယာ၏ သန္တာန်၌ အနာဂါမိမဂ္ဂဝီထိ ကျ၍ အနာဂါမိမဂ်ဖိုလ်ကို ရလေ၏။ အနာဂါမ်အရိယာ ဖြစ်လေ၏။

အနာဂါမ်အရိယာသည် အရဟတ္တမဂ်ကို မရောက်ခင် မရခင်မှာ မိမိရပြီးသော အနာဂါမ်ဖိုလ်ကို ဝင်စား၍နေ၏။ အရဟတ္တမဂ်ကို ရဖို့ရန် ဝိပဿနာအလုပ်ကိုလည်း အားထုတ်ရ၏။ ထိုသို့ မိမိဖိုလ်ကို ဝင်စားလိုက်၊ ဝိပဿနာ ရှုလိုက်ဖြင့် အချိန်တန်သောအခါ ထိုအနာဂါမ်အရိယာ၏ သန္တာန်၌ အရဟတ္တမဂ္ဂဝီထိကျ၍ အရဟတ္တမဂ်+ဖိုလ်ကို ရလေ၏။ ကိလေသာကုန်ခန်းသည့် ရဟန္တာအရိယာဖြစ်လေ၏။ ရဟန္တာဖြစ်ပြီးနောက် အထက်မဂ် မရှိတော့ပြီဖြစ်၍ (အထက်မဂ်ကိုရဖို့ရန် ဝိပဿနာလုပ်ဖွယ်မရှိတော့။) မိမိရသော အရဟတ္တဖိုလ်ကို ဝင်စား၍သာ နေတော့၏။

**၆၆။ ကာ–ဗျာ–နှစ်ထွေ၊ အကုန်ခြေ၊ ရောက်လေ သကဒါဂါမ်။**

သကဒါဂါမိမဂ်သို့ ရောက်သောအခါ ရုန့်ရင်းသော ကာမရာဂကိလေသာနှင့် ရုန့်ရင်းသော ဗျာပါဒဒေါသကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ်ပယ်သတ်၏။ (ပစ္စဝေက္ခဏာဉာဏ် ၅ ပါး ရှေးနည်းသိမှတ်လေ)

**၆၇။ ကာဗျာနှစ်ထွေ၊ အကုန်ခြေ၊ ရောက်လေ အနာဂါ။**

အနာဂါမိမဂ်သို့ ရောက်သောအခါ (သကဒါမိမဂ်တုန်းက ကျန်နေသေးသည့်) သိမ်မွေ့သော ကာမရာဂ ကိလေသာ၊ သိမ်မွေ့သော ဗျာပါဒ ဒေါသကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ်ပယ်သတ်၏။ (ကာမရာဂ နှင့် ဗျာပါဒ ကုန်လေ၏။)

**၆၈။ သဗ္ဗကိလေ၊ အကုန်ခြေ၊ ရောက်လေ အရဟတ္တာ။**

အရဟတ္တမဂ်သို့ ရောက်သောအခါ (အနာဂါမိမဂ်တုန်းက ကျန်နေသေးသည့်) ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ၊ ဤကိလေသာ အားလုံးကို အမြစ်ပြတ် အကြွင်းမဲ့ ပယ်သတ်၏။ ကိလေသာ ဟူ၍ မြူမျှ မကျန်ရှိတော့ချေ။

ဉာဏဒဿနဝိသုဒ္ဓိခန်းပြီး၏။

**ဝိမောက္ခ အခြား**

**၆၉။ ဝိမောက္ခနတ်၊ ကျွတ်လွတ်ချက်၊ ဖိုလ်+မဂ်၊ မည်သညာ။**

အရိယမဂ်+ဖိုလ်တရားတို့ကို ကိလေသာတို့မှ ကျွတ်လွတ်သော ကြောင့် ဝိမောက္ခဟူ၍ခေါ်၏။ ထိုဝိမောက္ခသည် (၁) အနိမိတ္တဝိမောက္ခ၊ (၂) အပ္ပဏိဟိတဝိမောက္ခ၊ (၃) သုညတဝိမောက္ခဟူ၍ ၃ ပါး အပြား ရှိ၏။ (နောက်၌ ထင်ရှားလတ္တံ့။)

**၇၀။ ဝိမောက်မုခ၊ တံခါးဝ၊ အရလက္ခဏာ။**

ထိုဝိမောက္ခမည်သော မဂ်ဖိုလ်သို့ ရောက်ကြောင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေး ၃ ပါးကို ရှုသော အနုပဿနာဉာဏ်၊ ၃ ပါးသည် (မဂ်+ဖိုလ်သို့ဝင်ရာ တံခါးသဖွယ် ဖြစ်သောကြောင့်) ဝိမောက္ခမုခ မည်၏။ (ဝိမောက္ခ မဂ်ဖိုလ်၏ မုခ–ဝင်ရာ တံခါးဝဟု ဆိုလိုသည်။) အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ ဤအနုပဿနာ ၃ ပါးကို ဝိမောက္ခမုခ ၃ ပါးဟူ၍ခေါ်၏။ (နောက်၌ထင်ရှားလတ္တံ့။)

http://www.thitsarparamisociety.com/


**၇၁။ ဝုဋ္ဌာနဂါမိနီ၊ ဉာဏ်ဆိုက်သိ၊ ဝိမုနယ်အပါ။**

အောက်က ဖော်ပြခဲ့သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် တည်းဟူသော) ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကို ဝိမောက္ခမုခဟူ၍ မှတ်ထားပါ။

**၇၂။ အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခပဏိဟိတာ။**

**၇၃။ အနတ္တမူ၊ သုညယူ၊ သုံးဆူ နုပဿနာ။**

(၁) အနိစ္စဟု ရှုသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သည် အနိမိတ္တာ နုပဿနာမည်၏။ (အဓိပ္ပာယ်နောက်လက်္ာ၌ ပြလတ္တံ့။) (၂) ဒုက္ခဟု ရှုသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သည် အပ္ပဏိဟိတာနုပဿနာ မည်၏။ (၃) အနတ္တဟုရှုသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သည် သုညတာနုပဿနာမည်၏။ (အဓိပ္ပာယ်နောက်လက်္ာဖြင့် ပြလတ္တံ့။)

**၇၄။ ပုဂ္ဂိုလ်–သတ္တဝါ၊ အင်္ဂါကြီးငယ်၊ ဆန်းတကြွယ်၊ မှတ်ဖွယ် နိမိတ္တာ။**

**၇၅။ အကုန်နိမိတ်၊ ပျောက်အောင်ကြိတ်၊ အနိမိတ္တသာ။**

(က) လက်၊ ခြေ၊ မျက်စိ၊ နား၊ နှာ စသော ဆန်းကြွယ်သော အင်္ဂါ ကြီးငယ်များသည် ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊ လူဟူ၍၊ နတ်ဟူ၍၊ မိန်းမ ဟူ၍၊ ယောကျ်ားဟူ၍ မှတ်ယူကြောင်း ဖြစ်သောကြောင့် နိမိတ္တတရားများ မည်၏။ (ခ) အနိစ္စဟူ၍ ရှုသော ဝိပဿနာဉာဏ်သည် ထိုနိမိတ္တတရား တို့ကို အကုန်ပျောက်အောင် ကြိတ်ချေဖျက်ဆီးတတ်သောကြောင့် အနိ မိတ္တာနုပဿနာ (ဝိမောက္ခမုခမည်၏။)

**၇၆။ အတင့်အတယ်၊ အဖွယ်အရာ၊ မင်္ဂလာသုခ၊ သုခဏ္ဍ၊ ထင်သမျှ၊ မှတ်ကြ ပဏိဟိတာ။**

**၇၇။ အကုန်ပဏိဟိ၊ ပျောက်စေဘိ၊ အပ္ပဏိဟိတာ။**

(၁) တင့်တယ်သည်၊ ဖွယ်ရာသည်၊ မင်္ဂလာရှိသည်၊ သုဘပဲ၊ သုခပဲ၊

http://www.thitsarparamisociety.com/


ဣဋ္ဌပဲဟု ထင်မှားသော တဏှာလောဘသည် ပဏိဟိတ တရားမည်၏။
(။) ဒုက္ခဟူ၍ ရှုသော ဝိပဿနာဉာဏ်သည် ထိုပဏိဟိတ (တဏှာလောဘ) တရားကို အကုန်ပျောက်အောင် ဖျက်ဆီးပစ်တတ်သောကြောင့် အပ္ပဏိဟိတာနုပဿနာ (ဝိမောက္ခမုခ) မည်၏။

**၇၈။ လူ–နတ်–ဗြဟ္မာ၊ ငါ–သူတစ်ပါး၊ ယောကျ်ား–မိန်းမ ပုဂ္ဂလ နှင့်၊ စိုးရပိုင်ပိုင်၊ ခံ့ခိုင်မြင့်ရှည်၊ သက်ဆုံးတည် ဟု၊ အားစည် သမ္ဘု၊ အနတ္တ၊ အတ္တ ဇီဝသာ။**

**၇၉။ အတ္တ–ဇီဝ၊ ပျောက်ကင်းစေ၊ မှတ်လေ သုညတာ။**

(က) လူ ဟူ၍၊ နတ် ဟူ၍၊ ဗြဟ္မာ ဟူ၍၊ ငါ ဟူ၍၊ သူတစ်ပါး ဟူ၍၊ ယောကျာ်း ဟူ၍၊ မိန်းမ ဟူ၍၊ ပုဂ္ဂိုလ် ဟူ၍၊ အစိုးရသည် ဟူ၍၊ ပိုင်နိုင်သည် ဟူ၍၊ ခံ့ခိုင်သည် ဟူ၍၊ ကာလမြင့်ရှည် သက်ဆုံးတည် သည်ဟူ၍ အထင်မှားသမ္ဘု အနတ္တဖြစ်သော ဒိဋ္ဌိအမျိုးမျိုးကို (အာရုံ၏ အမည်ကို အာရမ္မဏိကပေါ်၌ တင်စား၍) အတ္တဟူ၍ ဇီဝဟူ၍ ခေါ်ဆို၏။
(ခ) အနတ္တဟု ရှုသော ဝိပဿနာဉာဏ်သည် ထိုအတ္တ၊ ဇီဝ (ဒိဋ္ဌိအမျိုးမျိုး) တို့ကို အကုန်ဆိတ်သုဉ်းသွားအောင် ဖျက်ဆီးပယ်ဖျောက်ပစ်တတ်သောကြောင့် သုညတာနုပဿနာ (ဝိမောက္ခမုခ) မည်၏။

**၈၀။ သုံ့တံခါးမှ၊ ပေါက်ရောက်က၊ မောက္ခသုံ့မဂ်သာ။**

ဝုဋ္ဌာနဂါမိနီ ဝိပဿနာက အနိစ္စဟု ရှုနေတုန်းကလည်း မဂ်ကျသည် ရှိသည်။ ဒုက္ခဟု ရှုနေတုန်း မဂ်ကျသည်လည်း ရှိသည်။ အနတ္တဟု ရှုနေတုန်း မဂ်ကျသည်လည်း ရှိသည်။ ထို့ကြောင့် (၁) ဝုဋ္ဌာနဂါမိနီ ဝိပဿနာက အနိစ္စဟု ရှုနေခိုက် (အနိမိတ္တာနုပဿနာဖြစ်နေခိုက်) ကျလာသောမဂ်ကို အနိမိတ္တဝိမောက္ခဟု ခေါ်၏။ (၂) ဒုက္ခဟု ရှုနေခိုက် (အပ္ပဏိဟိတာနုပဿနာ ဖြစ်နေခိုက်) ကျလာသောမဂ်ကို အပ္ပဏိဟိတ ဝိမောက္ခဟု ခေါ်၏။ (၃) အနတ္တဟု ရှုနေခိုက် (သုညတာနုပဿနာ ဖြစ်နေခိုက်) ကျလာသောမဂ်ကို သုညတဝိမောက္ခဟူ၍ ခေါ်၏။ မဂ္ဂါနန္တရ

http://www.thitsarparamisociety.com/



ဖိုလ်ကိုလည်း မဂ်၏ အမည်အတိုင်း ဝိမောက္ခအမည် တပ်ရ၏။ ဖလသမာပတ္တိဝီထိ၌ ပါသော ဖိုလ်ကိုကား (သူ၏ရှေ့၌ဖြစ်သော) ဝိပဿနာ၏ အမည်အတိုင်း ဝိမောက္ခအမည် တပ်ရ၏။

**၈၁။ ပိုဒ်ပေါင်းရှစ်ဆယ်၊ လက်ာခြယ်၊ ဤဝယ်ကမ္မဋ္ဌာန်းပြီး။**

(နိဂုံးသံခိပ်တို့ကိုလည်း ကျက်လေဦး။)

ကမ္မဋ္ဌာန်းပိုင်း ပြီး၏။

၁၃၃၃ ခု၊ ဝါခေါင်လဆန်း ၄ ရက်နေ့တွင် ပြီး၏။ (၂၆.၇.၇၁)

## (က) မဟာပစ္စဝေက္ခဏာ

### ၁။ အဝတ်ကိုဆင်ခြင်ရန်

ချမ်း–ပူကိုဖျက်၊ ခြင်–မှက်–လေ–နေ၊ ကင်း–မြွေလွှဲသုန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစံပယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မညွတ်၊ ဤအဝတ်ကို ။ ။ ဖုံးဝတ်သုံးဆောင်ပါသတည်း။

### ၂။ အစားကိုဆင်ခြင်ရန်

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်+မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်း–သစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

### ၃။ ကျောင်း အိမ် အိပ်ရာ နေရာကို ဆင်ခြင်ရန်

ချမ်း–ပူကိုဖျက်၊ ခြင်မှက်–လေ–နေ၊ ကင်းမြွေဝေးမှု၊ ဥတုဘေးဘျမ်း၊ မသမ်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်း

http://www.thitsarparamisociety.com/


အောင်း မှီခိုပါသတည်း။

## ၄။ ဆေးစားလျှင် ဆင်ခြင်ရန်

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ကျင့်ဖြည့်စွမ်းနိုင်ဖို့။ ။ရည်မှန်းသုံးဆောင်ပါသတည်း။

## ၅။ အခြားအသုံးအဆောင်များကို ဆင်ခြင်ရန်

ဖိနပ်ဆိမိး၊ ထီး–တောင်ဝှေး စ၊ ဟူသမျှကို၊ အေးမြချမ်းပူ၊ မြေကူသစ်ငုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသမ်းကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု။ ။သုံးဆောင်မှီဝဲပါသတည်း။

မဟာပစ္စဝေက္ခဏာလင်္ကာပိုဒ်များ ပြီး၏။

## (ခ) ဓာတုပစ္စဝေက္ခဏာ
## (ဓာတ်အနေဖြင့် ဆင်ခြင်ခြင်း)

## (၁) သင်္ကန်း အဝတ်ကို ဆင်ခြင်ရန်

သင်္ကန်းဝတ္ထု၊ (ပုဆိုးဝတ္ထု)၊ ဤရုပ်စုကား၊ ဥတုခေါ်သြောင်း၊ သူ့ အကြောင်းကြောင့်၊ ဓာတ်ပေါင်းရှစ်ခု၊ ဖြစ်ပေါ်စုသည်၊ ဓာတုမတ္တ၊ မှန်မောလှ၏။ ဓာတ်မျှဖြစ်ဆန်း၊ ထိုသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်၊ ဤကိုယ်ကောင်လည်း၊ (ဓာတ်မျှဖြစ်လတ်၊ ဤအဝတ်ကို၊ ဖုံးဝတ်သုံးဆောင်၊ ဤကိုယ်ကောင်လည်း) မြင့်ခေါင်ရှည်ခေတ်၊ မတည်လစ်ဘဲ၊ ခုဖြစ် ခုပျက်၊ တဖျက်ဖျက်လျှင်၊ ရေပွက်နှိုင်းတု၊ ပုံစံပြုသည်။ ။ဓာတ်စု ဓာတ်ခဲပါတကား။ ။

## (၂) ဆွမ်း အစာအဟာရကို ဆင်ခြင်ရန်

ဤဆွမ်းဝတ္ထု၊ ရုပ်အစုံကား (ထမင်း ဝတ္ထု၊ ဤရုပ်စုကား) ဥတု

http://www.thitsarparamisociety.com/



ခေါ်သောင်း၊ သူ့အကြောင်းကြောင့်၊ ခတ်ပေါင်းရှစ်ခု၊ ဖြစ်ပေါ်စုသည်၊ ခတုမတ္တ၊ မှန်မောလှ၏။ ခတ်မှုဖြစ်ဆန်း၊ ထိုသည့်ဆွမ်းကို၊ အားရမ်းသုံးဆောင်၊ ဤကိုယ်ကောင်လည်း၊ (ခတ်မှုဖြစ်လျှင်း၊ ထိုထမင်းကို၊ မှီတင်းသုံးဆောင်၊ ဤကိုယ်ကောင်လည်း)၊ မြင့်ခေါင်ရှည်ခေတ်၊ မတည်လစ်ဘဲ၊ ခုဖြစ် ခုပျက်၊ တဖျက်ဖျက်လျှင်၊ ရေပွက်နှိုင်းတု၊ ပုံစံပြုသည်။ ။ခတ်စု ခတ်ခဲပါတကား။

## (၃) ကျောင်း အိမ် အိပ်ရာ နေရာကို ဆင်ခြင်ရန်

ဤကျောင်းဝတ္ထု၊ ရုပ်အစုကား၊ (အိမ်ဟုခေါ်ပြု၊ ဤရုပ်စုကား) ဥတုခေါ်သောင်း၊ သူ့အကြောင်းကြောင့်၊ ခတ်ပေါင်းရှစ်ခု၊ ဖြစ်ပေါ်စုသည်၊ ခတုမတ္တ၊ မှန်မောလှ၏။ ခတ်မှုဖြစ်တောင်း၊ ထိုသည့်ကျောင်းကို၊ ကိန်းအောင်းသုံးဆောင်၊ ဤကိုယ်ကောင်လည်း၊ (ခတ်မှုဖြစ်ကြိုက်၊ ဤအိမ်တိုက်ကို၊ သိမ်းပိုက်သုံးဆောင်၊ ဤကိုယ်ကောင်လည်း)၊ မြင့်ခေါင်ရှည်ခေတ်၊ မတည်လစ်ပဲ၊ ခုဖြစ် ခုပျက်၊ တဖျက်ဖျက်လျှင်၊ ရေပွက်နှိုင်းတု၊ ပုံစံပြုသည်။ ။ခတ်စု ခတ်ခဲပါတကား။ ။

## (၄) ဆေးဝါးသောအခါ ဆင်ခြင်ရန်

ဤဆေး ဝတ္ထု၊ ရုပ်အစုကား၊ ဥတုခေါ်သောင်း၊ သူ့အကြောင်းကြောင့်၊ ခတ်ပေါင်းရှစ်ခု၊ ဖြစ်ပေါ်စုသည်၊ ခတုမတ္တ၊ မှန်မောလှ၏။ ခတ်မှုဖြစ်ရေး၊ ဤသည့်ဆေးကို၊ ဘုဉ်းပေးသုံးဆောင်၊ ဤကိုယ်ကောင်လည်း၊ မြင့်ခေါင်ရှည်ခေတ်၊ မတည်လစ်ဘဲ၊ ခုဖြစ် ခုပျက်၊ တဖျက်ဖျက်လျှင်၊ ရေပွက်နှိုင်းတု၊ ပုံစံပြုသည်။ ။ခတ်စု ခတ်ခဲပါတကား။ ။

ခတုပစ္စဝေက္ခဏာ
(ခတ်အနေဖြင့် ဆင်ခြင်ပုံ) ပြီး၏။

http://www.thitsarparamisociety.com/



## (ဂ) ပဋိကူလမနသိကာရပစ္စဝေက္ခဏာ စက်ဆုပ်ရွံရှာဖွယ်ဖြစ်မည်ကို ကြိုတင်၍ဆင်ခြင်ခြင်း

### ၁။ အဝတ်သင်္ကန်းကို ဆင်ခြင်ရန်

သင်္ကန်းခေါ်မှီး (အဝတ်ခေါ်မှီး) ဤပစ္စည်းကား၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှိဟောင်၊ ဤကိုယ်ကောင်ဖြင့်၊ သုံးဆောင်သမှု၊ အကြောင်းပြု၍၊ ခုမကြာမော၊ သူ့သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်။ ။ထို့ဖွယ်ဖြစ်တော့မည်တကား။ ။

### ၂။ ဆွမ်း အစာ အဟာရကို ဆင်ခြင်ရန်

ဆွမ်းဟုခေါ်မှီး၊ ဤပစ္စည်းကား၊ (ထမင်းခေါ်မှီး၊ ဤပစ္စည်းကား)၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံ့ရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှိဟောင်၊ ဤကိုယ်ကောင်ဖြင့်၊ သုံးဆောင်သမှု၊ အကြောင်းပြု၍၊ ခုမကြာမော၊ သူ့သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်။ ။ထိုဖွယ်ဖြစ်တော့မည်တကား။

### ၃။ ကျောင်း အိမ်ကို ဆင်ခြင်ရန်

ကျောင်းဟုခေါ်မှီး၊ ဤပစ္စည်းကား၊ (တိုက်အိမ်ခေါ်မှီး၊ ဤပစ္စည်းကား)၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှိဟောင်၊ ဤကိုယ်ကောင်ဖြင့်၊ သုံးဆောင်သမှု၊ အကြောင်းပြု၍၊ ခုမကြာမော၊ သူ့သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်။ ။ထို့ဖွယ်ဖြစ်တော့မည်တကား။ ။

### ၄။ ဆေးကိုဆင်ခြင်ရန်

ဆေးဟုခေါ်မှီး၊ ဤပစ္စည်းကား၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှိဟောင်၊ ဤကိုယ်ကောင်ဖြင့်၊ သုံးဆောင်သမှု၊ အကြောင်းပြု၍၊ ခုမကြာမော၊ သူ့

http://www.thitsarparamisociety.com/



သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်။ ။
ထိုဖွယ်ဖြစ်တော့မည်တကား။ ။

ပစ္စဝေက္ခဏာန်း ပြီး၏။

## အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်းလင်္ကာ

### (၁) ဆွမ်းခံသွားရခြင်း–ဂမနအားဖြင့် ဆင်ခြင်ပုံ

မဟာနုဘော်၊ ရဟန်းတော်တို့၊ ရွှင်ပျော်ညဥ့်လုံး၊ ကျင့်သုံးဓမ္မ၊ စောစောထ၍၊ စေတိယင်္ဂဏ၊ စသည်ဝတ်ဝတ်၊ မချွတ်ပြုကာ၊ ချိန်ခါလင့်ထ၊ အာသနဠ်၊ ဝိသ+တီသာ၊ ဝါယာပတ်လုံး၊ ပိုက်ကျုံးစီးဖြန်း၊ သင်္ကန်း+သပိတ်၊ ပရိက္ခရာ၊ ယူဆောင်ကာလျှင်၊ သာယာပြန့်ပြူး၊ ဆန်းထူးစိမ့်စုံ၊ ရဂုံမြိုင်ဝ၊ ဝိဝေကကို၊ အာဟာရတွက်၊ မငဲ့ကွက်ဘဲ၊ စားမက်ရှာရေး၊ သုသာန်ပြေးသည့်၊ တောခွေးအလာ၊ ရွာသို့သွားသော်၊ စဉ်အားရောက်အောင်၊ ကွင်းမရှောင်ရ၊ အိမ်မြှောင်ကြွက်ချေး၊ လင်းနို့ချေးနှင့်၊ ခိုချေး+ရှဥ့်ချေး၊ လူချေးရွံ့ဗွက်၊ ချောက်နက်သစ်ငုတ်၊ အကောင်ပုပ်ပွမ်း၊ ဆွမ်းခံလမ်းသို့၊ ကြိုးပမ်းချီရ၊ တံခါးဝက၊ များလှဘေးဘျမ်း၊ ခွေးကြမ်း+နွားဆိုး၊ ဆင်+မြင်းဆိုးကြောင့်၊ ငုံ့လျှိုးမျက်လွှာ၊ မနေသာခဲ့၊ မျှော်ကာကြည့်ရ၊ ပြန်ကာလလည်း၊ ဧသနယော၊ အာဟာရောသည်။ ။အဟောစက်ဆုပ်ဖွယ်တကား။

### (၂) ရှာမှီးရခြင်း–ပရိယေသနအားဖြင့် ဆင်ခြင်ပုံ

အိုးတိုလက်စွဲ၊ ဘုန်းစားနဲသို့၊ ရှင်မွဲရောင်ခြယ်၊ အိမ်စဉ်လျှောက်၍၊ ညှိုးအောက်မျက်နှာ၊ ခွာရာရွံ့ဗွက်၊ တင်ရောက်တက်သား၊ တစ်ဖက်ဖြင်ကြွ၊ တစ်ဖက်မတည်း၊ ကာလနွေမူ၊ သေဆောင်ယူသည့်၊ ဖုံ+မြူ+မြက်မှိုက်၊ ကိုယ်နှိုက်ရစ်ဝိုင်း၊ အိမ်ဝတိုင်း၌၊ ယင်ယိုင်းသဲသဲ၊ ငါးမဲပုပ်စပ်၊ ချွဲ+နှပ်+တံတွေး၊ လူ့သေး+ခွေးဘင်၊ နွားမစင်က၊ စသည်များစွာ၊ ရွံ့ဖွယ်ရာကို၊ မိုတ်ကာချဉ်းကပ်၊ မှိုင်ကာရပ်လည်း၊

http://www.thitsarparamisociety.com/



ပုပ်စပ်ကျန်ကြွင်း၊ ထမင်းမုန့်ဟောင်း၊ ကောင်းမကောင်းကို၊ မလောင်းတချို့၊ လောင်းတချို့နှင့်၊ တချို့ကဆဲ၊ ဦးပြဲရဟန်း၊ ဖိုချောင်ခန်းမှာ၊ ကျိုးကန်းသဘော၊ ရှာရမောသည်။ ။အဟောစက်ဆုပ်ဖွယ်တကား။

## (၃+၄+၅) သုံးဆောင်ခြင်း စသည်ဖြင့် ဆင်ခြင်ပုံ

စားမည်စိတ်ရှိ၊ လက်နှိုက်မိမူ၊ မြတ်ဘိသူကို၊ ဖိတ်လူမတင့်၊ ပူရှိန်သင့်၍၊ ချွေးနှင့်စိုရွှဲ၊ လက်ဆုပ်ထဲမှ၊ ချေခွဲတတန်၊ အာသို့နှံသော်၊ ညှိနံတံတွေး၊ ကြေးညစ်မြေးကို၊ လုံးထွေပေါင်းစု၊ ထောင်းထုဝါးလျှင်း၊ ခွေးစားကျင်းမှာ၊ ထည့်ခွေးစာသို့၊ ရှုရာမလှ၊ မမြင်ရလို့၊ မြိန်ကြနိုင်ပါ (၁) မျိုသောခါလည်း၊ ဝင်ကာဆင်းလျှောက်၊ စာအိမ်ပေါက်သို့၊ မရောက်ခင်သေး၊ ပြည်+သွေး+သည်းခြေ၊ သလိပ်တွေဟု၊ လေးထွေအာသယ၊ ရောထဆင်ကွဲ(၂)၊ မွှေးကတဲက၊ အနည်းငယ်မျှ၊ မဆေးရာဘူး၊ လဲလူးရွံ့ဖွယ်၊ အိမ်ဝယ်တည်မော၊ အာဟာရောသည်။ အဟောစက်ဆုပ်ဖွယ်တကား။ (၃)

(ဤလင်္ကာစကားသုံးရပ်တွင် (၁)မှတ် စကားစုဖြင့် ပရိဘောဂ သုံးဆောင်ခြင်းအားဖြင့် စက်ဆုပ်ဖွယ် ဆင်ခြင်ပုံကို ပြသည်။ (၂)မှတ် စကားစုဖြင့် ပြည်+သွေး+သည်းခြေ+သလိပ် တည်းဟူသော တခြားစီ ဖြစ်တတ်သည့် အာသယအားဖြင့် စက်ဆုပ်ဖွယ်ကို ပြသည်။ (၃) စကားစုဖြင့် အစာအိမ်၌ တည်နေပုံအားဖြင့် စက်ဆုပ်ဖွယ် ဆင်ခြင်ပုံကို ပြသည်။)

## (၆+၇+၈) အစာမကြေခြင်း စသည်ဖြင့် ဆင်ခြင်ပုံ

(က) ရှာဒွန်းစဏ္ဍား၊ တံခါးအထွက်၊ တံစိပ္ပက်သို့၊ စက်ဆုပ်ဖွယ်ရာ၊ မိုက်မဲစွာသား၊ အစာအိမ်ထဲ၊ ဟိုလဲဤနေ့၊ စားသရွေ့ကို၊ ပေါင်းပွေ့စုလျက်၊ ခုတ်မီးချက်၍၊ ပရပွက်အူ၊ ကျိုက်ကျိုက်ဆူပွ၊ အမြှုပ်ထလျက်၊ (ခ) အူခေါင်းသတ်၍ ချက်မြစ်ကျောက်ကုန်း၊ အူအဆုံးဟု၊ ပီတုန်းပိတ်ဝယ်၊ ကျင်ငယ်+ကျင်ကြီး၊ ဖြစ်ထပြီးလေ၊ (ဂ)

http://www.thitsarparamisociety.com/


ကောင်းစွာကြေက၊ ကေသာ+လောမ၊ စသည်ရောရ၊ အပုပ်စုကို၊ ပြီးမှုစေပါ၊ မကြေခါမူ၊ နုနာစိုရွဲ၊ ပွေးဝဲအစ၊ ရာမကသည့်၊ ဖလရောဂါ၊ ဖြစ်စေသောကြောင့်။ ။အဟောစက်ဆုပ်ဖွယ်တကား။

(ဤလင်္ကာ စကားသုံးရပ်တို့တွင် (က)မှတ် စာပိုဒ်တို့ဖြင့် အစာမကြေခြင်း အပက္ကအားဖြင့် ဆင်ခြင်ပုံကို ပြသည်။ (ခ)မှတ် စာပိုဒ် တို့ဖြင့် အစာကြေခြင်း ပက္ကအားဖြင့် ဆင်ခြင်ပုံကို ပြသည်။ (ဂ)မှတ် စာပိုဒ်တို့ဖြင့် အကျိုးရင်းဖလအားဖြင့် ဆင်ခြင်ပုံကို ပြသည်။

## (၉) ယိုစီးထွက်သော အကျိုးဆက်အားဖြင့် ဆင်ခြင်ပုံ

ဝမ်းမြောက်ရွှင်ပြယ်၊ လူပုံအလယ်မှာ၊ တင့်တယ်ဘိခြင်း၊ တစ်ခံတွင်းက၊ သွင်းသည့်အစာ၊ တစ်ညဥ့်ကြာလျှင်၊ မျက်နှာ ညှိုးမှိုတ်၊ နှာခေါင်းပိတ်လျက်၊ လူဆိတ်ကွယ်ရာ၊ စွန့်ရရှာသည်၊ ကြည့်ကာတောင်မြောက်၊ ကိုးပေါက်ဒွါရ၊ အမာဝမှ၊ ယိုကျဖျင်းဖျောင်း၊ ဆံမွေးတွင်းက၊ သက်ဆင်းကျလျှော၊ အာဟာရေသည်။ ။ အဟောစက်ဆုပ်ဖွယ်တကား။

## (၁၀) ပေကျံခြင်း–သမ္မက္ခနအားဖြင့် ဆင်ခြင်ပုံ

စားသောအခါ၊ ခံတွင်းမှာတည့်၊ ရွံ့ရာမသိ၊ ထွက်ပြန်ဘိလည်း၊ တံစိပွက်တွင်း၊ ချက်ထမင်းမှ၊ အမြှုပ်ထ၍၊ ဝါဠနုတ်ခမ်း၊ အိုနုတ်ခမ်းမှာ၊ လူးလည်းပါသို့၊ ကိုးဒွါရပေါက်၊ ဆံမွေးပေါက်မှ၊ စီးလျှောက်ယိုကျ၊ ခေဠ+မျက်မြေး၊ နှပ်စေး+နဖာ၊ သွားမှာ သွားမြေး၊ ညစ်ကြေးမစင်၊ ကျင်ငယ်+ဘင်တို့ ဝန်းကျင်လိမ်းကပ်၊ ရေသုံးသပ်လည်း၊ ကြပ်ကြပ်မပြယ်၊ ထွီဖွယ်သဘော၊ အာဟာရေသည်။ ။အဟောစက်ဆုပ်ဖွယ်တကား။

အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းလင်္ကာ

ပြီး၏။